# သံသရာဝဋ်ကို
# လွတ်အောင်ရှာကြစို့ရဲ့


အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက
ဘွဲ့တံဆိပ်တော်ရ
တောင်တန်းသာသနာပြုဆရာတော်ကြီး

## ဦးဥတ္တမသာရ




စတုတ္ထအကြိမ်

သု[illegible]သနာ [illegible]
သာသနာ့[illegible] ရေးဦးစီးဌာန
ကမ္ဘာ့အေး၊ ရန်ကုန်။

တောင်တန်းသာသနာပြုဆရာတော်

# အရှင်ဦးဥတ္တမသာရ

၏

# သံသရာဝဋ်ကို
# လွှတ်အောင်ရုန်းကြစို့ရဲ့

ဦးသိန်းအောင် (ရွှေလဝင်းစာပေ)

ရေးဆောင်းပူဇော်သည်။



ရွှေလဝင်းစာပေ
အမှတ်-၁၄၄၊ ၅၀-လမ်း၊ ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့၊ ဖုန်း ၉၁၂၁၀။

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ် ၅၃/၉၃ (၁၁)
မျက်နှာဖုံးခွင့်ပြုချက် အမှတ် ၈၁/၉၂ (၁၁)

စီစဉ်သူ
ဦးသိန်းအောင် (ရွှေလဝင်းစာပေ)

မျက်နှာဖုံးပန်းချီ
ထိပ်တင်ဝင်း

ပဉ္စမအကြိမ်
၁၉၉၄-ခု၊ မတ်လ
အုပ်ရေ-၁၀၀၀
တန်ဖိုး(၃၀)ကျပ်

မျက်နှာဖုံးပုံနှိပ်သူ
ဦးကျော်ဇင်(မြဲ-၀၄၂၂၉)၊ ခိုင်ရည်မွန်အော့ဖ်ဆက်
အမှတ်-၈၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဒေါ်အေးအေးသစ်(၀၃၇၀၄)၊ သီဟသူရပုံနှိပ်တိုက်
အမှတ်-၂၇၊ ၅၂-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးမြဆန်း(၀၁၀၅၀)၊ အသိုင်းအဝိုင်းစာပေ
အမှတ် ၃၅၊ ဇွဲစုံရပ် ကမ္ဘာအေး၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
ရွှေလဝင်းစာပေ
အမှတ် ၁၄၄၊ လမ်း-၅၀၊ ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့။ (ဖုန်း-၉၁၂၁၃)

# မာတိကာ


စိစဉ်ထုတ်ဝေသူ၏ အကြောင်းပြန်ဒါန်း ၁

သံသရာဝဋ်ကို လွတ်အောင် ရုန်းကြစို့ရဲ့ ၃

သံသရာဆိုတာ ဘဝအဖုံဖုံ မျှောကြရတာမို့ ၁၁

သံသရာလည်ပုံ ၃၃
သေလက်စ မဆုံးနိုင် ၃၆
မထူးဆန်းသော သေရခြင်းပါ ၃၆
ကိုယ်တိုင်တွေ့ရမည်ကို ကြိုတင်သိထားနည်း ၃၇
ကြည့်တတ်လျှင် ဝိပဿနာ ၃၉
ကြောက်ရမည့် ဂတိလမ်းမှား ၆၀
ဘဝကျင်လည်နည်း လမ်းနှစ်သွယ် ၆၀
စုန္ဒ ဝက်သတ်သမား ဝတ္ထု ၆၄
ကံတရားသည် အချိန်ရောက်လျှင် အကျိုးပေးမြဲ ၆၇
အဝီစိ ငရဲမီးဆိုတာ ၆၈
ကိုယ်သာဖန် ကိုယ့်ကံရဲ့ အချုပေပ ၇၀
သတ္တဝါသတ်၍ အသက်မမွေးသင့် ၇၄
အပြစ်ကင်းအောင် အသက်မွေးမှုပါ ၇၆
နောက်ခံစံ့ ပါခဲ့သော အထုံဆိုး ၇၇
ချိုးသိမ်းငှက်နှင့် ဆက်ရက်ကလေးများ ၇၈
တော့တောင် သာယာချိန် ၇၈
တော့တောင် သဘာဝ အရသာ ၇၉
ဆူညံသော ငှက်ရန်ဖြစ်သံများ ၈၀
သူတော်ကောင်းတို့ ငြိမ်းချမ်းရေး လုပ်နည်း ၈၆

မာတိကာ

ကိုယ်ချင်းစာတရား ပုံမှန်ထားနည်း ၉၀
နောက်ခံ အကြောင်းဝါသနာ ၉၁
ဝဇက နွားသတ်သမား ၁၀၁
လက်တွေ့ ကုတ္တုအကျိုးပေးပုံ ၁၀၆
ဓမ္မိက ဥပါသကာဝတ္ထု ၁၀၇
ဘုရားရှင် လက်ထက်တော်က ဥပါသကာတွေ ၁၀၉
သား၊ သမီး (၃) မျိုး ၁၁၀
သံသရာခ ုး ဘယ်ပုံကျင်လည်ကြမည်နည်း ၁၂၀
အထက်တန်းစားနှင့် အောက်တန်းစား ၁၂၁
သံသရာ ခရီးရှည်ကြီး ၁၂၃

ကျောင်းအမကြီး မငွေစိန် .... .... ၁၂၅

ဆင်လိမ္မာကြီး တစ်ကောင် အကြောင်း
ဆင်လိမ္မာမကြီး မငွေစိန်
ကျောင်းအမကြီး မငွေစိန်
အလှူ့အမကြီး မငွေစိန်
ရုပ်ရှင်ဇာတ်ဆောင် မငွေစိန်
ဘုရားအမကြီး မငွေစိန်
ထူးခြားသော ဆင်လိမ္မာမကြီး၏
ဘဝလမ်းကြောင်း လမ်းပြောင်း ဖော်ဆောင်ချက်
စသည်....စသည် စိတ်ဝင်စားဖွယ်၊ နည်းယူဖွယ်ရာများ....

# စိစဥ်ထုတ်ဝေသူ၏ အကြောင်းပြန်ဒါန်း

တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦး ဥတ္တမ သာရ သည် ဗုဒ္ဓဓမ္မလောကစာစောင်၌ တစ်ချိန်က ပင်တိုင်ဆောင်းပါးရှင် အဖြစ်ဖြင့် စာပေမျိုးစုံ ရေးသားခဲ့ပါသည်။ ဗုဒ္ဓဓမ္မလောကတွင်သာ မကပါ၊ ဆရာတော်ကြီးအနေဖြင့် အခြား အခြားသော မဂ္ဂဇင်း-ဂျာနယ်-စာစောင်တို့၌လည်း စာပေများ ရေးသားခဲ့ပါသည်။

ဆရာတော်ကြီး ရေးသားသည့် စာပေ, ဆောင်းပါးများမှာ ဘဝ အတွေ့အကြုံမှ ပေါက်ဖွားလာသည့် စာပေများ ဖြစ်သဖြင့် ဖတ်ရှုသူတိုင်း ဘဝ အတွေးအမြင် ဗဟုသုတစုံ-ရသစုံကို ရရှိခံစားကြရပါသည်။

ဆရာတော်ကြီး၏ စာပေအများစုသည် ယခင်က မဂ္ဂဇင်း-ဂျာနယ် စာစောင်များ၌သာ ကျင်လည်နေခဲ့ရာမှ ယခုအခါ လုံးချင်းကျမ်းစာအုပ်များအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ် လာနေသည်ကို တွေ့မြင်ရ၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြရပါသည်၊ ဆရာတော်ကြီး၏ ဗဟုသုတစုံ ဓမ္မရသစုံတို့ကို စာရှုသူများ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖတ်ရှု, ကျင့်ကြံ, လိုက်နာခွင့် ရရှိသောကြောင့်ဖြစ်ပါသည်။ ဆရာတော်ကြီး၏ စာကောင်းပေမွန်, ဓမ္မရသမွန်များ ထို့ထက် ကျယ်ပြန့်စွာ ထွက်ရှိလာနိုင်ပါစေဟုလည်း ကျွန်ုပ်တို့ ဆုတောင်းရပါသည်။

ဆရာတော်ကြီး၏စာပေများ- ဟောကြားချက်များကို လေ့လာမည် ဆိုလျှင် လောကီ၊ လောကုတ္တရာ ကြီးပွား တိုးတက်မှု အတွက် အရေးကြီးသော လမ်းညွှန်မှုများကို တွေ့ရမည်ဖြစ်ပါသည်။

ဆရာတော်ကြီး၏ အတွေးအမြင်များ၊ စာပေများ၊ ဟောပြောချက်များ၊ ဘဝအတွေ့အကြုံ ဖြန့်ဖြူးချက်များကား အဖိုးတန် လည်းဆွဲရတနာများ ဖြစ်ကြပေရာ အရ၊ အမိ၊ ဆွဲယူ ဆင်သကြရန်သာ အရေးကြီးပေသည်။ ဆရာတော်ကြီး၏ အဖိုးတန် လည်ဆွဲရတနာ ဓမ္မဒုသစာပန်းသွာများသည် မွှေးပျံ့ ကြိုင်လှိုင်စွာဖြင့် စာရှုသူ ဓမ္မအဘွေတော်၏ ရှေ့မှောက် ရောက်ရှိနေပြီ ဖြစ်ပါသည်။

ယခုလည်း ဗုဒ္ဓဓမ္မလောက စာစောင်၌ ပါရှိခဲ့ပြီးဖြစ်သော ဆရာတော်ကြီး၏ ဓမ္မရသစာပေ အချို့တို့ကို သတောဘူရာ စုပေါင်းလျက်- 'သံသရာဝဋ်ကို လွတ်အောင် ရှန်းကြစို့ရဲ့' အမည်ဖြင့် စာအုပ်တစ်အုပ်အဖြစ် ထုတ်ဖော်တင်ပြလိုက်ရ ပြန်ပါသည်။

ဆရာတော်ကြီးသည် တောတောင် အတွင်း၌ ကေစာရီကျင့်သုံးလျက် သံသရာ လွတ်မြောက်ရေး အကျင့်ကို ကျင့်ကြံတော်မူနေသော ဆရာတော်ကြီးဖြစ်သည့် အားလျော်စွာ အခြားသူများကိုလည်း သံသရာမှ လွတ်မြောက်ရေးအကျင့် ကျင့်စေချင်သည်။ သို့ဖြစ်၍လည်း ဤစာအုပ်ပါ စာစုများ၌ ဆရာတော်ကြီးက

— 'သံသရာဝဋ်ကို လွတ်အောင် ရှန်းကြစို့ရဲ့' ဟူသော အသိပေး ကြွေးကြော်သံ ဆောင်းပါးရှည် တစ်ပုဒ် ရေးသားကာ သံသရာ လွတ်မြောက်ရေး အတွက် လမ်းညွှန်ချက်ပေးထားသလို....

— 'သံသရာဆိုတာ ဘဝအဆက်ဆက် ပျော်ပါးခဲ့တာပါ' ဟူသော ဆောင်းပါး ရှည်ကြီးဖြင့်လည်း သံသရာနှင့် စပ်လျဉ်းသော အချက်များကို ဖော်ညွှန်းပြထားပြီး ...

— 'ကျောင်းအကြီး မငွေ့မ်နှ' ဟူသော အမည်ဖြင့်လည်း ဆင်ပကြီး တစ်ကောင်၏ ဖြစ်စဉ်ကို အခြေခံ၍ ဘဝသံသရာ၏ လမ်းဖြောင့် လမ်းကွေး တွေ့ရချက် အထွေထွေကို ဖော်ဆောင် ရေးပြကာ သံသရာ ထွက်မြောက်ရေး အကျင့်ကို ကျင့်ကြံဖို့ လမ်းညွှန် ပြောကြားခဲ့ ပါသည်။

သံသရာ ဝဋ်ကို လွတ်အောင် ရုန်းကြစို့ရဲ့ ဟူသော ဆရာတော်ကြီး၏ ကြွေးကြော် အသိပေးစကားကို အလေးထား လိုက်နာ ကျင့်ဆောင်ကြခြင်းဖြင့် ဆရာတော်ကြီး၏ မေတ္တာ, စေတနာကို တုံ့ပြန်ရာ ရောက်အောင် ကြိုးစားကြရမည် ဖြစ်ပါသည်။

ဤစာအုပ်ပါ အကြောင်းအချက်များကို ခြုံငုံ၍ အနှစ်ချုပ် ဆိုရသော် ...

- ဘဝ အတွေးအမြင်များ
- သံသရာကျင်လည်ရစဉ်၌ မပင်မပန်း ပေါ့ပေါ့ပါးပါး အထက်တန်းကျကျ ကျင်လည်မှု ဖြစ်စေနည်းများ
- သင်ခန်းစာ ယူစရာများ
- တောတောင်အတွင်း အတွေ့အကြုံများ
- ဇာတ်နိပါတ်လာ ဝတ္ထုဇာတ်ကြောင်းများ
- မျက်မှောက်သာဓက ဘဝဇာတ်ကြောင်းများ

စသည်ဖြင့် အကြောင်းစုံ, ဓမ္မရသစုံ, ဗဟုသုတစုံ ပါဝင် ပါသည်။

ဆရာတော်ကြီး၏ ရသစုံ စာပေများကို လေ့လာ ဖတ်ရှု လက်တွေ့ ကျင့်ကြံကာ ချမ်းမြေ့သော ဘဝခရီးလမ်း ကို လျှောက်လှမ်းလျက် သံသရာဝဋ်မှ လွတ်နိုင်ကြပါစေဟု ဆန္ဒပြု ဆုတောင်းလိုက်ရပါသတည်း။

စီစဉ်ထုတ်ဝေသူ-

ရွှေလင်းစာပေ

အမှတ်-၁၄၄၊ ၅၀-လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၉၁၂၁၃။

ဤအရှင်ကား သံသရာကို ခရီးရှည် ဆက်သွားရဦးမည့် ဆုကြီးရှင် ဖြစ်သည်၊ ထို့ကြောင့် မိမိ၏ ပါရမီရှည် ခရီးစဉ်နှင့် သင့်လျော်စေရမည်။

[ဆရာတော်ကြီး-ဦးဥတ္တမသာရ]

# သံသရဝဋ်

ဒု

လွတ်အောင်ရုန်းကြစို့ရဲ့



သံသရာဝဋ်ထဲ တဲလည်လည်နှင့် ဒုက္ခခံနေရသည်မှာ ကြာခဲ့ကြပြီ၊ ပင်ပန်းလှပြီ၊ နိဗ္ဗာန်အမြန်ရလိုပါ၏ ဟု ဆုတောင်းရုံနှင့် လွတ်ကြမှာ မဟုတ်ဘူး၊ ကံ, ဉာဏ်, ဝီရိယ-သုံးပါးစုံ ကြိုးစား၍ ကိုယ်တိုင် အားထုတ်ယူကြရမည်၊ ထို့ကြောင့်- ယနေ့မှစ၍ 'သံသရာဝဋ်ကို လွတ်အောင် ရုန်းကြစို့ရဲ' ဟု အထူးတိုက်တွန်းပါသတည်း။

[ဆရာတော်ကြီး-ဦးဥတ္တမသာရ]

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက
ဘွဲ့တံဆိပ်တော်ရ
မဟာဂန္ဓာရုံဆရာတော်ကြီး
ဦးဇနကာဘိဝံသ-၏

# သံသရာဝဋ်ကို လွတ်အောင်ရှန်းကြစို့ရဲ့

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

* * * * * * * *

# သံသရာဝဋ်ကို လွတ်အောင် ရှန်းကြစို့ရဲ့

'ဆင်းရဲလေလေ သံဝေဂရ' ဟူသော စကားပုံသည် အလွန်တန်ဖိုးရှိကာ မြင့်မြတ်သော ဆောင်ပုဒ်ကောင်း ဖြစ်သည်။ ကြားရသူ နား၌ ချမ်းသာ၍ စိတ်ကို အားတက်စေသည်။ 'ငါယခုနေ ဆင်းရဲနေသော်လည်း အချည်းနှီးမဟုတ်၊ အရှုံးထဲမှ အမြတ်ထွက်ရမည်၊ ဆင်းရဲနေခဲ့ရာမှ အကျိုးကျေးဇူး တစ်ခုခုရပေတော့မည်' ဟူ၍ စိတ်ကို အားတက်စေသည်။

ဤစကားပုံသည် လိုချင်ရာသို့ ဆွဲယူတိုင်းရနိုင်သည်။ ဌာနအားဖြင့်လည်း နေရာ များစွာ၌ အသုံးဝင်သည်။ ဆင်းရဲခြင်း ဟူသော စကားကို စိစစ်လျှင် သမုဒ္ဒရာကဲ့သို့ ကျယ်ဝန်းလှသည်။ ဆင်းရဲခြင်းသည် အမျိုးမျိုး ရှိသလို ဆင်းရဲ ခံစားရချက်ကလည်း လူ့လောက တစ်ခွင်ဝယ် ကျယ်ဝန်းလှဘိသည်။ အမှန်မှာ ခံစားနေကြရသော ဆင်းရဲ မျိုးစုံသည် လူလောက တစ်ခုတည်းသာ မဟုတ်ပါ၊ သတ္တ

လောကကြီး တစ်ပြင်လုံး ဆင်းရဲခြင်းအတိဖြင့် ဖုံးကြုံးရှိနေသည်၊ ဤသဘောကို ဦးစွာ နားလည်ထားကြရပေမည်။

ဆက်၍ ဘာတွေ ဆင်းရဲကြသနည်း၊ ဘယ်ပုံ ဆင်းရဲကြသနည်း ဟု တင်ခုစီလိုက်၍ လေ့လာကြည့်ခဲ့လျှင် ဆင်းရဲပုံ ဆင်းရဲနည်းတွေ အမျိုးမျိုး အဖုံဖုံ ဟိုလူတစ်မျိုး, သည်လူတစ်မျိုး စုံနေအောင် တွေ့မြင်ကြပြီး ဆင်းရဲတွေဟု သိမြင်လာကြရပေမည်။ ဆင်းရဲခြင်း၏ အကြောင်း အခြေခံဖြစ်သော အချက်အလက် အထုဝတ္ထုတွေကလည်း ရေတွက် မကုန်နိုင်အောင် တွေ့မြင်ကြရပါမည်။

ဤ အရှင်သည် တောင်ကမ်းပါးစွန်းမှ ကွေ့ကောက်သော လမ်းရှည်ကြီးကို တစ်ပါးတည်း ခြေလျင်သွားနေခဲ့စဉ် လူတို့၏ဒုက္ခကို ပိုင်ပိုင်ကြီး မြင်နေမိသည်။ လမ်းခရီးတစ်လျှောက်၌ မကြာမကြာတွေ့ မြင်ရပြီး ရှောင်ဖယ် သွားနေရသော ခရီးသည်မျိုးစုံကို မလွှဲမရှောင် သာ၍ ကြည့်ရှုမြင်ရသည်။ ကြည့်ရမြင်ရပြီဆိုလျှင် ဘဝသံသရာ ခရီး သည်တို့၏ ဒုက္ခခံယူနေကြရပုံတွေဟု စိတ်ထဲက ရေရွတ်မိတတ်သည်။ ဤသို့သော ခရီးကား တစ်ကြိမ်မဟုတ်-အကြိမ်များစွာဖြင့်၏၊ တစ်ပြေး ညီလမ်းမျိုး မဟုတ်၍ ရံခါ တောင်မြင့်ကြီးများ ထိပ်ပေါ် ရောက် သွားသည်၊ ရံခါ မြင့်ရာမှ နိမ့်ရာသို့ ဆင်းရသည်၊ အကြိမ်ပေါင်း များစွာပင် ကွေ့ကောက်၍ သွားခဲ့သည်။

ခရီးသည်ပုံစံ အမျိုးမျိုးတွေကို ရှောင်ဖယ်ပေးရင်းက 'ဒီလူ တွေရော ငါပါ ဆင်းရဲခြင်းဒုက္ခတွေ တစ်မျိုးစီ ခံယူရင်း လှုပ်ရှား သွားလာနေကြရသူတွေချည်းပါလား' ဟု စိတ်ထဲက ဆင်ခြင်ကြည့်မိ သည်။ ယင်းသို့ ဆင်ခြင်မိ၍ တစ်မျှော်တစ်ခေါ်ကြီး မြင်လာပြီဆိုမှဖြင့် အတန်ကြာကြာ ငေးငိုက်ကာ လောကကြီးကို ငြီးငွေ့လာတော့သည်။ လောကကြီးတစ်ခုလုံး ပျော်မွေ့ဖွယ်ရာ ရှာမတွေ့ရသလို အနှစ်သာရ ဟူ၍လည်း ရှာမတွေ့ရတော့ချေ။ သတ္တဝါတွေရော ဘုံပြည်ဌာနတွေ ရော ဘဝအထွေထွေ ဘာတစ်ခုမှ နှစ်သက်ဖွယ်ရာမရှိ၊ ချမ်းသာမှုမရှိ စေ့စေ့တွေးကြည့်လေ ကြည်နူးဖွယ်ရာ, ပျော်မွေ့ဖွယ်ရာ ရှာမတွေ့ ရလေ ဖြစ်သည်။

ထိုအခါမျိုးတွင် မိမိ၏စိတ်နှလုံးထဲက အမြင်မှာ လူတွေဟာ အားလုံးဒုက္ခကိုယ်စီ တစ်မျိုးပြီးတစ်မျိုး ခံယူရင်း ဘဝခရီး လှည့်ပတ်

သွားနေကြရသော သူတွေသာတည်း' ဟူ၍ မြင်နေသည်။ လူမှ ကြွင်းသော သတ္တဝါတွေ အားလုံးကိုလည်း 'ဒုက္ခတွေ တစ်မျိုးပြီး တစ်မျိုး ခံယူရင်း ဘဝခရီးလှည့်ပတ် သွားလာနေကြသော သတ္တလောကကြီးပါတကား' ဟူ၍ မြင်နေသည်၊ ဤအမြင်သည် စစ်မှန်သောအမြင်-ဘုရားဟော သဘာဝတရားကို အလိုလို ထိုးမြင်ပေါက်လာသည်ဟူ၍ ယုံကြည်သည်။ ထိုအခါ နိဗ္ဗိန္ဒတရားကိုချည်း စိတ်ဝင်စားနေမိသည်။

လောကကြီးမှ နေ့ ည မဆိုင်း ထွက်မြောက်ချင်လာသည်။ လောကကြီးတစ်ခုလုံးကို ငြီးငွေ့သော စိတ်က လွှမ်းမိုးလာသည်။ 'ငါဘယ်ပုံဘယ်နည်း ထွက်နိုင်၊ လွန်မြောက် နိုင်ရပါမည်နည်း' ဟူ၍ အကြိမ်ကြိမ်တွေးတော ကြံဆနေမိတတ်သည်။

ဤ အရှင်၏ လမ်းခရီး တစ်လျှောက်တွင် တွေ့မြင်နေရသော--ရှောင်ဖယ်သွားနေရသော ခရီးသည်များသည် သာမန် အနေမျိုးဖြင့် ကြည့်လျှင် ထူးခြားသည်တော့ မဟုတ်ပါ၊ မိမိ၏မျက်စိမြင်ကွင်းမှသာ ထူးခြားနေခြင်း ဖြစ်ကောင်းဖြစ်ပါမည်။ မြင်ကွင်းများကား ဤသို့တည်း။

တစ်ဖက်တွင် မြင့်မားသော တောင်ကမ်းပါးကြီးများ တည်ရှိ၍ တစ်ဖက်တွင်ကား နက်စောက်လှသော ချောက်ကြီးများ တည်ရှိကြသည်။ တောင်မြင့်ကြီးများထက်ဆီမှ ရေတံခွန်များ စီးကျလျက်ရှိကြသည်။ ဤအရှင်သည် ထိုချောက်နှင့် တောင်မြင့်ကမ်းပါးကြီးများအကြား၌ သွားနေရစဉ် တောင်ကျရေတံခွန်, ကြီးငယ်များကို လည်းကောင်း၊ အောက်ဘက်သို့ စီးဆင်းသွားနေကြသော စမ်းချောင်းကြီး, ငယ်များကို လည်းကောင်း ကြည့်ရင်း တောကြီး, တောင်ကြီးတို့၏ သဘာဝ ရှုခင်းကို စိတ်ဝင်စားသလိုလို ရှိမိသည်။ တောင်ကွေ့ကြီးတွေကား ထိုတစ်ဝိုက်၌ များလှသည်။ တစ်ကွေ့ပြီးလျှင် နောက်တစ်ကွေ့၊ ထို့နောက်, တစ်ကွေ့ ဤနည်းဖြင့် ဆက်တိုက်ကြီး (၇) ကြိမ်တိုင်တိုင် ကွေ့ကောက်သွားနေရသည်။ ကြောက်တတ်သူဖြစ်လျှင် တောင်ကျရေတံခွန်သံများ၏ နားအူမတတ် ဟူညံသံ ကြားရချက်ကပင် စိတ်ချောက်ချားပေလိမ့်မည်။ ဤအရှင်ကား အတွေ့အကြုံ များခဲ့၍ အမြင်အကြားရိုးနေပြီ ဖြစ်သောကြောင့် ကြောက်စိတ်မရှိပါ၊ တစ်ပါးတည်း ဖြတ်ကျော်ကာ ကွေ့ကောက်သွားနေရခြင်း ဖြစ်သော်လည်း မထူး

ဆန်းပါ၊ သို့ရာတွင် ပတ်ဝန်းကျင် ရာသီဒဏ်ကြောင့် ချမ်းစိမ့်စိမ့်ကြီး ခံစားရချက်တော့ ထူးသလိုလို ရှိသည်။

မိုးရွာခြင်း ကင်းလွတ်သော ခြောက်သွေ့သည့် နွေခင်းအခါ ဖြစ်သော်လည်း ဝက်ပါတောင်ကဲ့သို့ ကောက်ကောက် ကွေ့ကွေ့ နက်ရှိုင်းလှသည့် ဤတောင်ကွေ့ကြီးများ အတွင်း ဝင်ရောက်သွားလာနေရခိုက် အခါမှာ မသက်သာလှပါ၊ ပတ်ဝန်းကျင်၏ ရောင်ပြန်ဟပ်မှု ရာသီဒဏ်ကား အအေးဓာတ် လွန်ကဲစွာ ခံစားကြရသည်။ ဆောင်းရာသီ ရောက်ခါလတိုင်း ထိုနေရာတစ်လျှောက်၌ စနိုးနှင်းခဲများ လွှင့်ပျံနေအောင်၊ အလွန် ကျလေ့ရှိရာ ခရီးသည်များသည် ခေတ္တဖြတ်စဉ်မှာပင် ခံစားရချက် ဆိုးလှဘိသည်။ ဤအရှင်သည် ထိုတောင်ကွေ့ကြီး၏ သဘာဝကို အားလုံး သိနေပြီဖြစ်၍ တစ်ခဏအတွင်း ပြန်လည် မြင်ယောင်လာမိသည်။

ထိုအခိုက် သားအမိဟု ထင်ရသည့် ခရီးသည်နှစ်ဦးနှင့် ရင်ဆိုင်တွေ့ရသည်။ သူတို့သည် အသက်အရွယ် ကြီးလှပြီဖြစ်သော အမယ်အိုကြီးနှင့် အသက် ၄၀ ကျော် အရွယ်ခန့်ရှိ အိမ်ထောင်ရှင် ယောကျ်ား တစ်ဦးဖြစ်ရာ အမြန်ခရီးနှင်လာပုံကို ဤအရှင်နှင့် ရင်ဆိုင် တွေ့ဆုံမိကြသည်။ မိမိအထင်မှာ တောလက်ကျေးရွာမှ သားအိမ်ထောင်ရှင်က တောရွာ၌ ကျန်ရစ်ခဲ့သော မိခင်အိုကြီးကို သွားရောက် ခေါ်ယူလာခဲ့ခြင်း ဖြစ်မည်ဟု တွေးကြည့်မိသည်။ ယခုအခါ များစွာသော ကျေးတောရွာကျေးလက်သားတို့သည် နေမြဲတောရွာမှ စွန့်ခွာ၍ ဖလမ်းသို့ ချဉ်းကပ်ကာ အိုးအိမ်တည်ထောင် နေကြသူတွေကို သိမြင်နေပြီဖြစ်သောကြောင့် နောက်ဆက်အနေဖြင့် တွေးခေါ်ကြည့်မိခြင်း ဖြစ်သည်။ အမယ်အိုကြီးသည် ဖလမ်းမြို့ဘက် သွားရာလမ်းသို့ ခေါ်ဆောင်လာသော သား၏ နောက်မှ ကြိုးကြိုးစားစား ကတိုက်ကရိုက် လိုက်ပါနေရပုံကို သနားစိတ်ဖြင့် စိတ်ဝင်စားမိ၍ သူတို့ ကျော်လွန်သွားကြသည့်တိုင်အောင် ခေတ္တ ရပ်ဆိုင်း၍ ကြည့်နေမိသည်။

စိတ်ဝင်စားခြင်း အကြောင်းမှာ ကိုယ်ချင်းစာ၍ ဖြစ်သည်။ အသက် ကြီးလှရှာပြီ ဖြစ်သော အမယ်အိုခများသည် သူ၏ကျောပေါ်၌ အဝတ်တုပ်ငယ်တစ်ခုကို ပိုးလျက် တောင်ဝှေးကလေး ထောက်ကာ ထောက်ကာနှင့် သွားလာရေးလမ်း မညီညာသော တောတောင် ခရီးကြမ်းကြီးကို မရှောင်သာ မလွှဲသာ၍ ပင်ပန်းကြီးစွာနှင့် အမော

တကော အလောတကြီး သွားနေရှာရပုံကို မိမိစိတ်တွင် သနား ကြင်နာမိသောကြောင့် ဖြစ်သည်။ မမှောင်ခင် ဖလမ်းမြို့သို့ရောက် နိုင်ရန် မရပ်မနား ကြိုးစားသွားနေကြခြင်းဖြစ်ဟန် တူ၏။ အမယ်ကြီး မှာ ပါးစပ်အဟောင်းသားနှင့် အမော ဆို့မတတ် လိုက်ပါနေရရှာ ပုံကိုလည်း သနားကြီးစွာဖြင့် သတိပြု ကြည့်နေမိသည်။ 'ဩော်.... သနားစရာ မသွားဘဲ နေမဖြစ်၍ သူ၏ ရုပ်ခန္ဓာကြီး အနိုင်သယ်ကာ ခရီးသွားရခြင်း ဒုက္ခပေတည်း' ဟု စိတ်ထဲက ညည်းတွားလိုက်မိသည်။

မောလျက်နှင့် ရပ်နားခွင့်မရ ခရီးဆက်တိုက်သွားနေရှာသော ချင်းအမယ်အိုကြီးကို သနားစိတ်ဝင်ရင်း ရှေ့ဆက်၍ သွားနေစဉ် တောင်ကြော့ကြီးတစ်ခုအတွင်း ဝင်ရောက်ပြီး ကြော့ကြီးအထွက်မှာ ခရီး သည်အဘိုးကြီးနှင့် အမယ်အို ဇနီးမောင်နှံနှစ်ဦးကို ရပ်ဆိုင်တွေ့ရပြန် ၏။ သူတို့သည် အိုကြပြီဖြစ်လျက် ကျောပေါ်၌ နောက်လွယ်တောင်း, ပလိုင်းကြီးများ ကိုယ်စီထမ်းပိုးလျက် တောင်ပေါ်သားတို့၏ စဉ်းနပ် ရိုက္ခာဖြစ်သော ပြောင်းဖူးစေ့များ အပြည့်ထည့်ကာ လေးလံစွာ ဆောင် ယူလာကြခြင်းဖြစ်သည်။ မိမိချက်စိအမြင်မှာ ဘယ်သူဘယ်ဝါဟု ခွဲခြား မသိရသေးခင် သူတို့က ဘုန်းကြီးကိုသိကြ၍ နီးကပ်စွာ ရင်ဆိုင်မိကြ လျှင် 'သခင်ကြီး... ကျန်းမာတယ်နော်' ဟု ချင်းစကားဖြင့် နှုတ်ဆက် ကြသည်။ ထိုအခါမှ ရှေးတစ်ချိန်ဆီက သိဟောင်းကျွမ်းဟောင်းဆရာ ဒကာဖြစ်ခဲ့ပြီးသော ထီးယဒိုင်ရွာသား ထီးယိုးလျိုန်တို့ လင်မယားဖြစ် ကြောင်း ကောင်းစွာသိလာသည်။ ဟိုတစ်ချိန် ပျိုရွယ်စဉ်က မြင်နေကျ ရုပ်သွင်နှင့် ယခုမြင်ရသော ရုပ်သွင်မှာ မမှတ်မိနိုင်အောင် ခြားနား အိုမင်းနေရှာကြပြီကိုလည်း သနားစိတ်ဖြင့် သဘောသားလိုက်မိသည်။

သူတို့သည် ဝန်လေးကြီးများကို သယ်ဆောင်ရင်း မောမောနှင့် ရင်းနှီးစွာ နှုတ်ဆက်သွားရှာကြသေး၏။ သူတို့ ရှောင်သွားကြစဉ် ကျောပိုးထားသော ဝန်ထုပ်ကြီးများကိုကြည့်ရင်း တစ်ဘဝ၏ ရုပ်ခန္ဓာ ကြီး ကျွေးမွေးရန်အတွက် ပရိယေသနဒုက္ခ ဆိုသည်ကား ကြီးပါ ဘိခြင်း ဟူ၍ စိတ်ထဲက ညည်းတွားလိုက်မိသည်။ ညည်းတွားရင်း ရုပ်ခန္ဓာကြီး အတွက် နေ့စဉ် ကျွေးမွေး ပြုစုပေးနေရသော သာဝန် ကြီးပုံကိုလည်း ငြီးငွေ့လာမိသည်။

ထို အဘိုးကြီး, အမယ်ကြီးတို့ လွန်သွားပြီးနောက် တောင်ကြော့ ကြီးတစ်ခု ကျော်တက်မိုက်တွင် ရှည်လျား များပြားလှသော ခရီး

သည့်အုပ်ကြီး တစ်ခုကို ရပ်ဆိုင်တွေ့ရပြန်၏။ ဘယ်ဆီက ဘာပွဲကိစ္စပြီး၍ ပြန်လာကြလေသည်မသိ၊ သူတို့ကား လူပုံစံ မျိုးစုံကြသည်၊ အဝတ်ရောင်စုံကြသည်၊ ဝတ်စား ဆင်ယင်မှု ပုံဟန် အမျိုးမျိုးစုံကြသည်၊ လူအိုမပါ၊ သန်တုန်း မြန်တုန်း, ဘဝရွှေပိုင်း အချိန်ကောင်းတုန်း လူရွယ်, လူလတ်ပိုင်းတို့ချည်း ဖြစ်ကြသည်။ ယောကျ်ား,မိန်းမ ရောနှောလျက် ပျော်ပျော်ကြီးလှုပ်ရှားရှင်း လာနေကြသော မြင်ကွင်းတစ်ခုဖြစ်သည်။

သူတို့ကို မြင်ရသော အသွင်မှာ ယခင် မြင်ခဲ့သော အဘိုးအိုကြီး, အမယ်အိုကြီးတို့ကဲ့သို မောပန်းခြင်း လုံးဝမရှိ၊ သူတို့ကျောပေါ်၌ ဝန်ထုပ်ဝန်ပိုးမပါ၊ ဗလာကိုယ်လွတ်တွေ ဖြစ်ကြသည်၊ တမင်သက်သက် အားအားရှိတိုင်း ခရီးထွက် အချိန်ဖြုန်းနေကြခြင်း ပေလောဟု ဆိုချင်၏၊ ပျော်ပျော်ကြီး စကားပြောကြလျက်၊ ရယ်မောကြလျက်၊ တစ်ဦးကတစ်ဦးကို ပွတ်သီးပွတ်သပ် ချဉ်းကပ်လျက်၊ လက်တွဲလျက်၊ ပခုံးကိုကိုင်ဖက်လျက်၊ စောစီ,တဘက်များကို ယောကျ်ား, မိန်းမနှစ်ဦးသဘောတူ တွဲခြုံလျက် အမြင်ကပ်ဖွယ် မရှိးသားသော မေတ္တာဇောတွေ လိုသည်ထက် ပိုကဲလျက် လုပ်ခြင်းမရှိလှသော သူတို့၏မျက်နှာများကို အပြန်အလှန် တစိမ့်စိမ့် ကြည့်ကြ သည်၊ ပြုံးကြသည်၊ တဏှာဇော, ရာဂဇောတွေ သိသာလှန်းအောင် ကိုယ်စီ ကဲမောက်ပြကြသည်၊ အပြန်အလှန်ငြိကြ- ချစ်တင်းနှီးနှောကြသည်၊ ထိုအခိုက်ဘေးလူတို့က ကြွားဝင်ပြောင်ကြသည်၊ သျှောင်ကြသည်၊ စ,ကြသည်၊ နောက်ကြသည်၊ ထိုအခါ သူတို့က အရှက်နည်းသော အပြုအမူသရုပ်ဆောင်ကာ ပွေ့ဖက်၍ ပြလိုက်ကြသေးသည်။

တစ်ဖန် ကဏ္ဍသစ်တစ်ခန်း ဖွင့်ကြသကဲ့သို့ ဟားတိုက်ရယ်လိုက်ကြပြီးနောက် မေတ္တာစစ် မဟုတ်သော-အဒေါ်ယံ အမြှေးယှက်ရုံသဏ္ဌာန်ဆောင်သော မေတ္တာတုနှင့် ညှိကြပြန်သည်၊ ပြုံးဟန်, ရယ်ဟန် လုပ်ကြပြန်သည်၊ အညှုခံရသူကလည်း ကျေနပ် အားရဟန်တစ်ဖန်ပြန်၍ ပြုံးကြပြန်သည်၊ သူတို့မိတ်ဆွေ တစ်ကဝေတစ်ခါ ဤသို့ အညှုခံရခြင်းက အရဘော်လေစွ ဟု တင်ကြဟန်တူ၏။ ကြည်နူးနှစ်သက်လှပါသည်ဆိုသော သွင်ဟန်ဖြင့် သူတို့မျက်နှာများက သိသာပေါ်လွင်အောင် ပြကြသည်။

သူတို့သည် ကိုယ်ပိုင်မဟုတ်သော ရုပ်ခန္ဓာကြီးမသေခင် သယ်ဆောင်နေရသော ဒုက္ခကြီးကို မမြင်ကြ၊ တရွေ့ရွေ့နှင့် အိုရာဘက်သို့

အချိန်မဆိုင်း သွားနေကြရသည်၊ သိဖူးကြဟန်မရှိ၊ အိုရဦးမည်၊ နာရဦးမည် ဆိုသည်ကိုလည်း လုံးလုံး သတိရဟန်မတူ၊ နောက်ဆုံး ရုပ်ခန္ဓာကြီး သင်္ချိုင်းကုန်း ပစ်ထားခဲ့ပြီး ဘဝတစ်ပါး သွားရဦးမည်ကိုလည်း ကြားဖူးဟန် မတူ၊ ဘဝ၏ တပြောင်း ပြန်ပြန်ကျင်လည်ကာ ဒုက္ခခံယူနေကြရသော သဘာဝကို လုံးဝမေ့ကာ သူတို့ပြုမူနေကြသမျှ အားလုံး သုခတွေ ခံစားနေကြရသည်ဟု ထင်နေကြဟန် ရှိ၏။ ထင်နေကြသောကြောင့် စိတ်ကြီးစွာ ဖြစ်နေကြသည်။ ဤပုံ ဤနည်း မျက်စိရှေ့က မြင်ကွင်းကျယ်ကြီးကို မလွဲသာ၍ ကြည့်နေရသည်၊ မြင်နေရသည်၊ ရှောင်ပြီးရင်း ရှောင်ရင်း မဆုံးနိုင်၊ မပြတ်နိုင်၊ အချိန်ကြာကြာကြီး ရင်ဆိုင် ကြည့်မြင်သွားနေရပြီးမှ ရှောင်၍ လွတ်ခဲ့သည်။ စိတ်အာတော်မောပြီးမှ ထိုဝေမာနိက ကျပ်အုပ်စုကြီးကို ကျော်မြောက်နိုင်ခဲ့သည်။ ဤအရှင်၏ စိတ်အလိုဖြင့် သူတို့ကို ခရီးသည်များဟု မဆိုချင်ပါ။ မမြင်ချင်သော မြင်ကွင်းတစ်ခု ဟူ၍သာ အသိအမှတ် ပြုထားလိုက်သည်။

သူတို့ လွန်သွားကြလျှင် မရှေးမနှောင်းပင် လူရွယ်သုံးဦးကို တွေ့ရပြန်၏၊ ဆံပင်ရှည်ရှည် ဘောင်းဘီ အောက်နား (ပဒိုင်းပွင့်သဏ္ဍာန်) ပွယောင်းကြီးများကို ဝတ်ဆင်လျက် ဂီတာကြီးကို တကဲကဲ ပိုက်ကာ သားချော့သလို ဘယ်ယိမ်း ညာနွဲ့ ပြုမူရင်း ဒေါင်ဒေါင်ဒင်ဒင်တီးလျက် ဖြည်းဖြည်းသာသာ လမ်းလျှောက်လာနေကြသော လမ်းသရဲ ဆိုသူ လူထူးများဖြစ်ကြသည်၊ သူတို့သည် ပရိယေသန အလုပ်ဟူ၍ ဘာတစ်ခုမှ လုပ်ကြဟန် မတူပါ၊ မကြာမကြာ လမ်းသလားနေကြပုံ၊ လမ်းဘေး တစ်နေရာ၌ အိပ်စက်နေကြပုံကိုသာ အကြိမ်ကြိမ် တွေ့မြင်နေရဖူးသည်၊ ဘာကိုစား၍ သူတို့ဘဝရှေ့ခရီး ဘယ်ပုံ ဆက်လက်သွားကြလေမည်နည်း ဟူ၍ သူတို့အတွက် စိတ်ရှုပ်စွာ တွေးဆလိုက်မိသေး၏။

ဟော .. တစ်ဖုံ တွေ့ရပြန်၏၊ လမ်းသရဲတစ်စု၏နောက် လာနေသူကား အသက် ၃၀ ကျော်ရွယ်ခန့်ရှိ တစ်ဦးတည်း ခရီးသွားသော ယောကျ်ား သန့်သန့်တစ်ဦး ဖြစ်သည်၊ သူ၏ ကိုယ်ပေါ်၌ ဝတ်ဆင်ထားပုံကား အလွန် တောက်ပြောင်လှသော အနီရောင် အဝတ်ဆန်းကို အနောက်တိုင်း အင်္ကျီပုံ ချုပ်ထားသည်၊ ခေါင်းပေါ်၌ အချွန်ကြီး မြင့်မားလှသော ဦးထုပ်ဆန်းကို ဆောင်းလျက် ကျောပေါ်၌ ဘယ်နိုင်ငံဆီက ဘာလူမျိုးတို့ သုံးလေ့ရှိသော လွယ်အိတ်ဟု မခွဲခြားတတ်သော

ကျောပိုးအိတ်ဆန်းတစ်ခုကို ပိုးလျက် ပါသည်၊ ဖော်ပြပါ ဝတ်ဆင်ပုံ မျှားထက် ထူးနေပုံကား သူ၏ကိုယ် ခါးအောက်ပိုင်း၌ ပုဆိုးမပါ၊ ဘောင်းဘီရှည်၊ ဘောင်းဘီတိုကိုလည်း မဝတ်ဆင်ပါ၊ သို့ရာတွင် အဝတ် လုံးဝမပါသော ဗလာကိုယ်ထီးတော့ မဟုတ်ပါ၊ နီဖျော့ဖျော့ အရောင်နှင့် ပါးလှသလွန်းသော- အလန်ပိုတောင်းလှသော အတွင်းခံ ဘောင်းဘီကလေးတော့ ဝတ်လျက်ပါ၏၊ သူ လင်းလျှောက် တက်လာပုံကို ရှေ့မှ ကြည့်မြင်နေရသည်မှာ အားနာရေးလိုနှင့် ရယ်ဖို့ကောင်း လှ၏၊ ထိုသူကား ရူးနေသူပေလော၊ သို့မဟုတ် ခေတ်ဆန်သော အရူး **လောကကြီး၏ ဝတ်စုံထူးကို ဆင်မြန်းလို၍ စိတ်တိုင်းကျ သရုပ်ဆောင်ပြ နေခြင်းပင်လော ဟူ၍ ဤအရှင်၏ စိတ်တွင် ဝေခွဲမရအောင် 'ဤမြင် ကွင်းနှယ် ဆန်းပါဘိခြင်း' ဟူ၍သော စိတ်ပျက်ပျက်နှင့် ညည်းတွား လိုက်မိသည်။**

ထို့နောက် ဆက်လက်၍ မြင်တွေ့သွားနေရသော မြင်ကွင်းကား ပို၍ပင် ဆိုးရွားလာကြသေး၏၊ ငက်ကြီးတစ်ကောင်ကို ခြေ လက်ချင်း တင်းကြပ်အောင် ပူးကပ်ချုပ်နှောင်ပြီး လူနှစ်ယောက် တုတ်ကြီးနှင့် လျှိုထမ်းကာ ဖလမ်းဆီသို့ လာနေကြသော မြင်ကွင်း ဖြစ်သည်၊ ငက်ကြီး ခမြာမှာ သူ၏ရုပ်ခန္ဓာ အသားအရေကို လူတို့ပါးစပ်ထဲ စားရန် အတွက် မသေခင်ကပင် ဒုက္ခကြီးစွာ ခံစားရချက် မသက်သာလေခြင်း- သည်လူတွေနှယ် ကိုယ်ချင်းမစာ သနားဖော် ရက်စက်ကြလေခြင်း ဟူ၍ စုပ်သပ်ရင်း ရှောင်ပေးလိုက်ရ၏။

နောက်- တောင်ကြော့ကြီးတစ်ခု အထွက်တွင် မမြင်လိုသော မြင်ကွင်းကို ဆက်၍ တွေ့ရပြန်လေပြီ၊ မြင်ကွင်းကား- ဗိုက်ရွဲကြီးနှင့် ကလေးငယ်များ နို့တိုက်ဆဲ ဖြစ်ဟန်တူသော ဝက်မကြီးတစ်ကောင် ကို လူနှစ်ယောက်က မြေပြင် လမ်းလျှောက်စေ၍ မောင်းနှင်လာ ကြခြင်း ဖြစ်သည်၊ ခရီးဝေးခဲ့ပြီဖြစ်၍ ပန်းလှုပြီဖြစ်သော ဝက်မကြီး ခမြာမှာ သနားစရာ ဤအရှင်၏ ရှေ့တွင် လမ်းပေါ်၌ မချိမဆန့် လဲထိုးကာ အိပ်ချလိုက်တော့သည်။

သို့သော်-လူနှစ်ယောက်က ကိုယ်ချင်းမစာ သနားစိတ်မရှိ ခေတ္တ ကလေးမျှ အိပ်နားခွင့် မပေးကြပါ၊ တံပြာ ဓားသေးနှင့် စပ်စပ် ပါအောင် ရိုက်နှက်လျက် ဝက်မကြီးကို အတင်းထစေပြီး မရပ်မနား အတင်းသွားစေကြသည်၊ ဖလမ်းရောက်ပြီးလျှင် အသက်ခံရရှာတော့

မည်၊ ဝက်မကြီးသည် လူသားတို့အား ဝက်သားဟင်း စားကြရန် အတွက် သူ့မသား သူသယ်၍ မချိမဆန့် ပင်ပန်းကြီးစွာ လမ်းလျှောက် သွားနေရှာသော ဒုက္ခကြီးပုံကို ကြေကွဲဖွယ် တွေ့မြင်နေရသည်။

သနားစရာကောင်းသော ဝက်မကြီးသည် ဘုန်းကြီးကို ကြည့် လျက်–'တတ်နိုင်လျှင် ကယ်တော်မူပါ' ဟု အာရူအညီ တောင်းရှာခြင်း ဖြစ်လေသလား မပြောတတ်၊ ကြေကွဲသံကြီးနှင့် ကြာကြာကြီး ဟစ် အော်ကာ ညည်းတွားသံ ပြုရှာသည်၊ မိမိအနေဖြင့် ဘာမှမတတ် နိုင်ပါ၊ သနားစဖွယ် အော်ဟစ် ညည်းတွားရင်း ယိုင်ထိုးယိုင်ထိုး နှင့် မချိမဆန့် လမ်းလျှောက် သွားနေရှာပုံကို ရှောင်ဖယ်ပေးရင်း ဤအရှင်၏ စိတ်ထဲတွင် ကြေကွဲ ဝမ်းနည်းနေခြင်းသာ ကြာကြာ ကြီး ခံစားနေလိုက်ရသည်။

ခက်လိုက်လေ၊ ဤလမ်းကို ဤနေ့ ခရီးသွားရခြင်းသည် ကံပဲ ဆိုးလေသလား ဟု ညည်းမိ၏။ လွန်ခဲ့ပြီးမြင်ကွင်းတွေကြောင့် စိတ် ခံစားရချက်မှ အရှိန် မပြေနိုင်သေးခင် ရှေ့တစ်ဖာလုံခန့် အရောက်တွင် မမြင်ချင်ဆုံးသော မြင်ကွင်းတစ်ခု ဆက်တွေ့ရပြန်ချေပြီ၊ ကိုယ်ကောင် မကြီးလွန်းသော ချင်းဝက် (၅) ကောင်ကို လူသုံးယောက်က မြေပြင် လမ်းအတိုင်း လျှောက်စေပြီး ဖလမ်းမြို့ဆီသို့ မောင်းနှင်လာကြခြင်း ဖြစ်သည်၊ ထိုဝက်များကလည်း ဘုန်းကြီးကိုမြင်လျှင် ကြေကွဲဖွယ်အသံ များဖြင့် ဆူညံနေအောင် အော်မြည်ကြပြန်၏၊ သူတို့၏ အော်မြည်သံ များသည် ဤအရှင်၏နားတွင် 'သခင်ကြီး ကယ်တော်မူပါ၊ အသတ်ခံ ကြရပါတော့မယ်၊ သနားပါဦး' ဟူ၍ အကူအညီ တောင်းခံနေကြခြင်း ဖြစ်မည် ဟု ထင်မိသည်။

'ဘယ်ဆီက မောင်းလာခဲ့ကြတာလဲ၊ မင်းတို့ ဝက်တွေ အမောဆို့နေပြီ၊ ရေနည်းနည်းလောက် တိုက်ကြပါဦး' ဟု ဘုန်းကြီးက ချင်း စကားဖြင့် မေးရင်း အကြံပေးရာ သူတို့က ရင်းနှီးစွာ ဖြေဆိုကြသည်။ အတော်ကြီး ဝေးကွာလှသော တောရွာများမှ တစ်ရွာဝင် တစ်ရွာ ထွက် ရှာဖွေပြီး ဈေးကြီးကြီး ပေးဝယ်ခဲ့ရကြောင်း၊ လမ်းခရီးမှာလဲ ခက်ခက်ခဲခဲ မောင်းနှင် လာခဲ့ရကြောင်း–စသည် ချင်းစကားဖြင့် ပြန်ပြောကြသည်။

ဘုန်းကြီးနှင့် ထိုလူများ စကားပြောနေကြခိုက် စက္ကန့်အတွင်း မှာပင် ညောင်းညာပင်ပန်း နွမ်းနယ်နေကြသော ဝက်များသည်

လမ်းဘေး၌ ပစ်လဲ အိပ်ချလိုက်ကြသည်၊ ဤမြင်ကွင်းကို သနားလှသောကြောင့်- 'မင်းတို့ အလုပ်က ဝက်တွေလဲ မသက်သာ၊ မင်းတို့လဲ ဒုက္ခ ကြီးပါတယ်ကွယ်၊ မကောင်းဘဲ့ အကုသိုလ်အလုပ်တွေကို ဆက်လက် မလုပ်ချင်ကြပါနဲ့တော့' ဟု ဆုံးမစကား ပြောလိုက်သေးသည်။

သူတို့ ရှောင်ဖယ်လာခဲ့ပြီးနောက်တွင် တိရစ္ဆာန်များ၏ သေဘေး ဒုက္ခကြီးများပုံကို တွေးတောရင်း စိတ်အာရုံတွင် မသက်မသာ ခံစားရချက်ကြီး ဖြစ်ပေါ်လာရနေပြန်၏၊ ယနေ့ မြင်ကွင်းများနှင့်ဆက်စပ်၍ ဟိုယခင် ခရီးသွားခဲ့စဉ် အချိန်များက တွေ့မြင်ခဲ့ရဖူးသော **နွားတွေ, ကျွဲတွေ, နွားနောက် ကြီး,ငယ်တွေကို ကြိုးများနှင့် ချည်နှောင်လျက် အတင်းဆွဲယူ မောင်းနှင်လာကြပုံ မြင်ကွင်းတွေကိုပါ ပြန်လည် မြင်နေမိ၏။**

ဤ သတ္တဝါများသည် ရှေးဟောင်း ဝဋ်ကြွေးကြောင့် အသတ်ခံကြရခြင်း ဖြစ်ကောင်း ဖြစ်ကြမည် ဖြစ်သော်လည်း 'ပြုသူအသစ်-ဖြစ်သူအဟောင်း' ကံဝိပါက်တို့က တုံ့ပြန်ကြဦးမည့်သဘောအတိုင်း ယခု ပါဏာတိပါတကံကို ဖန်ကြသူတို့အားလည်း နောင်တစ်ချိန်တွင် ပြန်လည် ခံကြရပေဦးမည်သာတည်း။

နောက်ဘဝတို့၌ ငရဲကျခံရခြင်း၊ ဒုက္ခကြီးသော ပြိတ္တာဘဝရောက်ရခြင်း၊ တိရစ္ဆာန်ဖြစ်၍ ဤဝက်, ကြက်, နွား, ကျွဲ, တို့ ကဲ့သို့ ဘဝ များစွာ အကြိမ်ကြိမ် အသတ်ခံရခြင်း စသော ကြမ္မာ ဒုက္ခဘေးတို့ကား ပြေးမလွတ် ခံကြရပေဦးမည်ကို တွေးမျှော် တစ်ခေါ်ကြီး တွေးဆကာ သူတို့အဖို့ သနားမဆုံး ဖြစ်မိနေပေသည်။

အသိဉာဏ်ရှိသည် ဆိုကြသော မနုဿလူသားများက အသိဉာဏ် မရှိရှာကြသော-လူဘို့ကဲ့သို့ စကားပြန်လှန် မပြောတတ်သော အဟိတ်တိရစ္ဆာန်များကို သတ်ဖြတ်၍ စားမျိုနေကြသည်မှာ သနားစိတ်ကင်းမဲ့ နေကြသည့် သိန်းစွန်တို့ကဲ့သို့ ရက်စက်ရာ ကျနေသည်၊ ကျားသစ်တို့ကဲ့သို့ ကြမ်းကြုတ်ရာ ရောက်နေသည်၊ ကိုယ်ချင်းစာနာမှုတရား လက်လွှတ်လွှင့်ရာ ရောက်နေသည်ထင်၏၊ ပါဏာတိပါတ ပြုလုပ်နေသူများသည် နောင်ဘဝတစ်လျှောက်တို့၌ မိမိတို့သာလျှင် ပြန်လည် အကျိုးခံကြရဦးမည်သာတည်း၊ ဝိပါကအေးကို မျှော်တွေး ကြောက်ရွံ့ခြင်း မရှိကြ- လုပ်ရဲနေကြသည်၊ သတ်ရဲနေကြသည်၊ ရက်စက်ရဲနေ[illegible] သတ်ဖြတ်နေကြပုံကို ထောက်လျှင် အဘယ်မှာ အသိဉာဏ် ရှိသည် ဟု ဆိုထိုက်ပါအံ့နည်း။

'ပြုသူအသစ်– ဖြစ်သူအဟောင်း'–ဥပဒေ တရားလမ်းကြောင်း အတိုင်း ပုံမှန် အကျိုးပေးခြင်း ခံကြရမည့် ကံ၏ သဘာဝကို သိမြင်ထားပြီး ဖြစ်သောကြောင့် သနားစိတ် အားကြီးနေသည်၊ အသက်ခံကြရရှာသော တိရစ္ဆာန်များအား သနားလှသကဲ့သို့ သတ်ဖြတ် နေကြသော လူသားများကိုလည်း သနားခြင်း ကြီးပါသည်၊ သူတို့ နှစ်ဦးစလုံးအတွက် အပြန်အလှန် သနားစိတ်ဖြင့် ရင်လေးစွာ တွေးရင်းတောချင်း မဆုံးနိုင်အောင် ဤအရှင်၏ စိတ်အာရုံတွင် တလုံးလဲလဲ သနားခြင်းနှင့် ဝမ်းနည်းခြင်း ဖြစ်နေမိပါသည်။

ယင်းသို့ တွေးရင်း တောရဝ်း တစိုက်စိုက် လျှောက်လာခဲ့ရာ နယ်ခြားလမ်းဆုံ အာသံနယ်ခြား တောင်ဒနီလမ်းဆုံသို့ ဆိုက်ရောက်သွားသောအခါ အနောက်ဘက် နယ်ခြား တောင်မြင့်ကြီးများပေါ်မှ အစိုးရဖောက် ကားလမ်းသစ်ကြီး အတိုင်း ဆင်းလာ နေကြသော ခရီးသည်များကို တစ်သုတ်ပြီး တစ်သုတ် ဆက်ကာ တွေ့မြင်နေရ၏။ သို့သော်–မမြင်ချင်သော မြင်ကွင်းများ မဟုတ်၊ မြင်ကွင်းကောင်းများဟု ဆိုရပါမည်၊ သူတို့ကို မြင်ရတော့ စိတ်အာရုံ တစ်ဖုံ ပြောင်းသွားသည်၊ ယခင် မြင်ကွင်းတို့ကြောင့် မကြည်လင် ဖြစ်နေသော အာရုံခံစားချက်တောင် သက်သာရာရပြီး ပျောက်လွင့်သလို ဖြစ်လာ၍ ယခုခရီးသည်များကို ကျေးဇူးတင်ချင်သည်၊ ယခု မျက်စိရှေ့၌ တွေ့မြင်နေရသော ခရီးသည်များကား ရိုးသားကြ၏၊ သန့်ရှင်းကြ၏၊ တိရစ္ဆာန်များကို ညှဉ်းပန်းခြင်း မရှိကြပါ၊ သတ်ဖြတ်ရန် ကြိုးပမ်းကြသော ပါဏာတိပါတ ကံသမား တစ်ဦးတစ်ယောက်မျှ မပါကြပါ။

ရှေးဦးစွာ တွေ့ရသော သူတို့ကား အိမ်ထောင်သည် မိသားစု တစ်စု ဖြစ်ရကား–အိမ်ထောင် ပြောင်းလာခြင်း ဖြစ်မည် ဟု ခန့်မှန်း သိနိုင်သည်၊ သူတို့၏ နေ့စဉ် အသုံးအဆောင်များ ဖြစ်သော ခြုံဝတ်ခြုံထည် အိပ်ရာလိပ်နှင့် သေတ္တာများ၊ ချက်ဖို ပြုတ်ဖိုနှင့် တောင်းပလုံး စသည်များ ထုပ်ပိုးယူဆောင်လျက် အိမ်ရှင် ယောကျ်ားနှင့် ဇနီး သား မြေး ကလေး ကြီး, ငယ်တွေနှင့် ခွေးပါ မကျန် ချီပိုး၍–တချို့ ခြေလျင် လိုက်ပါ၍ လာကြသည်။

'ဘယ်ဆီက လာခဲ့၍ ဘယ်သို့ သွားကြမှာလဲ' ဟု ချင်းစကားဖြင့် မေးကြည့်ရာ မြန်မာပြည်ပိုင် အစွန်အဖျား ဒေသဖြစ်သော အာသံ နယ်ခြား တောင်အနီး ငှယ်လင်ုနယ်မှ လာခဲ့ကြောင်း၊ မြန်မာပြည်မ

သက်ကင်းကာ ရာဇဂြိုဟ်နယ်၌ အခြေတကျ နေထိုင်သွားကြရန် အပြီး ရွှေ့ပြောင်း ခရီးထွက်လာခဲ့ခြင်း ဖြစ်ကြောင်း ဖြေသွားကြသည်။

ထိုမိသားစု နောက်တွင်လည်း တစ်သုတ်ပြီး တစ်သုတ်–လူ တစ်အုပ်ပြီး တစ်အုပ် ဆင်းလာနေကြသူများကို ဆက်ကာ တွေ့မြင်နေရ၏။ အချို့အုပ်စုသည် လေး, ငါး အိမ်ထောင် စုပေါင်း လာကြသည်၊ ယူသင့်ရာရာ တစ်နိုင်စာ ပစ္စည်းများကို ကျောပိုးလာကြသည်၊ လူမနိုင်သော ပစ္စည်းများကို နွားဝန်တင်, မြင်းဝန်တင်များ ကျောပေါ်၌ တင်ဆောင်လာကြသည်၊ ဤနည်းနှင့်နှင့် ရွှေ့ပြောင်းလာနေကြပုံကို မကြာ၊ ကြာ တွေ့မြင် ရှောင်ဖယ်သွားနေရသည်၊ သူတို့ကို မြင်၍တော့ တစ်ချိန်က ခံစားခဲ့ရသော ကြေကွဲ ဝမ်းနည်းစိတ်များ မရှိတော့ပါ၊ အလိုလို ပြေပျောက်သွားကြသည်။

'မြန်မာ တောင်ရိုးလျှောက်၊ ချင်းကား မြစ်ရေသောက်'– ဟူသော ရှေးရှေးက ကြားခဲ့သည့် တပေါင်သံ စကားကို သတိ ရလာကာ အတွေးမှုပြောင်း၍ ခံစားချက်တစ်မျိုး ဝင်လာသည်၊ နယ်ခြား ငုတောင်ကြီးပေါ်မှာ အခြေအနေ အမျိုးမျိုးသော အကြောင်းတို့ကြောင့် လူနေမှုခေတ်ကြီး တစ်မျိုး ပြောင်းနေပေပြီ၊ မကြာမီ နှစ်များ အတွင်း ချင်းတောင်၏ သမိုင်းသည် ကဏ္ဍသစ် တစ်မျိုး ရောက်လာပေဦးတော့မည် ဟု အမြင် ပေါက်လာသည်။

မှန်ပါသည်၊ ယခုအချိန်သည် အိန္ဒိယပိုင် အာသံ နယ်ခြား တောင် ဒေသတစ်ဝိုက် မြောက်ပိုင်း ချင်းတောင်ပေါ်မှ ချင်းလူမျိုးများသည် နေထိုင်မှု ဂနာ မငြိမ်ကြတော့ပါ၊ အထူးသဖြင့် သူတို့၏ မိဘဘိုးဘွားများ အစဉ်တစိုက် နေထိုင်လာခဲ့ကြသော တောင်ရိုးပေါ်မှာ ဆက်လက်နေထိုင်ရန် ဆန္ဒ မရှိကြတော့ပါ၊ နေမြဲတိုင်း ဒေသ၊ နေမြဲတိုင်း ရွာများ၌ နေချင်စိတ် ခေါင်းပါးလာကြပြီး ဟိုပြောင်း သည်ပြောင်း ဖြစ်နေကြသည်၊ မြန်မာပြည်မဘက် မြေပြန့်သို့ တဖွဲဖွဲ ဆင်းကာ ရွှေ့ပြောင်းသွားကြကုန်လေပြီ၊ နှစ်စဉ် တဖြုတ်ဖြုတ် ဆင်းနေကြလေရာ ယခုအခါ နယ်ခြား တောင်ရိုး တစ်လျှောက်၌ ချင်းရွာများ၏ အခြေအနေမှာ လုံးလုံးကြီး ပြောင်းခဲ့ရလေပြီ၊ ဤအရှင် မျက်မြင် ကိုယ်တွေ့ ဖြစ်သည်။

ရှေးအခါက ရွာကြီးများသည် ယခု ရွာငယ်ကလေးများ ဖြစ်ကျန်ရစ်ကြသည်၊ ယခင် ရွာငယ်ကလေးများကတော့ တချို့ ရွာများ၌ သုံးလေး, ငါးအိမ်မျှ ကျန်နေသည်လည်း ရှိ၏၊ တချို့

ရွာများကား တစ်အိမ်မျှ မရှိကြတော့ဘဲ ရွာတောင်ကုန်းသာ တွေ့ရ၏။ ဤအရှင် ခရီး လှည့်လည်စဉ် တွေ့မြင်ရချက်မှာ မြန်ဆန်လွန်းလှ၍ အံ့သြမဆုံး ဖြစ်မိသည်၊ လွန်ခဲ့သော ၁၉၇၆-ခု၊ နှစ်ဦးပိုင်းက ချင်းပြည်နယ် ဥက္ကဋ္ဌ ဘုန်းကြီးထံ ရောက်လာ၍ ချင်းတောင်၏ လက်ရှိအခြေအနေနှင့် ရှေ့အနာဂတ် ဖြစ်ပေါ်လာမည့် ပြောင်းလဲရေးကြောင်းရာများကို ဆွေးနွေးကြသည်၊ ဤအရှင်က မိမိအမြင်ကို ဗေဒင် ဟောကိန်းကဲ့သို့ ပြောပြလိုက်ရာ အထူး အံ့သြစွာဖြင့် ကျေနပ်အားရ ယုံကြည်စွာ လက်ခံ၍ မှတ်သားသွားမည် ဆိုပါသည်၊ ရှေးဟောင်း သမိုင်းရှိပြီး ဖြစ်သောကြောင့် တောင်ပေါ်မှ ချင်းလူမျိုးများသည် တောင်အောက် မြေပြန့်သို့ ပြန်ဆင်းကြပြီး အိုးအိမ် အတည်တကျ နေထိုင် သွားကြတော့မည် ဖြစ်ကြောင်း၊ ထိုအခါ မြန်မာတို့နှင့် ပြန်လည် ဇာတ်ပေါင်း သွားကြတော့မည်။

နယ်ခြား တောင်တန်း တစ်ခွင် မကြာမီက လှည့်လည်ခဲ့စဉ် တွေ့မြင်ချက်များ အရ ဤအရှင်၏ ခန့်မှန်းချက်မှာ ယခု မိမိရှေ့တွင် တွေ့မြင်နေရသော အချိုးအတိုင်း နှစ်စဉ် ပြောင်းရွှေ့ သွားကြလျှင် မကြာမြင့်သော နှစ်များအတွင်း ချင်းတောင်ပေါ်၌ ချင်းလူမျိုးများ ပျောက်ကွယ်သွားကြပြီး ချင်းတောင်ဟူသော အမည်မျှသာ ကျန်ရှိပေတော့မည် ဟူ၍ အတတ် ပြောနိုင်သလောက် အခြေ ရောက်ခဲ့ပြီး ၁၃၃၁-ခုနှစ်တွင် ထန်တလန်နယ်ရှိ လူများမှ သုံးပုံနှစ်ပုံ ပြည်မဘက်ဆင်းကြတော့မည် ဟု သတင်းကြားနေရပြန်၏ ထိုနည်းအတူ အခြားနယ်များမှာလည်း အမျိုးမျိုး ကြားနေရ၏။

အချို့ဒေသများ၌ မိုးခေါင်၍ လည်းကောင်း၊ မိုးများလွန်း၍ လည်းကောင်း တောင်ယာလုပ်ကွက်များ မကောင်းကြပါ စားနပ်ရိက္ခာ ပြေပလောက်အောင် ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မရကြဟု ဆို၏၊ ဤနည်းကား- နှစ်စဉ် ကြားနေရသော အကြောင်း တစ်ချက်၊ အိန္ဒိယနယ်ခြားတောင် ဒေသ၌ ဟိုဘက်မှ မီဇိုသူပုန်၊ နာဂသူပုန်တွေ လှုပ်ရှား နေကြခြင်းက နေရေး, ထိုင်ရေး မသာယာခြင်း၏ အကြောင်းတစ်ချက်၊ ချင်းတောင်ယာများလည်း သစ်ပင်တောအုပ်တွေ ခုတ်ထွင် လွန်းခြင်း၊ နှစ်စဉ် တောမီးတွေ စည်းလွတ်ကမ်းလွတ် ရှို့နေခြင်းတို့ကြောင့် မြေသြဇာများ ခြောက်ခန်းနေပြီး စိုက်ပျိုးရေး၌

ရှေးလူကြီးများလက်ထက်ကလို ပြောင်းဖူး, ဆပ်ဆံ-စသည့် ပဖြစ်ထွန်းတော့ခြင်းက အကြောင်း တစ်ချက် စသော အကြောင်းကြောင်းကြောင့် တောင်ကြီးပေါ်၌ ဆက်လက်နေထိုင်ရန် မဖြစ်နိုင်ကြတော့ဟု ဆိုကြရာ အခြေအနေများက ခေတ်ကြောင်းရဲ့ ဒီမျိုး ကြီး ဖန်တီးပေးနေကြသလို ဖိနေကြပုံကလည်း အမှန်ပင် ဖြစ်သည်၊ ထို့ကြောင့် တစ်နှစ်ပြီး တစ်နှစ် ချင်းတောင်ပေါ်မှ ချင်းရွာများသည် ပျောက်၍ ပျောက်၍ သွားနေကြသို့မှာ နှစ်ကြာကြာပင် လူများရော, ရွာများပါ ဆက်လက် တည်ရှိတော့မည် မထင်ပါ၊ အပြောင်းမြန်သော ခေတ်ကာလ **သံသရာလောက၏ သမိုင်းသစ် ကဏ္ဍ တစ်ရပ်ကား ယခု စတင် ပေါ်ထွက်ခဲ့ပြီ ဟူ၍သာ နားလည်ကြရပါတော့မည်။**

ရှေးက တပေါင်သံတွင်-'မြန်မာတောင်ရိုးသျှောက်' ဟူ၍ ပါရှိလေသေးရာ ထိုစကားသည် မှန်နေပါသည်၊ တကယ် မှန်နေပြီ ဟု အတတ်ကို ဆိုရပါတော့မည်၊ ယခုလက်ရှိ တိုင်းပြည်မှ အုပ်ချုပ်မှု၏ စီမံကိန်းများ အရ မြန်မာတွေ လာရောက်၍ တောင်ရိုးလျှောက်နေကြပါပြီ၊ အုပ်ချုပ်ရေး- လုံခြုံရေး- ပညာရေး- တရားရေး- ကျန်းမာရေး- စိုက်ပျိုးရေး- လူဝင်မှုကြီးကြပ်ရေး- အကောက်ခွန် စည်းကြပ်ရေး- လမ်းပန်းဆက်သွယ် ဖောက်လုပ်ရေး- အလုပ်သမား စီမံခန့်ခွဲရေး- အလုပ်စမ်းဆေးရေး- ကုန်သွယ်ရေး- ပြည်နယ်စီမံကိန်း ညွှန်ကြားရေး စသော ဌာန အဖြာဖြာတို့ အတွက် တာဝန် ထမ်းဆောင်ကြရန် ပေါက်ရောက်လာနေကြသော ပြည်မသား မြန်မာ လူမျိုးများကလည်း တောင်ရိုး တစ်ခွင်မှာ ပြည့်စင်အောင် မနေမနား လျှောက်လျက် ရှိနေကြပါပြီ၊ ရှေးကိုလည်း ဆက်၍ လျှောက်နေဦးမည် သာတည်း၊ မျက်မှောက် လက်ရှိ ထိုအခြေအနေကို ကြည့်၍ သုံးသပ် ဆင်ခြင်ကြည့်မိသည်။

ဤအချင်းယံသို့ လာရောက် ဆည်းကပ်ကြသော မင်းမှုထမ်း၊ စစ်မှုထမ်း၊ ဘက်ကိုးစုံမှ အမှုထမ်း, အရာထမ်းတို့အား ထိုအကြောင်း ပြောမိကြသည်၊ ထိုစကား စပ်မိလေတိုင်း 'မြန်မာ တောင်ရိုးလျှောက်' ဟူသော ရှေးက တပေါင်သံ စကားသည် ယခုလက်တွေ့မှာ တကယ် မှန်နေကြောင်း ပြောဆိုမိကြသည်၊ လူအချို့က သူတို့ အချင်းချင်း ကိုယ်တွေ့ သောလုံး ပြောဆို ရယ်မောကြသည်။

သုတေသနဌာန ကြည့်တိုက်
ဗဟိုသုတေသနဌာန ... ကြည့်တိုက်
ကမ္ဘာ့အေး၊ ရန်ကုန်။ ... ကြည့်တိုက်
ကမ္ဘာအေး—ရန်ကုန်



လမ်းခရီး တစ်လျှောက်၌ ခရီးသည် အမျိုးမျိုးကို တွေ့မြင်ရ၍ စိတ်အာရုံအမျိုးမျိုး ခံစားချက် ဖြစ်ပေါ်ခဲ့ပြီးနောက် ခရီးရှည် တစ်ခေါက် အဆုံးသတ်လိုက်သည်။ နေ့ပြကျောင်းသို့ ပြန်ရောက်၍ ခရီးသွားခြင်း ရပ်ဆိုင်းလိုက်ချိန်တွင် မိုးတွင်းကာလပိုင်း ရောက်ခဲ့လေပြီ၊ နယ်ခြားတောင်ကြီးပေါ်၏ ထုံးစံမှာ မိုးတွင်းကာလ ရောက်ပြီဆိုလျှင် ရွှေမိုးငွေမိုး ရွာနည်းတာ တစ်ရှိန်ထိုးကြီး ရွာတတ်သည်။ တစ်မိုးပြီးတစ်မိုးကောက်၍ အနားမရှိသလောက် နေ့ညဆက်တိုက် ရွာလေတော့သည်။

ဤ ၁၃၃၈ ခုနှစ်တွင် ဤအရပ် နေထိုင်သော တောင်ကြီးပေါ်၌ အခြားနေရာဒေသများထက် မိုးအလွန်များပါသည်၊ မိုးလေကြောင့် အေးသောရာသီဥတုကို ခံရချက်လည်း အတော်ဆိုးပါသည်။ ရာသီဥတု ကလွန်းသော ဖောက်ပြန်မှုကြောင့် လူအများ ဖျားနာကြလေရာ ဤအရပ်သည်လည်း သူများနည်းတူ ဖျားခဲ့ရသည်။

ယခုနှစ် ဖျားပုံဖျားနည်းမှာ တုပ်ကွေးဆန်ဆန်ဖြစ်၍ နှစ်စဉ်ဖျားနေကျထက် ခံရချက်ပိုပါသည်။ ရက်ကြာကြာကြီး ခံရသေးသည်။ ဘေးသလင်း တစ်လလုံး— သီတင်းကျွတ် တစ်လသုံး ကြာခဲ့ပြီးနောက် တန်ဆောင်မုန်း လပြည့်အထိ နှစ်လခွဲကြာအောင် လူမမာ ဖြစ်နေရသည်၊ နတ်ဆေးဂမုန်း မှန်မှန်စားနေရလျှင် မဖျားပါ၊ ဖျားစေဦး ခေတ္တနှင့် ပျောက်ကင်းသွားလေ့ ရှိသည်၊ အဆိုပါ, ဖျားရည် အဆင်မပြေ၍ နတ်ဆေးဂမုန်း မစားရသောကြောင့် ဓာတ်လေးပါး မနိုင်ချိန် အဖျားကြာကြာ ဝင်နေခြင်းဖြစ်သည်ကို မိမိ သိသည်။

ရုပ်ခန္ဓာ ဓာတ်လေးပါး ဖောက်ပြန်၍ ကျန်းမာရေး ချို့ယွင်းနေချိန်ကာလ အတွင်းမှာ မိုးကလည်း ကောင်းလွန်းပါဘိသည်၊ နေ့ညမနား စွေ၍ အလွန်အကျွံကြီး ရွာနေပြန်၏၊ ထို့ကြောင့်ပင်၏၊ ဆေးအမျိုးမျိုးစားလျက်နှင့် သက်သာလာသည်မရှိ၊ တစ်ကြိမ်ဖျားရင် ဆက်ဘိုက်ထပ်ပြန်ကာလဲလဲ ဖျားနေသည်။ ရက်ကြာကြာ ဆေးအမျိုးမျိုး စားလာတော့ ရုပ်ခန္ဓာအပေါ် ဆေးတွေကပါ ဒဏ်ပိလာကြပြီး အမျိုးမျိုး ထွေလာပြန်သည်၊ နေရ ထိုင်ရပုံ ခေါင်း မကြည်လင်ခြင်း၊ စိတ်မကြည်လင်ခြင်း၊ အိပ်မပျော်ခြင်း စသည် ဖောက်ပြန်လာကြသည်။ မစားချင်, မသောက်ချင်ပုံကလည်း ဆန်ပြုတ်တောင် မသောက်ချင်၊ ကော်ဖီသဲ မသောက်ချင်ပါ၊ ခံတွင်းပျက်သည်ကလည်း ဘာစား

ကြည့်ရှုမှု အရသာမရှိ ဖြစ်နေသောကြောင့် ဘာမှ မစားချင်တော့ပါ၊ မစားချင်၍ မစားဘဲနေသည်။ ဤပုံဤနည်း ရက်တော့ ကြာလာသော အခါ ကိုယ်ခန္ဓာကြီး နွမ်းနယ်လာသည်။ ချည့်နဲ့နဲ့ဖြစ်ပြီး အားပြတ်လာသည်။ အိပ်ရာပေါ်မှ ထ၍ ထိုင်ရသည်ပင် တုန်တုန်ရီရီနှင့် မနည်း အားခဲထ၍ ထိုင်ရသော အခြေ ရောက်လာသည်။

ဤအရှင် အတော် ဖျားနေကြောင်း သတင်း ရလေလျှင် ဖလမ်းမြို့မှ ဗုဒ္ဓဘာသာအဖွဲ့ ဥက္ကဋ္ဌ ကုန်သွယ်ရေး ဦးစီးမန်နေဂျာ ဦးသန်းလွင်သည် လမ်းဗိုလ် ဦးမင်းဟာန်နှင့်အတူ ကားဖြင့် လာရောက်ပြီး ဆေးကုသပေးရန် ဖလမ်းသို့ ပင့်ခေါ်ကြသည်။ (၇) ရက်ခန့် ဖြစ်စေ ကြွပါ၊ အရာရာ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ပေးပါရစေဘု လျှောက်ကြ၏။ မိမိရပ်ခန္ဓာမှာ ဖျားနေချိန်အတွင်း အမျိုးမျိုး ဖောက်ပြန်နေပုံကို မိမိသာလျှင် အသိဆုံးဖြစ်သောကြောင့် သူတစ်ပါးထံ သွားရောက်နေရန် မသင့်ပါ၊ စိတ်ထဲက အလွန် ဝန်လေးနေသလိုရှိ၍ မလိုက်ပါရစေနှင့်ဟု တောင်းပန်လွှတ်လိုက်သည်၊ လူအိုတို့၏ ထုံးစံ ချည့်ချည့်နဲ့နဲ့ ဖြစ်နေခိုက်အခါမှာ နေမြဲတိုင်း ကျောင်းမှာနေ၍ အိပ်နေကျအိပ်ရာ၌သာ ပုံမှန် အခြေမပျက် နေလိုသည်။

ကျန်းမာရေး အတော် ညံ့နေချိန်အတွင်း မိမိ၏ ကျောင်းမှ တစ်မိုင်ခန့်သာ ဝေးသော အစိုးရ စိုက်ပျိုးရေး သိပ္ပံ အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးစိုးမောင်နှင့် မြန်မာ ကျောင်းဆရာများ ဖြစ်ကြသော ဦးစိုးဟာန်၊ ဦးသန်းဖေ၊ ဦးကာင်ဝင်းတို့ သုံးဦးကပါ အကျည်းကျ သွမ်းပို့ခြင်း၊ နှားနို့၊ ဆန်ပြုတ်ပို့ခြင်း အားထုတ်ကြရာ၏၊ ၁၀-ရက်ခန့်အတွင်း ဖြစ်သည်၊ ကျန်းမာရေး ပုံမှန်ဖြစ်နေချိန်မှာတော့ မပို့နိုင်ကြပါ၊ သူတို့၏ ကိုယ်ရေးကိုယ်တာ စားသောက်ရေး ခက်ခဲကြသောကြောင့် ဖြစ်သည်၊ ကျောင်းအုပ်ကြီးကတော့ တစ်ခါတစ်ရံ ပို့လေ့ရှိပါသည်။

အခြေအနေမှာ သီတင်းကျွတ် လဆန်းပိုင်းတွင် အတော်ဆိုးလာရာ ဘာမှ မစားနိုင်တော့ပါ၊ တစ်ဖန် သီတင်းကျွတ် လပြည့်ခါနီးရက်များတွင် သက်သာသလို ရှိပြန်၏၊ အခြေအနေ ကောင်းတော့မည်ဟု ထင်မိသည်၊ သို့သော် ထင်သလိုမဟုတ်ပါ၊ လပြည့်ကျော်ခဲ့ပြီးနောက် သီတင်းကျွတ်လကုန်ခါနီးမှာ ပို၍ ဆိုးလာပြန်၏။ နေရထိုင်ရ အဆိုး

ဆုံး ခံစားနေရချိန် ဖြစ်သည်၊ (၇) ရက်ခန့် အပြင်းဖျားနေသဲ ကာလတွင် အမောဆိုက်လာသည်၊ (၃) ရက် ဆက်တိုက် မကြာခဏ အမောဆိုက်လာပုံက ထူးခြားချက် ခံစားရပြန်၏၊ အသက်ကလည်း အိုခဲ့ပြီဖြစ်၍ ဝေဒနာခံစားရင်း တောင်တွေး မြောက်တွေး စိတ်အာရုံထွေပြားနေမိသည်၊ ဖလမ်းမြို့မှ ရင်းနှီးသော ကျောင်းဆရာကြီး ဦးအောင်ဖေ သေသွားပုံကို သတိရလာသည်၊ ရှေးတစ်ချိန်က ဤအရှင်၏ သာသနာရေးတွင် ပါရမီဖြည့်ဖက် ဖြစ်သည်၊ သူသည် ယခုနှစ်တွင် အချိန်ကြာကြာ တရှောင်ရှောင် ဖျားနေခဲ့ပြီး လွန်ခဲ့သော တော်သလင်းလဆန်း ၁၂-ရက်နေ့၌ ကွယ်လွန်သွားခြင်း ဖြစ်သည်၊ ထိုအကြောင်းကို ထောက်စာသလို သတိရလာပြီး 'ငါလဲ ဒီတစ်ခါဘော့ သေချင်လို့ထပ်ပြန်တလဲ ဖျားပြီး မသက်သာနိုင် ဖြစ်ကောင်း ဖြစ်နေလေသလား' ဟု အတွေးစိတ် မကြာမကြာ ဝင်လာနေသည်။

သို့ရာတွင်-'ကေန် ငါသေရတော့မယ်' ဟူ၍တော့ ယုံကြည်ချက် မရှိပါ၊ စိတ်ကစားမှု ဖြစ်သည်၊ အကြောင်းမှာ ဤအရှင်သည် မိဋ္ဌာန်ချက် လေးနက်စွာ ပြုထားပြီး ရှိသည်၊ မိမိ ကေန် ပျံလွန်ရမည့်အခါ ရောက်လျှင် (၃) နှစ်မှ ကြိုတင်၍ သိနိုင်စေရမည်၊ သိသာထင်ရှားသော နိမိတ်ဖြစ်စေ၊ အိပ်မက်မြင်၍ဖြစ်စေ- တစ်စုံတစ်ယောက်က လာပြောသကဲ့သို့ မိမိ နား၌ တစ်မျိုးမျိုးသော စကားသံ ကြားရ၍ ဖြစ်စေ သိထားပြီး ဖြစ်စေရမည်ဟု ယုံကြည် စိတ်ချထားပြီး ဖြစ်သည်၊ ထိုသို့ ယုံကြည်ချက်ကြောင့် ယခုလို ရာသီဥတု ဖောက်ပြန်၍ ခဏလေးပါး မညီညွတ်သော အခိုက်အတန့် ဖျားနာရခြင်းမျိုးလောက်ဖြင့် မိမိ မရေမရာ မသေနိုင်ဟု စိတ်ချထားသည်။

သုံးရက်ဆက်၍ မကြာမကြာ အမောဆိုက်နေချိန်တွင် မျက်ရည်ပေါက်ကြီးများ ဖြိုင်ဖြိုင် ကျလာသည်ကား ထူးခြား သလိုလိုရှိသည်၊ ထို့ပြင် မျက်ရည်ပေါက်ကြီးများ ဆက်တိုက် ကျနေစဉ်အတွင်း စိတ်အာရုံတွင် ဝမ်းနည်းခြင်း ခံစားချက် တစ်မျိုးဖြစ်ပေါ်လာသည်၊ ဤပုံဤနည်း (၃) ရက်တိုင် ထပ်တူ ဖြစ်နေသည်၊ သို့သော်-ငိုချင်ရာမှ ရယ်ချင်စိတ် ပြောင်းလာပြန်၍ တစ်မျိုးထူးခြားချက် သတိပြုမိသည်။

မိမိရယ်ချင်စိတ် ပြောင်းဝင်လာသည်ကား မဆိုင်မစပ်နှင့် ရှေးက ဆရာတော်ကြီး တစ်ပါး ညမှောင်မိုက်ကြီးအတွင်း လှည်းခရီးသွား

ရင်း တောနက်ကြီးထဲ ဘယ်ရောက်နေမှန်းမသိ၍ တောချုံထဲ လှည်းဖြင့် အိပ်ကြပုံအကြောင်း သတိရ၍ ဖြစ်သည်၊ ရှေးက ဤအရှင်၏ ဇာတိရွာ အနီး ရွာမှ သက် တော် ၈၈-ကျော် ဆရာတော်ကြီး ဦးလာဘသည် ရပ်ဝေးသို့ လှည်းနှင့် ခရီးသွားခဲ့ပြီး အပြန်တွင် ညမှောင်မိုက်ကြီးထဲ မောင်းလာကြရာ လမ်းမှားသလို ဘယ်ရောက် နေကြမှန်း မသိကြချေ၊ သို့သော် နွားများကား-မိမိတို့ ရွာပြန်လမ်း ကို သိကြသည်၊ နွားဆွဲသွားရာသို့သာ လိုက်ပါနေကြရသည်၊ နောက် ဆုံး လမ်းမဟုတ်သော ချုံပိတ်ပေါင်းတို့ အကြား တိုးဝင်ပြီး လမ်း ပျောက်သွားသည်၊ နွားများက ရှေ့သွားမရတော့၍ ရပ်လိုက်ကြသည်၊ ထိုအခါ ဆရာတော်ကြီးက 'တောနက်ကြီးထဲ ရောက်နေကြပြီ ထင် တယ်ဟေ့၊ ငါတို့ နတ်လှည့်ခြင်းများ ခံနေရလေသလား မပြော တတ်၊ ဘယ်ရောက်နေကြမှန်း မသိဘူး၊ ကြာရင်ဆိုးလိမ့်မယ်၊ ဒီည ဒီမှာပဲ အိပ်ကြစို့ရဲ့၊ နံနက်လင်းမှ မြင်မြင်သာသာ လမ်းရှာပြီး သွား ကြမယ်' ဟု အမိန့်ရှိ၍ လှည်းသားများလည်း နွားဖြုတ်ပြီး ထိုနေရာ၌ အိပ်ရသည်။

နံနက် အရုဏ်တက်အချိန်သို့ ကြက်ဖကြီးတစ်ကောင်၏ တွန်သံ ကြားကြတော့ ဆရာတော်ကြီးက 'ဟင်း....ဒီကြက်သံဟာ ငါ့ကျောင်းက ကြက်ဖကြီး အသံပါကွာ' ဟု ပြောလိုက်သည်၊ ကြက်တွန်သံ ပေါ်ခါ ကြားရပြီးနောက် မိုးလင်းလာ၍ ကြည့်ကြသောအခါ ဆရာတော် ကြီး သီတင်းသုံးရာ ကျောင်းပရိဝုဏ်အနီး ကပ်လျက်ရှိသော ရှောက်ချုံ တောကြီးထဲ ကြံကြံဖန်ဖန် ရောက်နေကြပုံကို မြင်တွေ့ကြရ၍ တအံ့ တသြ ရယ်မောကြရသည် ဆို၏၊ မိမိသည် တောင်မပ် မြောက်ပစ် စိတ်အာရုံတွင် ထိုဖြစ်ရပ်ကို သတိရပြီး ရယ်ချင်စိတ် ဝင်လာ တစ်ပါး တည်း အသံထွက် ရယ်မိသည်။

ဤကား-မိမိ ဉာဏ်အမြင် ဟောကိန်း တွက်ချက်ဖြင့် 'ငါ.... ဒီရောဂါကြောင့် မသေပါဘူး၊ မကြာမီ ကျန်းမာလာမယ်၊ ကျန်းမာ၍ ပျော်ရွှင် ချမ်းမြေ့စွာ နေရလိမ့်ဦးမယ်' ဟု အဖြေ ထွက်လာခြင်း ဖြစ်သည်၊ မိမိတွက်ဆချက် ဟောကိန်းကို ယုံကြည်စွာ လက်ခံပြီး စိတ် ရွှင်ရွှင်ကား နေလာခဲ့သည်၊ ဤတွင် နည်းပေးပါသည်၊ စိတ်ညစ် နေရာမှ ရယ်စရာ ပျော်မွေ့ဖွယ်ရာ စိတ်အာရုံတွင် ဝင်ရောက် သတိ ရလာလျှင် မိမိ၏ စိတ်ညစ်ခြင်း ပျောက်သော ဖြစ်ပါသည်၊ မကြာမီ

ပြေပျောက်၍ ချမ်းမြေ့သာယာစွာ ရောက်လာမည်ဟု မှတ်ပါ၊ ငိုချင်နေရာမှ ရယ်ချင်စိတ် ဝင်ရောက်လာလျှင် မကြာခင် ငိုစရာ၊ ပျောက်လွင့်သွားမည်၊ ပျော်ရွှင်ချမ်းမြေ့စွာ ခံစားရမည် ဟူ၍မှတ်ပါ၊ ဤဆောင်းပါးတွင် မိမိ ဖျားနာခြင်း စသော ကြောင်းရာများကို ဖော်ပြခြင်းကား ဤအရှင်ကဲ့သို့ သက်ကြီး၍ အိုကြသူများ အတွက် ဖြစ်သည်၊ လူအိုများသည် ရံခါ နာမကျန်းဖြစ်ကြရသောအခါ စိတ်အား မငယ်ကြရန်နှင့် သေရေးနှင့် ရှင်ရေး အမှန် ကြုံရမည့်အခါ တွင် လူတစ်ရာလျှင် ၆၀–ရာခိုင်နှုန်းမှာ သူတို့၏ စိတ်အာရုံတွင် သေရမည် သို့မဟုတ် မသေပါဘူး ဟူ၍ ခန့်မှန်း သိနိုင်လောက်သော အချက်အလက် ဉာဏ်အမြင်ပေါ်လာတတ်မြဲ ဖြစ်သည်၊ ထိုအကြောင်း ကိုပါ နည်းပေးလိုသည့်အတွက် ရေးခြင်း ဖြစ်သည်။

ဟောကိန်း မှန်ချင်တော့ အခြေအနေတစ်မျိုး ပြောင်းလာသည်၊ တန်ဆောင်မုန်းလဆန်း (၃) ရက် နေ့တွင် ဖလမ်းမြို့ ဗုဒ္ဓဘာသာအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းလှိုင်နှင့် ရဲဝန်ထောက်ကြီး ဦးလှမြင့် တို့က ဆိုဗီယက်ပြန် ဆရာဝန် ဒေါက်တာလှထွန်းကို ကားဖြင့် ခေါ်ဆောင် ယူခဲ့ကြပြီး ဆေးအမျိုးမျိုး ထိုးပေးကြသည်၊ စားဆေးများလည်း ပေးသွားကြသည်၊ ထို့နောက်လည်း တစ်ကြိမ်လာ၍ ဆေးကုသပေး ကြပြီးလျှင် ကျန်းမာစပြုလာသည်၊ အားပြတ်လွန်းနေ၍ အားဆေး သွင်းပေးကြသည်ဆို၏၊ ထူးပုံကား– ဆိုဗီယက်ပြန်ဆရာဝန်က မာနေသော ဤအရှင်ကို ရောဂါရှာဖွေ စမ်းသပ်ကြည့်သောအခါ ကိုယ်ခန္ဓာတွင်း၌ ဘာရောဂါမျှ မတွေ့ရဟုဆို၏၊ သို့သော်– ဆေးထိုးခြင်း၊ စားဆေးပေးခြင်းတော့ ပြုသွားသည်။

ချင်းလူမျိုးရောဂါသည် အတော်များများသည် ဖလမ်းဆေးရုံ တက်ရောက်ကုသပြီးမှ သူတို့ရောဂါ ဆေးရုံမှကုသ၍ မပျောက်ပါ ဟူ၍ ဘုန်းကြီးထံ အားကိုးပြု လာရောက်ကြသောကြောင့် ဆေးဆရာ ပေါက်တဲလျက် တတ်သမျှ မှတ်သမျှ ရှိသမျှ မြန်မာ့ဆေး နည်းနည်း ပါးပါးနှင့် ကုသပေးလိုက်ရသည်၊ ကျန်းမာရေး ကောင်းမွန်သွားကြ သူပေါင်း များလှပြီဖြစ်သည်၊ မိမိကို ဆရာဝန်က ထိုးဆေး–စားဆေး ဖြင့် အဖျားရောဂါသေးကို အားပေးနှင့် ကုသပေးကြလေရာ သူ့နေရာ နှင့်သူ တန်ခိုးဖြစ်ပုံ သတိပြုကာ ပြုံးမိပေသေး၏၊ တန်ဆောင်မုန်း

လပြည့်နေ့တွင် ပုံမှန်ဆွမ်းစားခြင်းမှစ၍ အခြေမှန် ပြန်ရောက်သကဲ့သို့ ရှိသည်၊ ထိုနေ့၌ ဟန်ဆောင်တိုင်ပွဲလုပ်ကြရာ ဖလမ်းမြို့မှ ရဲဟန်ဟောက်ကြီး ဦးလှမြင့်တို့က ကားဖြင့်လာပင့်ကြ၍ တရားတစ်ပွဲ ကောင်းစွာ ဟောနိုင်ခဲ့သည်၊ ဒကာများ အလွန် ဝမ်းမြောက်ကြသည်ဆို၏၊ မိမိ၏ တွက်ဆချက်တွင် ယခုရောက်နေသော ၇၀-အရွယ် အသက်ပိုင်း အချိန်၌ မသေလွန်သေးဟု ယုံကြည်ချက်ရှိသည်၊ ယခင် နှစ်များဆီက ဤအရှင်ကို ကျန်းမာစွာ ရှိနေလျက်နှင့် ပျံလွန်သွားပြီဟု ကောလာဟလ သတင်းတွေ အကြိမ်ကြိမ် ဖြစ်ပေါ်ခဲ့ဖူးသောကြောင့် ဤအကြောင်းအရာပါ ရေးပြခြင်း ဖြစ်ပါသည်။

မကျန်းမာစဉ်က အိပ်ရာပေါ်၌ လဲလျောင်းနေရသော အချိန်ကများခဲ့လေရာ ကိုယ်ခန္ဓာ ဖောက်ပြန်သော ဝေဒနာကို ခံစားနေရသော်လည်း စိတ်အာရုံကိုတော့ ထိန်းနိုင်သမျှ သမာဓိတည်ငြိမ်အောင် ထားနေပါသည်၊ နေ့စဉ် ပရိတ်ကြီး ၁၁-သုတ်ကို (၂) ခေါက် ရွတ်နေကျအတိုင်း အသံထွက် မရွတ်နိုင်သော်လည်း ဝတ်မပျက်အောင် စိတ်ထဲက ရွတ်နေခဲ့သည်၊ ညစဉ် ကမ္မဋ္ဌာန်းထိုင်မှု ဝတ်ကိုလည်း မပျက်စေပါ။

ထူးသည်ကား- ယခင်နှစ်များဆီက ဖျားနေခိုက် ကာလတွင် အိပ်ရာပေါ်၌ ငြိမ်သက်စွာ နေ၍ရသည်၊ အိပ်ရာပေါ်၌ ငြိမ်သက်စွာ လဲလျောင်း၍ မိမိ၏ ရုပ်ခန္ဓာကို အနှစ်သာရမရှိပုံ- နှစ်သက်ဖွယ်မရှိပုံ- အနတ္တဝိပဿနာ ပိုင်စွာမြင်အောင် ရှုပွားခဲ့ရာမှာ စိတ်အာရုံကြည်လင်၍ ကျေနပ်စွာ နေလို့ရခဲ့သည်၊ ယခုနှစ် ဖျားနေပုံကား ကြမ်းသည်၊ ရှေ့ကလို ဖောက်ပြန်လွန်းသဖြင့် ငြိမ်သက်စွာ မနေနိုင်ပါ၊ အခံရခက်သည်၊ ဖောက်ပြန်မှုဒဏ်က တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲ၍ ခံနေရသည်၊ အနတ္တ ဝိပဿနာကို ယခင်ကလို ရှုပွား၍ မကြည်လင်ပုံ တွေ့ရသည်၊ စိတ်မတည်ငြိမ်နိုင်သောကြောင့် မမြဲသော အနိစ္စ ဝိပဿနာ ပြောင်းလဲကြည့်ရာ နေရာကျသည်၊ အံကိုက်ဖြစ်ပုံ တွေ့ရသည်၊ ထိုအခါ ဝမ်းမြောက်လာသည်။

အနိစ္စမပွားခင် ဒုက္ခဝိပဿနာကို ရှုပွားကြည့်ရာ နေရာမကျပါ၊ လက်ရှိခံစားနေရသော ဒုက္ခဝေဒနာတွေက မခံသာအောင် ပို၍ ထကြွလာသကဲ့သို့ ဖြစ်ရသည်၊ အံမကိုက်ပုံ နားလည်ရသည်၊ စိတ်အား

ခိုင်မာနေချိန်မှာ ဒုက္ခဝေဒနာတွေ မည်မျှပင် ထကြွလာစေကာမူ နိုင်နင်းစွာ ကျော်လွှားသွားနိုင်အောင် ကြိုးစားရှုပွား၍ ရကြောင်း သိပါ၏၊ ယခုလို ချည့်နဲ့နေဆဲ အခါမှာ-လူနာ လူမမာ အခိုက်မှာ စိတ်အားလည်းမကောင်း- ဓာတ်ဆေးတွေ စား၍ ခေါင်း မကြည်လင် ခြင်းလည်း ဖြစ်နေသောကြောင့် ကမ္မဋ္ဌာန်းအာရုံ ပြောင်းယူရခြင်း ဖြစ်သည်။

မည်သူမဆို ရုပ်ခန္ဓာ ဓာတ်လေးပါး မညီညွတ်၍ လူမမာ ဖြစ်နေစဉ်အခါမှာ စိတ်အာရုံ တည်ငြိမ်အောင် ထိန်းပေးထားရန် လိုအပ်ပါသည်၊ စိတ်အာရုံ တောင်ရောက် မြောက်ရောက် သွားချင်ရာသွား လွှတ်မထားသင့်ပါ၊ အချိန်တွေ အကျိုးမဲ့ ကုန်မသွားသင့်ပါ၊ ရင်းမြစ် စိတ်အာရုံ မတည်ငြိမ်ခြင်းက ရောဂါခံစားချက် ပိုဆိုးစေသည်၊ ထို့ကြောင့် အနတ္တကို လိုရင်းကမ္မဋ္ဌာန်းအဖြစ် ရှုသေထားပြီး အခြေပေါ် လိုအပ်ချက်အနေဖြင့် ကြားဖြတ်အနိစ္စ ဝိပဿနာကို ‘စိတ်အာရုံတွင် ပုံသေ မြဲမြဲထား ရှုပွားနေလိုက်သည်၊ အံကိုက်ဖြစ်၍ စိတ်အာရုံ ကြည်လင်နေသည်၊ ထို့ကြောင့် ပြန်လည်ကျန်းမာလာသည်အထိ မရပ်မနား ရှုပွားလာခဲ့ရာ ကွက်ကွက်ကွင်းကွင်း ရှင်းလင်းစွာမြင်အောင် ပိုင်နိုင်ခြင်း ရရှိသည်၊ အချိန်ကြာ၍ အရှိန် ကောင်းလာသောအခါ စိတ် အထူး ကြည်လင်ပြီး လောကကြီး တစ်ခုလုံးကို ဘာမှ အမြဲအစွဲ မတည်ပုံ အထင်းသား မြင်လာသည်။

ဆက်လက်၍ ‘ငါ၏ ရုပ်ခန္ဓာ၌ ဖောက်ပြန်နေသော ဒုက္ခပေးဆဲ ဝေဒနာများလည်း မတည်မြဲနိုင်ပါ၊ မကြာခင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွား၍ ကျန်းမာရေးကောင်းလာရမည်’ ဟူ၍ ယုံကြည်စိတ်ဝင်လာသည်၊ ထိုယုံကြည်ချက်က စိတ်ကို အထူး အားတက်လာစေသည်၊ ဤအရှင်၏ ကိုယ်တွေ့မှာ စိတ်အားတက်၍ မကြာခင်ပင် အိပ်ရာပေါ်မှ ထ,ခဲ့ပြီး လူကောင်းပကတိကဲ့သို့ ဖြစ်လာသည်၊ သို့နှင့် ကျောင်းတွင်း ကျောင်းပြင် သွားလာ လှုပ်ရှားနေနိုင်သည်၊ အိပ်ရာပေါ် ပြန်မသွားချင်တော့၍ စားပွဲထိုင်ကာ စာရေးနေလိုက်သည်၊ ဤကား-စိတ်တန်ခိုး စွမ်းအားက ရောဂါကို တွန်းလှန်ခြင်းတည်း။

ဘာမျှ အမြဲမရှိသော အနိစ္စဝိပဿနာကို နှလုံးသွင်းနေခြင်းသည် အသုံးကောင်းပါသည်၊ နေရ ထိုင်ရ ပေါ့ပါးသွက်လက်ခြင်း ဖြစ်နေသည်၊ ကျန်းမာရေး ပြန်လည် ကောင်းမွန်လာသော အခါမှာကား

မိမိရပ်ဝန်းမှ ကျော်လွန်ထွက်ခွာ၍ အပြင်လောကကိုပါ အမြဲမတည် ကြောင်းပုံတွေ ဟိုရောက် သည်ရောက် တစ်မျှော်တစ်ခေါ်ကြီး တွေးတော ကြည့်မိရာ အဆုံးအစမရှိအောင် တစ်သီကြီး မြင်လာနေကြသည်၊ ထိုသို့ မြင်နေရသည်တို့တွင် သက်ရှိသတ္တဝါများလည်း ပါ၏၊ သက်မဲ့အရာဝတ္ထု တောလည်း ပါ၏၊ ဖြစ်ပျက် သွားကြလေပြီးသော ဇာတ်လမ်းတွေလည်း ပါ၏၊ ဖြစ်ခဲ့ပြီး, ဖြစ်နေဆဲ သမိုင်းများလည်း ပါ၏။

လွန်ခဲ့သော တန်ဆောင်မုန်း လပြည့်နေ့က ဖလမ်းမြို့လယ် ဆု တောင်းပြည့်ဘုရားကြီး မွေ့ရာရုံအတွင်း၌ တရားဟော၍ ပြန်လာခဲ့သော ညမှာ တက်ပါးလည်းနေသော ဤအရှင်သည် အခါတိုင်းနေ့များနှင့်မတူ ချေ၊ စိတ်အာရုံတွေပြား၍ တစ်ပိုတစ်ပါးသို့ လွင့်ပါးသွားနေသည်၊ ဘယ်အရာမှ၌ စူးစိုက်မှုမရှိ၊ သောင်းပြောင်း ထွေလာ ဟိုရောက် သည်ရောက် ဖြစ်နေသည်၊ အများအားဖြင့် ဖလမ်းမြို့တစ်ခို၌ ယောင် လည်ခတ်နေပုံကို သတိပြုမိသည်၊ ပုထုဇဉ်တို့၏ စိတ်သဘာဝ လွတ် သွားလျှင် တွေ့ကြုံခဲ့ပြီး အကြောင်းရာများဆီသို့ ပြန်လည် ဝင်စားနေ တတ်ပုံ ဖြစ်သည်။

အသွားအပြန်ခရီးမှာ ရဲဝန်ထောက်ကြီး ဦးလှမြင့်က ကားဖြင့် ပို့ဆောင်ပေး၍ ကိုယ်အားဖြင့် ပင်ပန်းခြင်းမရှိပါ၊ လူမှာ ဘဝမှ နှလန်းသစ အခိုက်ဖြစ်၍ သူတို့ကျွေးသမျှ စားခဲ့ရသည်လည်း ကျေနပ် သည်၊ ပရိသတ်အား တရား ဟောပြောခဲ့ရသည်လည်း ကျေနပ်သည်၊ ဖလမ်းမြို့၌ ရှိနေကြသော ပရိသတ် ကြီး,ငယ်များသည် ဤအရှင်ကို ဆရာတော်ကြီးဟူ၍ ခေါ်ဝေါ်ပြောဆိုကာ လေးစားကြသည်၊ ချင်း တောင်ပေါ်သို့ စဦးစွာ တက်ရောက် သာသနာပြုခဲ့သော ဆင်းရဲအခံ နိုင်ဆုံး–သတ္တိဗျတ္တိ အကောင်းဆုံး–သက်တမ်း အရှည်ဆုံး ဘုန်းကြီး အိုကြီးဟူ၍လည်း သိရှိနားလည်ကြကာ သနားကြည်ညိုလေ့ ရှိကြ သည်။

ဤအရှင်သည် မြို့နှင့်ဝေးသော တောတောင်ထဲ၌ အမြဲနေ သော ပုဂ္ဂိုလ်ဖြစ်သောကြောင့် တွေ့ကြုံရခိုက်အခါ ကြင်နာစွာ ပြုစု လုပ်ကျွေးလိုကြသည်၊ တစ်ခါတစ်ရံမှ တွေ့မြင်ကြရသည်၊ ကြုံကိုက်မှ စကားပြောခွင့်ရသည် ဟူ၍ တွေ့မြင်လိုကြသည်၊ စကားပြောချင်ကြ သည်၊ မိမိ၏နှုတ်မှ မြွက်ဆိုပြောသမျှ ဘာအကြောင်း ပြောပြော နား ထောင်ချင်ကြသည်၊ ဗဟုသုတများသည်၊ အမိပ္ပာယ် လေးနက်သည်၊

ပြောပုံ ဆိုပုံ ရှင်းလင်း ပြတ်သားသည်၊ မှတ်သားစရာချည်း ဖြစ်သည် ဟူ၍ ကြိုက်နှစ်သက်ကြသည်၊ နားထောင်လိုကြသည် ဆို၏။

ထိုနေ့တရားပွဲတွင် ဤအရှင် ဟောပြောခဲ့သော ကြောင်းရာကို သိချင်ကြသူများ ရှိကောင်းရှိပေမည်၊ အကျဉ်းချုပ် ဖော်ပြပါမည်၊ ရှေးဦးစွာ တစ်နှစ်အတွင်း ကစ်ဆယ့်နှစ်လ ရှိသည့်တွင် မြန်မာတို့၏ ရှေးရိုး စဉ်လာအရ ပွဲတော် ၁၂-ပွဲရှိပုံ အကြောင်း၊ တန်ခူးလ ခါသင်္ကြန်ပွဲ၊ ကဆုန်လ ညောင်ရေသွန်းပွဲ စသည်ဖြင့် လ, အလိုက် တစ်မျိုးစီ ကြောင်းရာ ခြေနေပါ ရှင်းလင်း ပြောပြသည်၊ ယခု တန်ဆောင်မုန်း လပြည့်နေ့၌ သတင်းစာများက တန်ဆောင်တိုင် ဟု ရေးသားလေ့ ရှိကြသော်လည်း ရှေးခေတ်က နက္ခတ်သဘင်ပွဲ၊ မြန်မာ ပြည်၌ ကထိန်ပွဲ၊ မသိုးသင်္ကန်းကပ်ပွဲ၊ တာဝတိံသာပွဲ၊ ရှင်မာလဲပွဲ စသည် ဒေသအလိုက် ပွဲတော်အဖုံဖုံ ပြုလုပ်လေ့ရှိကြပုံ မျက်မြင် ကိုယ်တွေ့ သာဓကများနှင့်ပြောပြရာ ဆောင်းပါးကောင်းတစ်ပုဒ် ဖတ်ရသလို ဖြစ်၍ ပရိသတ်အများ စိတ်ဝင်စားစွာ နားထောင်ကြသည်။

ထို့နောက် ဖလမ်းမြို့မ ရဲတပ်ဖွဲ့မှ သင်္ကန်း အလှူပွဲ ပါရှိ၍ သင်္ကန်းတရား ဆက်ဟောရာတွင် ကြားနာရခဲ့သော ဝတ္ထုကြောင်း များဖြစ်၍ ကြားနာသူတိုင်း ယခင်ပြောခဲ့သော ဝတ္ထုကြောင်းများ ထက် ပိုပြီး အလွန် စိတ်ဝင်စားကြသည်ဆို၏၊ သင်္ကန်း လှူခဲ့ဖူးသူနှင့် မလှူခဲ့ဖူးသူတို့၏ အဆုံးသပ၌ အကျိုးပေးကွက်မှာ အလွန်ကြီး ခြားနားကြပုံကို မာလုကျပုတ္တာ ဘဝ အကြောင်းအရာနှင့် မြတ်စွာဘုရား၏ ခမည်းတော် သုဒ္ဓေါဒနမင်းမှာ ထီးဖြူအောက်၌ အရဟတ္တဖိုလ် တည်ပြီး မကြာခင် ပရိနိဗ္ဗာန် စံယူသွားရပုံ၊ ရဟန်းဘဝ မရောက်ပုံ အကြောင်း များ ဖြစ်သည်။

ဝတ္ထုအကြောင်းအရာ ပြောဆိုရာမှာ မာလုကျပုတ္တာ၏ ဘဝဖြစ်စဉ် တိုစိပြောသင့်ရာ အပိုင်းများ ထည့်သွင်း၍ ကြိုးစားပမ်းစား ခရီးပြင်း လာခဲ့ပြီး မြတ်စွာဘုရားရှင် ဆွမ်းခံကြွခိုက် အတွင်း မတ်တတ် တရား နာကြားရင်း အရဟတ္တဖိုလ် ရောက်ပြီး မကြာခင်မှာ ရန်သူဘီလူး၏ လက်ချက်ကြောင့် ပရိနိဗ္ဗာန် ပြုသွားရပုံ၊ ရဟန်းအဖြစ် မရောက်ရပုံ စသည်ကို ရှေးနောက် ကျိုးကြောင်းစပ်၍ ပင်လယ်ထဲ သင်္ဘောပျက် ခဲ့ရပုံနှင့် တကွ ကဿပဘုရား လက်ထက်တော်က ဘဝ ဖြစ်စဉ်ကိုပါ အကွက်ကျကျ တိုစိ ပြောပြခြင်း ဖြစ်သည်။

တဘိယ အသင့်အနေဖြင့် နောက်ပိုင်း ရုပ်နာမ်မှ သင်္ခါရ အကြောင်းကို ဟောပြသည်၊ ဗုဒ္ဓဘာသာလူမျိုး မှန်လျှင် ရုပ်နာမ် လောက်တော့ ခွဲခြား သိကြရသည်၊ မိမိ ရုပ်, နာမ်, မှ သင်္ခါရကို ရှုကြည့် ဆင်ခြင် တတ်ရသည်၊ ရှုကြည့် ဆင်ခြင်၍ သိမ်းဆည်းတတ် ရသည်၊ ရုပ်ဆိုသည်ကား- မြင်နေကြရသော ကိုယ်ခန္ဓာ ဖြစ်သည်၊ နာမ်ဆိုသည်ကား-မမြင်ရသော စိတ်ကိုခေါ်သည်၊ သက်ရှိ သတ္တဝါ တိုင်း ရုပ်, နာမ်နှင့် တွဲလျက် ရှိနေကြသည်၊ ဤတွင် ရုပ်ခန္ဓာကို ဦးတည်ပြောမည်၊ ရုပ်ခန္ဓာသည် မမြဲပါ၊ ဘဝနောက်ဆုံးတွင် ဥတုဇ ရုပ်ကြီး သင်္ချိုင်းကုန်း ပစ်ထားခဲ့ပြီး ဘဝသစ် တစ်ခုသို့ သွားရောက်၍ ခန္ဓာသစ် တည်ဆောက်ကြရဦးမည်၊ ထိုဘဝ၌လည်း မမြဲပါ၊ ရုပ်ခန္ဓာဟောင်း စွန့်ပစ်၍ တစ်ဖန် ဘဝသစ် ကူးကာ ခန္ဓာသစ် တည်ဆောက်ကြရဦးမည် သာတည်း။

ဤမျှ ဤနည်းချင်းပင် ပရုပ်မနား ဘဝတွေ မဆုံးနိုင်အောင် သွားနေကြသည်။ တစ်ဘဝ ဆိုသည်ကလည်း ကြာလှပါ၊ ဥပမာပြော ရလျှင် ဧည့်ခံပွဲအတွက် ဆောက်လုပ်အပ်သော ယာယီ မဏ္ဍပ်ကဲ့သို့ပါ၊ ပွဲပြီးတော့ ဖျက်ပစ်လိုက်ကြရသော နည်းတူပင် ခဏတာမျှ ရပ်တည် နေကြရခြင်း ဖြစ်သည်၊ သို့ရာတွင် မသေခင် ကာလအတွင်း ရုပ် ခန္ဓာကြီးကို ကျွေးမွေး သုတ်သင်နေကြရသော တာဝန်ကား အကြီး လေးဆုံး ဖြစ်သည်၊ နေ့စဉ် အစာကျွေး၍- ရေချိုး၍- အဝတ်ခြုံ ဆင်ယင်၍ ပေးနေကြရသည်၊ မနုဿ 'လောကကြီး တင်ခွင်ဝယ် ရုပ်ခန္ဓာကြီးအတွက် လုပ်ကိုင်ကျွေးမွေး ထမ်းဆောင် နေကြရသော တာဝန်ဟာ အကြီးဆုံးဖြစ်ကြောင်း မြင်အောင် ကြည့်တတ်ကြရမည်၊ ဝိညာဉ် ချုပ်သွားတော့လည်း ရုပ်ကြီးဟာ ဘာမှ အသုံးမကျတော့ပါ၊ ကြည့်နေရန်လည်း မကောင်း ကြာရှည် ထား၍လည်း မကောင်း သောကြောင့် သုသာန်သို့ ထုတ်ဆောင်ကာ ပစ်လွှင့် ကြရသည်၊ တစ်နည်းအားဖြင့် ကြည့်လျှင် ဘဝဆိုသည်မှာ မိမိ သေရမည့် နေ့ကို ထမင်းစား၍ စောင့်နေကြရခြင်းသာ ဖြစ်သည် ဟု ဆိုဆိုက်သည်ကို ကွက်ကွက်ကွင်းကွင်း ထင်မြင်နေကြရမည်၊ ပိုင်ပိုင်နိုင်နိုင် နားလည် နေအောင် ရှုကြည့် ဆင်ခြင် တတ်ကြရမည်၊ နှလုံးသွင်းတတ်ကြရ မည်၊ ဤသို့ ရှုကြည့်၍ ဆင်ခြင်နေခြင်း အလုပ်ကို ရုပ်တရား၌ သိမ်းဆည်းတတ်သည်ဟု ဆိုသည် စသဖြင့် ဟောခဲ့ခြင်း ဖြစ်သည်။

ထိုညဉ့် အိပ်ရာထဲ ရောက်ပြီးနောက် အခါတိုင်း ညတိုက်ဲ့သို့ တရားနှလုံးသွင်း အိပ်ရာဝင်ခြင်း ဖြစ်သော်လည်း တော်တော်နှင့် အိပ်၍မပျော်ပါ၊ နေ့လယ်က ဖလမ်း၌ တွေ့ကြုံခဲ့ရသော ကြောင်းရာ တွေကို ပြန်လည်မြင်ယောင်ကာ သတိရနေမိသည်၊ မြင်ယောင်ချက် များတွင် ရဲတပ်ဖွဲ့၏ သက်နီး ကပ်လှူပွဲ အကြောင်းလည်း ပါ၏၊ ရဲဝန်ထောက်ကြီး ဦးလှမြင့်ခေါင်းဆောင်၍ တစ်ပါးကို သက်နီးတစ်စုံ ကျစီနှင့် ဥတ်သက်နီးအတွက် နှစ်ထပ်သက်နီးကြီး တစ်ထည် ဝယ်ယူ ထားပြီး ကထိန်ခင်းကြရန် စီစဉ်ထားသည်၊ သို့ရာတွင် ကထိန်ခင်းနိုင် ရန်မှာ သံဃာ (၅) ပါးရှိမှဖြစ်သည်၊ ဖလမ်း တစ်နယ်လုံး အတွင်း၌ ဘုန်းကြီး (၃)ပါး တည်းရှိ၍ သက်နီးလှူပွဲ အဖြစ်သာ ကျေနပ်ကြစေ ရ၏၊ နှစ်ထပ်သက်နီးကြီးကို မဲချ လှူရာမှာ ဤအရှင် မဲကျ၍ ဒကာ များက အထူး အားရဝမ်းသာကြသည် ဆို၏။

ထိုနေ့တွင် ဟားခါးမြို့၌လည်း အစိုးရအမှုထမ်း ဗုဒ္ဓဘာသာ များက စုပေါင်း၍ ကထိန်ခင်းပွဲ ပြုလုပ်ကြသေးရာ ဟားခါး တစ်နယ်လုံး အတွင်း၌ ဘုန်းကြီး (၂) ပါးတည်းသာ ရှိ၍ ကထိန် ခင်းမဖြစ်၊ သက်နီးလှူပွဲသာ လုပ်ကြရသည် ဆို၏၊ သက်နီးလှူပွဲ လုပ်ကြစဉ် ရယ်စရာလိုလို ဖြစ်ရပ်ထူးတစ်ခု သူတို့ ကြုံတွေ့ကြပုံ ဟားခါး မှ ဒကာများက လျှောက်၍ ကြားသိရသည်။

ဖြစ်ပုံကား- ရန်ကုန်မှ ဟားခါးမြို့ ကုန်သွယ်ရေး ဌာနသို့ သက်နီးစုံရေ ၄၀-ပိုလိုက်၍ ရောက်လာရာ မြို့နယ် လူကြီးများက ထိုသက်နီးအားလုံးကို လူများအား ခွဲတမ်းချ၍ ဝေပေးလိုက်သည်၊ ခွဲတမ်းရသော ချင်းလူမျိုးများက ဝယ်ယူကြပြီး ဖြတ်တောက် သုံး လိုက်ကြသည်၊ ခွဲတမ်း ပေးရာတွင် ဗုဒ္ဓဘာသာ မြန်မာ အစိုးရ အမှုထမ်းများ မပါ၍ ဘယ်သူမှ မသိလိုက်ကြ၊ အဆိုပါ တန်ဆောင် မုန်း လပြည့်နေ့၌ သက်နီးလှူပွဲ လုပ်ကြရန် ကုန်သွယ်ရေးသို့ သက်နီး ဝယ်မရကြမှ ထိုဖြစ်ရပ်ကြောင်းစုံ သိကြသည် ဆို၏။

ရယ်မောစရာ- မကျေနပ်စရာ ရောထွေး စကား များကြပြီး ရနိုင်သမျှ လိုက်လံ ရှာဖွေပြီးသောအခါ ၁၅ စုံသာ ပြန်လည်ဝယ်ယူ၍ ရကြသည်ဟုဆိုရာ အံ့ဩဖွယ်လည်း ကောင်း၍ ရယ်စရာလည်း ကောင်း သော သမိုင်းထူးဟု ဆိုကြလေသည်၊ ဟားခါးမြို့ပေါ်၌ ဘုန်းကြီး

(၂) ပါး ရှိနေကြပါသည်၊ သက်နှံးသည် ရဟန်းပုဂ္ဂိုလ် များသာ ဝတ်လိုက်ကြောင်း၊ လူများ မဝတ်ထိုက်ကြောင်း ဆိုသည့်မျှလောက် မသိကြဘူး ဟူသော အဖြေကား တိုဘုန်းကြီးတို့သည် ချင်းဒကာတို့ အား အသိဉာဏ်ပေးခြင်း အားနည်းကြလေရော့သလား ဟု တွေးဆ ဖွယ်ရာသာ ရှိလေတော့သည်။

'ဖြစ်ပြန်ပျက်ပြန် လောကဓံ' ဟူသော စကားကဲ့သို့ မမြဲသော သင်္ခါရသဘောတရားဟု ဆိုရမလို ချင်းတောင်ပေါ်မှ ရဟန်းပုဂ္ဂိုလ် များ တဖြည်းဖြည်း ပျောက်လွင့်သွားပုံကား ကထိန်ခင်းချင်ရှာကြ သော လူဒကာများက ဝမ်းနည်းကြသည်၊ သူတို့၏ ထက်သန်သော စေတနာ ဆန္ဒမှာ သံဃာအားနည်းလွန်းမှုကြောင့် မပြည့်စုံနိုင်သည်ကို လည်း ဘုန်းကြီးတို့ဘက်က သနားစိတ်ဝင်မိသည်၊ မြောက်ပိုင်း ချင်းတောင် ဖလမ်းနယ်တွင်းရှိ ရွေးတစ်ချိန် ဤအရှင် တစ်ပါးသည်း ဦးစီးခေါင်းဆောင်၍ သာသနာပြု လုပ်ငန်းကြီး ကြိုးပမ်းနေခဲ့သည်ကို ရဟန်းရှင်လူအများ ကြားသိခဲ့ကြပြီး ဖြစ်၏။

ထိုစဉ်အခါက သံဃာ ပရိသတ် စည်ကားခဲ့သည်၊ ချင်းလူမျိုး ကိုရင် သာမဏေများလည်း အခါခပ်သိမ်း စည်ကားခဲ့သည်၊ ဗုဒ္ဓ ဘာသာဝင်လူဦးရေလည်း အတော်ကြီး များပြားခဲ့ဖူးသည်၊ မျက်မြင် ကိုယ်တွေ့ အစိုးရအမှုထမ်း လူကြီးများသည် ဤအရှင်၏ အချိန်နှင့် အရှိန်ကိုလည်းကောင်း- လုပ်ရည်ကိုင်ရည်ကို လည်းကောင်း- စွမ်းအင် သတ္တိ ပါရမီနှင့် ကိုယ်ထိလက်ရောက် ကြိုးပမ်းချက် ခြင်းရာကို လည်း ကောင်း သိကြသည်၊ ဝမ်းသာအားရ ရှိကြသည်၊ ယခုအခါ မိမိကို အတု လိုက်၍ ဘယ်သူ တစ်ဦးမျှ- ဘယ်ပုဂ္ဂိုလ် တစ်ပါးမျှ ခြေရာ လက်ရာ မီအောင် မလိုက်နိုင်ကြတော့ပါ၊ ယခုမျက်မှောက် အခြေအနေဖြစ်နေ ပုံကိုကြည့်၍ ထိုစဉ်က ရွှေးမီနှောင်းမီ ချင်းတောင်ရောက် စစ်ဘက် နယ်ဘက် အမှုထမ်း အရာထမ်းများက ဝမ်းနည်းစကား ပြောလေ့ ရှိကြသည်။

စကားအလျဉ်းသင့်၍ ဖြစ်ရပ်ဟောင်း သမိုင်းတစ်စွန်းတစ်စ ကို ပြောရလျှင် ဖ-ဆ-ပ လ အဖွဲ့ကြီး အစိတ်စိတ်အမြွှာမြွှာ ကွဲပြား၍ ပြည်ထဲရေး ပငြိမ် ဖြစ်နေချိန်အတွင်း ကမ္ဘာမီး လောင်နေရာတွင် ဆီမီးခွက်က တတောက်သကဲ့သို့ ဤအရှင်၏ အောင်မြင်မှု အား

ကောင်းလျက် ရှိနေသော သာသနာပြု လုပ်ငန်းကြီးကို ယခုအခါ မရှိကြတော့သော ပုဂ္ဂိုလ်တစ်စုက ဤအရှင်၏ ကျောင်းကန်နှင့်တကွ အားလုံး သိမ်းကြုံးယူကြရန် ကြိုးစားသည်၊ ပြည်ထဲရေး မကောင်းချိန်တွင် ဘယ်သူနှင့်မျှ စကားမပြောလိုသောကြောင့် ကြိုက်သလိုလုပ်ကြတော့ဟူသည့် အနေမျိုးဖြင့် လွတ်လွတ် ရှောင်ဖယ်ပေးလိုက်သည်၊ မိမိ ကြိုးပမ်း၍ အောင်မြင်ပြီး နေရာကို ဖယ်ပေးလိုက်ပြီးနောက် သူတစ်ပါး မသွားရောက်နိုင်သော တောစွန် နယ်ခြားဒေသများကို လှည့်လည် သွားရောက်ပြီး တစ်ပါးတည်း သာသနာပြုနေခဲ့သည်၊ 'ဤကား-အလုပ်ဟူသမျှကို သမိုင်းက စကားပြော ကျန်ရစ်မြဲတည်း'- ဟူသော ရာဇဝင် ဆိုရိုးအတိုင်း နောက်ပိုင်းတွင် သမိုင်းကို ကာကွယ်မရကြောင်း ပြဆိုခြင်းတည်း။

မိမိ၏ နေရာဟောင်း၌ နေရာဝင်လုကြသူတို့၏ အခြေအနေနှင့် လုပ်နည်းလုပ်ဟန်ကို အမြဲတစေ စောင့်ကြည့်လျက်ရှိသည်၊ မိမိနေထိုင်ခဲ့စဉ်အခါနှင့် လုံးဝမတူအောင် ဆုတ်ယုတ် ကျဆင်းသွားကြကုန်ပြီလို့ မြင်ရတော့ စိတ်ပျက် ဝမ်းနည်းမိသည်၊ သို့ရာတွင် အောင်မြင်ပြီးတွေ ပျောက်ဆုံး သွားသည်ကို ပြန်မယူရတော့သော်လည်း လာရောက်နေထိုင်ကြသော တစ်ပါးဆင်း တစ်ပါးတက် ရှပ်သေးစင် ဟိမဝန္တာခန်း ထွက်နေကြသော သာသနာပြု ကိုယ်တော်များထဲမှ အချို့ကိုတော့ ဤအရှင်က ဝင်ရောက် ကူညီပေးရ ကယ်တင် ဖေးမပေးရသည်လည်း ရှိပါ၏၊ ကျောင်းကြီး ပျက်စီးမသွားအောင် ကြားဝင် စောင့်ရှောက်ပေးရပုံလည်း ကြုံခဲ့ရ၏၊ စုံလို့ပါ။

အမှန်ပြောရလျှင် ဤအရှင် ရှောင်ဖယ်ပေးလိုက်သော အချိန်မှစ၍ ချင်းတောင် သာသနာပြုလုပ်ငန်းကို ပုတ်သင်ခြေကျိုး သစ်ပင်တက် သကဲ့သို့ ဖြစ်နေပြီဟု ဖလမ်းမြို့ မျက်မြင်လက်တွေ့ မြို့ခံလူကြီးများက ပုံထိုးပြောလေ့ရှိကြသည်၊ ပုတ်သင်ခြေကျိုး သစ်ပင်တက်ပုံမှာ ရှေ့တစ်လှမ်း တက်လိုက် နောက် နှစ်လှမ်း ပြုတ်ကျလိုက်၊ တစ်ဖန် ရှေ့တစ်လှမ်း တိုးတက်လိုက် နောက် နှစ်လှမ်း လျှောကျလိုက်ဖြင့် အပေါ်သို့ တိုးရောက်သွားသည် မရှိချေ၊ အောက်သို့သာ ပြုတ်ပြုတ်ကျနေသောကြောင့် နောက်ဆုံးတွင် မြေပေါ်ပြန်ရောက်ပြီး လျှောလျှော လျှောလျှောနှင့် ချုံထဲပြေးဝင်သွားလေတော့သည်၊ ယခုလည်း ထိုပုံနှင့် မခြားဟု ဆိုကြသည်။

မြောက်ပိုင်း ချင်းတောင်ပေါ်၌ တိုင်းရင်း ဗုဒ္ဓဘာသာ ကျဆင်း ဆုတ်ယုတ်သွားလိုက်ပုံက စစ်ဗိုလ်ကြီးများက စိတ်ပျက်လောက်အောင် လွန်လွန်းနေ၏၊ ချင်းကိုရင် တစ်ပါးမျှ အမြဲနေသူမမြင်ရ၊ တောင်ပေါ်၌ နေထိုင်ကြသော ရဟန်းသံဃာကို ကြည့်ပြန်လျှင်လည်း အလွန်ကြီးကို နည်းပါးသွားနေပါပြီ၊ ဖလမ်းတစ်နယ်လုံးအတွင်း ဤအရှင်ပါ (၃) ပါးတည်းသာ ရှိသည်၊ ဖလမ်းမြို့ပေါ်၌ (၂) ပါး၊ မြို့အပြင် တောတောင်နယ် တစ်ဝန်းလုံး၌ ဤအရှင် တစ်ပါး စုစုပေါင်း (၃)ပါး ဖြစ်သည်၊ မြို့ပေါ် (၂) ပါးရှိသည်တွင် မြို့လယ် ဘုရားကြီးဓမ္မာရုံ၌ နေထိုင်ပြီး သပိတ်ဖြင့် ဆွမ်းခံစားနေသော ဘုန်းကြီးတစ်ပါး၊ နိုင်ငံတော်အစိုးရ၏ သာသနာရေးငွေကို လက်ခံသုံးစွဲနေသော အဖွဲ့က တစ်နှစ် တစ်ထောင်ကျ ရိက္ခာထောက်ပြီး ပို့လွှတ်ထားသော ရဟန်းပုဂ္ဂိုလ် တစ်ပါးဖြစ်သည်၊ ဖလမ်းတစ်နယ်လုံးတွင် သူတစ်ပါးတည်းသာ ကျန်ရှိတော့သည်။

ရှေးအခါက ဤအရှင် ဦးစီး ခေါင်းဆောင်၍ ပြုစုနေခဲ့စဉ်က ဖလမ်းနယ်တွင် ဘုန်းကြီးကျောင်း (၉) ကျောင်းရှိပြီး ရဟန်း ၁၀-ပါး ကျော်နှင့် ချင်းကိုရင်များ အမြဲတမ်းရှိခဲ့သည်၊ ယခုမူကား-တောရွာ ကျောင်းများ၌ ဘုန်းကြီး ပျောက်ကွယ်သွားကြပြီး မြို့ပေါ်၌နေသော လက်ရှိ (၂)ပါးကလည်း တစ်ခါတစ်ရံ ပြည်မဘက် မြေပြန့်သို့ဆင်း၍ သွားချင်ရာ ကြွသွားနေကြသောအခါ ဖလမ်းတစ်နယ်လုံးအတွင်း ချင်းတောင်ပေါ်မှာ မိမိတစ်ပါးတည်းသာ ဗုဒ္ဓဘာသာဘုန်းကြီး တွေ့မြင်ကြရတော့သည်။ ဤမျှ အားနည်းနေပါပြီ။

ဟားခါး မြို့နယ်၌လည်း မများပါ၊ ဘုန်းကြီး နှစ်ပါးသာရှိရာ မြို့ပေါ်၌ (၂) ကျောင်းတည်း နေကြသည်၊ တော ကျေးလက်နယ်တွင် တစ်ပါးမျှမရှိပါ၊ တီဒင်မြို့နယ်၌လည်း မများပါ၊ (၄)ကျောင်းတည်၍ (၄) ပါးရှိကြသည်ဆိုသော်လည်း ပုံမှန်မရှိပါ၊ ရံခါ (၃) ပါး- ရံခါ (၂) ပါးရှိ၍ ရံခါ တစ်ပါးတည်းသာ ရှိတတ်သည်၊ ဤကား- မြောက်ပိုင်းချင်းတောင်ပေါ်၌ ရဟန်း သံဃာတော် အပါး ၆၀-ကျော် ရှိသည်ဆိုတာ မှန်ပါသလားဟု ဆရာတော်ကြီး တင်ပါးက မေး၍ ဖြေဆိုရခြင်း လက်ရှိ သာသနာဝင် သမိုင်းပါတည်း၊ ထို့ပြင် လောကကြီး တစ်ခွင်ဝယ် ဘာမျှ တည်မြဲခြင်း မရှိကြောင်း ဆင်ခြင်

ကြည့်မိရာမှ ကထိန် ဒကာရှိရှိမှ သံဃာမပြည့်သောအခြေ ရောက်ကြပုံ အစထား၍ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ကိုပါ ပြန်ပြောင်း သတိရမိသောကြောင့် ဘာမဆိုဟူသော သင်္ခါရ သဘောတရား မတည်မမြဲ ကြတကားဟု မျက်မြင်လက်တွေ့ သက်သေထူပြခြင်း ဖြစ်သတည်း။

အိပ်မပျော်ခင် စိတ်အာရုံက အပြင်လောကတစ်ခွင် လှင့်ပါး လျက် ကျက်စားနေရာမှ အာရုံဖြတ်လိုက်ပြီး သတိဖြင့် မိမိ၏ ရုပ်ခန္ဓာ အတွင်းသို့ ပြန်လည် သိမ်းယူလိုက်သောအခါ ရုပ်ခန္ဓာကို အတော်ကြီး ငြီးငွေ့လာ၏၊ ရုပ်ခန္ဓာ နာမကျန်းမှုဒဏ်ကို ကြာကြာ ခံထားရသော ကြောင့် အထူးနွံမုန်းနေသည်၊ ရုပ်နာမ်ဓမ္မ သင်္ခါရတွေ ဖြစ်တည် နေရမည့် ဘုံဘဝမျိုးဆိုလျှင် ဘယ်ဘုံ ဘယ်ဘဝကိုမှ မလိုချင်တော့ချေ၊ ယခု လောလောဆယ်မှာ အလွန် ငြီးငွေ့နေမိသည်၊ ရုပ်နာမ် နှင့်ဖြာ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့သာ အမြန် ရောက်လိုက်ချင်တော့သည်။

ဤစိတ်မျိုး ဖြစ်ပေါ်၍ ထပ်ကာ အားကောင်း နေချိန်တွင် လူ့လောကကြီးမှ လွတ်လွတ်ကင်းကင်း နေသကဲ့သို့ ရှိသည်၊ မိမိ၏ လက်ရှိ ဘဝနေရာ စသည်ကို မေ့နေတတ်သည်၊ ဖြစ်နိုင်မည် ဆိုလျှင် ချက်ချင်း လောကသုံးခွင်မှ လွတ်မြောက်အောင် သွားလိုက်ချင်သည်၊ အချိန် အတန်ကြာအောင် ပစ္စုပ္ပန်လောကမှ ထွက်ခွာသွားနေရ သကဲ့ သို့ အလွန်ပေါ့ပါး၍ ချမ်းမြေ့ လွတ်လပ်သော စိတ်အာရုံ ခံစားချက် ဖြစ်ပေါ် ခံစားနေမိသည်၊ တစ်ဖန် မျက်မှောက်ဘဝကို သတိရပြီး လျှင် ယခုမျက်မြင်တော့ နိဗ္ဗာန် မရောက်နိုင်သေးပါဘူးဟု စိတ်ထဲက အလိုလိုပြောကာ အခြေမှန်ကို ပြန်လည် မြင်လာပြန်သည်၊ သို့ရာတွင်- ဤကဲ့သို့ ဝိဝေကစိတ်မျိုး၊ နိဗ္ဗိန္ဒစိတ်မျိုး အမြဲကိန်းနေခဲ့လျှင် သို့မဟုတ် မကြာခဏ ဝင်စားနေခဲ့လျှင် သံသရာဝဋ်မှ လွတ်ထွက်ဖို့ လမ်းစပေါ် ပြီဟု စာပေပဗဟုသုတ အသိဖြင့် စိတ်အားရှိလာသည်။

မည်သူမဆို ရုပ်ခန္ဓာကြီး ရရှိနေကြရသမျှ ကာလ ပတ်လုံး မဖောက်မပြန် တစ်မျိုးတည်း တစ်ပြေးညီ တည်ရှိနေနိုင်မည် မဟုတ် ပါ၊ ဖောက်ပြန်မှုတွေ ရှိနေကြရမည်သာတည်း၊ ရုပ်ခန္ဓာနှင့်စပ်သော ဒုက္ခဝေဒနာတွေ ခံယူနေကြရဦးမည်သာတည်း ဟု အားလုံးကို ခြုံ၍ ကြည့်မိသည်၊ ယင်းသို့ ကြည့်မိပြီဆိုမှဖြင့် ရုပ်ခန္ဓာကြီး၌ ငြီးငွေ့ခြင်း

အလေ့ ထုံနေပြီးသော အဘွင်းစိတ် အာရုံက နောက်ထပ် အမြင်တွေ တပ်မျှော်ကြီး တပ်ခေါ်ကြီး ထွက်ပေါ်လာတတ်သည်။

ယခုလို ဒုက္ခဝေဒနာ ခံစားနေရလေဟိုင်း နှစ်ပေါင်း ကြာမြင့် စွာက ပွားများလာခဲ့ပြီးဖြစ်၍ ထုံနေပြီ ဖြစ်သောကြောင့် ထင်၏၊ မိမိ၏ ရုပ်ခန္ဓာအပေါ်၌ သုခဟူ၍ မမြင်သလို လမ်းခရီးဘက်လျှောက်၍ တွေ့မြင်ခဲ့ရသော လှုပ်ရှား သွားလာနေကြသော လူအားလုံးကိုပါ သုခ မရှိပုံ မြင်နေသည်၊ 'လူတွေဟာ အားလုံး ဒုက္ခတွေ ကိုယ်စီနှင့် အခါ ခပ်သိမ်း ခံစားနေကြရသူတို့ သာတည်း' ဟူ၍ ကွက်ကွက် ကွင်းကွင်း ရှင်းရှင်းကြီး ထင်မြင် နေမိသည်၊ ခံယူ နေကြရသော ဒုက္ခ ခြင်းရာသာ တစ်မျိုးစီ ခြားနားချက် ရှိကြသည်၊ သုခ ဟူ၍ကား-ဘယ်သူ့အတွက်ကိုမျှ ကွက်၍ မမြင်မိချေ။

ဤမြင်ချက်များသည် ယထာဘူတ ကျသည်၊ စစ်မှန်သည်၊ လေးနက်သော တရားအမြင် ဖြစ်သည် ဟူ၍လည်း ယုံကြည်သည်၊ တစ်ခါတစ်ရံ လူအချို့တို့၏ အမိုက်အတန်အားဖြင့် ဖြစ်ပေါ်လာတတ် သော အပေါ်ရံ တွေးတောကြံဆချက်များနှင့် မတူပါ၊ အတွင်းစိတ် ဓာတ်မှ ခံစားချက် လေးနက်မှု ရှိသည်၊ လောကကြီး တစ်ခုလုံးကို တကယ် ငြီးငွေ့လာသည်၊ ထို့ကြောင့် သူတော်ကောင်းတို့၏ စစ်မှန် သော အမြင်မျိုး ဖြစ်သည် ဟု မိမိ ယူဆသည်။

ဟိုယခင် နှစ်များဆီက အကြိမ်ကြိမ်သော တောတောင်ခရီးကို တစ်ပါးဘည်း သွားလာခဲ့စဉ်မှာပင် ယခု အမြင်မျိုးကဲ့သို့ လပ်တူပင် စိတ်အာရုံတွင် အကြိမ်ပေါင်းများစွာ ဝင်စားခဲ့ဖူး၏၊ ငါသည် ခရီး သွားနေရသကဲ့သို့ သူတစ်ပါး တို့လည်း ခရီး သွားနေကြသည်ပင်၊ သူတစ်ပါးတို့ကို ကြည့်လျှင် လွတ်လပ် ပေါ့ပါးစွာ သွားရသူသက် ကိုယ့်ဝန် ကိုယ်ထမ်း၍ ကိုယ့်လမ်းကိုယ် လှုပ်ရှား သွားလာနေကြ သော လူတွေက များလေသည်၊ ခရီးသွား လူများကို မြင်ရလျှင် သနား စိတ် ဝင်မိသည်၊ ထို့အပြင် တောရိုင်းတိရစ္ဆာန်များကို လည်းကောင်း-ကျေးငှက်များကို လည်းကောင်း အစာရှာရန် သွားလာလှုပ်ရှားနေကြ ရရှာသည်ကို မြင်ရသည့်သူတိုင်း သနားမိသည်၊ 'ငါ အပါအဝင် သူတို့ အားလုံး ချမ်းသာမှု ခံစားနေကြရသည် မဟုတ်၊ စင်စစ်မှာ ဒုက္ခခံစားနေကြရခြင်း သာတည်း' ဟု သိမြင်လာသည်၊ ငါလဲ ပါသည် ဟု သိမြင်လာပြီး လောကကြီးကို အထူး ငြီးငွေ့လာတော့သည်။

ငြီးငွေ့စိတ် ဝင်လာပြီး နောက်ဆက်တွဲ၍ ငါဘာလုပ်မည်နည်းဟု ခရီးသွားရင်း ခြေလှမ်းမပျက် အတန်ကြာအောင် တွေးတောနေမိသည်၊ ဒုက္ခထူပြောသော သံသရာနယ်ထဲမှ လွတ်မြောက်သွားရန် ရှေးဦးစွာ နည်းလမ်းရှာရမည် ဟု မြင်လာ၏၊ ဆက်လက်၍ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရန်နည်းလမ်းကို ဘယ်ပုံရှာမလဲဟု တွေးဆရပြန်သည်၊ ထိုအခါ သူတစ်ပါးနည်းလမ်းကို ရှာဖွေယူ၍ ရနိုင်သည် ဟု အဖြေ ထွက်လာ၏၊ ဤတွင် သူတစ်ပါးနည်း ဆိုသည်မှာ ကျမ်းဂန်ထွက် ရှေးအခါက သံသရာမှထွက်ပေါက်ရှာ၍ လွတ်မြောက်သွားကြလေပြီ ဟူသော သူတော်ကောင်းပုဂ္ဂိုလ်မြတ်တို့၏ နည်းလမ်းကို ဆိုပါသည်။

ထိုအခါ ထွက်ရပ်ပေါက် လမ်းအစကို မှန်းဆ မြင်လာပြီဖြစ်သောကြောင့် လက်တွေ့ကျင့်သုံးလိုက်နာရန် မခက်တော့ပါ၊ ပထမဆင့်– ဒုတိယဆင့် စသည့် အဆင့်ပိုင်းခြားသတ်မှတ်ရန်သာ လိုသည်။

ပထမဆင့် အနေဖြင့် ရှေးသူတော်ကောင်းတို့၏ သံသရာဝဋ်ဆင်းရဲမှ ထွက်ရပ်ပေါက်သွားကြပုံ နည်းလမ်းပေါင်း အမျိုးစုံတို့တွင် မိမိ၏ စိတ်ဆန္ဒနှင့် အသင့်တော်ဆုံးဟု ယူဆရသော နည်းလမ်းကို အတုယူပြီး ခရီးဆက်သွားရန် မူချထားရမည်၊ မူချပြီးနောက် ဒုတိယဆင့်ပိုင်းမှာ ရှေးသူတော်ကောင်းတို့ သံသရာဝဋ်မှ လွတ်ရေးအတွက် ပါရမီဖြည့်ကြရာတွင် လမ်းတိုနည်းနှင့် လမ်းရှည်နည်း နှစ်မျိုးရှိနေသည်၊ ရွေးချယ်ရန်မခက်ခဲပါ၊ မိမိ၏စိတ်ဆန္ဒ အားဘကောင်းရာဖက်သို့လိုက်၍ ကြိုက်ရာလမ်း ရွေးရမည်၊ ရွေးပြီးလျှင် မူသေ ပုံမှန်သတ်မှတ်ထားရမည်။

တတိယ အဆင့်မှာ အထက်ပါ ကြိုက်ရာ ရွေးယူထားပြီး လမ်းစဉ်ကို ကျေကျေနပ်နပ် နှစ်နှစ်ခြိုက်ခြိုက် စိတ်အား ထက်သန်စွာဖြင့် မနေမနား ကြိုးစားလိုက်နာနေရန်ဖြစ်သည်၊ နေ့ရှိသမျှ အချိန်ရသမျှ အကျိုးမဲ့ အချိန်မကုန်စေဘဲ ပါရမီ ဖြည့်သွားစေရန် ဒါန, သီလ, ဘာဝနာ, ဝေယျာဝစ္စ စသည်ဖြင့်သာ အချိန်ကုန်စေရမည်၊ သို့မဟုတ် တရားကျင့်ကြံ အားထုတ်နေခြင်းအလုပ်ဖြင့် အချိန်ကုန်သွားစေရမည်။

ဤတွင် လမ်းတို လမ်းရှည် ရှင်းပြမည်၊ လမ်းရှည်သည် ဘုရားအလောင်းတော် ဆုကြီးရှင်တို့ နှင့် ပစ္စေကဗုဒ္ဓါ အလောင်း

အလျှာတို့၏ ပါရမီဖြည့်နည်း လမ်းစဉ် ဖြစ်သည်၊ သံသရာ ဘဝ ရေယာဉ်ကြောဝယ် ကမ္ဘာနှင့်ချီ၍ ကြာရဦးမည် ဖြစ်သည်၊ ပါရမီနှင့် ကပ်ကမ္ဘာ အပိုင်းအခြားကို ပြည့်စုံအောင် မြင်ပြီးခါမှ လွတ်မြောက်ကြရမည် ဖြစ်သည်။

လမ်းကိုသည် သာဝက တို့၏ ထွက်ရပ်ပေါက် နည်းလမ်း ဖြစ်သည်၊ သာဝကသုံးမျိုး ရှိပြန်ရာတွင် ပကတိ သာဝက ရဟန္တာတို့၏ သံသရာမှ လွတ်မြောက်ရေး လမ်းစဉ်သည် နိဗ္ဗာန်သို့ အမြန်ရောက်နိုင်သောကြောင့် အတိုဆုံး နည်းလမ်း ဖြစ်သည်၊ ဤတွင် သူတစ်ပါးတို့ ထွက်ရပ် ပေါက်သွားကြဖူးသော ပုံစံ တစ်ခု မူချ၍ ရှေးသူဘော်ကောင်းတို့၏ နည်းမှန်လမ်းမှန်ကို လေ့လာယူရပေမည်၊ 'ငါဘယ်သူ၏နည်းကို ပုံစံမှီး၍ ဘယ်ပုဂ္ဂိုလ်မြတ်၏ လွတ်မြောက်နည်းကို လိုက်မည်နည်း' ဟူသည်ကို မိမိကိုယ်တိုင် စိတ်ကြိုက်ဆုံးဖြတ်ယူရမည်၊ ရှေးသူတော်ကောင်းတို့ သွားရိုးလမ်းစဉ် နည်းတွေကား ပေါများစွာရှိနေပြီး ဖြစ်ပါသည်၊ အပဒါန်ဝတ္ထုတော်များ၊ ထေရီ, ထေရာ ဝတ္ထုတော်များ၊ ဓမ္မပဒ ဝတ္ထုတော်များ၊ စရိယာပိဋကတ်တော်များ စသည်တို့ဖြစ်ကြ၏။ ထိုကျမ်းဂန် ဝတ္ထုတို့သည် အလိုရှိကြသူတို့အတွက် အလွယ်လိုက်နိုင်ရန် နည်းလမ်းတွေ ပေးသွားကြသော ပုဂ္ဂိုလ်မြတ်များ အကြောင်း အတ္ထုပ္ပတ္တိတွေဖြစ်ကြသည်၊ သံသရာ ဝဋ်ဆင်းရဲမှ တကယ် လွတ်အောင် ရှောင်ရှားနိုင်သော နည်းလမ်းပြ အဖုံဖုံ ညွှန်းတမ်းများ အပြည့်အဝ ရှိနေပြီး ဖြစ်သည်။

လက်စသတ်၍ မဆုံးနိုင်သော ဘဝကြီးဘဝယ်ဒုက္ခ- တပြောင်းပြန်ပြန် ကျင်လည်၍ မပြီးပြတ်နိုင်သော သံသရာဒုက္ခတွေကို အမှန်သိမြင်၍ တကယ်ကြောက်ရွံ့ပြီး အမြန်၊ ထွက်မြောက် လိုကြသူတို့အတွက် အထူးအားကျဖွယ်ရာများဖြစ်သည်၊ မျှော်လင့်ချက် မြင့်၍ စိတ်အားတက်ဖွယ်လည်းဖြစ်သည်၊ စိတ်ဝင်စားသူတို့အတွက် ဆန္ဒပြင်းပြခြင်း ဖြစ်ပေါ်လာစေသည်၊ ဆန္ဒပြင်းပြနေသူများ အတွက် လက်တွေ့ လုပ်ဖြစ်အောင် စတင် ကြိုးစားလာလိမ့်မည်၊ ထိုအခါ ပါရမီကျင့်စဉ်နည်း စတင်၍ ဖြစ်မြောက်လာပေတော့မည်။

ဤအရှင်သည် ဟောဘောင်ထဲ တစ်ပါးတည်း ခရီးသွားနေရင်း ထိုသို့သော လွတ်မြောက်ရေး လမ်းစဉ် နည်းကောင်းများကို စိတ်ဝင်စားကာ သတိရ၍ ပျော်မွေ့စွာ တွေးတောနေမိတတ်သည်၊ တွေးတောနေမိသော ဝတ္ထု ကြောင်းရာတို့ အထဲမှာ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခတွေနေကြပုံကိုမြင်၍ 'ငါလဲ သူတို့လို ဒုက္ခမကြုံရန်' ဟု နှလုံးသွင်းကာ မိမိကိုယ်ကို အလွတ်ရုန်းထွက်သွားဖူးသော သူတော်ကောင်း ပုဂ္ဂိုလ်ထူး တစ်ဦး၏ လမ်းစဉ်ကို အားအကျဆုံးဖြစ်မိသည်၊ ယခု မျက်မှောက်ခေတ်တွင် လူများစွာတို့သည် သူတစ်ပါးတို့ တွေ့ကြုံနေကြရသော်လည်း သံဝေဂ မရကြသလို ထူးမခြားနား နေလေ့ရှိကြသည် ဟူ၍လည်း တွေးမိသည်။

သူတော်ကောင်း စိတ်ဓာတ်ခံ ရင့်ပြီးသူတို့သည် သူတစ်ပါးတို့ ဒုက္ခတွေ့ကြုံနေပုံကို မြင်ရပြီဆိုလျှင် ချက်ချင်း သံဝေဂကြီးစွာရလွယ်တတ်ကြသည်၊ သံဝေဂရပြီးလျှင် မိမိ၏ လွတ်မြောက်ရေးကိုသာ အဆုံးသတ် ပိုင်ပြီးဖြစ်အောင် အပူတပြင်း အားထုတ် ကျင့်ကြံလေ့ရှိသည်၊ ယင်းသို့ ကျင့်ကြံပြီး ဘဝဒုက္ခကို အဆုံးသတ်သွားသော သူတော်ကောင်းထူး တစ်ဦး၏ သမိုင်းလမ်းကြောင်းကို အထူး စိတ်ဝင်စားကာ ကြည်နူးလှဘိသည်၊ ထိုအကြောင်း အရာကား.... မြတ်စွာဘုရား လက်ထက်တော် အခါက သဗ္ဗမိတ္တ မထေရ်၏ ဝတ္ထုဇာတ်လမ်းဖြစ်သည်။

ထိုဝတ္ထု အကြောင်းအရာ အကျဉ်းချုပ်ကား ဤသို့တည်း။

သဗ္ဗမိတ္တလုလင်သည် သာဝတ္ထိမြို့သား ဖြစ်သည်၊ သူ့ကို လူအားလုံး၏ မိတ်ဆွေဟု ဆိုလိုသဖြင့် မိဘတို့က 'သဗ္ဗမိတ္တ' ဟူ၍ အမည်ပေးကြသည်၊ မျိုးရိုးကား ပုဏ္ဏားမျိုး ဖြစ်သည်၊ ကံကောင်းချင်တော့ သူ အရွယ်ရောက်ပြီးစ အချိန်သည် မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီး အလှူခံယူသော ပွဲတော်ကြီးနှင့် တိုက်ဆိုင်နေသည်၊ မြတ်စွာဘုရားသည် ကျောင်းတော်ကြီးကို အလှူခံတော်မူသောနေ့၌ သာဝတ္ထိ မြို့သူ မြို့သား လူအများတို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် ကျောင်းတော်သို့ သွားကြရာတွင် သဗ္ဗမိတ္တလုလင် လိုက်ပါသွားခဲ့သည်။

သဗ္ဗမိတ္တလုလင်သည် မြတ်စွာဘုရားကို မမြင်စဖူး စစ္စဦး ဖူးမြင်ရလေလျှင် ဘုရားရှင်၏ ထူးမြတ်လွန်ကဲသော အသရေတော်ကို ကြည်ညို မြတ်နိုးခြင်း လွန်ကဲစွာ ဖြစ်ပေါ်လာသည်၊ မြတ်နိုး နှစ်သက်လှသော ကြောင့် အမြဲတစေ နီးနီးကပ်ကပ် နေလိုသည်၊ လူဝတ်ကြောင်ဖြင့် အိမ်ပြန်နေရန်လည်း သူ အလိုမရှိတော့ချေ၊ ထို့ကြောင့် ရဟန်းပြုကာ ဇေတဝန်ကျောင်းတော်၌ နှစ်ခြိုက်စွာ နေလိုက်တော့သည်။

ရဟန်းပြု၍ အချိန်အနည်းငယ် ကြာပြီးနောက် တစ်နေ့သ၌ မြတ်စွာ ဘုရားထံမှ ကမ္မဋ္ဌာန်းကိုယူပြီး ဆိတ်ငြိမ်သော အရပ်သို့ ချဉ်းကပ်၍ တရားအားထုတ်ရန် တောသို့ ရွှေရှုသွားလေသည်၊ တောသို့ အသွား ခရီးကြမ်း၌ မမျှော်လင့်မိသော မြင်ကွင်း နှစ်ခုကို ထိတ်လန့်ဖွယ်ရာ တွေ့မြင်ရလေသည်။

ပထမ မြင်ရသည်ကား သမင် သားအမိ၏ ဒုက္ခရောက်နေပုံ သနားစရာ ဖြစ်သည်၊ မုဆိုးတို့ ထောင်ထားသော ကျော့ကွင်းတွင် သား ဖြစ်သော သမင်ငယ် ဝင်တိုးမိပြီး လည်ပင်း၌ စွပ်မိနေလေရာ ကြောက်လန့်ကြီးစွာ ရုန်းကန်နေရှာသည်၊ ရုန်းကန်ရင်း လည်ပင်း တင်းကြပ်ပြီး သေရတော့မည့်အခြေ ရောက်နေရှာသည်၊ မိခင် သမင်မ ကြီးသည် သားအပေါ် သနားခြင်း- ကြင်နာခြင်း- စိုးရိမ်ပူပန်ခြင်း ကြီးစွာဖြင့် ပြာလောင်ခပ်နေရှာသည်၊ သူ့အနေဖြင့် လွတ်မြောက် အောင် မတတ်နိုင်သဖြင့် သားငယ် သေရှာတော့မည့် အရေးကို စိုးရိမ်ပူပန်ကြီးစွာဖြင့် သားအနီးအပါး၌ ဝဲလည်ခတ် ဒေါင်ချာစိုင်း နေတော့သည်၊ အစာမစားနိုင်, ရေမသောက်နိုင်, ရပ်ဝေးသို့လည်း ခွဲခွာမသွားနိုင်ရှာပါ၊ ဟိုအနား, သည်အနား ပြေးသွားလိုက်- တင်ဖန် သားငယ်ထံ ပြန်ပြေးလာလိုက်၊ သားကလေးကို နမ်းလိုက်၊ ရန်သူ လာလေမည်လား လှမ်းမျှော် ကြည့်လိုက်ဖြင့် ရောက်ယက်ခတ်ကာ ပင်ပန်းကြီးစွာ ဒုက္ခ ရောက်နေရှာသည်၊ ထိုသမင် သားအမိတို့၏ ကြောက်ဖွယ်ရာ ဒုက္ခကို မြင်နေရသောအခါ ရင်နင့်လာသည်၊ ဩော်.... ဒုက္ခနှယ် ကြီးလိုက်ခြင်းဟု စိတ်ထဲက မချိမဆန့် လိုက်လှဲစွာ ညည်းတွား လိုက်မိသည်။

စိတ်မချမ်းမမြေ့ လှစွာဖြင့် ထိုနေရာမှ ခွဲခွာပြီး ရှေ့သို့ ခရီးဆက် သွားလေသောအခါ တစ်ခုသော တောအုပ်အနီး ချုံပိတ်ပေါင်းတို့

အကြား၌ ဒုတိယမြင်ကွင်း တစ်ခုကို- တွေ့မြင်ရပြန်၏၊ မြင်ရပုံကား— ခိုးသား လူဆိုးတစ်စုသည် ယောကျ်ား တစ်ယောက်ကို ဖမ်းယူ ခေါ်ဆောင်လာခဲ့ကြပြီးလျှင် ထိုယောကျ်ားကို အရှင်လတ်လတ် ကောက်ရိုး ရစ်ပတ်၍ ရက်စက်စွာ မီးရှို့ သတ်နေခြင်း ဖြစ်သည်၊ ဤမျှ ရက်စက် ကြမ်းကြုတ်လွန်းကြပေသည် ဟု ရင်နာမိနေသည်၊ လူမိုက်တို့၏ ပြုမူနေကြပုံကို သစ်ပင်များ ဖုံးကွယ်ရာမှ ခေတ္တရပ်ကြည့်နေမိစဉ် သဗ္ဗမိတ္တ ရဟန်း လူ့ဘဝကိုပင် တုန်လှုပ်အောင် စိတ်ပျက် ဝမ်းနည်းနေသည်၊ လူနှင့် လူသား အချင်းချင်းကိုပင် သနားမဖက်လေခြင်း- ကိုယ်ချင်း မစာနာလေချင်း- ဤမျှ ရက်စက်ကြလေခြင်း ဟူ၍ ထိတ်လန့်ကြီးစွာ စိတ်ထဲက ညည်းတွားလိုက်မိသည်။

တိရစ္ဆာန်တို့ထက် အသိဉာဏ်ရှိ၍ မြင့်မြတ်သော မနုဿ လူသားဟု မိမိတို့ကိုယ်ကို အထင်ကြီးနေတတ်ကြသည်၊ သို့ရာတွင် ရက်စက်ရဲကြပုံကို တွေ့မြင်ရသောအခါ သူတော်ကောင်း ပုဂ္ဂိုလ် တစ်ဦး အနေဖြင့် လူနှင့် လူချင်း ဆက်ဆံရမည်ကိုပင် သူ၏ စိတ်တွင် ကြောက်ရွံ့မိသည်၊ ထိတ်လန့်ခြင်းနှင့်တကွ ကြက်သီး ထအောင် တုန်လှုပ်ခြင်း ဖြစ်ပေါ်လာသည်။

ရဟန်း ပြုခဲ့သည်မှာ မကြာလှသေးသော သူ၏ ကြည်လင် ချမ်းမြေ့လှသော အချိန်တွင်း၌ ယခု ထိုမြင်ကွင်းဆိုး နှစ်ခုကို တွေ့မြင် ရလိမ့်မည်ဟု မမျှော်လင့် မိသလို လူနှင့် လူချင်း၊ လူနှင့် တိရစ္ဆာန် ဤမျှ ရက်စက်ကြလိမ့်မည် ဟူ၍လည်း မထင်ပေ၊ မမြင်လိုဘဲ မြင်ခဲ့ရ သော သမင် သားအမိကို သနား ကရုဏာ ကြီးပြီး မီးရှို့သတ် ခံရသော ယောကျ်ားကိုတော့ ဝမ်းနည်း ခံခက်ကြီး လိုလို ခံစား နေရသည်၊ ထိုမြင်ကွင်း နှစ်ခု အကြောင်းပြု၍ ပုထုဇဉ် ဘဝကို လုံးဝ အလိုမရှိတော့ချေ၊ မိုက်မဲတတ်သည်၊ ရက်စက် ကြမ်းကြုတ်တတ် သည် ဟူသော သဘာဝကို မြင်သိပြီး၍ သူ၏ လက်ရှိဘဝကို လွန်လွန် မင်းမင်းကြီး ကြောက်ရွံ့နေတော့သည် စက်ဆုပ်ခြင်း- ရှုံ့ရှာခြင်းလည်း ကြီးမားလာခဲ့သည်။

ပုထုဇဉ်ဖြစ်သော သတ္တဝါတို့ မည်သည်ကား-ဤကဲ့သို့ မိုက်မဲ ကြသည်၊ မိုက်ရဲ ကြသည်၊ သူတစ်ပါး အပေါ် ရက်စက်ရဲကြသည်၊ ကိုယ်ချင်းစာတရား ကင်းမဲ့ကြသည်၊ 'ယနေ့ ငါပြုလိုက်သော ရက်စက်

မှုကံသည့် နောက်တစ်နေ့တွင် ဒဏ်ပြန်လာလိမ့်မည်၊ ငါပြု၍ တစ်ဖက်သား ခံရသည်ထက် အဆပေါင်း များစွာသော ဝဋ်ကြွေး ကြမ္မာဆိုးတွေက ငါ့အပေါ်သို့ ပြန်လည် ဆိုက်ရောက်ခြင်း ကေန်ခံယူရလိမ့်မည်' ဟု မျှော်တွေး ကြောက်ရမှန်း မသိကြလေခြင်း- မသိချက်ဆိုးရွားကြလေခြင်း ဟူ၍ စိတ်ထဲက လှိုက်လှဲစွာ မြည်တမ်း ညည်းတွားမိလေသည်၊ ကိုယ်ချင်းမစာ ရက်စက်စွာ ပြုလုပ်တတ်သူ တို့ကြောင့် မရှုမလှ ခံရှာကြသော လူနှင့် တိရစ္ဆာန်တို့အား သနားခြင်း ဖြစ်ရသလို ပြုလုပ်ကြသူတို့အားလည်း သူပြုပြီးသော ဝဋ်ကြွေးက ရှောင်လွှဲမရအောင် ပြန်လည် ဒဏ်ခံရှာရဦးမည့် အရေးကို မျှော်တွေး၍ သနားခြင်း ကြီးမိပြန်ပေသည်၊ တစ်ဆက်တည်းမှာပင် ပုထုဇဉ် ဘဝကို ထိတ်လန့်ခြင်း သံဝေဂစိတ်များ တဖွားဖွား ရောထွေးကာ ဖြစ်ပေါ်လာနေသည်။

မနုဿ လူသားများသည် အဟိတ် တိရစ္ဆာန်တို့ထက် အသိဉာဏ်ရှိကြသည် ဆိုကြသော်လည်း ပုထုဇဉ် အချို့တို့၏ စိတ်နေ စိတ်ထားကား အဟိတ် တိရစ္ဆာန်တို့ထက် ကြောက်ဖို့ ကောင်း၏၊ မိုက်မဲရန်-ရက်စက်ရန် ဝန်မလေးကြချေ၊ သူတို့၏ သန္တာန်၌ မိုက်မဲသော စိတ်နှလုံးသား အမြဲ ကိန်းအောင်းနေကြဟန် ရှိ၏၊ တောထဲ၌ လွတ်လပ်အေးချမ်းစွာ နေထိုင်ကြသော တိရစ္ဆာန်များကို နည်း အမျိုးမျိုးကြံဖန်၍ သတ်လိုကြသည်၊ လူနှင့် လူချင်းကိုပင် အရှင်လတ်လတ်မီးရှို့ သတ်ရဲကြသည်၊ ဤသို့လျှင် ကိုယ်ချင်းစာတရား ကင်းမဲ့ကြ၏တကား၊ ပုထုဇဉ်မိုက်တို့သည် သက်ရှိ သတ္တဝါတွေကို ဤပုံဤနည်းသတ်ဖြတ် ညှဉ်းဆဲနေကြသမျှ ကာလပတ်လုံး ထိုသူတို့သည် ချမ်းသာမှုကို ဘယ်လိုပင် ရှာကြ၊ ကြိုးစားကြသော်လည်း ရနိုင်မည် မဟုတ်ပါ၊ ဆင်းရဲခြင်း အတိပြီးသော ဒုက္ခ ဝဋ်ဆင်းရဲတွင်း၌သာ တလုံးလဲလဲရှည်ကြာ နေကြပေလိမ့်မည်၊ ဝဋ်ဆင်းရဲမှ လွတ်ကင်းနိုင်ရှာကြမည်မဟုတ်တကား ဟူ၍လည်း အဖန်တလဲလဲ ဆင်ခြင်နေမိ၏။

တောဆီသို့ ရှေးရှု ခရီး ဆက်သွားလျက် ရှိနေသော်လည်း စိတ်မချမ်းသာဖွယ်ရာ မြင်ကွင်းနှစ်ခုကိုကား မေ့ပျောက်၍ မရနိုင်၊ မြင်ယောင်လျက်သာ ရှိနေသည်၊ မြင်ယောင်ရင်း ပုထုဇဉ်တို့၏ ဘဝဒုက္ခကိုလည်းကောင်း၊ ဆင်းရဲမှု ဖြစ်စေနိုင်သော ကြောင်းရာ အထွေထွေကိုလည်းကောင်း တစ်မျှော် တစ်ခေါ်ကြီး မြင်နေမိသည်၊ အကြောင်း

အရာ ထွေထွေကိုမြင်၍ အဖန်တလဲလဲ ဆင်ခြင်နေမိပြန်ရာ ဆင်ခြင်နေမိလေလေ ပုထုဇဉ်ဘဝ၌ ကြုံတွေ့နိုင်သော ထိတ်လန့်ဖွယ်တွေကို အမြင်ကြီးမားကာ ကျယ်ပြန့်လာလေလေ ဖြစ်နေတော့သည်။

အရှင် သဗ္ဗမိတ္တမထေရ်သည် သူတစ်ပါးတို့ ဒုက္ခရောက်နေကြပုံတွေကိုမြင်၍ အမြတ်ထွက်လာသကဲ့သို့ ရှိသည်၊ သူ၏ ဦးခေါင်းပေါ်၌ မီးတောက် မီးလျှံစွဲ၍ အရှိန်ပြင်းစွာ တောက်လောင်လာသကဲ့သို့ ထင်နေ၏၊ အေးဆေးစွာ နေထိုင်မရ ပုထုဇဉ်ဘဝမှ လွတ်မြောက်ရေးအတွက်သာ စိတ်နှလုံး အလွန်ပူဆာနေသည်၊ 'ငါ ယခုအခါ ပေါ့ပေါ့တန်တန် နေလို့မဖြစ်တော့ဘူး၊ ပုထုဇဉ်ဘဝကို အမြန် လွန်မြောက်စေမှ ဖြစ်မည်၊ ပုထုဇဉ်ဘဝ ကျော်မြောက်ပြီးကာမှ ဒုက္ခဝဋ်တွေကို လွတ်အောင် ရုန်းထွက်နိုင်မယ်' ဟူ၍ တရေးရေး တွေးမြင်နေသည်။

သူ၏ ပြင်းပြသော စိတ်ဆန္ဒကို အတည်ပြုသည်၊ ထိုနောက် ပြတ်သားစွာ ဆုံးဖြတ်လိုက်သည်၊ စိတ်ဆန္ဒ ပြင်းပြသည့် အလျောက် သူ့စိတ်ကြိုက် တောအုပ်ဆီသို့ ခပ်သွက်သွက် ခလျောက်လာခဲ့သည်၊ တောအုပ်သို့ ဝင်ပြီးလျှင် သင့်တော်သောနေရာ၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်သည်။ ထိုင်ပြီးလျှင် ရှေးဦးစွာ ပရိကံပြုသည်၊ ပြီးလျှင် တစ်ဆက်တည်း စိတ်ထဲက ဆုံးဖြတ်ပြီးအတိုင်း မြတ်စွာဘုရားထံမှ နာကြား မှတ်သားခဲ့သော ကမ္မဋ္ဌာန်းကို စိတ်အာရုံအတွင်း မြဲမြံခိုင်ခံ့အောင် ထား၍ သမာဓိအား ကောင်းကောင်းဖြင့် မရမနေ အရိုးကြေကြေ ကြိုးကြိုးစားစား ပြင်းထန်စွာ အားထုတ်လေသည်။

'အကျိုးတစ်ခုဖြစ်ပေါ်လာရန်မှာ အကြောင်းတစ်ခုတည်းမဟုတ်' ဟူသော ဆောင်ပုဒ်အတိုင်း သဗ္ဗမိတ္တရဟန်းသည် မဆွကပင် မြတ်စွာဘုရားကို ကြည်ညိုမှု အလွန် အားကောင်းနေခြင်း၊ မြတ်စွာဘုရား ထံတော်ပါး၌ နိယံတကာ နေထိုင်လိုသော အာသာဆန္ဒ များခြင်း၊ ဘုရားတပည့်သား ရဟန်းသံဃာတော်အပေါင်းနှင့် ရင်းနှီးမြတ်နိုးစွာ နေထိုင်လိုသော ဆန္ဒရှိခြင်း၊ ဘုရားဟော တရားတော်များကို လေးမြတ် ကြည်ညိုစွာ ကြားနာမှတ်သားလိုခြင်း၊ ဤကောက်ချက်အများက အရင်းခံထားပြီး ရှိနေသောကြောင့် တရားရ လွယ်ရန် အားကောင်းနေပြီဖြစ်၏။

ထို့ပြင် တိုက်ဆိုင်ချင်တော့ ‘အဆိုးမြင်၍ အကောင်းကြံ’ ဟူသကဲ့သို့ တောသို့အသွား လမ်းခရီးအကြား ဒုက္ခကိုတွေ့ နေကြသော မြင်ကွင်းက သူ့အား ကောင်းကျိုးအမြတ် ထွက်လာစေသည်။ ပုထုဇဉ်အနွယ်မှ မြန်မြန်လွတ်မြောက်စေကြောင်း ဆန္ဒပြင်းပြစေသည်။ အလောတကြီးမီးတိုက်ပေးသလိုဖြစ်သွားသည့် မြင်ကွင်းက နှိုးဆွသော အကြောင်းခံ၍ ထိတ်လန့်ခြင်း၊ သံဝေဂအရှိန် အလွန် အားကောင်း နေခြင်းကြောင့် တရားအားထုတ်လိုက်လျှင် တရားရ လုပ်ပေတော့သည်၊ စတင်နှလုံးသွင်းသော ကမ္မဋ္ဌာန်းအာရုံ မြင်လွယ်၍ ငြိမ်လွယ်သည်၊ တည်ငြိမ် အားကောင်းသော သမာဓိက ဖြစ်စေသည်၊ ယင်းသို့ သမထ ကမ္မဋ္ဌာန်း အဆင့်ဖြစ်သော သမာဓိပိုင်းက တည်ငြိမ် အားကောင်း၍ သမထနိမိတ် သုံးပါး အောင်မြင် ပေါက်ရောက်ပြီးလျှင် ဝိပဿနာပိုင်းမှာ အမြင်အဆင့်ဆင့်သို့ တစ်ချိုးတည်းတက်သွားသည်၊ အဆက်မပြတ် အာရုံမပြား စိတ်ဝင်စားစွာ ဆထက်တက်၊ ဇွဲထက် ထက်ဖြင့် မဆုတ်မနစ် အားထုတ်လိုက်သည်၊ အကြောင်းခံ အခြေ အနေကလည်း အရှိန် အားကောင်းနေပိုက် လုံ့လ ဇိုက်မှုကလည်း ထက်မြက်၊ သမာဓိ နှင့် ဝီရိယ ညီမျှသော ဇွဲ စေတနာကလည်း အားတက်၊ ဉာဏ်စွမ်းကလည်း ထက်မြက်၊ ထိုသို့သော အကြောင်း အချက်တို့ကြောင့် မကြာမြင့်မီ အတွင်း တရားအမြင် ပေါက်သွား လေသည်။

သူ၏ တရားအမြင် ပေါက်ခြင်းကား သာမန်သော ပုထုဇဉ် တို့၏ အမြင်ပေါက်ခြင်းမျိုး မဟုတ်ပါ၊ ပုထုဇဉ်ဘဝမှ လွတ်မြောက်၍ အရိယာဖြစ်ကာ အရဟတ္တဖိုလ် အဆင့် ရောက်သွားလေသည်၊ အရိယာ နွယ်ဝင်၍ ရဟန်းကိစ္စ ပြီးဆုံးရုံမျှ မဟုတ်သေးပါ၊ အဘိညာဉ် ခြောက် ပါးနှင့် ပြည့်စုံသော ဆဋ္ဌာဘိည ရဟန္တာ အဖြစ်သို့ ရောက်သွားခြင်း ဖြစ်လေသည်။

အရှင် သမ္ဗုမိတ္တ မထေရ်ကား ထိုအချိန်မှစ၍ သူ၏ လိုအင်ဆန္ဒ ပြင်းပြလှသော ပုထုဇဉ်တို့ဘဝ ဒုက္ခနယ်ချုပ်မှ အောင်မြင်စွာ လွတ်ခဲ့ လေပြီ၊ ကြောက်မက်ဖွယ်များသော သုံးလောကနယ်ကျိုးမှ လွန်မြောက် ခဲ့ပြီး ဖြစ်သောကြောင့် စိတ်အေးခဲ့ရလေပြီ၊ သူ၏ ကိုယ်ရေး ကိုယ်တာ အတွက် စိုးရိမ်စရာ မရှိတော့ချေ၊ သံသရာခရီးအတွင်း တပြောင်း

ပြန်ပြန် ကျင်လည်နေရခြင်း ဒုက္ခကို လည်းကောင်း၊ မသေခင်ဘဝ အတွင်း ကြုံတွေ့ရမည့် ဒုက္ခ အဲဖုံဖုံကိုလည်းကောင်း၊ ဘာအရေး အခင်း ဘာအကြောင်းနှင့်စပ်သော ဒုက္ခကိုမျှ တွေးတောကြောက်ရွံ့ နေရန် မရှိတော့ချေ၊ သူ့အတွက် အားလုံး လွတ်ကင်းခဲ့လေပြီ၊ အလွန်ချမ်းမြေ့ ကြည်လင်လှစွာသော ဘဝ၏ အဆုံးစွန်အဆင့် ရောက် နေပြီ ဖြစ်သည်၊ သူ၏ကြိုးစားမှုကား အောင်မြင်လှပေ၏၊ လောက သုံးပါးမှ ထွက်ရပ်ပေါက်ခြင်း အစစ်ဖြစ်၍ အထွတ် အထိပ်သို့ ရောက်သွားခြင်း ဖြစ်သတည်း။

ဤကား- သူတစ်ပါးတို့၏ နည်းလမ်းဖြစ်၏၊ ရှေး သူတော် ကောင်းတို့၏ နည်းလမ်းညွှန် ဥပဒေသဖြစ်သော ဘဝကို အဆုံး သတ်ကြပုံ၊ ဆင်းရဲဒုက္ခမှ လွတ်အောင် ရုန်းထွက်သွားကြပုံ အများစု ထဲမှ တစ်ဖုံ ဖြစ်၏၊ ကိုင်း-သူတစ်ပါး၏ စိတ်ဆန္ဒ လုံ့လဝီရိယနှင့် လက်တွေ့နည်းကောင်းကိုတော့ သိရပါပြီ၊ ငါဘာလုပ်မည်နည်းဟူ၍ မိမိ၏ကိုယ်ကို ပြန်လည် မေးခွန်းထုတ်လိုက်သည်။

အဖြေမှာ- မိမိ၏ အနေဖြင့် လောလောဆယ်မှာ အခြေခံကို စတင်မည်၊ စိတ်ကြိုက် ဆုပ်ကိုင်ယူသွားမည့် လမ်းစဉ်ကို တိုတို မှူချ မည်၊ ထိုနောက် မှူချထားပြီး လမ်းစဉ်အတိုင်း လိုက်နာကျင့်သုံး သွားမည်၊ ကျင့်သုံးနေဆဲ ထိုထို အချိန်ပိုင်း ကာလအတွင်း၌ လူ့ လောကကြီး တစ်ခွင်ကို ငြီးငွေ့ဖွယ် ကောင်းသော ဒုက္ခထူပြော သော ချမ်းသာမှု ခေါင်းပါးသော ဘုံလောကဟု သိမြင် နေမည်၊ သွားလာ လှုပ်ရှားနေကြပုံများကို သံဝေဂ သတိဖြင့် ရှုကြည့်မည်၊ လူအချို့ ပြုလုပ်နေကြသော သူတစ်ပါးအသက် သတ်ဖြတ် ညှဉ်းဆဲ ခြင်း- သူတစ်ပါးဥစ္စာ ခိုးယူခြင်းမှ စ၍ မကောင်းမှု လုပ်ဆောင် ခြင်း အားလုံးကို ဒဏ်ပြန်ခံရမည်၊ ထိတ်လန့်ဖွယ်အဖြစ် ကြည့်ရှု ရမည်၊ အရာခပ်သိမ်းကို သံဝေဂသတိဖြင့် တရားနှလုံးသွင်း၍ အမြဲ တစေ ကြည့်ရှုနေသွားမည်၊ ဤကား- သံသရာ ကျင်လည်ရာတွင် စင်ကြယ်ရန် အတွက် ဖြစ်သည်။

ဘုံသုံးပါး အတွင်းဝယ် သတ္တဝါတွေ ဒုက္ခမျိုးစုံ ခံယူနေ ကြရပုံ ကြောင်းခြင်းရာ အဖုံဖုံကိုလည်း ကြီးမားသော ကရုဏာ စိတ်ဖြင့် ပိုင်နိုင်စွာ သိမြင်အောင် နေသွားမည်၊ သက်ရှိသက်မဲ့ အရာ

ခပ်သိမ်းကို တရားဖြင့် ဆင်ခြင်သုံးသပ်နေမည်၊ သူတစ်ပါးတို့၏ ဒုက္ခ အထွေထွေကိုလည်း ကြားသိမြင်သမျှ သံဝေဂယူနေရမည်။

အသိပေးပါမည်၊ ဤအရှင်ကား- သံသရာကို ခရီးရှည် ဆက်သွားရဦးမည့် ဆုကြီးရှင်ဖြစ်သည်၊ ထို့ကြောင့် မိမိ၏ ပါရမီရှည် ခရီးစဉ်နှင့် သင့်လျော်စေရမည်၊ ဆုပ်ကိုင် ယူသွားမည့် ကျင့်စဉ်ကို မိမိရရ ပိုင်ပိုင်နိုင်နိုင်ရှိရမည်၊ နောက်နောက်က သွားလာခဲ့ပြီးသော ခရီးစဉ်မှ ဖြစ်စေ ခရီးသွားရင်း တွေ့မြင်နေရသော ခရီးသည် အမျိုးမျိုးကို မိမိနှင့် နှိုင်းစာကြည့်မည်၊ **ကိုယ်ကျင့်တရား နှိုင်းယှဉ်ကြည့်မည် ဟု ဆိုလိုသည်။**

လောက လူသား အမျိုးမျိုးတို့နှင့် နှိုင်းစာ၍ ဒုက္ခပြန်ဒုက္ခ ကြီးမားစေတတ်သော သူတစ်ပါးအသက် သတ်ခြင်း- သူတစ်ပါးဥစ္စာ ခိုးခြင်း- ဖောက်ပြန် ကျူးလွန်ခြင်း- မုသားဆိုခြင်း စသည်တို့မှ လွတ်ကင်းစေမည်၊ ရှောင်သင့်ရာကို လွတ်ကင်းအောင် ရှောင်၍ ကျင့်စဉ်များ အပိုင်းကို နှစ်သက်ကြည်လင်စွာ ကျင့်သုံးသွားမည်၊ မကောင်းမှု ဒုစရိုက်များကို နောက်နောက်ကလည်း ရှောင်ရှားခဲ့လေပြီ၊ ရှေးခရီးတစ်လျှောက်၌လည်း ရှောင်ကြဉ်သွားမည်၊ မကောင်းမှု ဒုစရိုက်အားလုံး မိမိ၏ ရုပ်လောကနှင့် နာမ်လောက နှစ်ခုစလုံး အပေါ်၌ တစ်နေ့စီ စစ်ဆေးကြည့်ရှု နေရမည်၊ လုံးဝ လွတ်ကင်းသည် အထိ တစ်ခုမကျန် စင်ကြယ်စွာ နေသွားမည်၊ ဤသည်တို့ကား- အခြေခံ စဘင်၍ ဆုပ်ကိုင် ယူသွားမည့် လမ်းစဉ် ဆိုသော အချက် အလက်များ ဖြစ်သတည်း။

မိမိတို့ ရုပ်နာမ် နှစ်ပါးကို ပစ္စုပ္ပန် သံသရာဒုက္ခပေးနိုင်သော မကောင်းမှု အကုသိုလ်ဟူသမျှ အရာခပ်သိမ်းကို လွတ်ကင်းအောင် ရှောင်သွားမည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်သည်၊ တစ်ဆက်တည်းမှာပင် ကျင့်စဉ် သီလပိုင်း, သမာဓိပိုင်းကိုလည်း စိတ်ဓာတ်ကြည်လင်ချမ်းမြေ့စွာနှင့် ကျင့်ကြံအားထုတ်နေသွားရန် အသင့်ပြင်ဆင်ပြီး ဖြစ်သည်။

ထို့ကြောင့် ကြောမီရက်အတွင်းဆီက ခရီးသွားရင်းတွေ့မြင်ခဲ့ရသော ခရီးသည်တို့နှင့် ဤအရှင်သည် ဒုက္ခသည်များ ဟု သမုတ်

ထားသူတို့နှင့် အသီးသီးနှိုင်းစာကြည့်မိသည်၊ ဝက်တမ်းသမား (၂)ဦး၊ သနားစရာ ဝက်ကြီး မောင်းလာသူ (၂) ယောက်၊ ဝက်အတော်များများကို မောင်းလာသူ (၃) ယောက်၊ ထို့ပြင် နွား၊ ကျွဲကော၊ နွားနောက်တွေကို ကြိုးချည်၍ မလိုက်ချင်ဘဲ ရုန်းရင်း ကန်ရင်း အတင်းဇွတ်ဆွဲမောင်းနှင်သွားကြသော မကောင်းမှုကံ အားထုတ်နေကြသူတို့နှင့်စာလျှင် မိမိသည် ထိုဒုက္ခမျိုးမှ လုံးဝ လွတ်မြောက်ခြင်းရှိ၍ ဝမ်းမြောက် ကြည်နူးလှပါတိသည်။

ပြောင်းဖူးစေ့ထုပ် ရိက္ခာဝန်လေးကြီးကို ထမ်းပိုးလာကြသော အဘိုးကြီး၊ အမယ်အိုကြီးတို့နှင့် လည်းကောင်း၊ ခြုံဝတ်- အိပ်ရာလိပ်- အိုးခွက်- တောင်းပလုံး- အသုံးအဆောင်တွေ ထုပ်ပိုး သယ်ဆောင်၍ သားမြေးစုံ ဘုစုခရုတို့နှင့် နယ်ခြားတောင်မှ မြန်မာ ပြည်မဘက်သို့ ရွှေ့ပြောင်းလာကြသူတို့နှင့် လည်းကောင်း နှိုင်းစာ၍ ကြည့်ခဲ့သော် မိမိက များစွာချမ်းသာ၏၊ လွတ်လပ်အေးချမ်း၏၊ အတောင်သာလျှင် ဝန်ရှိသောငှက်ကဲ့သို့ ပေါ့ပါး၏၊ မိမိမှာ သူတို့ကဲ့သို့ ဖွဲ့နှောင်ရစ်ပတ် မလွတ်လပ်သော သံယောဇဉ်ဒုက္ခမျိုး မရှိပါချေ၊ ဤမျှဆိုလျှင် ဘဝ တစ်ကွေ့အတွင်းဝယ် ဒုက္ခအတော်များများ ကင်းပေပြီဟု ဆိုနိုင်ပါ သည်၊ ဤစကားရပ်တို့ကား ဘဝအဖုံဖုံ ကျင်လည်နေကြရာတွင် မရှုမလှ ဒုက္ခခံရမည့် ဝဋ်တွေကို လွတ်အောင် ရှောင်လိုက ရှောင်ရှားသွားနိုင် ကြပါသည်ဟု ပြောဆိုလိုသော နမူနာပြခြင်းအပိုင်းတည်း။

ထို့ပြင် ပါရမီရင့်ကျက်အောင် ဖြည့်ကျင့်ရေး အပိုင်းကိုလည်း အဆင့်ဆင့် တိုးတက်သွားစေမည့် ပါရမီ ဆယ်ပါးစုံ ရင့်ကျက်၍ မြင့်မားလာစေမည်၊ တစ်နေ့တခြား မနေမနား ဖြည့်ဆည်းပူးသွားနေ မည်သာတည်း၊ ဤစကားရပ်ကို ဖော်ပြရခြင်း၏ ရည်ရွယ်ချက်မှာ စာ ဖတ်ပရိသတ်အား 'သံသရာဝဋ်ကို လွတ်အောင် ရုန်းကြစို့ရဲ့' ဟူ၍ အဖော်ညှိကာ တိုက်တွန်း ခေါ်ဆောင်ခြင်းဖြစ်သတည်း။

သံသရာဝဋ်ကို လွတ်အောင် ရုန်းကြရာတွင် လမ်းတို နည်းဖြင့် ဘဝမခြား အမြန်ရုန်းထွက်လိုသူများသည် အရှင် သဗ္ဗမိတ္တ မထေရ်၏ နည်းလမ်းကို ယပ်တူ လိုက်နိုင်ကြပါသည်။ လမ်းရှည် ဆိုကြီးရှင်များ သည် ဘုရားဟော ဒုစရိုက်-၁၀ ပါး အားလုံးကို လွတ်လွတ် ရှောင် ကွင်း၍ ပါရမီဖြည့်ရေးဘာဝန် ဦးတည်ချက်ကိုသာ ရှေးရှုသွားနေရ ပါမည်။

အားလုံး နားလည်ထားကြရန်မှာ ဒုစရိုက် ၁၀-ပါးလုံးကို ကာယကံ၊ ဝစီကံ၊ မနောကံ, ဤကံသုံးပါးစလုံး လွတ်ကင်းပါက သံသရာ တစ်ခွင် ကျင်လည်နေရသေးသော်လည်း မပင်ပန်းနိုင်ပါ၊ မကောင်းမှု ကံကြောင့်ဖြစ်**သော** ဒုက္ခဝဋ်ဟူသမျှကို လွတ်ကင်းပါသည်၊ ဘဝ သံသရာကို စိတ်ကြည်လင်ပေါ့ပါးစွာ ကျင်လည်နိုင်ပါသည်၊ ပါရမီဖြည့် ရေးကိုလည်း ချမ်းမြေ့စွာ ကြိုးပမ်း အားထုတ် သွားနိုင်ပါသည် ဟု သံသရာရေးမှ လွတ်မြောက်ရေးအတွက် အကြံပေးခြင်း- တိုက်တွန်း ခြင်း- နှိုးဆော်ခြင်း- လမ်းညွှန်ခြင်း ဖြစ်ပါသတည်း။

နောက်ဆုံး ဘုရားအလောင်းတော် သုမေဓာ၏ ဥဒါန်းကျူး ဂါထာတစ်ပုဒ်ကို ကျက်မှတ်၍ ရွတ်ဆိုနေလိုသူများအတွက် ဤတွင် ဖော်ပြလိုက်ပါ**သ**ည်-

ဇာတိ ဓမ္မော ဇရာ ဓမ္မော၊
ဗျာဓိ ဓမ္မော သဟံ တဒါ။
အဇရံ အမတံ ခေမံ၊
ပရိယေသိဿာမိ နိဗ္ဗုတိံ ။

သဟံ-**သော** အဟံ၊ ထို ငါ သုမေဓာ ရသေ့သည်။ တဒါ၊ ထိုအခါ၌။ ဇာတိဓမ္မော၊ ပဋိသန္ဓေ တည်နေ ရခြင်းဆိုတဲ့ ဇာတိ သဘောသည်။ **အမှို**၊ မုချကေန် ဖြစ်ခဲ့သည် မှန်၏။ ဇရာ ဓမ္မော၊ သွားကျိုးဆံဖြူ အရေ မှုတွန့် ကြောက်ရွံ့စရာပမာ မျောက်အို ပုံဆိုမကအိုမင်း ရခြင်းဆိုတဲ့ ဇရာသဘောသည်။ အမှို၊ မြစ်မြစ်ခြေခြေ ဖြစ်ခဲ့ပေ၏။ ဗျာဓိဓမ္မော၊ ညောင်းညာကိုက်ခဲ ရောဂါ စွဲကာ ဖျားနာရခြင်းဆိုတဲ့ ဗျာဓိသဘောသည်။ အမှို၊ မရှောင်လွဲသာသဖြင့် ဖြစ်ခဲ့ရပေ၏။ တသ္မာ၊ ထိုသို့ ဇာတိ, ဇရာ, ဗျာဓိ, မရဏတို့ အကြိမ်ကြိမ် **အဖန်ဖန်** နှိပ်စက်တတ်လိုသောကြောင့်။ အဇရံ၊ မအိုရာလည်း ဖြစ်ထသော။ အမတံ၊ အကြိမ်ကြိမ် အထပ်ထပ် အသေ ကင်းရာလည်း ဖြစ်ထသော။ ခေမံ၊ **ဘေးရန်ခပ်သိမ်း** ကင်းငြိမ်းရာလည်း ဖြစ်ထသော။ နိဗ္ဗုတိံ၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏ စသည်လောင်ပြီး တစ်ဆယ့်

တစ်သီးသောမီးတို့၏ ကင်းငြိမ်းရာအမှန် ပြည့်နိဗ္ဗာန်သို့။ ပရိယေသိဿာမိ၊ တအားထုတ်၍ သုတ်သုတ်လျှင်မြန် ရှာကြံ လိုက်ပါတော့အံ့ သတည်း။ ပရိယေသိဿာမိ၊ နွံကျွံမြုပ်သည့် ဆင်ပြောင် ကုန်းအတက် ရုန်းထွက် သလို အရိုးပဲကျေကျေ အရေပဲပြတ်ပြတ် ယောကျ်ား မြတ်တို့ အားစွမ်းဖြင့် မဆုတ်တမ်း ကြိုးပမ်းအားထုတ် ပါတော့အံ့သတည်း။

သံသရာဝဋ်ထဲ တဝဲလည်လည်နှင့် ဒုက္ခခံနေရသည်မှာ ကြာခဲ့ ကြပြီ၊ ပင်ပန်းလှပြီ၊ နိဗ္ဗာန် အမြန်ရလိုပါ၏ဟု ဆုတောင်းနေရုံနှင့် လွတ်ကြမှာ မဟုတ်ဘူး၊ ကံ့ ဉာဏ်, ဝီရိယ-သုံးပါးစုံ ကြိုးစား၍ ကိုယ်တိုင် အားထုတ်ယူကြရမည်၊ ထို့ကြောင့် ယနေ့မှစ၍ 'သံသရာ ဝဋ်ကို လွတ်အောင်ရုန်းကြစို့ရဲ့'ဟု အထူး တိုက်တွန်းပါသတည်း။

သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ

[ဗုဒ္ဓဓမ္မလောက အတွဲ-၂၂၊ အမှတ်-၃၉ (၁၁၊၃၊၇၇) ၁၃၃၈-ခုနှစ် တပေါင်း လဆုတ် (၈) ရက် သောကြာနေ့မှ ဗုဒ္ဓဓမ္မလောက အတွဲ-၂၂၊ အမှတ် - ၄၀၊ ၁၃၃၉ - ခု၊ ကဆုန်လကွယ်၊ တနင်္လာနေ့ (၁၆၊၅၊၇၇) နေ့ထုတ်အထိ။]

ဓမ္မပဒ ပါဠိတော်၊ ပဏ္ဏတ္တိဝဂ်၊ (၁) ခုမြောက်ဖြစ်သော ဓမ္မသဝနဝတ္ထု၌ မြတ်စွာဘုရားရှင်က 'ချစ်သား ရဟန်းတို့၊ ဤသတ္တဝါတို့သည်ကား- များသောအား ဖြင့် ဖြစ်ရာ နောက်ခံ ဘဝကို မှီကြကုန်သည်ဖြစ်၍ လာခဲ့ကြ၏၊ အတိတ်က လာခဲ့သော နောက်ခံ အကြောင်း ဘဝ တို့၌သာ စိတ်အာရုံ အလေ့အကျင့်၊ စရိုက်ဝါသနာ ငြိကပ်၍ နေလေ့ရှိကြကုန်၏'-ဟူ၍ ဟောကြားတော် မူခဲ့၏။

[ဆရာတော်ကြီးဦး-ဥတ္တမသာရ]

# သံသရာဆိုတာ
# ဘဝအဆုံဆုံပျော်ကြရတာပဲ



၆—[ပဋ္ဌမအကြိမ်]။

သတ္တဝါတို့၏ အသက်ကို သတ်သော
အကုသိုလ်ကံ ဟူသမျှသည်
မိမိပြုသော ကံအကြောင်းနှင့် ထပ်တူ
အကျိုးပေးတတ်၏။

[ဆရာတော်ကြီး—ဦးဥတ္တမသာရ]

## သံသရာဆိုတာ
## ဘ၀အဖုံဖုံ မျောကြရတာမို့

နွားမေတ္တာစာ လေးချိုးကြီးမှ စတုတ္ထအပိုဒ်ကို ဖော်ပါ
‘ဪ….သံသရာဆိုတာ ဘ၀အဖုံဖုံ မျောကြရတာမို့
ဖန်ခါခါ အို, နာ, မရဏ ကြုံကြုံပြီး မျောမှဖြင့်
ကံဇောသာ အခြေတည်တော့တယ်
မသေမီ ဒုစရိုက် မကောင်းမှုဖြင့်
ဖြေမဆည် မှုအမိုက်တွင်းဆီသို့
တက်ဆင်းကာ ကိုယ်သာခံရလိမ့်မယ်
ထိုမှာကံ ပျို့အန်လို့ မရပြီဘူး
ကိုယ်သာဖန် ကိုယ့်ကံရဲ့ အချေပေမို့
အောက်နရက် ငရဲရွာမှာ
နှစ်ကြာကြာ သိန်းချီလို့ ကျက်ရပြီး
တိရစ္ဆာန်, ပြိတ္တာ, အသူရာနယ်မှာ

နူချာလည် ဆက်ရဖြို သတဲ့
ယိုက်ဖျက် အမျိုးကုန်ရှိ
ညှိလူ့တို့ တစ်ဖန်ရောက်ပြုံတော့
ရောဂါစုံ ချူချာလို့ နှောက်တင်ပါသကွယ့်။
ကြောက်ရော တို့အကြောင်းတွေနှင့်
ရေးဖြစ်ဟောင်း အတိတ်ကို ဆောင်ရလျှင်
ဆိတ်တစ်ကောင် သတ်သွဲ့မှု တာကြောင့်
အဆများစွာ ဘဝငါးဆူ
**လည်ဖြတ်ခံ သေရပုံ အထူးကိုမြင့်**
**လွန်ကြူးစွာ သံဝေဂဖြစ်မိပါရဲ့**
ကအခြေခံ ထိုအမှုသွားကို
များသိကြစေနော်။
အခြားသိဖို့ရာ တိုဓဒသနာကို
သေအံချာ မြေ့ကတာကိုးရှုမြင့်
လူသေလျှင် လူမသာ မြောကြနည့်တိုးလိုပ
ကုလားသေတော့ ကုလားသသာ
နွားသေတော့ နွားမသာ ဝေါဟာရ တစ်နှုံးသာမို့
စားသုံးရန် မသတ်ထိုက်ပါဘူး
အကြိုက်အကြိုက် မိုတာဟာ
ပါးစပ်ရပ်လို့ ဆမ်မိုင်းကပ်တဲ့ သဘောပါပဲ
အနှိုက်ဆိုက် ထိုအာသာကို
အကြိုက်သတ် ပိုင်းဖြတ်လို့ မျှော်ကြစို့ရဲ
လူ့လောကီဇာကြည့်ဖို့ အကြောင်းသာပ
ပြည့်ရှာမှာ အဆွေ့ရာ မအောင်ကြစေဖို့
ပေါ်ရင်ရာ ဓမ္မသနာတော်တွေနှင့်
ပေါ်လာပေါ်းတာ နှိုးဆော်လိုက်တဲ့ အခန်းမှာတော့
သိကြရန် အဝါဝါလင်းပါတဲ့
တိရစ္ဆာန် မသတ်ကောင်းကိုသယ်
ရှင်းပယ်ကြအပေါ်ပါး။ ။

## သံသရာလည်ပုံ

သံသရာဆိုသည်မှာ ထပ်ပြန်တလဲလဲ လည်ပတ်နေခြင်းကို ပြောသည်၊ တစ်ဘဝပြီးလျှင် နောင် တစ်ဘဝ ဆက်သွားသည်၊ တစ်ဘဝနှင့် နောင်တစ်ဘဝ အကြား၌ ဘဝမဖြစ်ဘဲ ရပ်နားနေခြင်း မရှိပါ၊ ယင်းသို့လျှင် အရပ်အနားမရှိ တစ်ဘဝပြီးလျှင် နောက် တစ်ဘဝ ပြောင်းရွှေ့ကာ သွားနေကြသည်၊ ဘဝတွေ ပြောင်းကာ လဲကာနှင့် တပြောင်းပြန်ပြန် ကျင်လည်နေရခြင်း သဘောကို သံသရာ လည်သည်ဟု ပြောကြသည်။

ဓာသ် ပါဠိသော စကားဖြင့် ပြောရလျှင် လက်ရှိ ဤဘဝ၏ ရုပ်,နာမ်ကို ထားပစ်ခဲ့ကြပြီး ဘဝသစ် တစ်ခုသို့ပြောင်းကာ ရုပ်,နာမ်ကို ရရှိကြပေဦးမည်၊ တစ်နည်း ရှင်းအောင် ပြောမည်၊ ဤလက်ရှိ ဘဝ၏ ရုပ်,နာမ် ခန္ဓာငါးပါးကို ထားပစ်ခဲ့ရဦးမည်၊ မိမိ ရောက် သွားမည့် ဘဝသစ်၌ ရုပ်,နာမ် ခန္ဓာငါးပါးကို ကံတရားက ဖန်တီး ပေးသလို ရရှိကြပေဦးမည်။

တစ်ဖန် ထိုဘဝသစ်၌လည်း အခြေအနေက အချိန် ပေးသမျှ လောက် ခေတ္တ ရပ်တည်နေရပြီး အခြေအနေက ဘဝ ပြောင်းဖို့ ဖြစ်ပေါ်လာသောအခါ ထိုဘဝ၏ ရရှိနေဆဲ ရုပ်, နာမ်, ခန္ဓာ ငါးပါးကို ထားပစ်ခဲ့ကြပြီးလျှင် ထို့နောက် ဘဝသစ် တစ်ခုသို့ ကပ်ရောက်ကာ ရုပ်, နာမ်, ခန္ဓာငါးပါးကို ဖြစ်တည်ဖန်တီး၍ နေကြ ရပေဦးမည်၊ ထိုရောက်နေဆဲဘဝ၏ ရုပ်, နာမ်, ခန္ဓာ၌လည်း အခြေ အနေက အချိန်ပေးသမျှ ရပ်တည်လှုပ်ရှား၍ နေကြရမည်၊ ဤစာ ဖတ်နေသော တို့သူငါအားလုံးတို့သည် ယခုလက်ရှိဘဝ၏ ရုပ်,နာမ် ခန္ဓာကို အခြေအနေက အချိန်ပေးနေသမျှ အချိန်ပိုင်းသာ ရပ်တည်နေ ကြရဆဲဖြစ်၏၊ ဤ သဘာဝကို ပိုင်နိုင်စွာ မြင်ပါစေ၊ ဉာဏ်ဖြင့် မြင်အောင် ကြည့်ကြပါ။

ပုထုဇဉ်ဖြစ်ကြသော တို့သူငါ အားလုံးတို့သည် ဤပုံဤနည်း ချည်းပင်လျှင် ဘဝဟောင်းကို ထားခဲ့၍ ဘဝသစ်သို့ ပြောင်း ကာ– ရွှေ့ကာ သွားနေကြရသူတို့ချည်း ဖြစ်ကြ၏၊ နောက်ကြောင်း ဘဝတို့၌လည်း ဤပုံဤနည်း လာခဲ့ကြသည်၊ ရှေး သွားကြရမည့်

ဘဝပေါင်းကိုလည်း ကျော်ပုံ၍နည်း ခရီးဆက်ကြရဦးမည်၊ ထိုနည်းတူပုံ အနားမဲ့၊ ဘဝတွေ မဆုံးနိုင်အောင် သွားနေကြရခြင်းကို သိသာရ လည်သည်ဟု ဘုရားရှင် ဟောကြားတော်မူခြင်း ဖြစ်သည်။

## ၆၁. လက်စ မသုံးနိုင်

ဘဝဟောင်း၏ ရုပ်ခန္ဓာကို ထားပစ်ခဲ့ပြီး ဘဝသစ် တစ်ခုသို့ ပြောင်းရွှေ့ သွားရခြင်းကို သေသုံးစကားဖြင့် စုတေရွှေ့လျောသည်၊ အနိစ္စရောက်သည် ဟု ပြောဆိုကြ၏၊ အရပ်စကားမှာ သေသွားသည် ဟု ပြောကြ၏၊ အသက်ဒီဃာဝဥ်ချုပ်ငြိမ်းသွား၍ ပျောက်သည်၊ ကွယ်သည်၊ လွန်သည် ဟူ၍ အဓိပ္ပာယ်တူ စကားပရိယာယ်များဖြင့် ယဉ်ကျေး အောင် သုံးနှုန်းပြောကြသေး၏၊ သွားလာ လှုပ်ရှားနေခြင်း- မျက်စိ ရှေ့၌ မမြင်ကြရတော့၍ ကွယ်လွန်သွားပြီ ဟု ပြောကြခြင်းဖြစ်သည်။

ဘဝသစ်သို့ ပြောင်းသွား၍ လက်ရှိဘဝ၏ ရုပ်ခန္ဓာကြီးကို ထားခဲ့သောအခါ မနုဿသဘောဖြင့် ရွှေ့လျောရှာပြီ၊ ရဟန်းပုဂ္ဂိုလ် ဖြစ်လျှင် ပျံလွန်တော်မူသွားရှာပြီ၊ လူဖြစ်လျှင် သေသွားရှာပြီဟူ၍ ပြောဆိုလေ့ရှိကြ၏၊ ထိုအချိန်တွင် ထားခဲ့သော ရုပ်ကြွင်းခန္ဓာကို ကြည့်၍ တစ်ခဏအတွင်း ထမင်းလက်စုံစား အပေါင်းအသင်းတို့က ငိုကြွေးကြသည်၊ ပရိဒေဝမီး တောက်လောင်ကြသည်၊ ဝမ်းနည်း ကြေကွဲကြသည်၊ ဤဘဝကို မလွန်မြောက်နိုင်ကြသေးသမျှ (ပုထုဇဉ် ဘုံ၌ပင် တည်ရှိနေကြသေးသမျှ) သေလက်စလည်း မဆုံးနိုင်ကြပါ၊ ငိုကြွေးပူဆွေးခြင်း၊ အသုပ်ပို့တွေကလည်း ဆုံးနိုင်ကြမည်မဟုတ်ပါ၊ ဤဘဝကို မြင်အောင်ကြည့်ကြပါ၊ ကြည့်ဖန်များလျှင် မြင်လာမည်၊ သဘာဝကို မြင်လျှင် တရားမြင် ပေါက်စပြုပြီဟု မှတ်ပါ၊ ဤကား- ဘဝသဘာရကို မြင်စေရန် နည်းပေးခြင်းတည်း။

## မထူးဆန်းသော ၆၂ သေခြင်းပါ

အနိပါ သဘာဝကို မြင်အောင် ဉာဏ်ဖြင့် ကြည့်တတ်၍ စိတ် ထဲက သိလာပြီးလျှင်- 'လူ့လောကမှာ သေခြင်းဆိုတာ အဆန်း

မဟုတ်ပါ၊ ဘဝတိုင်းရဲ့ ဖြစ်ရိုးထုံးစံ မှုဟောင်းကြီးပါ၊ မဆန်းသော ကြောင့် သေကြတဲ့အခါမှာ ဝမ်းနည်းနေရောလဲ မဟုတ်ပါဘူး၊ မသေမီကာလ အချိန်ရှိနေတုန်း ယခုကာလအတွင်း၌ ရှေ့သွားရမည့် ဘဝခရီးအတွက် ရိက္ခာ ပါသွားအောင် ဒါန၊ သီလ၊ ဘာဝနာတွေ ရနိုင်သမျှ စုဆောင်း ယူသွားကြရတော့မယ်' ဟူ၍ မိမိစိတ်ကို ပိုင်ပိုင် ဆုံးဖြတ်၍ ပိုင်နိုင်အောင် စေခိုင်း၍ လုပ်ဖြစ်အောင် အားထုတ် သွားဖို့သာ လိုရင်း ဖြစ်၏။

စဉ်းစားကြည့် နည်းပြောမည်– 'အို၊ နာ၊ သေခြင်း ဒုက္ခအား ဆိုတာ မပြေး၍လွတ်နိုင်တဲ့ သဘောတရားမဟုတ်ပါ၊ ဖြစ်ရိုးဖြစ်စဉ်သာ ဓမ္မတာ ပါ၊ သူနေရာ ငါနေရာ အခြားသူများနေရာ မလွတ်ပါ၊ ဘဝတွေ ရှိနေ သေးသမျှ သတ္တဝါအားလုံး အိုရမယ်၊ နာရမယ်၊ သေရမယ် ဆိုတာ တွေ အားလုံး ခံစားကြရမဲ့ဖြစ်တယ်၊ အမှန်ကတော့ ဘဝတွေ၌ နေ၍ ကြုံနေရတဲ့ ဘဝဒုက္ခဘေးတွေပါ' ဟူ၍ ဘဝနှင့် ဒုက္ခကိုယှဉ်၍ ဒုက္ခသဘောကို မြင်အောင်ကြည့်ပါ၊ ဆင်ခြင်ကြည့်ပါ များလျှင် သဘာဝကို အခြေခံလောက်တော့ မြင်လာမည်မှတ်ပါ။

## ကိုယ်တိုင်တွေ့ရမည်ကို ကြိုတင်သိထားနည်း

ရုပ်နာမ် ခန္ဓာနှင့်စပ်လျဉ်း၍ ဒုက္ခ၏ သဘောတရားကို အခြေခံ မြင်ထားဖူးပြီဆိုလျှင် လူဖြစ်ရကျိုးနပ်ပြီမှတ်ပါ၊ နောက်တစ်နေ့ အချိန် တွင် အိုရခြင်းဒုက္ခသဘောကို လက်တွေ့ခံစားရလိမ့်မည်၊ (ကိုယ်တိုင် မတွေ့ရသေးခင်) သူတစ်ပါးအို၍ အိုရခြင်းဒုက္ခ ခံစားနေရပုံများကို အိုမင်းမစွမ်း ဖြစ်နေကြရသော အဘိုးအို၊ အမယ်အို၊ ဘုန်းကြီးအို၊ ဆရာတော်ကြီးတို့ကို စိတ်ဝင်စားအောင် တစေ့ တစောင်းကြည့်ပါ၊ ရုပ်ခန္ဓာကြီး မနိုင်ခံ့တော့၍ သယ်ဆောင်နေရပုံမှစ၍ ပင်ပန်းရှာကြ ပုံကို မြင်တွေ့ကြရပါလိမ့်မည်။

ရုပ်ခန္ဓာ၏ နာရခြင်း ဒုက္ခသဘောကိုမူ မအိုခင်မှာပင် အကြိမ် ကြိမ် ကိုယ်တိုင် လက်တွေ့ ခံစားကြရဖူးပြီး ဖြစ်ကြမည်၊ နာရခြင်း ဒုက္ခသဘော လက္ခဏာကို တစ်ကြိမ်, တစ်ခါလောက် ပြင်းစွာ ဖျားနာ ဖူး၍ အိပ်ရာ၌ ရက်အနည်းငယ် နေရဖူးပြီးဖြစ်ကြမည်၊ ထိုအခါသည်

နာရခြင်း ဒုက္ခသဘော ကိုယ်တိုင်ခံစားကြည့်ဖူးသူ ဖြစ်သည်၊ သို့ထက်သာသော နာရခြင်း ဒုက္ခကို သိမြင်လိုသေးလျှင် လူလောကကြီးတစ်ခွင်ပယ် ရောဂါဝေဒနာ ခံစားနေကြရသူ ဒုက္ခသည်တွေ ဆေးရုံတိုင်း၌ရှိကြ၏၊ ဆေးရုံပေါ် တက်ကြည့်လျှင် အချိန်မရွေး တွေ့မြင်နိုင်၏။

'ငါသည် အတိတ်ဘဝဟောင်း ပါဏာတိပါတကံနည်းပါး၍ သူတို့လို မခံစားရခြင်းကို ကျေနပ်ရသေး၏၊ သူတစ်ပါး အသက်သတ်ခြင်း- သူတစ်ပါး၏ ရုပ်ခန္ဓာကို နာကျင်အောင် လုပ်ဖူးခြင်း- ချို့ယွင်း ပေါက်ကွဲအောင် လုပ်ဖူးခြင်း မရှိ၍ ငါ၏ခန္ဓာမှာ ယခု ကျန်းမာသန်စွမ်းလျက် ရှိနေတာဖြစ်ရမယ်၊ ဒါ့ကြောင့် လူ့ဘဝရခိုက် အသိအမြင်ရှိခိုက် သူတော်ကောင်းတရား စကား ကြားနာဖူးပြီး ဖြစ်သော ငါသည် သတ္တဝါတို့၏ အသက်ကို သတ်ဖြတ်ခြင်း မကောင်းမှု လွတ်ကင်းအောင် ငါရှောင်ကြဉ်မည်' ဟူ၍ မိမိ၏ စိတ်ကို မြဲမြံစွာ ဆုံးဖြတ်ထားပါ၊ ဤကား သန့်ရှင်းစွာ သံသရာလည်နည်းကို သင်ပေးနေခြင်း ဖြစ်သည်။

ဘဝ၏အဆုံး နိဂုံးပိုင်း ရောက်သော်လည်း ပါဏာတိပါတကံ ကင်းရှင်းသူများသည် သေချိန်ရောက်၍ သေရသည့် ဒုက္ခ ဝေဒနာ တမ်းတစ်ရာ ပြောပလောက်အောင် ခံစားနေရခြင်းမရှိ၊ ဤကား- ကံစင်ကြယ်လျှင် နေရာတိုင်း၌ ကောင်းကျိုးရှိနိုင်၏ ဆိုသည်ကို လူတိုင်း နားလည်ထားကြရန် ဓမ္မဖတ်ပရိသတ်အား တရားသဘော ပြောဟော ခြင်းပါတည်း။

လူ့ဘဝရောက်လျှင် သေရခြင်းဒုက္ခ မကြုံတွေ့ရသေးမီ အိုရခြင်း- နာရခြင်း ဒုက္ခကို ကြိုတင်တွေ့ရမြဲဖြစ်၏၊ ဘဝဒုက္ခဆိုသည်တွင် အိုနာသေဘေးကို အဓိကထား ဟောပြောလေ့ရှိကြရသည်။ သေရခြင်းကို အသန်းမဟုတ်သလို အိုရခြင်းလည်း မဆန်းပါ၊ နာရခြင်းလည်း မဆန်းပါ၊ တစ်ခုသတိပြုရမည်ကား နာရခြင်းဒုက္ခ မခံစားလိုလျှင် ပါဏာတိပါတကံကို အထူးပြု ရှောင်ရှားရမည် ဆိုသည်ကို ပိုင်နိုင်စွာ နားလည် မှတ်သားထားကြရာ၏။

သံသရာတစ်ခွင် ဘဝတွေ တစ်ဆက်တည်း မပြတ်မနား ဖြစ်လာခဲ့ကြရာတွင် 'အို့၊နာ့၊သေရေး ဒုက္ခဘေး' ကိုတော့ ဖြစ်ရိုးစဉ်လာမို့

တို့သူငါ အားလုံး ခံစားခဲ့ကြရပြီး လက်ရှိ မူဟောင်းကြီး ဖြစ်နေကြရပါပြီ၊ ထိုဖြစ်စဉ် လမ်းရိုးကြီးကို 'ဒုက္ခဘေး' ဟူ၍ ပြောဆိုနေကြသကဲ့သို့ သူတော်ကောင်းတို့၏ တရားသဘောဖြင့် ကြည့်လျှင် (ဒုက္ခဘေး) အမှန်ပင် ဖြစ်၏၊ အကြောင်းမှာ-'အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ တို့နောက် ဘဝတစ်ခုသို့ ကပ်ရောက်၍ ရုပ်, နာမ်, ခန္ဓာ သစ်တည်ဆောက်ရပြန်ခြင်း' ဖြစ်ရပ်အားလုံးသည် ဒုက္ခချည်းသာဘည်း၊ ထို့ကြောင့် အို,နာ,သေရေး ဒုက္ခဘေးဟု ဘုရားရှင် ဟောတော်မူခြင်းဖြစ်သတည်း။

## ကြည့်တတ်လျှင် ဝိပဿနာ

**အဆိုပါသဘောတရား လက္ခဏာကို စေ့စေ့တွေး၍ ကြည့်ရှုတတ်လျှင် ဆင်းရဲချက် လေးနက်ပုံကို** မြင်လာမည်၊ စေ့စေ့တွေး၍ ကြည့်ရှုလေတိုင်း ဘယ်အတွက်မှ ချမ်းသာမှု မရှိပုံကို ကွင်းကွင်းကွက်ကွက် မြင်ပါမည်၊ မြင်လာလျှင် ဘဝတွေကို ငြီးငွေ့လာလိမ့်မည်၊ ဘဝတွေ ကျင်လည်နေရခြင်းကို ချမ်းသာမှု ဟူ၍ အကွက်ရှာမတွေ့ရပြီဆိုလျှင် ခရီးရောက်တော့မည်၊ ဝိပဿနာပိုင်း အစပြုပြီမှတ်၊ လောကမှ လွတ်မြောက်ရန် လမ်းစ ရှာချင်လာတော့မည်တည်း။

လောလောဆယ်အားဖြင့် လူ့ဘဝ ခေတ္တ ရနေခိုက်အတွင်း အသက်မွေးဝမ်းကျောင်း အလုပ်ကို မလွှဲမရှောင်သာ၍ လုပ်ဆောင်နေရသော်လည်း—

> 'မတရားလောဘ စိတ်မျိုးတွေ၊ စိတ်ချမ်းသာမှုကို
> မပေးသော ဒေါသတွေ၊ ကောဓတွေကို လွတ်ကင်း
> နေမည် ဖြစ်၏၊ ဤသည်ပင် လက်ငင်း ရနေသော
> ကောင်းကျိုးဖြစ်၏'

'လူ့ဘဝမှာ မတရား လောဘတွေ၊ ကောဓတွေ၊ မာနတွေ၊ ဣဿာ, မစ္ဆရိယ စသော စိတ်ယုတ်မာတွေ ငါ၏ စိတ်သန္တာန်တွင် ဝင်မလာစေရဘူး' ဟူ၍ ဆုံးဖြတ်ကာ တားဆီးထားသကဲ့သို့ အလိုမရှိလျှင် အလိုလို ဖြစ်ပေါ်နေပုံ ကိုယ်တွေ့ သိကြရပါမည်၊ ဤသည်လည်း လက်တွေ့ အကျိုးတရား ရနေခြင်းပါတည်း။

## ကြောက်ရမည့် ဂတိလမ်းမှား

သံသရာ ကျင်လည်နေကြရာတွင် (သတ္တလောက) ဟု ခေါ်ဆို ရသော သတ္တဝါတို့၏ ... မြင့် ကိုယ်ဟန် အမျိုးမျိုးဖြင့် သံသရာ ကျင်လည်နေကြရ၏၊ ယင်းသို့ ကျင်လည်နေရခြင်းက ကြောက်ဖို့- လန့်ဖို့ ကောင်းသော အချက်ကိုပြောမည်၊ လူ၏ဘဝကို အရှေတော်မှာ ရကြ ပြီးကာမှ သေလွန်ပြီးနောက် 'ငရဲကျရမည့်အရေး၊ တိရစ္ဆာန်ဖြစ်သွားရ မည့်အရေး၊ ပြိတ္တာဖြစ်သွားရမည့်အရေး၊ ကာလကဉ္စိက စသော ဆင်းရဲ ကြီးသည့် အသုရာဘဝမျိုးသို့ ကျရောက်သွားရမည့် အရေး'ကို သတိပြု မိသူဖြစ်လျှင် ကြောက်လန့်ဖို့ ကောင်း၏။

'ပုထုဇဉ်ဘုံ၌ မြဲ ရှိနေကြသော လေးအပါယ်ဂတိ အမြဲ မရှိသည့် ငါတို့ သူတို့ အားလုံး တွေး၍ ကြောက်တတ်ရသည်၊ အမှန် ကြောက်ထိုက် သော ဘဝလမ်းဆိုးဖြစ်သည်' ဟု သတိရှိနေရမည်၊ ထို့ကြောင့် ကံအား လျော်စွာ လူ့ဘဝ ရနေကြခိုက် အချိန်ကောင်းမှာ 'စားသောက် နေရ အိပ်နေရ- ပျော်ပါးနေရသောက် ပေါ့ပေါ့ဆဆ နေ၍မဖြစ်ပါ၊ အနုပဿနာ ရောက်ပြီးသော ပုဂ္ဂိုလ်မြတ်တို့သာ အခိုပါ ဒုဂ္ဂတိ ဘဝမျိုး သို့ ကျရောက်ခြင်း ကင်းလွတ်နိုင်ကြသည်' ဟု နားလည်ကြ ရာ၏။

### ဘဝကျင်လည်ပုံ လေးနှစ်သွယ်

'ခြောက်... သံသရာဆိုတာ ဘဝအဖုံဖုံ မျောကြရတာမို့
ဖုံးခါဝါ အိုနာမရဏ ကြုံကြုံပြီးမျောမှုဖြင့်
ကံဇာသော အခြေတည်တော့တယ်
မသေမီ ဒုစရိုက် မကောင်းမှုဖြင့်'

နှားမေတ္တာစာ လေးချိုးကြီး၌ ဝတ္ထုအပိုင်းတွင် ရေးသားခဲ့ သလိုပါ၊ သူ့ငါ အားလုံး ဘဝသံသရာကြီးထဲမှာ လည်နေကြသည်၊ နေ့စဉ် လည်နေကြ၏၊ ညစဉ် လည်နေကြ၏၊ 'ရဟတ်ခြားကဲ့သို့ မရပ်မနား ဘဝတွေခြား၍ ခြား၍ လည်သွား နေကြရဦးမည် သာတည်း။

ထို့ကြောင့် စာဖတ်ပရိသတ်အား ကျုပ်တွင် သတိပေးပါမည်၊ လွန်ခဲ့ပြီးသော နောက်ဘဝတို့မှ သံသရာ လည်ခဲ့ကြပုံကို မသိကြပါ၊ ထိုနည်းတူ ရှေ့ဆက်သွားရမည့် မိမိ၏ ဘဝသံသရာ ခရီးကိုလည်း

ဘယ်သူမှ ကေန်တိတိ သိပြီးသူ ရှိကြမည် မဟုတ်ပါ၊ ဗုဒ္ဓဘာသာလူမျိုးများသည် ဆရာကောင်းကြီးတွေ ကိုယ်စီ ရှိနေကြ၍၊ ထို့ကြောင့် သိအောင် လုပ်နည်း ရှိပါသည်။

သိအောင် လုပ်နည်းဆာ မကာပါ၊ မိမိသွားလိုရာသို့ ဖြောင့်တန်းစွာ ရောက်နိုင်သော ကျိန်းသေ နည်းကောင်း နည်းမှန်တွေ ရှိပါသည်၊ ဤတွင် လွယ်လွယ်သိကြရန် နည်းကိုပြောမည်။

ဦးစွာ ကောင်းရာသွားလမ်းနှင့် မကောင်းရာသွားလမ်း နှစ်မျိုးသာ ပိုင်စွာ သိမြင်ထားလျှင် အသိရော၊ အမြင်ရော ရှင်းပါမည်၊ လမ်းသိထားလျှင် ခရီးသွားယောကျ်ားသည် လမ်းဆိုး လမ်းကောင်း ခရီး (၂) ကြောင်းတွင် ကြိုက်ရာလိုက်သွားနိုင်သည် မဟုတ်ပါလော။

ခရီးသွား ယောကျ်ား၏ လမ်းဆိုး လမ်းကောင်း ခရီး (၂) ကြောင်းတွင် ကြိုက်ရာသို့ လိုက်သွားနိုင်သကဲ့သို့ သံသရာ ဘဝခရီးသည် ဖြစ်နေဆဲ ရှိကြသော (ပုထုဇဉ်) တို့, သူငါ အားလုံးတို့သည်လည်း လမ်း (၂) ကြောင်းကို ကြိုက်ရာ ရွေးချယ် လိုက်ကြရမည်။

၁။ ဒုဂ္ဂတိ-အပါယ်ဘုံ ဘဝသို့ သွားရာ လမ်းဆိုး ခရီး တစ်ကြောင်း၊

၂။ သုဂတိ-လူ့ရွာနတ်ဘုံ၊ ကောင်းရာဘဝသို့ သွားရာ လမ်းတစ်ကြောင်း၊

လိုရင်းအချုပ်မှာ ဤလမ်း (၂)မျိုးကို ရှင်းစွာ သိမြင်ထားကြလျှင် ရှေ့ခရီးဆက်ရန် လွယ်ပါသည်၊ တွေဝေနေရန် မရှိနိုင်ပါ၊ ကြိုက်ရာ လမ်းသို့ လိုက်နိုင်ကြသည်၊ လိုက်နိုင်သော နည်းလမ်းတွေ ဆက်လက် ပြသွားမည်၊ စိတ်ကြိုက် ရွေးဖို့သာ မိမိတို့ တာဝန်ဟု မှတ်ကြ။

ဒုဂ္ဂတိလမ်း ဆိုသည် အပါယ်လေးဘုံသို့ ရောက်စေသော လမ်းဖြစ်၍ သုဂတိ လမ်းကောင်း ဆိုသည်မှာ ကာမသုဂတိ (၇) ဘုံနှင့် အထက် ဗြဟ္မာဘုံသို့ ရောက်စေနိုင်သောလမ်း၊ ရောက်ကြောင်း ဖြစ်သောလမ်း (ကျင့်စဉ်) ကို ပြောခြင်း ဖြစ်သည်။

## အတိုကောက် မှတ်စရာပုဒ်

အစမ္မော နိရယံ နေတိ၊
ဓမ္မော ပါပေတိ သုဂတိံ။

အဓမ္မော၊ သူယုတ်တို့၏ ဒုစရိုက်တရား ဆယ်ပါးသည်။
နိရယံ၊ အောက်ငရဲဘုံသို့။
နေတိ၊ ဆောင်သွားတတ်၏။

ဓမ္မော၊ သူတော်ကောင်းတို့၏ သုစရိုက်တရား ဆယ်ပါးသည်။
သုဂတိံ၊ သူတော်ကောင်းတို့၏ ကျင်လည်ရာ လူ, နတ်, နိဗ္ဗာန်
သုံးတန်သော ချမ်းသာမြတ်သို့။
ပါပေတိ၊ ရောက်စေတတ်၏။
(ရောက်ကြောင်း အကျင့်မှန်ဖြစ်၏) ဟူ၍မှတ်ပါ။

မြတ်စွာဘုရားရှင်က မကောင်းရာ ဘဝသို့ ဆောင်ယူသွားနိုင်ကြောင်း လမ်းဆိုးနှင့် ကောင်းရာဘဝသို့ ရောက်နိုင်ကြောင်း လမ်းကောင်းကို ရှင်းစွာ ခွဲခြား၍ ဟောကြားတော်မူခဲ့၏၊ ထိုလမ်းနှစ်သွယ်သို့ ရောက်စေသည့် တရားခံ အကြောင်းရင်း နှစ်ရပ်ကိုပါ သော်က် ပြ၍ ရှင်းစွာ ဟောကြား ဆုံးမတော်မူခဲ့၏။

ထပ်၍ တစ်ကြိမ်ပြောရလျှင် သံသရာကျင်လည်ရာတွင် အဆိုပါ လမ်းနှစ်သွယ် ရှိကြောင်း နားရှင်းစွာ သိထားမည်၊ သိပြီးလျှင် မိမိတို့၏ စိတ်ဆန္ဒရှိရာလမ်းကို လိုက်ကြဖို့ သံသရာလောကကြီးထဲ ဘယ်လမ်း လိုက်ရမည်မသိ ဖြစ်နေရှာကြသော သတ္တဝါတို့အား ဘုရားရှင်က မိန့်ကြားတော်မူခဲ့၏။

'မျက်စိ လည်နေရန် မလို–ဘယ်လမ်းသွားရလျှင် ကောင်းမည်နည်း' ဟူ၍ ဝေ့လည်လည် လုပ်နေရန်လည်း မလိုပါ၊ ကြိုက်ရာလိုက်ကြဖို့ ရှင်းရှင်းမိန့်ဆိုလားခဲ့ပြီးဖြစ်၏။

အထက်လမ်းနှင့် အောက်လမ်း၊ လမ်းကောင်းနှင့် လမ်းဆိုးကိုနှစ်သွယ်သို့ လိုက်လိုရာ မိမိတို့ကိုယ်တိုင် ဂတရား ဖန်တီးယူကြမြဲ

ဖြစ်သည်၊ အမှန်မှာ လမ်းနှစ်သွယ်ရှိနေကြောင်း မိမိ၏ စိတ်တွင် ရှင်းရှင်း သိထားဖူးခြင်း မရှိသော်လည်း သိကား သိနေ၏၊ ကြား တော့ ကြားဖူး၏၊ မိမိ စိတ်ဝင်စားဖူးခြင်း မရှိသော်လည်း လူနှင့် တကွသော သတ္တဝါအားလုံးတို့သည် အဆိုပါ လမ်းနှစ်သွယ်တွင် တစ် ခုခု အတွက် ဖန်တီးယူနေကြသူတို့ချည်း ဖြစ်ကြ၏၊ သဘာဝအမှန်ကို သဘောပြုကြည့်တတ်လျှင် နေရာဒေသတိုင်း၌ အချိန်မရွေး တွေ့ကြ၊ မြင်ကြရပါမည်။

ပုထုဇဉ်တို့၏ သဘာဝ မိမိတို့ စိတ်ကြိုက်ရာ ဖန်တီးမိလျက်သား ဖြစ်မှန်းမသိ ဖြစ်သွားကြရသောကြောင့် သူတော်ကောင်း၊ အဖော် ကောင်း ရသူတို့က သေပြီးနောက် ကောင်းရာဘုံ၊ ကောင်းရာဘဝသို့ ရောက်သွားကြရ၏ သူတော်ကောင်း၊ အဖော်အမှီကောင်း မရရှာသူ တို့က မကောင်းမှုတွေကို ဖန်တီး ယူမိလျက်သား ဖြစ်ကြ၍ သေပြီး နောက် မကောင်းရာ ဘဝ-ဒုက္ခ ကြီးစွာခံစားရသော အပါယ်လေးပါး သို့ ရောက်သွားရှာကြ၏။

ဤတွင် ရှေးအခါက မကောင်းမှု ဒုစရိုက်တွေကို မိုက်မိုက် ကန်းကန်း ဖန်တီး ယူမိကြသူတို့၏ ဖြစ်ရပ်သာဓိုင်း ဝတ္ထုကြောင်း အနည်းငယ်ကို နမူနာ သိနိုင်ကြရန် ထုတ်ပြပါမည်၊ မကောင်း သော အပါယ် ၄လေးပါးသို့ ဆောင်ပို့တတ်သော ဒုစရိုက် တရား ၁၁-မျိုးတို့ထဲမှ ရက်စက်စွာ သတ္တဝါကို သတ်ဖြတ်ရသော 'ပါဏာတိ ပါတ' ကို ဖန်တီးသွားသူ၏ ဖြစ်ရပ် ဝတ္ထုကြောင်းကို ဤတွင် ဖတ်ကြ ရပါမည်။

## စုန္ဒ ဝက်သတ်သမား ဝတ္ထု

နွားသား စားချင်သူသည် နွားသတ်ရုံအတွင်းသို့ သတ်မည့် နွား ဘယ်လိုဆွဲခေါ်သွားကြပုံ၊ ချည်တိုင်၌ ဘယ်ပုံတုပ်နှောင်၍ ချည် ထားပုံ၊ ထက်စွာသော ဓားတုတ်တုတ်ကြီးနှင့် လည်ကုတ်မှ ခုတ်ပိုင်းချ လိုက်ပုံ၊ ခေါင်းပြတ်ကျသွားသော နွားကြီးသည် လည်ချောင်းမှ သွေး တွေ ပန်းထွက်ကျလာပုံ၊ ခေါင်းပြတ်ပြီးသော နွား မသာကောင် ကိုယ်ခန္ဓာကြီးက နွားသတ်သော သမံတလင်းပေါ်၌ လဲကျသွားပြီး တုန်တုန်ယင်ယင်ကြီး ဖြစ်နေကြပုံ၊ ထို့နောက် နွားသား ရောင်းချလို

သူက တုန်နေဆဲ ကိုယ်ခန္ဓာမှ နွားရေ ခွာချပုံ စသည်ကို သိမြင်ထားကြရမယ်’ဟူ၍ ရှေးဝံသာနုခေတ်ဆီက ဘေးမဲ့ဆရာတော်ဘုရားကြီး စသည်တို့က မိန့်တော်မူခဲ့ကြဖူး၏၊ ဤကား- မြို့ကြီးများ၌ နွားသတ်ကုလားတို့ သတ်ဖြတ်နေကြပုံနည်း ဖြစ်သည်။

လေးစားအပ်သော ရှေးဆရာတော်ကြီးတို့၏ မိန့်ခွန်းတော်ကဲ့သို့ နည်းတူပင်လျှင် ဝက်သား စားလိုသူများသည်လည်း ဝက်ကောင် အရှင်ကြီးမှ ဝက်သားဖြစ်လာအောင် ဘယ်ပုံ သတ်ဖြတ်ကြပုံကို လေ့လာရန် လို၏၊ ဝက်သတ်ရုံထဲသို့ ဝက်များကို ဘယ်ပုံဆွဲယူကြပုံ၊ ဝက်ကြီးများက သေရမှာ ကြောက်ရှာကြ၍ အစီစီ ပွက်သကဲ့သို့ ပတ်ဝန်းကျင်ရပ်ကွက် အားလုံး နားမချမ်းသာအောင် ဆူညံနေသည် အထိ အော်ဟစ်ကြပုံ၊ ဝက်သတ်ရာနေရာ၌ တုပ်နှောင်၍လှဲချလိုက်ပုံ၊ ဆူညံစွာ အော်ဟစ်နေဆဲမှာပင် ဝက်သတ်သမား တရုတ်ကြီးက ထက်စွာသော လှံကြီးဖြင့် ဝက်၏ ရင်ဝကို ဆောင့်၍ ဆောင့်၍ ထိုးသတ်ခြင်းခံရပြီးနောက် ဝက်ကြီးမှာ တုန်တုန်ယင်ယင်နှင့် ခြေလက်များ ဆန့်ဆန့်ဆန့်ဆန့် ဖြစ်ကာ အော်သံ တိတ်သွားရှာပုံ၊ ကို့နောက် ဝက်သားရောင်းချမည့်သူက ရေနွေးဖျန်းကာ ဝက်မွေးတွေ ခြစ်ချပုံ၊ ထိုနောက် ခုတ်ပိုင်း၍ ကားပေါ်တင်ပြီး ဈေးသွင်းချန် ယူသွားကြပုံ စသည်ကို မျက်မြင် ဖြစ်ကြအောင် ကြည့်ကြရန် လိုသည်ဟု ဤအရှင်က အကြံပေးပါသည်။

အဆိုပါသည် ဤခေတ်မြို့ကြီးများ၌ တရုတ်တို့၏ ဝက်သတ်ကြပုံနည်း မူကြမ်းဖြစ်၏၊ အောက်တွင် ရှေးခေတ် ဝက်သတ်သမား တစ်ဦး၏ ဝက်သတ်ပုံ ဟန်ပန်ကို ကြည့်ကြလော့။

## စုန္ဒဆိုသူ၏ ဝက်သတ်ပုံ

မြတ်စွာဘုရားရှင် လက်ထက်တော် အခါက ဝက်ကိုသတ်ပုံနှင့် ဝက်သတ်သမား ဘယ်ပုံ ဒုက္ခခံစားပြီး သေပုံ၊ သေပြီးနောက် ရောက်သွားရသော ငရဲဘုံဘဝ ကြောင်းရာဖြစ်သည်။

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်မြို့ ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးလျက် နေတော်မူစဉ်အခါ ရာဇဂြိုဟ်မြို့တွင်း၌ စုန္ဒ အမည်

ရှိသော ဝက်သတ်သမား တစ်ယောက်ရှိသည်၊ သူ၏ စိတ်ဆန္ဒသည် ကောင်းသော သမ္မာအာဇီဝ အလုပ်မျိုးကို မလုပ်လိုပါ၊ ကြမ်းတမ်းခက်ထန်စွာနှင့် သတ္တဝါတို့၏ အသက်ကို ကိုယ်ချင်းမစာ ရက်စက်စွာ သတ်ဖြတ်ရသော သားသတ်သမား အလုပ်ကိုသာလုပ်၍ ဇနီး, မယားသမီး, သားတို့ကို လုပ်ကျွေးခြင်း ပြုချင်သူဖြစ်၏။

သူ၏ ပုံမှန်လုပ်သော အလုပ်ကား တောလက် ကျေးရွာများသို့ လှည့်လည်သွားလာ၍ ဝက်မွေးမြူသောသူတို့၏ ထံမှ ဝက်ငယ်များကို ဆန်ပေး၍၊ စပါးပေး၍ အဖိုးချိုသာစွာဖြင့် ဝယ်ယူခဲ့ပြီးလျှင် သူ၏ အိမ်နောက်ဖေး၌ ခြံခတ်ပြီး သိုလှောင်ထားသည်၊ မကောင်းသော အညစ်အကြေးများနှင့် ရောနှောကာ ဝက်စာ ဖန်တီး ကျွေးသည်၊ ဝက်များ ကြီးထွားလာကြ၍ သတ်ရန်အလိုရှိသောအခါ (ယခုခေတ်) အချို့သော လူများသည် အိမ်၌ ကြက်တွေ ခြံနှင့် လှောင်ထားပြီး အလိုရှိသောအခါ ထုတ်ယူသတ်၍ ဟင်းချက်စားလေ့ ပြုကြသကဲ့သို့ အလိုရှိသော ဝက်ကို တစ်ကောင်ချင်း ရွေးထုတ်ယူသည်။

ဤ၌ စုန္ဒ၏ ဝက်သတ်ပုံကို ကြည့်ကြကုန်လော့၊ သတ်မည့်နေရာ၌ မရုန်းရှားနိုင်အောင် တင်းကြပ်စွာ ကြိုးဖြင့် ချည်နှောင်သည်၊ ပြီးလျှင် ထိုဝက်ကို ကိုယ်ရေအသား ဖောင်း၍ ပွလာစေရန် အထောင့် လေးဘက်ရှိသော တုတ်ချောင်းဖြင့် တစ်ကိုယ်လုံး နှံ့စပ်သွားအောင် ရိုက်ပုတ်သည်၊ နာနာကြီးရိုက်ပုတ်ပြီးလျှင် ဖူးဖူးရောင်၍ အခေါက်အသားဖောင်းပွလာသောအခါ ဝက်၏ ပါးစပ်ကို နာနာကြီး ဖွင့်ကာ အာခေါင်အတွင်း၌ တုတ်ချောင်းဖြင့် ထောက်၍ ကျားကန်ထားသည်။

ထို့နောက် ကျိုက်ကျိုက်ဆူနေသော ရေနွေးကို သံခွက်ဖြင့် ခပ်ယူကာ ဝက်၏ ခံတွင်းထဲသို့လောင်းချသည်၊ ပူလောင်လှသော ရေနွေးသည် ဝမ်းတွင်းသို့ ဝင်ရောက်ပြီး အစာဟောင်းများကို တိုက်မျှောကာ အောက်သို့ ဒလဟော ထွက်ကျစေသည်၊ ဤနည်းဖြင့် ထပ်ကာတလဲလဲ ဝမ်းတွင်းရှိ အစာဟောင်းများ အားလုံးကုန်စင်၍ ရေကြည်ကျလာသည့်တိုင်အောင် ပြုလုပ်သည်။

ဝမ်းတွင်း စင်ကြယ်သည်ဟု သိရသောအခါ ကျန်ရှိနေသော ရေနွေးများကို ဝက်၏ကျောကုန်းပေါ်၌ သွန်းလောင်းချကာ ကိုယ်

ပေါ်ရှိ အညစ် အကြေးများအားလုံး စင်ကြယ်အောင် ဆေးကြော သည်၊ ထို့နောက် ကိုယ်ပေါ်၌ ကြွင်းကျန်နေသော အမွေးများကို အရှင်လတ်လတ်ကြီး မီးကြိုက်၍ အလုံးစုံ အတွင်းအပြင် သန့်ရှင်းခြင်း ကိစ္စပြီးလေလျှင် ထက်မြသော ဓားဖြင့် ဦးခေါင်းကို လည်တိုင်မှ ဖြတ်ပိုင်းချလိုက်သည်၊ ရက်စက်မှုဘဝတော့ ကမ်းကုန်ပေ၏။

ထိုအခါ လည်ပြတ်မှ ထွက်ကျလာသော သွေးရည်များကို ခွက်ဖြင့် ခံယူထားပြီး ခုတ်ထစ် ဖြတ်လှီးထားသော အသားပိုင်းများ အပေါ် သွန်းလောင်းကာ ရောနှော နယ်ဖတ်ကာ ချက်ပြုတ်သည်၊ ကျက်ပြီးသော ဝက်သားဟင်းကို ဇနီး, သား, သမီး တို့နှင့် အတူ ဝိုင်းဖွဲ့ကာ စားကြသည်၊ ကျန်သော အသားများကို မပုပ်ခင် အရပ်ထဲ လည်၍ ရောင်းချသည်။

စုန္ဒ ဝက်သတ် သမားသည် ဤပုံ နည်းချည်းသာလျှင် ဝန်မလေးသော သားသတ်မှု ပါဏာတိပါတ ကံကြီးကို တစ်ရက်ပြီး နောက်တစ်ရက် ဆက်၍သာ ပြုလုပ်လာခဲ့၏၊ သူ၏ အသက် ၅၅-နှစ် သော ကာလတိုင်တိုင် ကြမ်းကြုတ်သော ရက်စက်သော- သနားခြင်း မရှိသော- ကိုယ်ချင်း စာနာမှုကင်းသော- နောင်ခါ မကောင်းကျိုး ခံရလိမ့်မည်ဟု မသိသော ဒုစရိုက် အလုပ်ဆိုးဖြင့် အသက်မွေးမြူခြင်း၊ သားမယားကျွေးခြင်း ပြုလာခဲ့သည်။

## ကောင်းမှုကို မေ့နေသည်

သူ၏ စိတ်သည် သတ္တဝါကိုသတ်ဖြတ်ခြင်း မကောင်းမှုကိုသာ နေ့ရက်ဆက်တိုက် တလုံလုံ အားထုတ်နေခဲ့သော်လည်း ကောင်း ကျိုးရမည့် ကောင်းမှုကို မပြုချေ၊ ပြုရမည်ကိုပင် သတိလုံးဝမရသလို မေ့နေသည်၊ ကုသိုလ်ပြုချင်သော စိတ်ဆန္ဒရှိခဲ့လျှင် သူအမြဲနေသော ရွာကလေးနှင့် မဝေးလှသော နေရာ၌ အတုမရှိသော မြတ်စွာ ဘုရား ထင်ရှားရှိနေကြောင်း သူမသိ မဟုတ်ပါ၊ သိပါ၏၊ သိလျက်နှင့် တစ်ကြိမ်တစ်ခါမျှ ရှိုးဖူးမြော်ခြင်းပျလောက်ပင် မပြုဖူးဟူ၍ဆို၏၊ အလှူဒါနဆို၍ ဘွမ်းတစ်ဇွန်းမျှ မလောင်းလှူဖူးသကဲ့သို့ သစ်သီး တစ်လုံး၊ ဆီမီးတစ်တိုင်၊ ပန်းတစ်ပွင့်မျှ ပူဇော်ပူးခြင်းလုံးဝမရှိ၊ တရား နာကြားဖူးခြင်း မရှိသလို ရဟန်း သံဃာတော်များကိုလည်း ရှိခိုး

ဖူးမြော်ဖူးခြင်း၊ တစ်စုံတစ်ရာ လှူဒါန်းဖူးခြင်း မရှိဟူ၍ ဆို၏၊ အခြားသော ကုသိုလ် ကောင်းမှုမျိုးကိုလည်း ဘာတစ်ခုမျှ ပြုလုပ်ခဲ့ဖူးခြင်း မရှိချေ။ တကယ် သနားစရာ ကောင်းသော လူမိုက်တုံးဟု ဆိုရပေမည်။

## ကံတရားသည် အချိန်ရောက်လာလျှင် အကျိုးပေးမြဲ

'စိုက်ပျိုးထားသော သစ်ပင်သည် အချိန်တန်သော အခါ အသီး အပွင့် ဖြစ်ပေါ်လာသကဲ့သို့' မကောင်းမှုကံ ဖန်တီးထားသူသည် ထိုမကောင်းမှုကံက တစ်နေ့နေ့တွင် ထိုသူ့ထံသို့ မကောင်းကျိုး ပေးရန်၊ မကောင်းကျိုး ခံစားရန် အချိန်တိုင် ရောက်လာမြဲ ဖြစ်၏၊ ထိုအခါ တိမ်းရှောင်မရပေ။

သူ၏ အသက်အရွယ် ၅၅–နှစ်မြောက် ရောက်သောအခါ ရောက်လာသော နှစ်အတွင်း တစ်နေ့သောအခါဝယ် စုန္ဒဝက်သတ်သမား၏ ကိုယ်ပေါ်၌ မမျှော်လင့်မိသော အနာတစ်ခု ဖြစ်ပေါ်လာ၏၊ ထူးသည်ကား ၉၆ ပါးသော အနာ ရောဂါမျိုးတွင် မပါဝင်သော ဘယ်လိုမှ မခံမရပ်နိုင်အောင် တစ်ကိုယ်လုံး ပူလောင်လာခြင်း ရောဂါထူး ဖြစ်သည်၊ ဖြစ်ရပ်အမှန်မှာ– သွေးရိုးသားရိုး ရောဂါမျိုး မဟုတ်ပါ၊ ဘယ်သူတစ်ယောက်မျှ မဖြစ်ဖူးသော ရောဂါထူးဖြစ်၏။

ရောဂါ ထူးသမှ တကယ့်ကို ထူး၏၊ လူ့ဘဝ၏ အသက် ရှင်နေစဉ်၌ပင် အဝီစိငရဲကြီးမှ မီးပူငယ် တစ်ခုသည် သူ၏ ကိုယ်တွင်းသို့ ရောက်လာခြင်း ဖြစ်၏၊ သူက ကျိုက်ကျိုက်ဆူ ပွက်နေသော ရေနွေးဖြင့် ဝက်များ၏ အာခေါင်ထဲသို့ ရက်စက်စွာ လောင်းချခဲ့ပေသကိုး၊ သင့်ကံ၏ အကြောင်းကြောင့် အကျိုး ဆိုက်ရောက်လာခြင်း ဖြစ်သည်၊ စုန္ဒ လူမိုက်အား သူက သတ်လိုက်သော ဝက်များက ပြန်လှန်၍ ရန်မမူနိုင်ရှာကြပါ၊ ဝက်များက ရန်မမူကြသော်လည်း ကံ၏ သဘာဝ ငရဲမီးပူက ဝက်များအတွက် ကိုယ်စားပြုသကဲ့သို့ မကောင်းမှုကံဖြင့် မကောင်းကျိုးက ကြည့်မနေနိုင်၍ ရက်စက်ခဲ့သူအား တစ်ကိုယ်လုံး ပြင်းစွာ ပူလောင်အောင် ကပ်ရောက်လာနေခြင်း ဖြစ်သတည်း။ (သတ္တဝါတွေ သတ်ဖြတ်လျှင် တစ်နေ့တွင် ဒဏ်ခံရမည် မှတ်ထားကြရာ၏။)

## အဝီစိငရဲမီးဆိုကာ

'အေးရာတွင် လောကန္တရစ် ငရဲ၊ ပူရာတွင် အဝီစိ ငရဲမီး' ဟူ၍ ပြောရိုး ရှိ၏၊ စကြဝဠာ သုံးခု၏ အကြား သုံးထောင့်ချွန်း သဏ္ဍာန် ရှိသော နေရာ၌ လောကန္တရစ် ငရဲဘုံရှိ၏၊ အယူသည်းသော ဝါဒရှင် မိစ္ဆာဒိဋ္ဌိကြီးများနှင့် ဘုရား အစရှိသော သူတော်ကောင်း ပုဂ္ဂိုလ်မြတ်တို့အား ပြစ်မှား ကျူးလွန်ကြသူတို့ ကျရောက်တတ်သော ငရဲဘုံထူး ဖြစ်သည်၊ နေရောင်ခြည် ဘယ်အခါမှ မရောက်နိုင်၍ မှောင်အတိ ကျနေပြီး အလွန် အေးသောဒေသ ဖြစ်သည် ဆို၏၊ ထို့ကြောင့် အေးရာတွင် လောကန္တရစ်ဟု အဆိုရှိသည်၊ ကျမ်းဂန်များက ဖွင့်ဆိုပြကြ၍ သိကြခြင်း ဖြစ်၏။

'အပူတွင် အဝီစိ ငရဲမီး' ဟု ဆိုရိုးရှိရာတွင် အဘယ်မျှလောက် ပူသနည်းဟူမူ အဝီစိ ငရဲမီးသည် အလွန်ပူသည်၊ 'အလွန်' ဟူသော စကားသည် ဘယ်ပုံဘယ်နည်း ပူသည်ဟု လူ့လောကမှာ နှိုင်းယှဉ်၍ ပုံစံပြစရာမရှိအောင် ပူ၏ဟု လွယ်လွယ်မှတ်ရပေမည်။

သို့ရာတွင် သိနိုင်သော စကားဖြင့် ပြောရလျှင် ယူဇနာတစ်ရာဝေးသော အရပ်မှ နေ၍ ငရဲမီးကို ကြည့်မိလျှင် ထိုသူ၏ မျက်စိနှစ်လုံး ပေါက်ကွဲ၍ ပျက်စီးသွားစေနိုင်သည်၊ အခြား တစ်နည်းမှာ 'တောင်ထွတ်မျှ ကြီးမားသော ကျောက်တုံးကြီးတစ်ခုကို အဝီစိငရဲမီး အတွင်းသို့ ပစ်ချလိုက်လျှင် တစ်ခဏချင်း ပြာကျ၍ ပျောက်ကွယ်သွားနိုင်သည်' ဆို၏။

ထို့ကြောင့် စုန္ဒ ဝက်သတ် သမားသည် သူ၏ ကိုယ်ခန္ဓာအတွင်း၌ အဝီစိမှ လာသော ငရဲမီးတစ်မှုန်က ဝင်ရောက်၍ လောင်နေလေရာ အဘယ်မျှ ခံရခက်လေမည်နည်း၊ မခံမရပ်နိုင်အောင် ဖြစ်နေသောကြောင့် ဝက်အော်သံနှင့်တူစွာ အော်ဟစ်နေရသည်။

စကားအလျဉ်းသင့်၍ 'စစ်ကြီး ဖြစ်မည့်နှစ်တွင် ဟသ်ာတမြို့၌ ဝက်သတ်နေသော တရုတ်ကြီး တစ်ယောက်သည် မသေခင် (၇) ရက်တိုင်တိုင် ဝက်အော်သံနှင့် ထပ်တူ ကျယ်လောင်စွာအော်ရင်း လှုပ်ရှားပြေးသွားနေရကြောင်း၊ တစ်မြို့လုံးက ကြားနေရကြောင်း၊ (၇ ရက်ကြာ ပင်ပန်းကြီးစွာ အော်မြည် ပြေးလွှားနေပြီးမှ သေသွားကြောင်း

ဟသ်ာတမြို့သား ဘုန်းကြီး ဦးခေမာစာရက ပြောကြား၍ မှတ်သားရဖူး၏၊ လူတို့က ဝက်သားစားနေရသော်လည်း ဝက်တွေ သတ်ပေးရသူတို့မှာကား မသက်သာကြပါ၊ ‘ပန်းကန်ထဲ၌ မြင်ရတဲ့သော ဝက်သားတုံးများသည် သတ်ပေးသူ အဝီစိငရဲ ကျခံစေရအောင် ငါတို့က စားနေရခြင်းပါတကား’ ဟု သတိသံဝေဂ ရသင့်ကြရာ၏၊ ဤရှုကွက်ကို ပါရမီ ရင့်ကျက်တော်မူကြသော သူရဲကောင်း ပုဂ္ဂိုလ်ကြီးတို့၏ စိတ်အာရုံတွင် တုန်လှုပ်အောင် သံဝေဂ ယူတော်မူကြသည် ဆို၏။

စုန္ဒ ဝက်သတ်သမားသည် သူက ဝက်တွေ မခံမရပ်နိုင်အောင် ရက်စက်စွာ သတ်ဖြတ်ခဲ့ဖူးခြင်း အကုသိုလ်ကံကြောင့် သူခံရသော အလှည့် ရောက်၍ လာခဲ့ပြီ ဖြစ်ရာ သူ၏ ကိုယ်တွင်း၌ ငရဲမီးဝင်၍ လောင်နေခြင်းကို မခံမရပ်နိုင်သောကြောင့် သူ၏ နေအိမ်အတွင်း အော်ဟစ် မြည်တမ်းရင်း ရုတ်ရက်ခတ်ကာ လူပ်ရှား နေရ၏၊ ပြေးသွားနေရသည် ဆို၏၊ သို့ရာတွင် မဘ်တတ် ထ၍ မရပ်နိုင်ပါ။

သူပြေးနေပုံကား-ဝက်အော်သံနှင့် တူစွာ ရပ်ကွက် တစ်နယ် လုံးက ကြားနိုင်လောက်အောင် ဟစ်အော်ရင်း ပုဆစ်ဒူးနှစ်ဖက်နှင့် တံတောင်ဆစ် နှစ်ဖက်တို့ဖြင့် လေးဘက်တွားကာ ပြေးသွားနေရ သည်၊ အိမ်၏ အရှေ့ နံရံမှ အနောက်နံရံသို့ ပြေးသည်၊ တစ်ဖန် အနောက် နံရံမှ အရှေ့ဘက် နံရံသို့ ပြေးသွားသည်၊ ရံခါ မြောက်မှ တောင်သို့ ပြေးသွားသည်၊ တစ်ဖန် တောင်မှ မြောက်ဘက် နံရံသို့ ကူးလာ ပြန်ခေါက် မရပ်မနား အော်မြည်ရင်း ပြေးသွားလို့သာ နေရလေ၏၊ မြင်ရဖူးသူများက ‘ဆိုးလိုက်တဲ့ သူ့အဖြစ်နှယ်’ ဟု စိတ်ထိခိုက်ကြသည်။

မြင်ရသူပါ စိတ်မချမ်းသာ

ထိုအခါ သူ၏အိမ်၌ အတူ နေကြသော ဇနီး, သား, သမီး စသူတို့က အော်ဟစ်နေသံကို နားမခံနိုင်အောင် ဖြစ်ကြသောကြောင့် ပြေးသွားနေသော စုန္ဒကို ဖမ်းဆီးကာ ခံဘွင်းကို အခတ်ဖြင့် ပိတ်ဆို့ ထားကြသည်၊ သို့ရာတွင် ကြမ်းတမ်းစွာ ရုန်းကန်သောကြောင့် မနိုင်ကြပါ။

သူ၏ အော်မြည်သံက လူသံနှင့်မတူပါ၊ ဝက်သတ်ရုံမှ သတ်မည့်ဆဲဆဲ ဖမ်းဆီးချည်နှောင်နေ ဒိုက်တွင် သေရမည့်ဘေးကို ကြောက်ရှာသောကြောင့် အသတ်ခံရတော့မည့်ဆဲဆဲ ဝက်တို့၏ အော်သံကဲ့သို့ စူးစူးဝါးဝါးကြီး ကြားရခက်အောင် မရပ်မနားတမ်း အော်ဟစ်ရင်း ရုတ်ရက်ခတ်ကာ ပြေးသွားနေရသည်၊ ဆောက်တည်ရာမရ ဖြစ်နေသည်။

ကံတရားမည်သည် အချိန်တန်ရောက်လျှင် ပြုသူထံသို့ ထိုက်တန်သော အကျိုးပေးခြင်း ခံစားရမည်၊ အချိန်ရောက်လာသော အခါ မြတ်စွာဘုရားရှင်တို့သော်ပင် တားမြစ်ခြင်းငှာ မတတ်နိုင်ပါ၊ ထို့ကြောင့် 'ပါဏာတိပါတကံကို မပြုမိကြစေနှင့်၊ ကြောက်ဖို့ကောင်းတယ်နော်၊ လူမိုက်တွေတုပ၍ ပေါ့ပေါ့ဆဆ မထင်မှတ်ကြနဲ့၊ လွတ်အောင် ရှောင်ကြ'ဟူ၍ ရှေးခေတ်ဆရာတော်ကြီးတို့က တပည့်ဒကာများအား ဆုံးမ ဩဝါဒပေးလေ့ရှိကြ၏။

ထိုသူနေသော ရပ်ကွက်ပတ်ဝန်းကျင် အိမ်များမှ လူတို့သည်လည်း စုန္ဒ၏ ဝက်သံကဲ့သို့ အော်ဟစ်နေသံကို နေ့ရော ညရော အသံမစဲ ဆက်တိုက်ကြီး မရပ်မနား ကြားနေရသောကြောင့် ဘယ်သူမှ နားချမ်းသာမှု မရကြပါ၊ အိပ်စက်၍လည်း မရကြတော့ပါ။

## ကိုယ်သာဖန် ကိုယ့်ကံရဲ့ အချေပေပ

တစ်ကွက်ကလေးမှ သက်သာရာ မရ၊ ပူလောင်လွန်းလှသော ဒုက္ခဝေဒနာကြီးကို အော်မြည် ပြေးသွား ခံစားရင်း သေဘေးကိုလည်း ကြုံတွေ့ကာ တုန်လှုပ်ထိတ်လန့်စိတ် လွှမ်းမိုးလျက်ဖြစ်နေသော ဝက်သတ်သမားကို အိမ်နီးချင်း ပတ်ဝန်းကျင် လူတို့က သူ့အိမ်၏ ပြင်ပသို့ထွက်မသွားနိုင်စေရန် သူ၏ နေအိမ်၌ တံခါးများဖြင့် အစွမ်းနိုင်ဆုံးနည်းဖြင့် ပိတ်ထားကြသည်၊ ပိတ်ဆို့ပြီး အိမ်ပြင်မှ လူအများက စောင့်ရှောက်နေကြရသေး၏။

ထိုအချိန်တွင် သင့်ထိုက်နှင့် သင့်ကံ အကျိုးပေးချက်ကို သိမြင်ကြရာ၏ဟု ဩဝါဒပေးပါ၏၊ ဝက်များကို ရက်စက်စွာ သတ်ဖြတ်စားသောက်ရောင်းချနေလာခဲ့သော စုန္ဒသည် ငရဲမီး၏ ဒဏ်ကို ပြင်းစွာ

ပူလောင်ခြင်း မသေခင် လူ့အရှင်လတ်လတ်ကပင် ခံစားနေရလေပြီ၊ ပူလောင်ခြင်း ဒဏ်ချက်က ညှာတာမှု မရသဖြင့် မြင်ရသူများပါ ကြောက်မက်ဖွယ်ရာ ဟစ်အော်မြည်တမ်းရင်း သူ၏အိမ်တွင်း၌ နေ့ည ဆက်တိုက် အနားမရှိ လှည့်လည် ပြေးသွားနေခဲ့လေရာ တစ်ရက်ပြီး လျှင် နောက်တစ်ရက် လာခဲ့၏၊ သက်သာခွင့် မရှိ၊ ထိုနည်းဖြင့် (၇) ရက် ကြာသွားလေပြီ။

ပတ်ဝန်းကျင် လူအများ မလွဲသာ မရှောင်သာ၍ ဝိုင်းဝန်း ကြည့်နေကြရာ တစ်ဘဝတွင် မမြင်ရဖူး ထူးဆန်းသော မြင်ကွင်းကြီး တစ်ခုကဲ့သို့ နေ့ညရက်ဆက်ကြည့်လာခဲ့ပြီး (၇) ရက် ကြာသောနေ့တွင် သေလွန်သွားလေ၏၊ သေလွန်ပြီးလျှင် အခြားမရှိ၊ တစ်ဆက်တည်း အောက်အဝီစိငရဲကြီးသို့ ကျရောက်သွားလေတော့သည်၊ သူ၏ အိမ်သူ အိမ်သားများနှင့် ပတ်ဝန်းကျင် လူအများသည် မမြင်လိုသော အိပ်မက်ဆိုးကြီး မြင်မက်နေရဘိသို့ ခံစားနေခဲ့ကြရာမှ အသံတိတ်သွားလေ ၏၊ လှုပ်ရှားနေမှု ရပ်သွား၏၊ စုန္ဒဟူသော နာမည်နှင့် သူ၏ ရုပ်ကြွင်း ခန္ဓာ ကျန်ရစ်သည်၊ သူ၏ ဥတုဇရုပ် မြေမြှုပ်ပြီးလျှင် အားလုံး မျက်စိ အောက်မှ နားအေးသွားကြ၏၊ သို့သော် မြင်ခဲ့ရပြီး မြင်ကွင်းမှုကား - သူငါ အားလုံးက မြင်ယောင် ကျန်ရစ်နေလေသည်။

## ရဟန်းတို့၏ အတွေး မှားမိကြ

မြတ်စွာဘုရား၏ တပည့်သား ရဟန်းပုဂ္ဂိုလ်များက စုန္ဒ၏ နေအိမ်အနီးမှ ဆွမ်းခံ ကြွရောက်ရင်း ဖြတ်သန်း သွားကြစဉ် ဝက်အော်သံနှင့် မခြား အဆက်မပြတ် အော်ဟစ်နေသံကို နေ့စဉ် ကြားနေကြရ၍ 'အသတ်ခံကြရသော ဝက်တွေက ကြောက်လန့်၍ အော်ဟစ်နေကြရှာခြင်း ဖြစ်ဟန်တူတယ်' ဟူ၍ တင်မှတ်ဘော်မူကြ သည် ဘို၏။

ကျောင်းတော်သို့ ပြန်ရောက်ကြသောအခါ မြတ်စွာဘုရားအား လျှောက်ထားကြလေသည်။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား ...ဝက်သတ်၍ အသက်မွေး လာသူ စုန္ဒက သူ၏အိမ်ကို တံခါးပိတ်၍ ဝက်တို့ကို အဆက်မပြတ် သတ်နေသည်မှာ ယနေ့ဆိုလျှင် (၇) ရက်တောင် ကြာပါပြီ ဘုရား၊

တစ်စုံတစ်ခုခုသောလူစု ထမင်းကျွေးပွဲ ပြုလုပ်နေခြင်း ဖြစ်မယ်ထင်ပါတယ် ဘုရား။

'ဤမျှလောက် အများအပြား ဝက်တွေကို သတ်ဖြတ်နေသော ထိုသူအား ချစ်ခင်တတ်သော မေတ္တာစိတ်ဆိုတာ တစ်ချိန်တစ်ခါမျှ ရှိမယ်မထင်ပါ၊ သနား ကြင်နာတတ်သော ကရုဏာစိတ်ဆိုတာလဲ တစ်ချိန်တစ်ခါမျှ ရှိမယ်မထင်ပါ၊ သတ္တဝါတို့၏ အပေါ် ဤကဲ့သို့ ရက်စက်ကြမ်းကြုတ်လှသော လူစားမျိုးကို တစ်ရံတစ်ခါမျှ ရှေးက မတွေ့ရ၊ မမြင်ရဖူးပါ ဘုရား' ဟူ၍ ရိုသေစွာ လျှောက်ထားကြကုန်၏။

## ဘုရား ဟောတော်မူချက်

ထိုအခါ မြတ်စွာဘုရားရှင်က 'ချစ်သား ရဟန်းတို့- ဝက်သတ်သမား ထိုစုန္ဒသည် ဤ (၇) ရက်တို့၌ ဝက်တို့ကို သတ်ဖြတ်နေခြင်း မဟုတ်ပါဘူး၊ သူပြုလုပ်ခဲ့သောကံနှင့် အလားတူစွာသော မကောင်းကျိုးသည် ထိုသူအား ထင်ရှားစွာ လာနေပေပြီ၊ အသက်ရှိစဉ်ပင်လျှင် အဝီစိမှ ငရဲပူသည် ဝင်လာခဲ့ပြီ၊ ရောက်လာခဲ့ပြီ'

ဘုရားရှင်က ဆက်လက်၍- 'ဝက်သတ်သမား စုန္ဒသည် ငရဲမီးက ပြင်းစွာ ပူလောင်နေသဖြင့် (၇) ရက်ပတ်လုံး ဝက်ကဲ့သို့ ဟစ်အော်လျက် သူ၏ နေအိမ်အတွင်း၌ ဆောက်တည်ရာ မရအောင် လူးလှိမ့် ပက်ပြေးသွားနေရခြင်း ဖြစ်တယ်၊ (၇) ရက်မြောက်သော ယနေ့တွင် သေခြင်းသို့ ရောက်၍ အဝီစိငရဲ၌ ကျရောက်သွားရလေပြီ' ဟု မိန့်တော်မူလေသည်။

ထိုအခါ တပည့်ရဟန်းများက ပြန်လည်၍ 'မြတ်စွာဘုရား— ယခု ပစ္စက္ခဖြစ်သော ဤဘဝ၌ပင် ဤကဲ့သို့ စိုးရိမ်ခြင်း၊ ပင်ပန်းခြင်း ဖြစ်ရတယ်၊ တစ်ဖန်ဆက်၍ တမလွန်လောကဖြစ်သော နောက်ဘဝ၌လည်း စိုးရိမ်ရာ-ပင်ပန်းကြီးရာ အရပ်၌ ဖြစ်ရတယ်ဆိုတော့ သူ၏ ဘဝကား အဖြစ် ဆိုးလိုက် ပါဘိခြင်း၊ သြော်....ဘယ်ဘဝမှာမှ သက်သာခြင်း မရှိလေတကား' ဟူ၍ ညည်းတွားကာ လျှောက်ဆိုကြလေသည်။

မြတ်စွာဘုရားရှင်က ဆက်လက်၍–'ချစ်သား ရဟန်းများတို့.... ဟုတ်မှန်ပေ၏၊ ဘဝသံသရာကျင်လည်ရေး၊ နေထိုင်စားသောက်ရေးကို လုပ်သင့်၊ မလုပ်သင့်ဟု မျှော်တွေးမှုမရှိ၊ သတိမထား၊ ငါလုပ်ချင်တာ လုပ်သွားမယ်၊ ဘာဖြစ်သေးလဲ' ဟူ၍ လူမိုက်စိတ်ကြမ်းဖြင့် ပရမ်းပတာ မိမိ၏ ပြစ်မှုသည် မိမိထံ ပြန်ရောက်လာ၍ ဒဏ်ခံရတတ်မြဲဆိုတာကို မေ့လျော့နေတတ်ကြတယ်၊ ဒီလို အပြစ်ကို အပြစ် ဟူ၍ မမြင်တတ်သူတို့ မည်သည်ကား လူဖြစ်စေ၊ ရဟန်း၊ သာမဏေဖြစ်စေ၊ ပစ္စုပ္ပန်၊ သံသရာ နှစ်တန်သော ဘုံဘဝတွင် ချမ်းသာမှု မရှိဘူး၊ စိုးရိမ် ပင်ပန်းကြရသည် သာတည်း' ဟူ၍ မိန့်တော်မူလေ၏။

(ဘုရားရှင် ဟောချက် အဓိပ္ပာယ်ကျ အတိုင်း စကားပြေအောင် ရေးသည်။)

တစ်ဆက်တည်းမှာပင် မြတ်စွာဘုရားရှင်က ဤဒေသနာတော် ဂါထာပုဒ်ကို ရဟန်းတော်တို့အား ဟောကြားတော်မူလေသည်–

ဣဓ သောစတိ ပစ္စ သောစတိ၊
ပါပကာရီ ဥဘယတ္ထ သောစတိ။

သော သောစတိ သော ဝိဟညတိ၊
ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။

(ဓမ္မပဒ ပါဠိတော်)

ပါပကာရီ၊ မကောင်းမှုကို ပြုလေ့ရှိသောသူသည်။ ဣဓ၊ ပစ္စုပ္ပန်လောက ဤဘဝ၌လည်း။ သောစတိ၊ စိုးရိမ် ပင်ပန်းရ၏။ ပစ္စ၊ တမလွန်လောက နောက်ဘဝ၌လည်း။ သောစတိ၊ စိုးရိမ် ပင်ပန်းရ၏။ သော၊ ထိုသူသည်။ ဥဘယတ္ထ၊ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝ၌။ သောစတိ၊ စိုးရိမ်ရ ပင်ပန်းရ၏။ အတ္တနော၊ မိမိ၏။ ကမ္မကိလိဋ္ဌံ၊ ညစ်ညူးသော အကုသိုလ်ကံ၏ ကြမ္မာကို။ ဒိသွာ၊ မြင်ရ၍။ သောစတိ၊ စိုးရိမ်ရ ပင်ပန်းရ၏။ သော၊ ထိုသူသည်။ ဝိဟညတိ၊ စိတ်မချမ်းသာ ကိုယ်နွမ်း ပင်ပန်းရတတ်၏။

ဘုရားရှင်က ဟာသည့်ရဟန်းများအား ဟောကြားတော်မူသော ဤဒေသနာ၏ ဆိုလိုချက် အဓိပ္ပာယ်ကျကို ပြောရလျှင် လူဟူသမျှ အစာရှာစားရမှဲ ဖြစ်၏၊ အသက်မွေး ဝမ်းကျောင်းမှု တစ်ခုခုတော့ လူတိုင်းကိုယ်စီ ရှိကြရမှဲ ဖြစ်သည်၊ ၎င်းရာတွင် လက်စ မဆုံးသေးသော သံသရာ ကျင်လည်ရေးကို အဓိကထားရမည်၊ နောင် မိမိ ခံရမည့် ဘေးအန္တရာယ်ကို အလေးမပြု၊ ဂရုမထားတတ်ကြသူများသည် မျက်မှောက် ဘဝ၌လည်း မရှုမလှနှင့် ဒုက္ခကြုံရ၏၊ နောင်ဘဝ အဘို့လည်း ခံယူရန် ဖြစ်မှုကြီး တန်းလန်း ပါသွားတတ်ကြ၏၊ ဤအချက်ကို လူ့ဘဝတွင် အရေးအကြီးဆုံး အချက်ဟု မှတ်ကြရာ၏။

အသက်မွေးနေကြရာတွင် ဝေတ္တာဟာ(ုး ဟားရှမ်း၊ လုံးဝ မသိသူတွေရှိကြ၏၊ သနားကြဖို့နာမှု ကရုဏာ ကင်မဲ့သူတွေကား ဤလောကတွင် ရှိ၍ မဆုံး၊ မြင်၍ မကုန်နိုင်အောင် များလွန်းနေကြသည် ဆိုရမည် ထင်၏၊ မယုံလျှင် လူ့လောကကြီး လှည့်လည်ကြည့်ရန် မလို၊ တစ်ခုသောဈေးဝသို့ တစ်စေ့တစ်စောင်း ကြည့်စမ်းပါ၊ မမြင်ချင်၍ မနေရ၊ တွေ့ရ, မြင်ရပေလိမ့်မည်။

နောက် မိမိသာလျှင် ဒဏ်ပြန်ခံမည့် ဒုက္ခကြီးကို လုံးဝ မေ့လျော့ကာ တစ်ခဏတာ တမ်နပ်စာ ကလေး စားသောက်ရန် အတွက်နှင့် ကြောက်ဖွယ်ရာ ပါဏာတိပါတကံ ဒုစရိုက်မှု အလုပ်မျိုးတွေကို ရွေးချယ်၍ အသက်မွေးမှု, ဝမ်းကျောမှု ပြုလေ့ရှိကြသူများကိုမူ ဤအရှင်အနေဖြင့် သနား၍ မဆုံး ဖြစ်မိသည်၊ ဘဝသံသရာတစ်ခွင် ကျင်လည်လေသမျှ ခံရှာရလေဦးတော့မည်ကို တွေးမြင်နေ၍ သနားမိခြင်း ဖြစ်သည်။

## သတ္တဝါသတ်၍ အသက်မမွေးနှင့်

တစ်ခါက သက်ရှယ်တော်ကြီး ဆရာတော်ကြီးတစ်ပါးနှင့် ဤအရှင် ဘဝနောက်ပိုင်း ကျန်းမာရေး မကောင်းကြပုံ၊ ဟိုပုဂ္ဂိုလ် ဒီပုဂ္ဂိုလ် စသည် မြင်ဖူးတွေ့ခဲ့သမျှ အကြောင်းပြု၍ (ဘဝသံသရာ ကျင်လည်နေကြရာတွင် တစ်ချိန်က လွန်ကျူးမိသော ပါဏာတိပါတကံ အကြောင်းရင်း) အစချီကာ နိဗ္ဗာန်မရသေးမီ ကာလပတ်လုံး ဘဝ အထွေထွေ သောင်းပြောင်းရာရာ စကားလက်ဆုံ ကျခဲ့ရဖူး၏။

အဆိုပါ ဆရာတော်ကြီးက လူ့ဘဝရနေခိုက်မှာ သတ္တဝါတွေ သတ်၍ အသက် မမွေးသင့်ကြောင်း၊ ဘဝတစ်ခုမှ မိုက်မဲမှုကြောင့် နောင်ဘဝ သံသရာတစ်လျှောက်လုံး ရောဂါသည်ကြီးတွေ ဖြစ်၍ မိမိ သာလျှင် ဒုက္ခကြီးစွာ ခံယူသွားနေရမည့် အရေးကို တွေးကြောက်ဖို့ ကောင်းကြောင်း အမိန့်ရှိသွားပုံ မှတ်မိနေ၏။

အမှန်မှာ သတ္တဝါတို့ကို မိမိကိုယ်တိုင်လည်း မသတ်၊ သူတစ်ပါးကိုလည်း မသတ်စေမှ အပြစ်လွတ်၏၊ ထို့ထက် စင်ကြယ်စေရန်မှာ-- 'သူတစ်ပါး သတ်ကြပုံ၊ သတ်၍ ရောင်းချကြပုံကိုလည်း ဝယ်ယူ အားပေးခြင်း၊ စားသောက်ခြင်း မပြုသော နေခြင်းသည် အရာရာ အပြစ်လွတ်၍ အစင်ကြယ်ဆုံး ဖြစ်ပါမည်'။

ဘုရားရှင် 'ဟောကြားတော်မူချက်အတိုင်း 'သတ္တဝါတို့အသက်ကို သတ်နေသူများသည် မသေမီ လက်ရှိဘဝ၌လည်း ကိုယ် မကျန်းမာ၊ စိတ်မချမ်းသာနှင့် စိုးရိမ်ပူပန်နေရ၏၊ တမလွန်လောကဖြစ်သော သေပြီး နောက်ဘဝ၌လည်း ကိုယ်မချမ်းသာ၊ စိတ်မချမ်းသာ စိုးရိမ် ပူပန်မှုတွေ ကြုံတွေ့၍ နေကြရ၏၊ ပစ္စုပ္ပန် ဘဝရော နောင် တမလွန် ဘဝရော နှစ်တန်သော ဘဝတို့၌ ချမ်းသာမှုမရှိကြပါ၊ တစ်မျိုးမျိုး ကတော့ စိုးရိမ်ပူပန်လို့ချည်း နေကြရတတ်၏။

သတိပြုရန်မှာ-'တစ်ခုသော ဘဝက မိမိ၏ မိုက်မဲမှုကြောင့် ညစ်ညူးသော သတ္တဝါ သတ်ခြင်း မကောင်းမှု ကံကြမ္မာကြောင့် ရောဂါအမျိုးမျိုး ဖြစ်တတ်ခြင်း စသည်မှ ကိုယ်စိတ် မချမ်းသာနှင့် ပင်ပန်း ကြီးစွာ နေသွားရလိမ့်မည်၊ သတ္တဝါ သတ်ခြင်းကြောင့် ဘာကောင်းကျိုးမှ မရှိ' ဟူ၍ မှတ်ကြရာ၏၊ ဤကား ဘုရားရှင် ဟောတော်မူချက် ဆိုလိုရင်းတည်း။

ထို့ကြောင့်--
'ဩော်...သံသရာ ဆိုတာ ဘဝအဖုံဖုံ မျောကြရတာမို့
ဖန်ခါခါ အို့နာ့မရဏ ကြုံကြုံပြီး မျောမှဖြင့်
ကံဇောသာ အခြေတည်တော့တယ်
မသေမီ ဒုစရိုက် မကင်းမှဖြင့်

ပြောမဆည် မှုအပိုက်တွင်းဆီသို့
သက်ဆင်းကာ ကိုယ်သာခံရလိမ့်
ထိုမှာကား ပျို့အန်လို့ မရပြီဘူး
ကိုယ်သာဖန် ကိုယ့်ဟာရဲ့ အချပေမို့'

ဟူ၍ နွားမေတ္တာစာ လေးချိုးကြီး၏ စတုတ္ထအပိုဒ်တွင် ရေးခဲ့ခြင်း ဖြစ်သည်။

အပြစ်ကင်းအောင် အသက်မွေးပါ

ဤတွင် ဘဝအတွက် စားသောက် နေထိုင်နည်းကို ပြောမည်၊ လူ့လောက မြေပြင် တစ်ခွင်မှာ အသက်မွေးမှု နေထိုင်ရန် နည်း ပေါင်းများစွာ ရှိသလို လမ်းပေါင်းများစွာလည်း ရှိ၏၊ များစွာထဲမှ စိတ်ကြိုက်နည်းကိုယူ၍ နှစ်သက်သောလမ်းကို လိုက်နိုင်သည်။

ထမင်းစား နေထိုင်ဖို့ အလုပ်ကိုကြည့်လျှင် အပြစ်ကင်းသော အသက်မွေးမှု အလုပ်တွေ များစွာရှိ၏၊ မိမိကိုယ်တိုင်လည်း စိတ်ချမ်း သာ၍ သူတစ်ပါးအားလည်း ကိုယ်, စိတ် ချမ်းသာမှု ရစေသော အသက်မွေးမှုကို ရွေးပါ၊ ကောင်းသော အသက်မွေးမှု နေထိုင်မှုကို အတုယူပါ၊ လူ့လောကတွင် အပြစ်ကင်းသော အလုပ်တွေက များများ ကြီး ရှိသည်ဆိုတာ သင်တို့ သိကြပါသည်၊ ရာခိုင်နှုန်း ၉၀ ကျော် သော လူတို့သည် စိတ်ချမ်းသာအောင် နေထိုင်ကြ၍ စိတ်ချမ်းသာမှု ရသော အလုပ်ကို လုပ်နေကြသည်။

သို့ရာတွင် အနည်းငယ်သော လူအချို့သည် မိမိကိုယ်တိုင်လည်း မချမ်းသာ၊ သူတစ်ပါးလည်း မချမ်းသာသော အလုပ်မျိုးကို ကြံဖန်၍ ရှာဖွေလုပ်ကိုင်ကြသည်၊ သူတို့သည် မိုက်မဲသော သူများ ဖြစ်ကြ၏၊ လူတစ်ရာလျှင် တစ်ယောက်လောက်သာ ရှိသည်၊ မများသော်လည်း သူတစ်ပါးအား ကိုယ်ရော, စိတ်ရော, ဆင်းရဲမှု ဖြစ်သောကြောင့် ပေါ်လွင်၍ ထင်ရှားတတ်ကြသည်၊ လူမိုက်, လူယုတ်မာအဖြစ် ပေါ် လွင်ခြင်းဖြစ်သည်။

ထိုလူစားမျိုး၏ စိတ်ဆန္ဒသည် သတ္တဝါတွေ သတ်၍ အသက် မွေး မနေဘဲချင်ကြသည်၊ သတ္တဝါတွေ သတ်ရသောကြောင့် မိမိ၏

စိတ်လည်း ချမ်းသာမှုမရှိပါ၊ မိမိ၏ကိုယ်လည်း ဆင်းရဲရ၏၊ မိမိ၏ မိုက်မဲသော လုံ့လ ပယောဂကြောင့် သတ္တဝါတို့လည်း လွတ်လပ်ချမ်းမြေ့စွာ မနေကြရ၊ ထိတ်လန့်ခြင်း- ကြောက်ရွံ့ခြင်း- စိုးရိမ်ခြင်း- ပင်ပန်းခြင်း ဒုက္ခကြီး ခံကြရရှာ၏၊ ယင်းသို့ မိမိ သူတစ်ပါး နှစ်ဦးသား ဒုက္ခရောက်စေသော အလုပ်ဆိုးတို့မှ ရှေးချယ် လုပ်ချင်တတ်ကြသည်မှာ သံသရာ ကျင်လည်ခြင်း မှားနေခြင်း ဖြစ်သည်။

> တောသဲ ဖြတ်သွားလျှင် ဆူးပင်တွေက ခရီးသွားသူကို နှောင့်ယှက်မှု ဖြစ်ကြစေသကဲ့သို့ လူ့လောကကြီးတွင် ဆူးပင်နှင့်တူသော သူတစ်ပါးကို ဒုက္ခပေးချင်သူတွေ ရှိနေကြလျှင် (တက်ကပ်ခေတ် လူ့လောက၌ နေကြရတိသို့) လူအားလုံး ဘယ်လောက်စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်း ရှိကြမည်နည်း၊ ထိုမြင်ကွင်းကို သတိပြုမိလျှင် 'လူ့လောက အတွင်း ငါသည် ယနေ့မှစ၍ ဆူးခြောင့်နှင့်တူသော ဘဝမျိုး တစ်ရံတစ်ဆစ်ကလေးမျှ မဖြစ်ရပါစေနှင့်' ဟူ၍ ဆုတောင်းခြင်း ပြုရမည်၊ စိတ်တွင် ဆောက်တည်၍ မြဲစွာရှောင်ကြဉ်သွားပါ၊ မြတ်သော လူကောင်းဘဝ ရောက်သွားမည် မှတ်ပါ။

'အဘယ် အကြောင်းကြောင့်မှ လူ့လောကတွင် သတ္တဝါတို့ အပေါ် ဒုက္ခပေးချင်သော စိတ်ထားရှိသော လူသားမျိုး ပေါ်လာရလေသနည်း' ဟူ၍ သူတော်ကောင်း ပုဂ္ဂိုလ်မြတ်ကြီးတို့က တစ်ခါတစ်ရံ တွေးခေါ် ခဲ့ကြဖူးသည်ဆို၏၊ ထို တွေးဆကြည့်ကြဖူးသူတို့ကား- မြန်မာပြည် သာသနာ့လောကတွင် စာပေကျမ်းဂန်တတ် ဆရာတော်ကြီးအများနှင့် ကမ္မဋ္ဌာန်းနှင့် မွေ့လျော်တော်မူကြသော ဆရာတော်ကြီး အဆက်ဆက်တို့ ဖြစ်ကြ၏၊ မသိလားအပ်သော အစိတ်အပိုင်းတွေဟူ၍ မြင်တော်မူကြသောကြောင့် ညည်းတွားမိကြခြင်း ဖြစ်ပေသည်။

## နောက်ခံစွဲ ပါခဲ့သော အထုံဆိုး

သတ္တဝါတို့သည် စွဲ၍အထုံပါခဲ့သော စရိုက်ကိုယ်စီ ရှိကြမြဲဖြစ်၏၊ ကောင်းသော အလေ့အထုံပါသူတို့က များကြသည်၊ မကောင်းသော စရိုက် အလေ့အထုံပါသူတို့က 'ကောင်းသော အလေ့အထုံပါသူတို့လောက် မများကြပါ၊ ရံခါကောင်း၍ ရံခါမကောင်း ပုံသော

မရှိ၊ စိတ်မပိုင်၊ ဝါသနာမခိုင်၊ ရောရှုံနှံကာ ယိမ်းကာ ပါတတ်သူတို့က အများဆုံး ဖြစ်ကြသည် ဆို၏၊ တောင်လေလာလျှင် မြောက်ဘက်သို့ ယိမ်းကြ၍ မြောက်လေတိုက်လျှင် တောင်ဘက်သို့ ယိမ်းကြသော သစ်ပင်၊ ဝါးရုံ၊ ကျူတောတို့ကဲ့သို့ 'စိတ်မခိုင်သူ' မခိုင်မနိုင်သော သတ္တဝါတွေက အများဆုံး ဖြစ်ကြသည်။

'လူ့လောကတွင် မကောင်းမှုကို ပြုလုပ်ချင်ကြသော ဝါသနာဆိုးပါသူတို့ကို အဘယ်ကြောင့် ထိုသူတွေစိတ်က သူတစ်ပါးကို အနှောင့်အယှက် ပြုချင်ကြသနည်း၊ သူတစ်ပါးကို ဒုက္ခပေးချင်ကြသနည်း၊ သတ္တဝါချင်းအတူတူ သူတစ်ပါးကို သေစေချင်ကြသနည်း၊ သူတစ်ပါးကိုသတ်၍ ထိုသူ၏ ရုပ်ကြွင်းခန္ဓာကိုယ်မှ စားသုံးချင်ကြလေသနည်း' ဟူသော တွေးဆချက်ကို မြန်မာပြည် သာသနာဝင်တွင် ရှေးခေတ် စာပေကျမ်းဂန်တတ် ဆရာတော်ကြီးတို့က တွေးဆခဲ့ဖူးသကဲ့သို့ ဤအရှင်သည်လည်း တွေးဆခဲ့ဖူး၏၊ လေးလေးနက်နက် တွေးခေါ်၍ မြော်မြင်စရာကိုလည်း လက်လှမ်းမီရာ ရှာကြံကြည့်ခဲ့ဖူး၏၊ တောတောင်၌ တစ်ပါးတည်းနေသူဖြစ်၍ မေးမြန်းစရာ ပညာရှိပုဂ္ဂိုလ် အဖော်မရှိသောကြောင့် ဆွေးနွေးစရာ မရှိပါ။

## ချီးသိမ်းငှက်နှင့် ဆက်ရက်ငှက်ကလေးများ

တွေ့ကြုံရသော အကြောင်းတစ်ခုကို အခြေခံ၍ သံသရာ ကျင်လည်နေကြသော သတ္တဝါတို့တွင် သူတစ်ပါးနှင့် မတူသော စိတ်သဘာဝ၊ သူတစ်ပါး ဒုက္ခပေးချင်သောစိတ် ရှိရပုံ၊ နှောင့်ယှက်ဖျက်ဆီးချင်သောစိတ် ရှိရပုံ၏ အကြောင်းကို လေးနက်စွာ တွေးဆခဲ့ကြောင်း ဖြစ်ရပ်တစ်ခု ဤတွင် စကားအလျဉ်းသင့်၍ ဖော်ပြပါမည်၊ စိတ်ပညာသဘောပါ၍ တွေးခေါ်မှုပညာ အခြေခံဖြစ်စေသည်။

## တော, တောင် သာယာချိန်

တောင်တန်းများ ပေါ်၌ သစ်ခွပန်းများ ပွင့်နေကြသော နွေရာသီ အချိန်သည် တော, တောင် တစ်ခွင် သာယာခိုက် ဖြစ်၏၊ တော, တောင်အတွင်း လှည့်လည်နေခဲ့ချိန် ကြာပြီဖြစ်သော ဤအရှင်သည် တော, တောင် သာယာခိုက် နွေရာသီ အချိန်၌ ပင်ကြီးရိပ်ကြီးတို့၏ သဘာဝသာယာပုံကို စိတ်ဝင်စားလေ့ရှိ၏၊ ထို့ကြောင့် တစ်ပါးတည်း

တော, တောင်ခရီး သွားလာရင်း နှစ်သက်ဖွယ် ကောင်းသော တော အရေး၏ ရှုခင်းကို အကြိမ်ကြိမ် ကြည့်ရှု၍ ရှေး သူတော်ကောင်း ပုဂ္ဂိုလ်တို့၏ ဝိဝေကနှင့် ပျော်လေ့ရှိကြပုံ စိတ်ချမ်းသာမှု အရသာကို ခန့်မှန်း၍ မိမိ၏ စိတ်အာရုံတွင် လက်လှမ်းမီသမျှ ခံစားကြည့်ခဲ့ဖူး၏၊ ဘဝဟောင်းမှ ဓာတ်ခံပါ၍လော မသိ၊ ထိုစိတ် ဝိဝေကနှင့် တိတ်ဆိတ်သော တော၏ ချမ်းသာမှု အရသာကို မိမိတမိ ခံစားကြည့်ချင်မှု အခြေအနေ တိုက်ဆိုင်လာလေလျှင် ဆန္ဒရှိတတ်သည်၊ ဈာန်ဝင်စားခြင်း၌ ပျော်မွေ့လေ့ရှိသော ယောဂါဝစရ ပုဂ္ဂိုလ်၏ စိတ်ဆန္ဒနှင့် တူယောင်ရှိသည် ဟု ဆိုရမည် ထင်၏။

## တော, တောင် သဘာဝ အရသာ

လွန်လေပြီးသော တစ်ချိန်တွင် တစ်နေ့သ၌ ဤအရှင်သည် ပင်မြင့်မြင့် ထူထပ်သော ထင်းရှူးတောကြီး အုပ်ဆိုင်းနေပုံကို နှစ်သက်လှ၍ အပြင်ဘက်မှ အကြိမ်ကြိမ် လှမ်းမျှော်ကြည့်မိသည်၊ ကြည့်ဖန်များခဲ့ပြီးနောက် အဆိုပါနေ့၌ တောအုပ်ကြီးအတွင်း ဝင်ကြည့်ဖြစ်လေသည်၊ ဗောဓိပင်တောင်နှင့် တစ်ဆက်တည်းဖြစ်သော 'ကျောက်ကြီးတောင်ဆွယ်' ခေါ်ကြသော 'လုံပီး' တောင်ကြီး၏ တောင်လက်မောင်းကြီး တစ်ခုပေါ်သို့ နေ့သန့်ရန် အလိုရှိ၍ ဤအရှင်တစ်ပါးတည်း တက်ရောက်သွားခဲ့သည်။

ဤတွင် 'နေ့သန့်ရန်' ဟူသော စကားသည် ရှေးခေတ်သုံး နိပါတ်တော် စကားဖြစ်၏၊ ဤခေတ်သုံး စကားဖြင့် တရားထိုင်ရန်– တရား နှလုံးသွင်းနေရန်- ပုတီးစိပ်နေရန် ဟူ၍ ပြောကြမည်၊ အချိန်ကတော့ အတန်ကြာခဲ့၍ အတိတ်ကာလမှ အပိုင်းကဲ့သို့ ဆိုရပါမည်။

မြန်မာပြည် လွတ်လပ်ရေးရပြီးခါစဖြစ်သော ၁၃၁၀-ခုနှစ်၏ တန်ဆောင်မုန်းလဆန်း (၈) ရက် ဥပုသ်နေ့တွင် ဖြစ်၏၊ ပုံမှန်မှာ– တောင်တန်းများပေါ်၌ မိုးလရာသီ နောက်ပိုင်းတွင် မိုးစွေ၍ ရွာသွန်းမြဲ ဖြစ်၏၊ ထိုနှစ်တွင် ထူးခြားစွာ မရွာပါ၊ သီတင်းလည်းကျွတ်– မိုးလည်း ကုန်ပြတ်သော နှစ်ထူးဟု ဆိုရပါမည်၊ တန်ဆောင်မုန်း လဆန်းပိုင်းမှ စ၍ တောင်တန်း တစ်လျှောက်လုံး သာယာ ခြောက်သွေ့နေ၏။

တိတ်ဆိတ်သော တောအုပ်ကြီးအတွင်းသို့ ရောက်သွားသော အခါ စိတ်ကြည်နူးဖွယ် တကယ်ကောင်းသော တောကြီး တောင်ကြီး၏ သဘာဝ အရသာကို အချိန် အတန်ငယ်ကြာအောင် နှစ်သက်စွာ သင်ခြင်ခံနိုင်၏၊ ရှေးရှေးသော ဘေးဘ်သာယဆီက စိပ်ပုတီးနှင့် ရိပ်ကြီး ခိုပင်ကြ ဟူသည် ဤသို့သော ဆိတ်ငြိမ် အေးချမ်းသည့် နှစ်သက်ဖွယ်ကို မြတ်နိုးခဲ့ကြခြင်း ဖြစ်ပေသည် ဟု၍လည်း မှန်းဆကာ တွေးတောမိသည်။

တောကြီးဆိုသော်လည်း ဤတွင် သစ်ပင်ကို ခြားနားပုံ ပြောမည်၊ ထင်းရှူးသစ်တောကြီးများ၏ သဘာဝသည် အောက်ခြေ၌ ရှင်းနေကတတ်၏၊ အခြားသစ်ပင်များ၊ ချုံနွယ်များ၊ မြက်ရှည်တောကြီးများ ပေါက်ရောက်နေခြင်းမရှိ၍ အခြား သစ်ပင်ကြီးတောကဲ့သို့ ရှုပ်ထွေးခြင်း မရှိပါ၊ ဤအရပ်၏ အရှေ့၌ ရှိသမျှ သစ်ပင် အားလုံး ပင်မြင့်တွေချည်း ဖြစ်ကြ၍ အမြင့်ရှင်းပါတိသည်

ပိုးနှောင်းဝတောသန်းများသည် နေရာကြိုးကြား၌ ပွင့်လျက်ရှိကြ၍ သင်းပျံ့ပျံ့ အနံ့ကလေးများ ရှူရှိုက်ရ၏၊ အညွှန့်ခေါ်တတ်သော သစ်ပင်ငယ်များက ထိုမှဤမှ ပွင့်လျက်ရှိကြရာ ဆောင်းဦးကြို လေပြည်နှင့် ဖြေ၍ ပန်းရနံ့ကလေးများ ချိုလှတိ၏၊ ခပ်ဝေးဝေးဆီမှ တောင်လုံးကျောင်ငှက်များ၏ သစ်ပင်မြင့်မြင့် ယိမ်ဖျားမှ ကျူးသံလေးစွာ အော်မြည်နေကြသံကို ရံဖန် ကြားရ၏၊ သို့သော် အများအားဖြင့် ထို တောအုပ်ကြီးသည် နှစ်သက်ဖွယ် တိတ်ဆိတ်နေ၏။

## ဆူညံသော ငှက်ရန်ဖြစ်သံများ

ကြီးမားသော ထင်းရှူးပင်ကြီးတစ်ပင်၏ အောက်၌ ဘောင် အောက်မှ တက်လာခဲ့၍ အမောဖြေရင်း ခေတ္တထိုင်သည်၊ ထိုင်နေခိုက်တွင် ကြည်လင်သောစိတ် ဝင်စားလာ၍ ကမ္မဋ္ဌာန်း အာရုံတစ်ခု ယူမည်ဟု ရှေးဦးစွာ မေတ္တာဖြန့်ပွားခြင်းကို စတင်သည်။

ဤသား ... နေဝင်ခေတ် ပုဂ္ဂိုလ်ငယ်များ အတွက် ဖော်ပြ ခြင်းလည်း။

အလုပ်စတင်နေစဉ် မကြာခင်အတွင်း တိတ်ဆိတ်သောတော၏ ကြည်နူးဖွယ်သဘာဝကို ဆူညံလှသော ငှက်သံလေးများက ကြားရပုံ

ခံစားချက် မကောင်းပါ၊ ဤအရှင်၏ သမာဓိ ရစပြုနေသော စိတ်အာရုံကို နှောင့်ယှက်ကြသည်၊ နှောင့်ယှက်ကြသလို ဖြစ်နေ၏။

ငှက်သံများသည် ရိုးရိုး မြည်နေကျအသံမျိုး မဟုတ်ပါ၊ မြစ်ဆိပ်၌ တံငါသည်အချင်းချင်း ရန်ဖြစ်ကြသကဲ့သို့ ကြွက်ကြွက်ဆူအောင် ညံနေကြသည်၊ ဘာဖြစ်ကြလေသနည်းဟု သမာဓိပျက်နေသောကြောင့် ထိုအသံများ ကြားရာဆီသို့ ဂရုစိုက် နားထောင်နေမိ၏။

မိမိနေထိုင်လျက်ရှိသော နေရာမှ ရှေ့တူရူ မကျတကျ အရှေ့ဘက် အနည်းငယ် အနိမ့်ပိုင်းတစ်နေရာဆီသို့ လှမ်းကြည့်သည်၊ အတန်ငယ် ကွာလှမ်း၍ ငှက်များကို သဲကွဲအောင် မမြင်ရပါ။

ယိုနေရာ၌ ပြောင်ချဉ်ပင်နှင့် ကပ်မြှောင် ရောနှော၍ အရွက်များထပ်ကာ အားကောင်းသော အမည်မသိ သစ်ပင်ကြီးများ စုံပေါက်နေကြရာ ထိုသစ်ပင်ကြီးများ၏ ပင်ယံထက်မှဖြစ်ကြောင်း အသံများက ထင်ရှား၏၊ အသံများက ရပ်နားသွားခြင်း မရှိ၊ ကြိုးကြိုးစားစား ဆူညံလွန်းနေကြသည်၊ ဤအရှင်သည် နဂါးတို့ထံမှ 'သဗ္ဗရုဒညုတမန္တန်ခေါ်သော မာကထစကား' ကို မတတ်သော်လည်း ငှက်တို့၏ ဒေါသသံပါ အသံများကြောင့် သူတို့ အချင်းချင်း အနိုင်မခံလို၍ ရန်ဖြစ်နေကြကြောင်းကိုတော့ ခန့်မှန်း၍ သိနေ၏၊ ထို့ကြောင့် ကရုဏာစိတ်ဝင်လာသည်။

## ကြုံရာတခြား ဖြစ်ရာတစ်မျိုး

တရားရှာမှီးလိုကြသော ကမ္မဋ္ဌာန်းသမားတို့၏ အပြောမျိုးဖြင့် မာရ်နတ် အဖျက် လှည့်စားမှုတစ်မျိုး ဟု တွေးဆကြမည်လော မသိပါ၊ ဤအရှင် စိတ်အာရုံကတော့ မူလရည်မှန်းရာ ကမ္မဋ္ဌာန်းအာရုံဆီသို့ မရောက်ရမိ ထိုငှက်သံများကိုသာ စူးစိုက်ချင်သည့်ဇောက များနေသည်၊ ထို့ကြောင့် သတိပြု နားထောင်သည်။

တောတောင်ထဲ၌ လွတ်လပ်စွာ နေထိုင်ကြသော ငှက်ကလေးများသည် အဘယ့်ကြောင့် ဆူညံစွာ အော်ဟစ်နေကြ လေသနည်း၊ သူတို့၏ ပင်ကိုဓလေ့ ထုံးစံ ဖြစ်လေသလော၊ ထူးခြားသောအကြောင်းတစ်ရပ်ကြောင့် ပေလော ဟု သိလိုစိတ်ရှိ၍ စေ့စပ်စွာ အခြေအနေကို

လေ့လာသည်၊ လေ့လာသည့်အိုမှာ ကမ္ဘာဒွန်းထိုင်ရာ မှတ်ခဲ့၍ ငှက်သံများကို ဂရုစိုက် နားထောင်ရင်း သူတို့အနီးအပါးသို့ ချဉ်းကပ်ပြီး မျက်စိဖြင့် ကြည့်သည်၊ ငှက်ကလေးများ ဂနာမငြိမ် လှုပ်ရှားနေကြပုံခြင်းရာကို မြင်ရ၏၊ လေ့လာသောအခါ မကြာခင် ဖြစ်ရပ်အကြောင်းမှန်ကို သိမြင်လေတော့သည်။

ချိုးသိမ်းငှက် တစ်ကောင်နှင့် ဆက်ရက်ကလေးများအုပ်စု ရန်ဖြစ်နေကြခြင်း ဖြစ်သည်၊ ဆက်ရက်ကလေးများသည် အေးဆေးစွာ ရပ်နားပနေနိုင်ကြပါ၊ ဂဏ္ဍမရ လူးလာပျံတက်လိုက်၊ သစ်ကိုင်းများပေါ် ရွှေ့ကာပြောင်းကာ နားလိုက် လှုပ်ရှားရင်း အော်ညည်းနေကြသည်၊ အကြောင်းမှာ ဆက်ရက်ငှက်ကလေးများ အုပ်စု နေထိုင်ကြသော သစ်ပင်ကိုင်းပေါ်၌ ချိုးသိမ်းငှက်ကြီးတစ်ကောင် လာရောက်နားနေသောကြောင့် ဖြစ်၏။

## ချိုးသိမ်းနှင့် ဆက်ရက်များ

သစ်ကိုင်းပေါ်၌ နားနေသော ချိုးသိမ်းငှက်ကြီးကား ပိုင်စိုးပိုင်နင်း ရပ်တည်နေ၏၊ သူ၏ မျက်စိက စွေကာ စောင်းကာကြည့်ရင်း အူညံစွာ ရန်တွေ့နေကြသော ငှက်ငယ်များကို မလေးမခန့် ပုံဟန်ပြနေပုံ မူကောင်းလှသည်၊ သစ်ပင်အုပ်စု၌ ဆက်ရက်ကလေးများ၏ အသိုက်ရှိ၍ဖြစ်မည်၊ သို့မဟုတ် သူတို့၏ အမြဲနေရာ၊ အိပ်တန်းတက်ရာ ဖြစ်တန်ရာသည်၊ ထို့ကြောင့် ငှက်အချင်းချင်းကို နှောင့်ယှက်ဖျက်ဆီးတတ်သော ချိုးသိမ်းလာနားခြင်းကို နှင်ထုတ်ကြသည်။

ကျေးငှက်အမျိုးမျိုးတို့တွင် ချိုးသိမ်းသည် ငှက်ခေါးပြု-ငှက်သူခိုးဖြစ်၏၊ စိတ်ထားယုတ်မာသည်၊ ရက်စက်စွာ သူတစ်ပါးအသက်သတ်၍အသက်မွေးသော ငှက်မျိုးဖြစ်သည်၊ သူတို့သည် အခြားသော ငှက်တို့ကဲ့သို့ အပြစ်ကင်း၍ ရှာဖွေယ်သော သစ်သီးကို မစားကြပါ၊ သူတစ်ပါး၏ အသိုက်များ လိုက်လံရှာဖွေ၍ ဥများကို ဖောက်သောက်ကြသည်၊ ကလေးငယ်များကို တွေ့လျှင် သုတ်ချီကာ ထိုးဆိတ်ဆွပြီး စားမျိုပစ်ကြသည်၊ ဥရှင်ကလေးများနှင့် မိဘငှက်များမှာ ကြေကွဲ ဝမ်းနည်းမဆုံးဖြစ်၍ မကျေမချမ်း ကျန်ရစ်ကြရသည်။

ထို့ကြောင့် ချိုးသိမ်းငှက်နှင့် မျိုးနွယ်တူ သိမ်း၊ စွန်၊ လင်းယုန်၊ မိန်ကောင်စသော ငှက်များကို ငှက်ယုတ်မာဟူ၍ လူတို့က ခေါ်ပြောလေ့ရှိကြ၏၊ အမှန်ပင်ခက်ခဲစွာ အသက်မွေးရ၍ မစားရ တစ်ရက်၊ စားရတစ်ရက်နှင့် ရက်မှန် မစားကြရ၊ ပိန်ချုပ်ချုပ်နှင့် အသက်ရှင်နေကြရမြဲဖြစ်၏။ အကျင့်ယုတ်မာသော ငှက်မုဆိုး၊ ငှက် ခေါးပြမျိုးဖြစ်ရချက်မှာ သူတို့၏ နောက်ဘဝဟောင်း မကောင်း၍ ဖြစ်ကြောင်း သိမှတ်ရပေမည်။

ဤတွင် ပုထုဇဉ်တို့၏ စိတ်သဘာဝကို ပြောပြမည်၊ တောအုပ်ကြီးအတွင်း မနုဿလူသားဆို၍ ဤအရှင် တစ်ပါးတည်းသာ ထိုအချိန်တွင် ပင်ယံထက်မှ ထိုငှက်နှစ်မျိုးတို့၏ အဆင်မပြေ ဖြစ်နေကြပုံ အခြင်းအရာ မြင်ကွင်းကို မြင်နေရသောအခါ ဇာတ်ခုံပေါ်မှ နိပ်စက်သူ ပုဏ္ဏားနှင့် သနားစရာ မင်းသားလေး ကြည့်မြင်နေရ ခိုက်တွင် ပွဲကြည့်ပရိသတ်သည် သနားစရာဘက်သို့ ပါဝင်နေကြ သကဲ့သို့ ဤအရှင်၏ စိတ်သည် သနားစရာဖြစ်နေကြသော ဆက်ရက် ကလေးများ ဘက်မှနေ၍ မချမ်းမသာ ဖြစ်လာသည်၊ အကယ်၍ ဒေါသဖြစ်လွယ်တတ်သော ပုဂ္ဂိုလ်ဖြစ်လျှင် မခံချင်သလိုလိုနှင့် ဒေါသ စိတ် ဝင်လာကောင်း ဝင်လာပေမည်။

'သတ္တဝါတို့တွင် တောင်ပံဖြင့် ပျံသန်းကာ ခရီးသွားလာ နိုင်ကြသော ခြေနှစ်ချောင်းနှင့် နှုတ်သီးတစ်ခုစီ ညီမျှစွာ ပါကြသော ငှက်သတ္တဝါအချင်းချင်း တူကြပါလျက် အဘယ့်ကြောင့် ယုတ်မာမှုဖြင့် အသက် မွေးချင်ကြလေသနည်း၊ တောတောင်ထဲ၌ ငှက်တို့ စားစရာ သစ်သီးကြီးငယ်တွေ ပေါများစွာ ရှိနေသည် မဟုတ်လော' ဟူ၍ အခြားငှက်တို့နှင့် ဆန့်ကျင်သော အသက်မွေးပုံ သဘာဝကိုပါ မနှစ်သက်သောကြောင့် တွေးခေါ်မိသည်။

ငှက်တို့ အချင်းချင်း အသနားမဖက်၊ ကိုယ်ချင်းမစာ၊ သူ တစ်ပါး အသက်ကို ရက်စက်စွာသတ်၍ စားရမှ မိမိ အသက်ရှင်နေနိုင်ခြင်းကား အဖြစ်ဆိုးလေခြင်းဟု သူတို့၏ ဘဝအကျိုးပေးဆိုးပုံကို သနားမိ၏၊ အမှန်ပြောရလျှင် သူတစ်ပါး အသက်သတ်၍ စားရမှ မိမိ၏ အသက်ရှင်နေရခြင်း ဘဝမျိုးဟူသမျှ လူဖြစ်စေ၊ ငှက်ဖြစ်စေ၊

ခြေလေးချောင်း တိရစ္ဆာန်ဖြစ်စေ အားလုံး မကောင်းပါ၊ မြွေမျိုးကဲ့သို့ သက်ရှိသတ္တဝါဖမ်း၍ မျိုနေကြခြင်း သဘောပင် ဖြစ်သည်။

### ကိုယ်ချင်းစာတရားရှိကြလျှင်

ဤအရှင်၏ မျက်စိရှေ့ မြင်ကွင်းကို အထက်, အောက်ပြန်၍ 'ဆက်ရက်ငှက်များက ချိုးသိမ်းငှက်၏ အသိုက်အမြုံသို့ ဝင်ရောက်ကြပြီး ဥများကို ဖောက်သောက်ကြလျှင်-ကလေးငယ်များကို သုတ်ချီယူကာ ထိုးဆိတ် စားပစ်ကြလျှင် ချိုးသိမ်းငှက်တို့က ကြည်ဖြူစွာ သည်းခံနေနိုင်ကြမည်လော၊ ယင်းသို့ သည်းမခံနိုင်ကြဘူး ဆိုလျှင် သူတစ်ပါးသည်လည်း ငါတို့ကဲ့သို့ သည်းခံနိုင်ရှာကြမည် မဟုတ်ပါ၊ ကိုယ်ချင်းစာတရား လုံးဝမရှိကြသော ငှက်ယုတ်မာ ဘဝမျိုး၌ ဖြစ်နေကြရခြင်းမှာ အတိတ်ကံ မစင်ခဲ့ချက်ကြောင့် ဖြစ်သည်။

ဆက်လက်၍—'ချိုး၊ ခါ၊ ငုံး၊ ဘီလုံး၊ ဆက်ရက်စသော ငှက်အမျိုးပေါင်းများစွာတို့သည် ရာသီအလိုက် သယံဇာတတောသစ်သီးများကို လွယ်ကူစွာ ရှာကြံစားသုံး နေကြသကဲ့သို့ ထိုချိုးသိမ်းငှက်မျိုးတို့က အဘယ့်ကြောင့် တောသစ်သီးစား၍ အသက်မမွေးနိုင်ကြရသနည်း၊ 'မျိုးရိုးဗီဇကြောင့်လော' ဟူ၍ အကြောင်းကိုတွေးဆမိ၏၊ 'မျိုးရိုးဗီဇကြောင့်ဖြစ်လျှင် အဘယ့်ကြောင့် ထိုမျိုးရိုးဗီဇဖြစ်ပေါ်နေရသနည်း' စသည်ဖြင့် အကြောင်းရှာရင်း မကျေနပ်ချင်သော အတွေးအခေါ်များ ဤအရှင်၏ စိတ်အာရုံတွင် တစ်သီကြီးဖြစ်ပေါ်လာလေသည်။

ဤအရှင်သည် တောင်ရိုးလျှောက်၍ တောင်ပေါ်သားတပည့်ဒကာများအား ကိုယ်ချင်းစာတရား နှင့် ယဉ်ကျေးမှု တရားများအခြေခံသားကာ လိုက်လံ တရား ဟောကြားပေးလာခဲ့သည်၊ ယခုမိမိ၏ရှေ့တွင် မြင်တွေ့နေရသော ဆက်ရက်များအား ဒုက္ခပေးနေသော ချိုးသိမ်းငှက်ကို 'ကိုယ်ချင်းစာတရား လားပါ'ဟု လိုက်နာစေရန်အတွက် မည်သူ့အား စကားပြန်ခိုင်း၍ မည်သို့ မည်ပုံ ဟောကြားနိုင်မည်နည်း။

ဟုတ်တိုင်းမှန်ရာ ပြောရလျှင် ဤအရှင်သည် အများသောသူတို့၏ ချမ်းသာမှုဖြစ်စေရန် မိမိကိုယ်တိုင်က ဆင်းရဲခံ၍ သောင်ရှက်

ပေးသွားနေမည်ဟု မဆွကရည်ရွယ်ချက်ရှိခဲ့ဖူးသည်ကား မှန်ပါ၏၊ သို့ရာတွင် ဤငှက်များကို ဘုန်းကြီးက နှုတ်ဖြင့် သဝဏ္ဏာ တရား ဟောရုံတော့ မဖြစ်နိုင်ပါ၊ လူသံကိုသာ သူတို့ ကြားနိုင်ကြမည်၊ ဘုန်းကြီး ဟောတဲ့တရား သူတို့က လူတို့ကဲ့သို့ နားလည်ကြမည် မဟုတ်ပါ၊ မိမိကလည်း ငှက်တို့က နားလည်နိုင်သော 'မာဂဓ' စကား မတတ်သေး၍ မစွမ်းသေးပါ။

ဤအရှင်၏ ကရုဏာ စေတနာမှုတွင် 'သတ္တဝါ အများ' ဟူ၍ သုံးနှုန်းချက် ပါ၏၊ သတ္တဝါအများ ဟူသော ဝေါဟာရတွင် လူနှင့် တကွ နတ်များ ပါ၏၊ အဟိတ်တိရစ္ဆာန်များလည်း ပါ၏၊ ထို့ကြောင့် မိမိ၏ ကရုဏာ စေတသိက် အတွင်း၌ ချိုးသိမ်းငှက်နှင့် ဆက်ရက်ကလေးများ၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှု အတွက်လည်း ပါဝင်သည်၊ လက်ငင်းပင် ပါဝင်စေရမည် ဟူ၍ မိမိစိတ်နှလုံးတွင် အမေးထုတ်သည်၊ အဖြေလည်း ထွက်စေသည်၊ အဖြေမှန် ထုတ်ပြီးလျှင် လုပ်ငန်းဆောင်ရွက်ရန် မခက်တော့ပါ၊ အဓိကလုပ်ငန်းမှာ တောင် တန်းသား လူများကို ဦးတည်ချက် ဖြစ်၏၊ သို့ရာတွင် အများသော သတ္တဝါအများဟူ၍ သိမ်းကျုံး မှုချထားခဲ့ဖူးသော မိမိ၏ ကရုဏာ ကွန်ချာတွင် အဟိတ် တိရစ္ဆာန်များ ပါဝင်သည်၊ ကျေးငှက်များ အကျုံးဝင်သည်၊ ထို့ကြောင့် ယခုလောလောဆယ် မြင်တွေ့နေရသော မြင်ကွင်းမှာ ကာယကံရှင် ဖြစ်ကြသော ဆက်ရက်ကလေးများ ဘက်မှနေကြည့်လျှင် စိတ်ရော ကိုယ်ပါ အတော်ကြီးကို မချမ်း မသာ ဖြစ်နေရှာကြ၏၊ အရေးကြုံနေသော သူတို့၏ ဒုက္ခကြီးကို ငါ့အနေဖြင့် မည်ကဲ့သို့ ကူညီပေး၍ ချမ်းသာစေရမည်နည်း ဟူ၍ ခပ်သွက်သွက် တွေးဆရပြန်သည်။

သူတို့၏ အခြေအနေကို ခေတ္တစောင့်၍ ကြည့်၏၊ ဆက်ရက် ကလေးများအုပ်စုသည် စိုးရိမ်ကြီးစွာနှင့် ပျာလောင်ခပ်နေကြသည်၊ ဆူညံသောအသံများဖြင့် မရပ်မနား ရန်တွေ့ဆဲဆိုရင်း ရန်သူ ချိုးသိမ်း ကို အစွမ်းကုန်ကြိုးစားကာ နှင်ထုတ်နေကြသည်၊ သူတို့နည်းသူတို့ဟန် တတ်နိုင်သမျှနှင့် ဆူဆူညံညံ၍ ကြိမ်းဆဲကြသည်၊ ဝိုင်းအုံဆိတ်ကြရန်ကဲ့သို့ ပျံသန်းကာ-နားကာနှင့် ရုတ်ရက်ခတ်နေကြ၏၊ အရွယ်ချင်း မတူ၊ အားချင်း မတူကြသော်လည်း အညံ့မခံလိုသော ဆက်ရက်တို့၏ သတ္တိ ကို ချီးမွမ်းစရာကဲ့သို့လည်း မြင်မိ၏။

သို့ရာတွင် ချိုးသိမ်းငှက်ကြီးကား ရှောင်ဖယ်၍ ပျံမသွားပါ၊ သူ နားလက်စ သစ်ကိုင်းပေါ်၌ သံမှိုနှင့် စွဲထားဘိသို့ မြဲမြံစွာ တည်ငြိမ်လျက် ကောင်းလေသည်၊ ဤအရှင်သည် အတန်ကြာအောင် စောင့်၍ ကြည့်နေမိ၏၊ တူးခြားချက်မရှိ၊ အခြေအနေ ပြောင်းလဲပုံ မရ၊ ဆက်ရက်ငယ်တို့ဘက်မှ သက်သာရာကို မမြင်သေး၊ ငှက်ယုတ်မာ ကသာလျှင် ပိုမို အာတင့်ရဲလာမည့် အသွင် မြင်နေရ၏။

သူတော်ကောင်း တို့ ငြိမ်းချမ်းရေး လုပ်နည်း

တွေ့ကြုံရသော မြင်ကွင်း၏ ထိုအချိန်ပိုင်းတွင် 'သဗ္ဗေ သတ္တာ ကမ္မဿကာ' ဟူ၍ ဥပေက္ခာ ရှုထားခဲ့ပြီး ပြန်သွားလျှင် ကောင်းမည်လော၊ သို့မဟုတ် ငှက်ယုတ်မာကို ချောက်လှန့်ကာ ပြန်သွားစေပြီး ကာမှ စိတ်ရှင်းစွာနှင့် ပြန်သွားရကောင်းမည်လောဟု တွက်ဆရ၏။

ဘုန်းကြီးသည် သူတော်ကောင်း ပုဂ္ဂိုလ်ဖြစ်သည်၊ သူတော်ကောင်းတို့မည်သည်မှာ သတ္တဝါတို့၏ ချမ်းသာရေးကို လိုလားကြမြဲ ဖြစ်၏၊ သို့သော် လုပ်နည်းလုပ်ဟန်မှာ အစွန်းမထွက်ရန် လိုသေးသည်၊ 'မိမိလည်း ရ...န်းကျင့်ဝတ်နှင့် ညီစေရမည်၊ သတ္တဝါ ဖြစ်ကြသော ငှက်နှစ်မျိုးတို့၏ ရန်ပွဲပြဿနာလည်း ပြေငြိမ်း၍ ချမ်းမြေ့သွားစေရမည်'။

'...နှစ်ချက် ညီ၍ ပြီးပြတ်စေရလျှင် ...ကောင်းဆုံးဖြစ်မည်' ဟူသော စိတ်...ကြံပေါ်လာ၏၊ ရှေးလွန်လေပြီးသော အချိန် စစ်ကြီး မဖြစ်မီအခါဆီက အင်းစိန်-ထန်းတပင်မြို့နယ်တွင် 'ရေကျော်ရွာကြီး နှင့် ဂွက်ကမဲရွာကြီး' တို့ နှစ်ရွာအကြားတွင် လူမိုက်ကြီးတစ်ယောက် ၏ လှုံ့ဆော်မှုကြောင့် တစ်ရွာနှင့်တစ်ရွာ ယောကျ်ားတွေ ထွက်၍ ရန်ပွဲကြီး ဖြစ်ကြရန် ကြောက်မက်ဖွယ်ရာ ရင်ဆိုင်ခဲ့ဖူး...၏။

အချိန်မှာ နှစ်ဟောင်းကုန် နှစ်သစ်ကူးဆဲ သင်္ကြန်ပွဲဖြစ်၍ အခါ ကြီးရက်ကြီး ဘုန်းကြီးကျောင်းများ၌ ဥပုသ်သည်တွေ တရှန်းရှန်း ဝင်ထွက် သွားလာ များနေချိန်ဖြစ်၏၊ သင်္ကြန်အတက်နေ့... ညနေ အချိန်တွင် အဆိုပါ နှစ်ရွာသားတို့ ရန်ပွဲကြီး ဖြစ်ကြရန် တုတ်ဓား ကိုယ်စီ စွဲကိုင်၍ တာစူနေကြသည်၊ မခံချင်စိတ်တွေ အရှိန်ပြင်းစွာနှင့်

အလှူမပေး ရိုက်ကြတော့မည့်၊ ခုတ်ကြ၊ သတ်ကြတော့မည့် ဆဲဆဲဖြစ်နေရာ အချိန်မှာ လက်တစ်ကမ်းလောက်သာ လိုတော့၏၊ မိန်းမများစိတ်မှာ သွေးချောင်းစီးအောင် သတ်ဖြတ်ကြတော့မည်၊ ဘယ်သူ့ယောကျ်ားသေကြမလဲ ဟူ၍ တွေးတော ပူပန်ကြကာ မမြင်ရက်၊ မကြားရက် ပူပန်နေရှာကြသည်။

မိနစ်ပိုင်းလောက်အလိုတွင် ဥပုသ်သည် အဒေါ်ကြီး အချို့၏ တိုက်တွန်းချက်ကြောင့် ထိုနှစ်ရွာပေါ်၌ ကြဇာအာဏာ ရှိသော ရေကျော် ဆရာတော်ကြီးထံသို့ ဒကာတစ်ဦး သုတ်သီး သုတ်ပျာ ရောက်လာပြီး အဆက်ပါ အခြေအနေ အကြောင်းအရာတို့ကို လျှောက်၏၊ မေတ္တာ ကရုဏာ ကြီးတော်မူသော ဆရာတော်ကြီးသည် အချိန်မဆိုင်း တောင်ဝှေး တစ်ခု စွဲကိုင်ကာ ရုတ်ခြည်း ရန်ပွဲကြီး စမည့် ဆဲဆဲ၏ မြေပြင်သို့ ကြွရောက်သွားသည်။

'ဟောဟိုမယ် ရေကျော်ဆရာတော်ကြီး တောင်ဝှေး တစ်ချောင်းနှင့် ကြွရောက်လာနေတယ်' ဟူ၍ လူတစ်ယောက်က အော်ပြောလိုက်ရာ တုတ်ခါးတွေနှင့် နှစ်ရွာသားတို့သည် ရုတ်ရုတ်သဲသဲနှင့် ထိုနေရာမှ ထွက်ပြေးသွားကြလေသည်။ ထို့ကြောင့် ကြောက်မက်ဖွယ်ရာ သွေးသံရဲရဲ အကျိုးမဲ့ သေကျေကြရတော့မည့် ရန်ပွဲကြီး မဖြစ်ကြတော့ဘဲ ပြေငြိမ်းသွားလေတော့သည်၊ ရေကျော်ဆရာတော်ကြီးသည် ထိုနှစ်ရွာသားတို့၏ ငယ်ဆရာဖြစ်၍ ငယ်ကြောက် တပည့်တွေ မဟုတ်လော၊ ဆရာတော်ကြီး၏ ကြီးမားသော မေတ္တာ၊ ကရုဏာတော် တန်ခိုးရှိန်ကြောင့် ဒေါသမာန် အရင်းခံသော ရန်ပွဲ ပြေငြိမ်းသွားခဲ့ဖူးလေသည်။ သူတော်ကောင်းတို့၏ မေတ္တာ ခေတ်သည် စကားတစ်ခွန်းမျှ မပြောရသေးခင် အလိုလို ပြေလည်သွားခဲ့ဖူးကြောင်း ရှေးက ဖြစ်ဟောင်းပုံစံတစ်ခုကို ဤအရှင်၏ စိတ်အာရုံတွင် သတိရ မြင်ယောင်လာသည်။

မြတ်စွာဘုရားရှင် ရှေ့လက်ထက်တော်က ဒေဝဒဟပြည်နှင့် ကပ္ပိလပြည်သားတို့သည် လယ်အတွက် ရေသုံးစွဲရေး စကားများကြရာမှ ကြီးမားသောစစ်ပွဲကြီး ဖြစ်ရတော့မည့် အရေးသို့ ဆိုက်ရောက်သွားခဲ့၏၊ ဘုရားရှင် သိမြင်တော်မူ၍ သာကီဝင် ဆွေမျိုးအပေါင်းတွေ 'ဘာမဟုတ်သော အကြောင်းကလေးနှင့် မသေကြပါစေနှင့်' ဟူ၍

ကြီးမားသော ကရုဏာတော်နှင့် ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်ကာ တရားဟောပြော၍ ဆိုဆုံးမ၍ သေကြ၊ နာကြတော့မည့် ရန်ပွဲကြီး အေးငြိမ်းသွားခဲ့ဖူးလေသည်။

ယခု ဤအရှင်၏ ရှေ့၌ ကျေးငှက်တို့၏ ပြဿနာမှာ ထို သာကီဝင် နှစ်ပြည်ထောင်တို့၏ ရန်ပွဲကဲ့သို့ မကြီးမားသော်လည်း ဘုရားရှင်က တရား ဟောပြောဆိုဆုံးမသကဲ့သို့ ပြောဟော၍ မဖြစ်စေနိုင်သော်လည်း ဤနေရာမြင်ကွင်း၊ ဤတောတွင်း၊ ဤအနီး၌ မိမိဘစ်ပါးတည်းသာ ပြေငြိမ်းစေနိုင်သော ကရုဏာရှင် ရှိနေသည်။

အခင်းစိန် ယန်းတပင်မြို့နယ်အတွင်း၌ ကျေးရွာကြီး နှစ်ရွာသားတို့၏ သွေးခြင်းခြင်း မြေကျအောင် ခုတ်ကြ၊ သတ်ကြတော့မည့် ရန်ပွဲကြီးကို 'ဤရွာသားတို့၏ သေရေး၊ ရှင်ရေးသည် ငါသာလျှင် ကယ်တင်နိုင်သူ ဖြစ်နိုင်သည်။ ကယ်တင်နိုင်ပါမှ ချမ်းသာကြရှာပေတော့မည်' ဟူသော အသိအမြင်ဖြင့် သား၊ သမီးတို့အပေါ် မိဘက ထားသော မေတ္တာစိတ်ကဲ့သို့ သူ၏ တပည့်၊ ဒကာများအပေါ်၌ ကြီးမားစွာထားရှိပြီး မေတ္တာ၊ ကရုဏာ၊ စေတနာဖြင့် ရွှေကျော်ဆရာတော်ဘုရားကြီးက တောင်ဝှေး ကိုင်စွဲကာ ပြေငြိမ်း စေသကဲ့သို့သောနည်းဖြင့် ဖြေပေး နိုင်ကောင်းဘန်သည်ဟု ဤအရှင်သည် 'ရပ်ကြည့်နေရုံမျှဖြင့် အကျိုးမပြီး - တစ်နည်းနည်းဖြင့် ချမ်းသာအောင်တော့ ငါ ဆောင်ရွက်ပေးမှ ဖြစ်မည်' ဟု အကြံပေါ်သည်၊ ယင်းသို့ အကြံယူပြီးလျှင် သူတော်ကောင်းတို့၏ နူးညံ့သော စိတ်နှလုံးသားဖြင့် ယဉ်ကျေးသောနည်းပရိယာယ်ကို သုံးရမည်။

## လုပ်နည်းလုပ်ဟန် မှုမှန်ရမည်

ကလုပ် တစ်စုံတစ်ခု လုပ်ဆောင်မည် ကြံရွယ်လျှင် ကြိုတင်မှုချဖို့ လိုသေး၏၊ ချသောမှုကလည်း အကျိုးပြီးစေရမည်၊ ကောင်းသော ချည်မှန်းချက်လည်း ဖြစ်ရမည်၊ မှုမှားလျှင် ကောင်းကျိုးမဖြစ်ပါ၊ မိမိတစ်ဦးအတွက် မှုမှားလျှင် မိမိတစ်ဦး အကျိုးယုတ်ရမည်၊ အများအတွက် မှုမှားလျှင် အများအတွက် နစ်နာဆုံးရှုံးရမည်၊ တိုင်းပြည်အတွက်ဖြစ်လျှင် တိုင်းပြည်နိုင်ငံ တစ်ပန်းလုံး အကျိုးမဲ့ဖြစ်ကြရမည်၊

စစ်ရေးစစ်ရာ အတွက် ကြိုတင် ချမှတ်ချက် မှုမှားလျှင် စစ်ရှုံး၍ မိမိ၏ တပ်ကြီးပါ ဆုံးပါးသွားတတ်သည်။

လူ့လောကတွင် 'စေတနာကောင်းနှင့် လုပ်ဆောင်ပါတယ်' ဆိုသော်လည်း လုပ်နည်းလုပ်ဟန် မှုမမှန်သောကြောင့် ကောင်းကျိုး မဖြစ်- ကျေးဇူးတင်မခံရ၊ အချိန်ကုန်လူပန်းပြီး လူအများပါ စိတ်ပျက်ကြရဖူးသော လုပ်နည်းလုပ်ဟန်တွေ တိုင်းတကာ၊ နိုင်ငံတကာပင် များစွာ ကြုံတွေ့ခဲ့ကြရဖူး၏၊ စေတနာမှန်သော်လည်း လုပ်နည်းမှားကြသောကြောင့် လုပ်သူအပေါ် စိတ်ပျက်ကြရသည်။

ဤအရှင်သည် ထိုသဘောထားကို သတိရှိစွာဖြင့် ချိုးသိမ်းငှက်ကို ခဲနှင့်ပေါက်၍ မခြောက်ပါ၊ အသံထုတ် အော်ဟစ်ခြိမ်းခြောက်ခြင်းလည်း မပြုပါ၊ ရန်ရှာရန် ရောက်နေသူ ချိုးသိမ်းငှက်ကြီးနှင့် အနှိပ်စက် ခံကြရမည့်သူ ဆက်ရက်ကလေး များပါ နှစ်မျိုးသော ငှက်တို့ကို တစ်ဖြိုးညီစွာ ချမ်းသာ ပြေလည် သွားစေလိုသော စေတနာထားသည်။

ထို့နောက် ဤအရှင်သည် ထိုသစ်ပင်ကြီး အောက်သို့ ဖြည်းညင်းစွာ ခြေလှမ်းကလေးဖြင့် အရောက် သွားလိုက်သည်၊ ဘုန်းကြီးကိုမြင်သောအခါ ဆက်ရက်ကလေးများသည် အခြားသော သစ်ပင်တစ်ပင်ပေါ်သို့ ပျံသွားကြသည်၊ အစာလို၍ ချဉ်းကပ်နေသော ငှက်ယုတ်မာ မပြန်ပါ၊ လိုလားချက်မပြည့်၍ ကျေနပ်သေးဟန်မတူ၊ ဘုန်းကြီးကို စေ့ကာ စောင်းကာကြည့်နေ၏၊ ဘုန်းကြီးက ဘာလုပ်မည်နည်းဟူသည်ကို အကဲခတ်နေဟန် တူ၏။

ထိုအခါ ဤအရှင်သည် မိမိ၏ သမားရိုးကျနည်းဖြင့် ချိုးသိမ်းတစ်ကောင်တည်းကို ဦးတည်ကာ အာရုံပင်အောင် စူးစိုက်၍ မေတ္တာပို့လွှတ်ပေးသည်၊ မေတ္တာဖြန့်ပွားနေရင်း ထိုသစ်ပင် ပတ်ဝန်းကျင်၌ လူးလာပြန်ခေါက် စင်္ကြံလျှောက်နေလိုက်သည်၊ ဤကား နေ့ခင်ခေတ် ပုဂ္ဂိုလ်ငယ်များအတွက် နည်းပေးခြင်းတည်း။

သူတော်ကောင်းတို့၏ ထက်မြက်သော မေတ္တာစိတ်ဓာတ်ကို မည်သူမှ ရင်ဆိုင်၍ မရနိုင်ပါ၊ အတန်ငယ်ကြာလျှင် ထိုချိုးသိမ်းငှက်

သည် ထိုသစ်ပင်ပေါ်မှ ဟခြားသို့ပျံသွားသည်၊ ထိုအခါ ဆက်ရက် ငယ်ကလေးများသည် ဝမ်းသာ အားရစွာ ဆူညံညံ့ ညာသံ ပေးလျက် ရန်တွေ့ရင်း ချီးသိပ်းငှက် ပျံသွားရာနောက်သို့ လိုက်ပါ သွားကြလေ၏။

မနောကံ စေတနာ, မေတ္တာ ဦးဆောင်၍ ညင်သာသော ကာယကံ မေတ္တာဖြင့် ကူညီပေးလိုက်ရာ 'သံသရာ ကျင်လည်နေကြ ရာတွင် တစ်ခါတစ်ရံ ခရီးစဉ်ကြုံခိုက်' ဟူသော နှလုံးသွင်းဖြင့် ငှက် နှစ်မျိုးသော တိရစ္ဆာန်တို့၏ ပြဿနာ ပြေသွားကြလေ၏၊ 'ငါ ဆောင်ရွက်ပေးမှုကြောင့် သူတို့ချမ်းသာမှု ရရှိသွားကြ လေသည်' ဟု ကျေနပ် ဝမ်းမြောက်ဖြစ်ရင်း တောအုပ်ကြီးအတွင်းမှ ပြန်ထွက် လာခဲ့သည်။

ကျောင်းသို့ ပြန်ရောက်ပြီး နောက်တွင် ထိုမြင်ကွင်း ခြင်းရာကို စိတ်အာရုံတွင် ထပ်ပြန်တလဲလဲ မြင်ယောင်ကာ စိတ်ဝင်စားနေမိ သည်၊ ဗုဒ္ဓဘာသာ ဘုန်းကြီးတို့၏ ထုံးစံ ပုံမှန် ဝတ်နိဗဒ်ဖြစ်သော ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ခြင်း၊ စာပေသရဇ္ဈာယ်ခြင်း၊ ကမ္မဋ္ဌာန်း ဘာဝနာစီးဖြန်းခြင်း အစီအစဉ်တွေ ပြီးဆုံး၍ တရားနှလုံးသွင်းရင်း အိပ်ရာဝင်သည်အထိ စိတ်အာရုံ ဝင်စားမှု ဆက်နေဆဲ ဖြစ်သည်၊ အိပ်ရာပေါ် လဲလျောင်းပြီးကာမှ သတ္တဝါတို့၏ စိတ်ဆန္ဒနှင့်စပ်၍ အပြန်အလှန် တွေးဆချက် ပို၍ အားကောင်းကာ (ရင်းမြစ်) ရှာချင်မှု လေးနက်လာနေသည်။

ကိုယ်ချင်းစာတရား ပုံမှန် ထားနည်း

ဤတွင် မိမိနှင့် သူတစ်ပါး သက်ရှိသတ္တဝါ အချင်းချင်း 'သူ့ဘက် ကိုယ့်ဘက် နှိုင်းစာကြည့်တတ်ကြရန် ကိုယ်ချင်းစာတရား ပုံမှန်ထားနည်း' ညွှန်ကြားမည်။

'မိမိအတွက် ချမ်းသာ စေလိုရေးကြောင့် (ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ နှစ်မျိုးစုံ) သူတစ်ဖက်သားအား နှစ်နာစေခြင်းသည် လူ့လောကတွင် မကောင်းဆုံးဖြစ်၏၊ မိမိ၏ အသက်မွေးမှု အတွက် ကြောင့် သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း၊ ဖား၊ ငါး၊ ကြက်၊ ငှက်မှစ၍ နွားကျွဲအထိ သူတစ်ပါး၏ စည်းစိမ်ဥစ္စာ ပျက်စီး ဆုတ်

ယုတ်စေရခြင်းသည် အနည်းအများ အားလုံး ယုတ်မာဆိုးဝါးသော အလုပ်ဖြစ်သည်၊ မိမိ အသက်ရှင် နေနိုင်ရေးအတွက် သူတစ်ပါး အသက်၊ တိရစ္ဆာန် သတ္တဝါတွေ အသက်သေရခြင်းသည် ရက်စက်ကြမ်းကြုတ်ဆုံး အမှုယုတ် ဖြစ်၏၊ နောင်ခါ မိမိ ပြန်လည် ခံယူရမည့် ဒုစရိုက်ကြွေး ဖြစ်သည်။

'ငါသည် အခါခပ်သိမ်း အနှောင့်အယှက်ကင်းရှင်းစွာ နေချင်သည်၊ ကိုယ်ရော စိတ်ရော ချမ်းမြေ့စွာ နေလိုသည်၊ ထိုနည်းတူ အခြားသူတစ်ပါးလည်း စိတ်ချမ်းမြေ့စွာ ကိုယ်ချမ်းမြေ့စွာ နေလိုကြသူချည်း ဖြစ်ကြ၏'၊ ဤကား ပုံသေနည်းတည်း။

'ငါ၏ အိုးအိမ် နေရာသိုက်မြုံကို ဘေးရန်ကင်းကွာ နေလိုသကဲ့သို့ အခြားသူတစ်ပါးကိုလည်း ငါ့လိုပင် ဥမကွဲ၊ သိုက်မပျက် နေမြဲတိုင်း နေရာကောင်း၌ နေချင်ကြပေလိမ့်မည်၊ ချမ်းမြေ့စွာ နေလိုရေးကို လူသူတိုင်း သတ္တဝါတိုင်း လိုချင်မက်မောကြမြဲ ဖြစ်၏၊ ထို့ကြောင့် ငါကိုယ်တိုင်လဲ ချမ်းသာအောင် နေပြသွားမည်၊ သူတစ်ပါးတို့လည်း (လူရော တိရစ္ဆာန်များရော) ချမ်းသာစွာ နေကြပါစေ'ဟူ၍ စိတ်ထား အမြဲရှိရမည်။

လူ့ဘဝက အသိဉာဏ် မွေးမြူထားသူသည် အဟိတ်တိရစ္ဆာန်ဘဝ ဖြစ်ရခိုက်၌လည်း အသိဉာဏ် ရှိတတ်ကြသည်မှတ်ပါ၊ ချိုးသိမ်းငှက်၏ စိတ်တွင် အဆိုပါ အသိဉာဉ်, ဉာဏ်ဘရားမျိုး ဝင်စားခဲ့၍ သိမြင်တတ်ပါမူ ဆက်ရက် ငှက်ကလေးများမှာ စိုးရိမ် ပူပန်ရခြင်း ဖြစ်ကြရမည် မဟုတ်ပါ၊ ချမ်းမြေ့စွာ နေကြလေလိမ့်မည်ဟူ၍ ဤအရှင် တွေးဆ၏၊ ထိုတွေးချက်များသည် ထိုဘဝ်ညတွင် အတော မသတ်နိုင်အောင် ဖြစ်နေခဲ့ပါ၏။

နောက်ခံအကြောင်း ငါးနာ

လူလောကတွင် လူသား အချင်းချင်းကို ဒုက္ခပေးချင်သော လူစားမျိုးတွေ ရှိကြသည်၊ ငှက်တို့တွင်လည်း ငှက်အချင်းချင်းကို နှောင့်ယှက်မှုပေးချင်သော ငှက်မျိုးရှိ၏၊ ငှက်အချင်းချင်းကို အနိုင်ကျင့်၍ သားဖြတ်စားမျိုး၍ အသက်မွေးလေ့ရှိသော ငှက်မျိုး ပါဝင်

နေကြ၏၊ လိုင်ငှက်ဆိုး၊ ငှက်ယုတ်မျိုးတွေ ပါဝင်နေခြင်းကို သူတော်ကောင်း ပုဂ္ဂိုလ်တို့၏ စိတ်တွင် မကျေနပ်ချင် ဖြစ်နေကြသည်။

'ထိုငှက်တို့၏ စိတ်ဆန္ဒသည် အဘယ် အကြောင်းခံကြောင့် သက်ရှိသတ္တဝါကို သတ်၍ စားမျိုရမှ ကျေနပ်လေ့ရှိကြသနည်း' ဟူ၍ မေးခွန်းထုတ်၍ တွေးဆကြည့်မိဖူး၏၊ ရှေးရှေးသော ဆရာတော်ကြီးများကလည်း ဆင်ခြင်တွေးဖူးကြောင်း တစ်ဆင့်စကား ကြားခဲ့ရဖူး၏၊ အချိန်ယူ၍ ခိုင်လုံသောအဖြေကို ရှာဖွေကြည့်သည်။

ဤအရှင်သည် အဖြေကို ဘုရားဟော တရားတော်များတွင် ရှာနေခဲ့ရာ တစ်နေ့တွင် ကျေနပ်အောင် ဓမ္မပဒ ပါဠိတော်၌ ဘုရားဟောကြားချက်ကို တွေ့ရ၏၊ ဓမ္မပဒ ပါဠိတော် ပဏ္ဍိတဝဂ်(၁)ခုမြောက်ဖြစ်သော ဓမ္မသာနဝတ္ထု၌ မြတ်စွာဘုရားရှင်က 'ချစ်သားရဟန်းတို့၊ ဤသတ္တဝါတို့ သည်ကား များသောအားဖြင့် ဖြစ်ရာ နောက်ခံဘဝကို မှီကြကုန်သည်ဖြစ်၍ လာခဲ့ကြ၏၊ အတိတ်က လာခဲ့သော နောက်ခံအကြောင်း ဘဝတို့၌သာ စိတ်အာရုံ အလေ့အကျင့်၊ စရိုက် ဝါသနာငြိကပ်၍ နေလေ့ရှိကြကုန်၏' ဟူ၍ ဟောကြားတော်မူခဲ့၏။

ထိုဟောကြားချက်ကို တွေ့မြင်ရသောအခါ အထက်ပါ မေးခွန်း၏ အဖြေကို ရှင်းစွာ မြင်လာသည်၊ သတ္တဝါတို့ ဘဝသံသရာ ကျင်လည်ရာတွင် စရိုက်၊ အပြုအမူ၊ အလေ့အထ ကိုယ်စီ ရှိကြမြဲဖြစ်၏၊ တစ်ဘဝမှာ စွဲပါလာသောကြောင့် ဆက်စပ်ကာ ဝါသနာအလေ့ ဖြစ်ကြသည်၊ ထိုဝါသနာ အလေ့က အချိန် ကြာလာသောအခါ (တစ်နည်း) အကြိမ်များစွာ ပြုမူလာခဲ့ပြီးသောအခါ အထုံဖြစ်လာသည်၊ ကောင်းသောစရိုက်ဖြစ်စေ၊ မကောင်းစရိုက်ဖြစ်စေ ဝါသနာ အထုံ ဖြစ်လာနေပြီဆိုလျှင် ထိုဝါသနာ စရိုက်နှင့် ဘဝဆက်တိုင်း ကျင်လည်၍ သွားနေရတော့သည်၊ 'ဝါသနာဘာဂီ-ဆက်ဘိုင်းမှီ' ဟူသော ဆိုရိုးစကားသည် ဖျောက်၍ မရချင်သော စိတ်အလေ့ အကျင့်ကို ပြောခြင်း ဖြစ်သည်။

ကောင်းသော စရိုက် ဝါသနာ ထုံနေသူသည် ဘဝတိုင်း ကောင်းလေ့ဖြင့် ကျင်လည်နေသွား၍ သက်သာ ချမ်းမြေ့ကြပါ

မည်၊ မကောင်းစရိုက် ဝါသနာဆိုးနေမိသူ ဖြစ်ပါမူ မကောင်းပါ၊ သူတစ်ပါးကို ဒုက္ခပေးချင်သည်၊ ပေးကြသည်၊ ရန်ဖြစ်ရသည်၊ လူသူ မုန်းတီးခြင်း ခံရသည်၊ ငရဲမီးလောင် ခံယူနေရသော ဘဝတွေနှင့် ထပ်ပြန်တလဲ ကြုံရမည်၊ မိမိကိုယ်တိုင်လည်း မချမ်းသာ-သူတစ်ပါး လည်း ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲခြင်း ဖြစ်စေဖို့ချည်း ဆိုးကျိုးပေးသွား နေမည်။

## ကောင်းကျိုးကိုသာ ဆောင်ပါ

ထို့ကြောင့် ဤတွင် သတိပေးလိုသည်မှာ မကောင်း၍ လူ့ ဘဝနေရခိုက် တစ်ခဏအတွင်း သတ္တဝါတွေကိုသတ်ဖြတ်၍ အသက်မွေးမှု မပြုချင်ပါနှင့်၊ သတ္တဝါအသက် သတ်သူသည် သေလွန်ပြီး နောက် ဘဝ၌ ချမ်းသာမှု ကင်းကွာသည့် ငရဲအိုးကြီးတွင်းသို့ နှစ်ကြာကြာ ကျရောက်ခံနေရမည်၊ ထို့နောက် ဆက်၍ ပြိတ္တာဘဝတွေ ဖြစ်သွား နေရမည်၊ ဒုက္ခမျိုးစုံ ခံခဲ့ရပြီးနောက် အပိတ်တိရစ္ဆာန်ဘဝ ရောက်ပြန် တော့လည်း ကောင်းသော တိရစ္ဆာန်မျိုး၌ မဖြစ်ပါ၊ ဘဝကို ချမ်း သာစွာ အသက်မွေးသော သတ္တဝါမျိုး၌ မဖြစ်ရမူ၍ သတ္တဝါအချင်း ချင်းကို သေစေ၍ ကြမ်းကြုတ်စွာ အသက်မွေးရသော ကျား, မြွေ စသည့် သားစားမျိုး အဖြစ်များကြ၏။

ငှက်မျိုး၌ဖြစ်လျှင် ချိုးသိမ်း၊ ငှန်၊ လင်းယုန် စသော သတ္တဝါဆိုး မျိုး၌သာ အဖြစ်များကြရပြန်သည်၊ အကြောင်းမှာ-မကောင်းသော စိတ်ရင်းစေတနာ၏ အကျိုးဖြစ်၏၊ စိတ်ရင်းစေတနာ၏ စွဲထုံမှုကြီးသူ များသည် နောင်ဘဝဆက်တိုင်း ချေစီးသန်နေသော မြစ်ချောင်းရေကြော ၌ ဒိုက်ပုံမျောသကဲ့သို့ တစ်ဟုန်ထိုး မျောဆင်းသွားလေ့ ရှိကြသည်ဟု မှတ်သားကြရာ၏။

ထို့ကြောင့် မနုဿလူသားများအဖို့ စကား အလျဉ်းသင့်၍ ပြောပြမည်၊ လူ့ဘဝ ယာခု ရရှိနေကြခိုက်, ရနေဆဲ အခါကောင်းမှာ ဘုရားဘာသနာကြီးလည်း အရောင်လင်းစွာ တည်ရှိနေခိုက်၊ ကြုံနေကြ ရပြီး ကောင်းကျိုးချမ်းသာကိုသာ အားစိုက်၍ပြုကြရာ၏၊ မကောင်းမှု ပြုလျှင် မကောင်းကျိုး အပေးခံရမည်ကို အသိဉာဏ်ဖြင့် မိမိတို့ ကိုယ် တိုင် ဝေဖန်ပိုင်းခြား တတ်စေရာ၏၊ လူ့ဘဝ ရောက်နေခိုက် အခါ

ကလေးတွင် မိမိတို့၏ဘဝကို အဆုံးရှုံးမခံကြနှင့်၊ ယနေ့မှစ၍ ကပ်တင်ကြကုန်လော့။

သတ္တဝါဘော့ကို သတ်ဖြတ်၍ စားခြင်း (တစ်နည်း) သတ်ထားပြီး သတ္တဝါတို့၏ ရုပ်ကြွင်း အသုဘကောင်ကို မိမိ၏ ပါးစပ် ဝမ်းသချိုင်းအတွင်း၌ မြှုပ်နှံနေရခြင်းသည် စင်စစ် မကောင်းပါ၊ သတ္တလောကကြီးအတွင်း အဆုံးမရှိသော ဘဝတွေ ကျင်လည်နေရသေးသမျှ ကာလပတ်လုံး ကြီးကြီးငယ်ငယ် သတ္တဝါတွေကို သတ်ဖြတ်ရခြင်း၊ သနားမဖက် ရက်စက်ရခြင်း၊ ကိုယ်ချင်းမစာနာ ကြမ်းကြုတ်ရခြင်း ဒုစရိုက်အလုပ်မျိုးသည် အဆိုးဆုံးဖြစ်၏၊ ငါသည် ဤစာကို ဖတ်ရသော ယနေ့မှစ၍ သတ္တဝါ ညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်း ပါဏာတိပါတကံကို ပါဏုပေတံ အသက်ထက်ဆုံး လုံးဝ လွတ်ကင်းအောင် ရှောင်ကြဉ်ပါတော့မည်' ဟူ၍ ဆုံးဖြတ်ချက်ချဟု နှုတ်မှ အသံထွက် ရွတ်ဆို၍ ဆောက်တည်ထားပါ။

ဤသို့ ပိုင်နိုင်စွာ ဆုံးဖြတ်လိုက်ပြီးလျှင် စိတ်နှလုံး ချမ်းမြေ့ ကြည်လင်လာပုံ ချက်ချင်း လက်တွေ့ သိသာအောင် ခံစားလာရမည်၊ ငါသည် ဤသို့ သတ္တဝါ အသက်သတ်ခြင်း မကောင်းမှုမှ လွတ်ကင်းအောင် ရှောင်ကြဉ်၍ သံသရာဘဝတစ်လျှောက်လုံး ချမ်းမြေ့ ကြည်လင်စွာ ကျင်လည်သွားတော့မည် ဟူ၍လည်း စိတ်ထဲမှာ မြဲမြံစွာ သိမှတ်သွားနေပါ၊ ငါ၏ ဘဝ ယနေ့ကစ၍ အမြတ်ထွက်ခဲ့ပြီ ဟုလည်း နားလည်ထားပါ။

ဤကား သတ္တဝါတို့ သံသရာ ကျင်လည်နေကြရသေးသမျှ ကာလပတ်လုံး ဆင်းရဲကြီးစွာ မခံကြစေရန်၊ သတ္တဝါ အချင်းချင်း ညှဉ်းဆဲသတ်ဖြတ်မှု ကင်းကြစေရန် ကိုယ်ကျန်းမာ စိတ်ချမ်းသာနှင့် တစ်ဘဝပြီး နောက်တစ်ဘဝ ပူပန်ကြောင့်ကြ မရှိစေရန် အတွက် ဤဆောင်းပါးဖြင့် တရားဟောပြလိုက်ခြင်း ဖြစ်ပါသတည်း။

ဤတွင် သတ္တဝါတို့၏ စရိုက်ဝါသနာ ဘဝနောက်ခံမှ ဆက်နွှယ်လာကြောင်းကို (ချိုးသိမ်းငှက်ယုတ်) ဘဝကို အကြောင်း ပြု၍ စိတ်ပညာသားပါသော ဆောင်းပါးကို ပုံစံထုတ်ပြသော သဘောဖြင့် သိစေခြင်းဖြစ်၏၊ ငါတော့ သူတို့လို အသားစားသတ္တဝါမျိုး မဖြစ်စေရပါစေနှင့်၊ သက်သတ်လွတ်စားသော သတ္တဝါသာ ဖြစ်ရပါစေ ဟူ၍ ဆုယူ ဆုတောင်းခြင်း ပြုထားကြကုန်လော့။

## အစမထင် အဆုံးမမြင်ရသော သံသရာ

သံသရာ ကျင်လည်နေကြပုံ စဖတ်ပရိသတ်အား စွဲမြဲစွာ အမြင် ရှင်းနေကြရန် ဤတွင် ဆက်၍ ရေးပြမည်၊ စာသံပေသံ စာအုပ်သံတွေ ပါလွန်းလျှင် ဖတ်ရသူများက ငြီးငွေ့တတ်၍ ရိုးရိုးရှင်းရှင်း ကလေး ရေးပြမည်။

## ကျောင်းထိုင်ဘုန်းကြီး (၂)ပါး

ဤအရှင်ထံသို့ တောကြီး တောင်ကြီးထဲ ဘုန်းကြီး နှစ်ပါး လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော် အချိန်က ရောက်လာဖူး၏၊ သူတို့သည် ဤအရှင်ထံ ရောက်လို၍ တမင် ကြိုးစားကာ ခြေလျင်ကြွ ရောက်လာကြခြင်း ဖြစ်သည်၊ အချိန်မှာ ဆောင်းကုန်ခါနီး နွေဦး ရာသီဖြစ်၍ တောတောင် တစ်ခွင် သာယာနေခိုက် ဖြစ်သည်။

တစ်ပါးက ပုသိမ်နယ် (ဒါးကမြို့) မှ ဖြစ်၍ တစ်ပါးက ဒေးဒရဲ မြို့နယ်(တော်ကမယ်ရွာ ကွင်းကျောင်း)မှ ဖြစ်ရာ ကျောင်းထိုင်ဘုန်းကြီး (၂)ပါး တစ်နေရာတွင် တွေ့ဆုံကြစဉ် စကား စပ်မိစပ်ရာ ပြောကြ ရာမှ ဤအရှင်ထံသို့ ဖြစ်နိုင်သောနည်းဖြင့် ရောက်အောင် သွားကြမည် ဟု စိတ်တူ အကြံပြုကာ ရောက်လာကြခြင်း ဖြစ်သည် ဆို၏။

ရောက်လိုခြင်း အကြောင်းမှာ အရေးကြီးသော ကိစ္စ အထူး အထွေ မရှိပါ၊ ဤအရှင်၏နေရာ တောတောင်သဘာဝကို ကြည့်ရှုရန် နှင့် ပုဂ္ဂိုလ်ချင်းတွေ့ဆုံ၍ မှတ်မှတ်ရရ တစ်ကြိမ်တစ်ခါလောက်ဖြစ်စေ စကားပြောဖူးချင်သော စိတ်အာသာဆန္ဒကြောင့် သဘောတူ တိုင်ပင် ထားခဲ့ကြကြောင်း ပြောပြကြ၏။

သူတို့သည် ရောက်လာခိုက်တွင် တစ်ညတော့ အိပ်ကြမည်ဟု တစ်နေ့နှင့်တစ်ည ငုပ်နား၍ အချိန်ကြာကြာ စကားကြောင်းရာ စုံစုံ ပြောခွင့်ရကြသည်၊ တရားသံဝေဂ စိတ်အစဉ်သို့ မြင့်သည်ထက် မြင့် တက်သွားစေလိုသောကြောင့် လူ့လောကကြီးကို ထိတ်လန့် ဖွယ်ရာ ဒုက္ခတွင်းကြီးထဲ မရှောင်နိုင်၍ ဆင်းပြီးသွားနေကြပုံ (သဘာဝကျကျ) ရှုကြည့်နည်းတို့ကို ဤအရှင်က စကားကြောင်း တင်ပြောပြသည်။

သူတော်ကောင်း ပုဂ္ဂိုလ်ချင်းဖြစ်ကြ၍ စိတ်ဝင်စားကြသည်၊ ဆက်၍ နားထောင်ချင်ကြသည်၊ ထို့ကြောင့် လောကမျက်မြင်ပုံပြင် ဝတ္ထုဖြစ်ပျက်သွားကြပုံ၊ ပျောက်ကွယ်သွားကြပုံ၊ လူ့ဘဝ ရောက် နေခိုက်တွင် မိုက်မိုက်ကန်းကန်း ပရမ်းပတာနှင့် နေထိုင်သွားကြ၍ ဇာတ်သိမ်းမကောင်းကြပုံ၊ အချို့သူတို့က သူတစ်ပါး အတွက်လည်း ဘာမှ ကောင်းကျိုး မပြု၊ သူတစ်ဦးတည်း၏ ကိုယ်ရေးကိုယ်တာ အစစ်အမှန် သံသရာမှ လွတ်မြောက်ရေး အလုပ်ကိုလည်း ဘာတစ်ခုမျှ မည်မည်ရရ မပြုလုပ်ကြဘဲ သေသွားကြပုံ စသော အကြောင်းအရာ တို့ကို ပုံစံ ကိုယ်စီကလေးများကို ရဟန်းပုဂ္ဂိုလ်များရော လူများရော လက်လှမ်းမီရာ တွေ့ကြုံမျက်မြင် တစ်ဆင့်ကြားတို့ပါ (တရောကာနွှ သုတ္တန်) စကားဆန်သော သေပြီးနောက် ပြိတ္တာဘဝ ရောက်သွား ကြပုံ စသည့်ရောရာ ဝတ္ထုပုံစံ ညွှန့်ပေါင်းအတိုချုပ်တွေ ပြောမိ ကြသည်၊ သူတို့သည် ဤအရှင်နှင့် စကားပြောရခြင်းကို စိတ်ဝင်စားမှု အားကောင်းကြ၍ ထိုင်ရာမထ၊ တစ်နေကုန်၍ပင် ကုန်မှန်း မသိသလို ဖြစ်ကြ၏၊ တစ်ဖန် ညသို့ ဆက်ကြပြန်ရာ မီးလင်းဖိုနံဘေး၌ ထိုင်ကာ တစ်သက်ပန် မှတ်သားစရာတွေ များများကြီး ပြောဆို ဆွေးနွေးမိ ကြသည်။

အထူးသဖြင့် သံသရာဆိုသောစကားကို လေးလေး နက်နက်ကြီး ဤအရှင်က စတင်၍ တင်ပြဆွေးနွေးရာ နှစ်သက်ကျေနပ်စွာ စူးစိုက်၍ နားထောင်ကော်မူကြ၏။

'တပည့်တော်တို့ - အရှင်ဘုရားတို့မှာ သံသရာကြီးထဲ သူများ နည်းတူ ဝင်ရောက်၍ ကျင်လည်နေလာခဲ့ကြတာ ကြာခဲ့ကြပြီ၊ ဘဝ နောက်ကြောင်းတွေကို ဇာတိဿရဉာဏ် ရ၍ သိနိုင်ကြလျှင် ကိုယ့် အကြောင်းကို ပြန်ပြော၍ ကုန်နိုင်ကြမည် မဟုတ်ပါ၊ ဝမ်းနည်းစရာ ဖြစ်၊ ဝမ်းသာစရာတွေ၊ ငိုကြွေးခဲ့ရတဲ့ ဘဝတွေ၊ ပျော်မြူးခဲ့ကြတဲ့ ဘဝ တွေ ပုံစံအမျိုးမျိုးနှင့် ထပ်ပြန် တလဲလဲ ကျင်လည် နေကြဖူးလှ သည်၊ တွေးကြည့်မိလျှင် ငြီးငွေ့စရာကြီးတွေပေါ့ ဘုရား၊ နှစ်သက်စရာ မရှိပါ။

'ရှေ့မရီးအဖို့က် တွေးသကြည့်မိပြန်တော့လည်း မရေရာပါ၊ ဘယ်ပုံစံနှင့် ဘယ်ကဲ့သို့သော ဘဝမျိုးဖြင့် ခရီးဆက်ရဦးမည် ဆိုသည်ကို

တွေးကြည့်ဖူးကြ ပါသလား ဘုရား’ ဟူ၍ မေးလျှောက်ကြည့်သည်၊ သူတို့က ဤအရှင်၏ ပြောစကားကို အထူးကြားလိုကြောင်း ဆက်လက်ပြောပါဟု တောင်းပန်ကြ၏၊ သို့နှင့် ‘သံသရာဆိုတာ အစကို ဘယ်အခါစခဲ့တယ်၊ ဘယ်ဘဝက စခဲ့တယ်၊ ဘယ်ကပ် ကမ္ဘာက စခဲ့တယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ကြပါ၊ မသိကြပါ၊ ဒါကြောင့် အစကိုတော့ဖြင့် (မထင်) ဘူးလို့ မှတ်သားထားကြရပါတယ်၊ သိကြပြီး ဖြစ်ပါတယ်ဘုရား။

‘ဘဝသံသရာကြီး စတင်ခဲ့ကြပုံကိုတော့ မထင်နိုင်၊ မမြင်နိုင်ဘူး ဆိုတာ သိကြရပြီ၊ ရှေ့ခရီးအတွက်ဆိုတာ အဆုံးသတ်မည့်အပိုင်းကိုကော မြင်ကြပါပြီလား ဘုရား’ ဟူ၍ မေးလျှောက်ရာ ‘ဩော်....ကောင်းလိုက်လေ ဘုရား၊ တပည့်တော်ဘို့ကို သည်မေးခွန်း အမေးခံရတာ တစ်ခုနဲ့ပဲ ကျေးဇူးကြီးလှပါတယ်၊ ဆရာတော်ထံ ကြိုးစားလာရကျိုးနပ်ပါတယ် ဘုရား’ ဟု ဒေးဒရဲဆရာတော်က သွက်လက်စွာ ကျေးဇူးတင်စကား ဆိုသည်။

ပုသိမ် (ဒါးက)ဆရာတော်က ‘သူ စိတ်ကြိုက် မေးခွန်းရသွားပြီ၊ ဒါကြောင့် ဝမ်းသာ ဝမ်းမြောက် ဖြစ်တာ၊ သူက မကြာခင် တရားအားထုတ်ဖို့ ဇင်းကျိုက်တောင် ကြွမယ်လို့ ပြောတယ်၊ အခု လာတာ ဆရာတော်ရဲ့ တောဘောင်ထဲ နေပုံထိုင်ပုံ ကျင့်ကြံပုံ စသည်ပေါ့ ဘုရား၊ လေ့လာဖို့၊ နည်းယူဖို့ဆိုတဲ့ အကြံနှင့် သူ ဇင်းကျိုက်တောင် မသွားခင် လာတာပါ’ ဟူ၍ တော်ကမယ်ရွာ ကွင်းကျောင်း ဘုန်းကြီးအတွက် ဝင်၍ ဖြည့်စွက် လျှောက်သွား၏။

ထိုပုဂ္ဂိုလ် နှစ်ပါးသည် ပျို့ရွယ်ချိန်တွင် မန္တလေးမြို့၊ မစိုးရိမ်၊ ဝိသုဒ္ဓါရုံ စသော နာမည်ကြီး စာသင်တိုက်များ၌ အချိန်ကြာကြာ စာပေပရိယတ် သင်ယူခဲ့ကြပြီး ဖြစ်ကြသည်၊ တကယ် သူတော်ကောင်းစိတ်ဖြင့် ပါရမီဖြည့်ရင်းနှင့် သံသရာဝဋ္ဋဒုက္ခမှ လွတ်မြောက်ရေးကို ရှိုးသားစွာ ရှာရှနေကြသော အနေမှန် ပုဂ္ဂိုလ်မြတ်တို့ ဖြစ်ကြကြောင်း တစ်နေ့နှင့်တစ်ည စကားဆွေးနွေး၍ သိရ၏။

မြန်မာပြည်တွင် ထိုပုဂ္ဂိုလ်များကဲ့သို့ အခြေခံ သာ်ရှီးစာပေများကို ယုံလောက်အောင် သင်ယူ၍ ရိုးသားစွာ ကျောင်းထိုင်၍

တပည့်, ဒကာများကို တရားဟောပြ၊ ဆုံးမြွနါဒပေး၍ ကိုယ်ရေးကိုယ်တာ သီလပြည့်၍ တရားကျင့်၍ ရိုးသားစွာ နေထိုင်ကြသော ပုဂ္ဂိုလ်ကောင်းတွေ ရှိနေသေးသမျှ ကာလပတ်လုံး သာသနာ မဆုတ်ယုတ်နိုင်ပါ၊ ကြာရှည်စွာ တည်တံ့ခိုင်မြဲသွားနေမည်သာတည်း ဟူ၍ သူတို့ ပြန်သွားပြီးနောက်တွင် နှစ်တွေကြာသည့် တိုင်အောင် ငမ်းမြောက်၍ ချီးကျူးနေမိပါ၏ အမှန်မှာ စိတ်ထား ဖြူးရိုး၊ အနေ ရိုးရိုး၊ သီလဖြည့်၍ တရားနှင့် ပျော်မွေ့နေကြသော ရဟန်းပုဂ္ဂိုလ်မြတ်တွေ အစဉ် တည်ရှိနေကြရန် လိုအပ်ပါသတည်း။

'ကိုင်း အရှင်ဘုရားများ၏ စိတ်ဆန္ဒ ဟာ ရည်မှန်းချက်ကို သိရပါပြီ၊ လိုရင်းပြောကြပါစို့၊ အရှင်ဘုရားတို့ တပည့်တော်တို့မှာ ဘုံလောကဟာ အဏ္ဏဝါ သံသရာကြီးထဲမှာ သူများနည်းတူ ကျင်လည်နေကြဆဲ ဖြစ်တယ်နော်၊ နောက်ကြောင်းကလဲ ကပ်ကမ္ဘာတွေ များစွာ ကျင်လည်လာခဲ့ကြတာ ကြာလှပြီ၊ ဘဝတွေ ရေတွက်မရနိုင်၊ ကမ္ဘာတွေ ရေတွက်မပြနိုင် များခဲ့ကြပြီ၊ ယခုလဲ ကျင်လည်နေရဆဲ, ဖြစ်ကြတယ်၊ ရှေ့ခရီးအတွက် တပည့်တော်တို့ ဆက်ရမည့် ခရီးကိုတော့ ရည်မှန်းချက် ရှိကြမှ ဖြစ်ပါမယ်၊ ဘဝဒုက္ခ သံသရာဒုက္ခကိုတော့ ယခုလို အသိဉာဏ်ရှိသော ဘဝမှာ လှမ်းမြင်ပြီး ဖြစ်ကြစို့ရဲ၊ မြင်နေပြီးသားဖြစ်အောင် ဘုရားတောနည်းလမ်းများဖြင့် အားထုတ်ကြပါစို့၊ အရောက်သွားကြပါစို့ ဘုရား' ဟူ၍ ဤအရှင်က လျှောက်ထားတိုက်တွန်းရာ ထိုဆရာတော် နှစ်ပါးစုံက ဝမ်းသာဒကျနပ်စွာနှင့် သာဓု သုံးကြိမ် ပြိုင်တူ ခေါ်ဆိုတော်မူကြသည်။

ထိုညတွင် သန်းခေါင်ကျော်၍ ထိုစကားဆုံးလျှင် ကိုက်ဆိတ်စွာ အိပ်ပျော်ကြသည်၊ နောက်ရက် နံနက်ပိုင်းတွင် ဘုန်းကြီးဒကာ အာသံပြည်သား ဟိန္ဒူကုလား (ဂံဂါဆကာ) ပို့လှူသော အာလူးသီးဟင်း သက်သတ်လွတ်ဆွမ်းကို ဘုဉ်းပေးကြပြီး ဤအရှင်၏ တောရကျောင်းမှ ခရီး (၈) မိုင်ဝေးသော ဖလမ်းမြို့သို့ ခြေလျင် ကြွသွားကြလေ၏၊ မိမိသည် တောင်မြင့်ကမ်းပါး အရောက် ခရီးပို့၍ မေတ္တာပို့လွှတ်လိုက်ပါ၏။

အသက်မွေးနေထိုင်ရန် နည်းများစွာရှိ သံသရာ လည်နေကြရပုံကို သိခဲ့ကြပြီ။

လက်ရှိဘဝကို ဆိုကြပါစို့၊ လူ့လောကတွင် အသက်မွေးဝမ်းကျောင်းစရာ နည်းပေါင်းများစွာ လမ်းပေါင်းများစွာ ရှိနေ၏၊ အပြစ်ကင်းသော အလုပ်တွေ များစွာရှိ၏၊ မိမိ၏ကိုယ်လည်း ချမ်းသာ၍ စိတ်လည်း ချမ်းသာမှုရသော အသက်မွေးမှုတွေ- သူတစ်ပါး လုပ်ဆောင်နေကြပုံ အတုယူစရာတွေ များစွာရှိ၏၊ ဘဝကို ချမ်းမြေ့သက်သာစွာ ကျင်လည် နေသွားနိုင်ရန် သူတစ်ပါးအသက် မသတ်ရသော အလုပ်မျိုးကို သက်မွေးဝမ်းကျောင်းသွားကြရန် ညွှန်ကြားခြင်း ဖြစ်သည်။

များစွာသော သူတို့သည် အပြစ်ကင်း၍ သက်သာ လွတ်လပ်သော-သူတစ်ပါးကို ဒုက္ခမပေးသော တောင်သူ လယ်ယာ ဥယျာဉ်ခြံမြေနှင့် သမ္မာအာဇီဝ ရောင်းဝယ်ခြင်း၊ ရိုးသားစွာ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခြင်း စသည်ကို ထမ်းဆောင်နေကြ၏၊ အပြစ်ကင်းသော အလုပ်များ ဖြစ်သည်။

သို့ရာတွင် လူတစ်ချို့၏စိတ်ဆန္ဒသည် အပြစ်ကင်းသောအလုပ်ကို မလုပ်ချင်ကြ၊ မိမိစိတ်လည်း ပင်ပန်းရ၊ သူတစ်ပါးလည်း ဒုက္ခရောက်စေသော သတ္တဝါအသက်ကို သတ်၍ ရောင်းချစားခြင်း စသော မကောင်းဆုံး ဒုစရိုက်အလုပ်မျိုးကိုမှ ရွေးကောက် လုပ်ချင်ကြသူတွေ ရှိကြ၏၊ ထိုလူစားတို့၏ စိတ်ဆန္ဒကို အံ့သြဖို့ကောင်းသလို စိတ်ပျက်ဖို့လည်း ကောင်း၏။

လူ့လောကတွင် စရိုက်ကောင်းရှိသူများကို လူတိုင်းက နှစ်သက်မြတ်နိုးကြ၏၊ ရင်းနှီးစွာ ပေါင်းသင်း ဆက်ဆံလိုကြ၏၊ စရိုက်ကောင်း စိတ်ခံရှိနေသောကြောင့် လူနှင့်လူချင်း ဆက်ဆံရာ၌လည်း ကောင်းကျိုးပြုသည်၊ တိရစ္ဆာန် သတ္တဝါအများကိုလည်း ဒုက္ခမဖြစ်စေပါ၊ သူတို့ကိုယ်တိုင်က အေးချမ်းစွာ နေလိုသော စိတ်ကြောင့် မိမိရော သူတစ်ပါးရော အေးချမ်းမှုကို ဖြစ်စေကြသည်၊ ထိုသို့သော လူမျိုးချည်း ရှိနေကြလျှင် လူ့လောကသည် အထက် နတ်ဘုံကဲ့သို့ သာယာ ငြိမ်းချမ်းစွာ နေကြရပေလိမ့်မည်။

ဝါသနာ စရိုက်ဆိုး

လူအချို့၏ စရိုက်ကား သူတစ်ပါးကို နှောင့်ယှက်ချင်ကြသည်၊ သတ္တဝါတွေကို သက်ဖြတ်၍ စားချင်ကြသည်၊ သူတို့ကိုယ်တိုင်လည်း ချမ်းသာပုံ မရကြပါ၊ သတ်ရန် ကြံရွယ်ရသော စိတ်ဒုက္ခမှ လုံ့လ ပယောဂတွေ-ကြမ်းရသော ကိုယ်ဒုက္ခတွေ ခံယူကြရသည်၊ မိမိကိုယ် တိုင်လည်း မချမ်းသာ၊ သူတစ်ပါးတို့အားလည်း ဆင်းရဲဒုက္ခ ဖြစ်သော အလုပ်ကိုမှ လုပ်ချင်နေကြသည်မှာ ဝဋ်ဒုက္ခကြီးကို သူတို့ ကိုယ် တိုင်က ခံစားနေရရှာခြင်းဖြစ်ကြောင်း နားလည်ကြရာ၏။

သတ္တဝါတို့အသက်ကို သတ်ချင်နေသော သူတို့စိတ်ကို လေ့လာ ကြည့်သော် နောက်ကြောင်း ဘဝအဆက်ဆက်တို့မှ ပါလာခဲ့ကြသော စရိုက်ဆိုး ဝါသနာများ ဖြစ်ကြသည်၊ ဝါသနာဆိုသည်မှာ ထပ်ပြန် တလဲလဲ ပြုလုပ်နေကျ ဖြစ်၍ အထုံစွဲနေခြင်း ဖြစ်၏၊ ထိုအထုံကို ပြုပြင် ပေးသူ မိတ်ကောင်း ဆွေကောင်း မရှိ၊ ဆုံးမ ဩဝါဒပေးသူ ဆရာ ကောင်း မတွေ့ရ၍ သူ့ဟာသူလည်း မပြုပြင်၊ စရိုက်ဆိုး အလိုကိုသာ လိုက်၍ တစ်ရက်ပြီးလျှင် နောက်တစ်ရက် ဆက်လုပ်သည်၊ တစ်လ ပြီးလျှင် နောက်တစ်လ ဆက်လုပ်သည်၊ တစ်နှစ်ပြီးလျှင်လည်း နောက် တစ်နှစ်တွင် ဆက်လုပ်နေမြဲပြန်သည်၊ ယင်းသို့သောနည်းဖြင့် အပါယ် ငရဲကျရခြင်း စသော ဒုက္ခပေါင်းများစွာ သူကိုယ်တိုင် ခံစားနေခဲ့ရ သော်လည်း သူ၏ စိတ်သန္တာန်မှာ နောင်ဘဝ အဆက်ဆက်မှ ရခဲ့ သော ဝါသနာ အထုံက ချုပ်ကိုင်ပြီး စွဲနေခြင်းခံရသူများဟု ဆိုရ ပေမည်၊ ဆရာကောင်း မရှေးသေးသမျှ ထိုစရိုက် ရပ်မည်မဟုတ်ပါ၊ ဘိန်းစားဖြတ်မရသူဘို့နှင့် အလားတူ၍ ကြောက်ဖို့ကောင်း၏။

သနားဖို့ကောင်းသည်ကား ယင်းသို့ ဝါသနာ စရိုက်ဆိုး ချုပ် ကပ်ပါနေကြသူတို့သည် လူ့ဘဝကိုရနေခိုက် ဖြစ်သော်လည်း ဗုဒ္ဓုပ္ပါဒ နဝမခေတ်ကောင်းကြီးနှင့် ကြုံကြိုက်နေမှုပါလျက်လည်း ကောင်းမှုပြုရ မှန်း မသိကြ၊ မိမိ၏ဘဝကို အမြတ်ထုတ်၍ မယူတတ်ရှာကြပါ၊ သနားဖို့ ကောင်း၏၊ ဘိန်းဖြူစားစမ်းကြည့်မိသူ ဘိန်းစွဲနေ၍ ဘိန်းဖြတ်မရ သကဲ့သို့ သက်ရှိသတ္တဝါကို သတ်ခြင်း၊ ရက်စက် ကြမ်းကြုတ်ရခြင်း ပါဏာတိပါတကံဖြင့်သော အသက်မွေးချင်စိတ် စွဲကပ်ပါနေတတ်ကြ သည်၊ ထို့ကြောင့် သူတော်ကောင်းကိုသာ ပေါင်းရမည်၊ လူမိုက် လူ ယုတ်ကို မပေါင်းကြနှင့် ဟူ၍ မြတ်စွာဘုရားရှင်က ဟောကြား ဆုံးမ တော်မူခဲ့ခြင်း ဖြစ်၏။

နွားသတ်သမား၊ ဝက်သတ်သမား၊ ဆိတ်သတ်သမား စသော သားသတ်သမားတို့သည် လက်ရှိဘဝလည်း လူချင်းမတူ၊ လူရာမဝင်ကြပါ၊ သေရသောအခါ ဒုက္ခကြီးစွာ ခံစားရပြီးမှ မရှုမလှ သေသွားကြရသည်၊ သေပြီးနောက်တွင်လည်း ငရဲမီးပူတွင် ကျရောက်၍ နှစ်ပေါင်း ကြာမြင့်စွာ ငရဲမီး မီးလောင်တိုက်ဖြစ်သော ငရဲအိုး၌ ဆင်းရဲကြီးစွာ ခံကြရမည်ဖြစ်သည်။

ယင်းသို့ ကြောက်မက်ဖွယ် ကောင်းပါလျက် နွားသတ်သမားတွေ ယခုခေတ်၌လည်း များစွာရှိကြ၏၊ နွားသား ဝယ်ယူစားသူတွေကြောင့် သတ်ရောင်းသူတွေ ရှိနေရခြင်း ဖြစ်သည်။

ရှေးခေတ်၌လည်း နွားသတ်သမား၊ ဝက်သတ်သမားတွေ များစွာရှိကြောင်း ဂိဏ္ဍကုဋ္ဌ် ပြဿာ ဝတ္ထုများတွင် ထင်ရှား ပေါ်လွင်စွာ ဖတ်ကြရ၊ တွေ့ကြရပါမည်။

၁၈၊ ၁ နွားသတ်သမား ဝတ္ထု

ဤတွင် စုန္ဒ ဝက်သတ်သမား ဝတ္ထုသွားနှင့် ဆင်ဆင်တူသော နွားသတ်သမားဝတ္ထုကို အကိုချုံး၍ ဖော်ပြပါမည်၊ ပါဠိတော်၌ သူ၏ နာမည်ရင်းမပါ၊ (ဝခက) သတ်တတ်သူဟူ၍ သာပန် ပါ၏၊ ထူးသည်ကား စုန္ဒသည် ရာဇဂြိုဟ်မြို့၌ နေသော ဝက်သတ်သမား ဖြစ်၍ ဤသူကား သာဝတ္ထိမြို့၌ နေသော နွားသတ်သမား ဖြစ်သည်၊ သူတို့၏ ဘဝ အဆုံးသတ်သွားကြပုံမှာလည်း ခြားနားကြသည်။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါ သာဝတ္ထိမြို့သား နွားကို အမြဲသတ်၍ နွားသား အမြဲရောင်းစားနေသည့် ယောကျ်ား တစ်ယောက်သည် အများနည်းတူ အပြစ်ကင်းသောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ဘာတစ်ခုမျှ မလုပ်ပါ၊ နေ့စဉ်နေ့တိုင်း နွားများကို ရှာဖွေဝယ်ယူပြီး သတ်နေသည်၊ လူတို့၏ ထမင်းသခင် ကျေးဇူးရှင်ဖြစ်သော နွားများကို လိုက်လံဝယ်ယူခြင်း၊ သတ်ခြင်းကိုသာ စွဲစွဲမြဲမြဲ လုပ်ရင်း သူ၏ ဘဝတာတွင် သားမယားကို မွေးမြူလာခဲ့သည်။

သူ၏ လုပ်နည်း လုပ်ဟန်မှာ ဝယ်ယူရခဲ့သော နွားများကို ရက်စက်စွာ သတ်ဖြတ်သည်၊ တုန်တုန်ယင်ယင်နှင့် သေပြီးစ နွား၏ ကိုယ်ခန္ဓာမှ သူစားချင်ရာ အသားစုကို ပိုင်းဖြတ်ခုတ်လှီး၍ ယူသည်။ ချက်ပြုတ် ကြော်လှော်၍ ကျက်လျှင် ဇနီး၊ သားသမီးတို့နှင့် ဝိုင်းဖွဲ့ ထိုင်ကာ အတူတကွ စားသောက်ကြသည်၊ ကျန်သမျှသော နွားသား များကို မြို့ထဲ လှည့်လည်ရောင်းချကြသည်၊ နွားသား ဝယ်ယူစားကြ သူတို့ကလည်း ယခုခေတ်၌ကဲ့သို့ ရှိနေခဲ့ကြဖူး၏။

တစ်ဖန် နွားသားရောင်း၍ရသော ငွေများဖြင့် နွားများကို လိုက်လံရှာဖွေ၍ ဝယ်ယူပြန်၏၊ ရှေးခေတ်ကလည်း ယခုခေတ်ကာလ နှင့် မခြား နွားသတ်သမားဖြစ်ကြောင်း သိလျက်နှင့် သူတို့၏ နွား များကို ရောင်းရက်သူ ရှိကြသည်၊ သတ်၍ သွေးသံရဲရဲနှင့် ရောင်းချ သော နွားသားကို ဝယ်ယူစားသူများ ရှိကြသည်၊ ထိုနွားရောင်းသူနှင့် နွားသားကို ဝယ်ယူသူတို့က နွားသတ်သမားကို ဝိုင်းဝန်းကာ အားပေး အားမြှောက်ပြု၍ ထောက်ပံ့နေကြခြင်း ဖြစ်သည်။

လူမိုက်တွေက နွားသတ်သမားအား ရောင်းလိုက်ကြသော နွားများကို ယူဆောင်လာခဲ့ပြီး ရက်စက်စွာ သတ်ပြန်၏၊ သူလိုချင်ရာ ခုတ်ပိုင်း ဖြတ်လှီးယူပြီး ကျန်သမျှ နွားသားတွေကို သွေးသံရဲရဲ ယင် ကောင် တဝဲဝဲနှင့် အရပ်ထဲ လှည့်လည်ရောင်းချပြန်၏၊ တစ်ဖန် ရသော ငွေနှင့် နွားဝယ်ခဲ့ပြန်၊ နောက်ရက် သတ်ပြန်၊ စားကြပြန်၊ ရောင်းချ ပြန်သည်၊ ထိုသို့ နွားဝယ်ယူ၍ သတ်ခြင်းအလုပ်သည် နှစ်တွေ ကုန်မှန်း မသိ ကုန်၍လာခဲ့ရာ သူ၏အသက်အရွယ် နှစ်ပေါင်း ၅၀ တိုင်အောင် ကျရောက်လာခဲ့လေသည်။

သာဝတ္ထိမြို့ထိပ်၌ မြတ်စွာ ဘုရားရှင်သည် ကြည်ညိုဖွယ်ရာ သံဃာတော် အပေါင်းနှင့်တကွ သီတင်းသုံးလျက်ရှိကြောင်း သူမသိ သည်မဟုတ်ပါ၊ သိပြီး ကြားပြီး ဖြစ်၏၊ သို့သော်လည်း သူ၏ စိတ် ရင်း စေတနာက မိစ္ဆာမောဟ ဖုံးလွှမ်းနေလွန်း၍ တစ်ကြိမ် တစ်ခါမျှ ရှိခိုးဖူးမြော်ခြင်းမပြု၊ မြတ်စွာဘုရားနှင့် သံဃာတော်များအား ဆွမ်း တစ်ဇွန်းမျှ မလောင်းလှူခဲ့ရစဖူး၊ သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်နှင့် ဆီမီး တစ်ကိုင်မျှ ပူဇော်ခြင်းမရှိသလို အခြားသော ကုသိုလ်ရေးနှင့်စပ်လျဉ်း ၍ ဝေယျာဝစ္စ ဆောင်ရွက်ခြင်းစသော ကုသိုလ်မျိုးလည်း လုံးဝ မရှိဖူး ချေ၏။

ဤဝတ္ထု၌ နွားသတ်သမား ဝဓကာ၏ ပြုမူပုံသည် ဝက်သတ်သမား စုန္ဒ ဝတ္ထုနှင့် တစ်သက်လုံး မကောင်းမှု သတ်ဖြတ်ခြင်းအလုပ်သာ စွဲမြဲလုပ်၍ ကုသိုလ်ရေးတွင် ဘာတစ်ခုမျှ ပြုခဲ့ဖူးခြင်း မရှိပုံမှာ ထပ်တူဖြစ်၏၊ မိမိတို့ ရှေ့ဆက်သွားရမည့် ဘဝသံသရာ ခရီး၏ အရေးကိုမူ လုံးဝ မျှော်တွေးရမှန်း မသိ၊ ကောင်းမြစ်တားသူ မိတ်ဆွေကောင်း၊ ဆရာကောင်း မရှိသူချင်းပါ တူညီကြသေး၏။

## ကံဆိုး မိုးမှောင် ကျချိန်

သူ၏ စိတ်ဆန္ဒ အာသာသည် နေ့စဉ်နေ့တိုင်း နွားသားနှင့် ကင်း၍ ထမင်းမစားနိုင် ဆို၏၊ ကောင်းမှုပြုနေသူကို တစ်နေ့တွင် ကောင်းကျိုး ရောက်သကဲ့သို့ မကောင်းမှုပြု၍ အသက်မွေးနေသူတို့ကိုလည်း တစ်နေ့တွင် မကောင်းကျိုး ဆိုက်ရောက်လာမြဲ ဖြစ်၏၊ ဤသဘာဝကို မြဲမြဲ မှတ်ပါ။

ဝဓကသည် သူ၏နွားတွေကိုသတ်၍ သားသတ်သမားအလုပ်ဖြင့် နှစ်ပေါင်း ၅၀-သို့ ရောက်လာသောနှစ်တွင် လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်လာ၏၊ အသက် ၅၀ ပြည့်နှစ်တွင် တစ်နေ့သ၌ သူ၏ဇနီးအား နွားသားတစ်ဖြတ်ကို လှီး၍ သူ့အတွက်ချက်ပေးရန် မှာကြား ပေးအပ်ထားခဲ့ပြီး မြို့တွင်းသို့ လှည့်လည်ကာ နွားသားရောင်းရန် ထွက်ခွာသွားသည်၊ ထိုနောက် ညနေပိုင်းတွင် အိမ်ပြန်ရောက်လျှင် အဖော်များနှင့်အတူ ရေချိုးရန် အိမ်မှ ထွက်သွားသည်။

ထိုအခိုက်တွင် သူနှင့်ရင်းနှီးသော မိတ်ဆွေတစ်ယောက်က သူ၏ အိမ်သို့ရောက်လာပြီး 'ဧည့်သည်လာလို့ပါ၊ အမဲသားရောင်းပါ' ဟု တောင်းဆို၏၊ နွားသတ်သမား၏ ဇနီးက 'မရှိဘူး၊ ရောင်းချလို့ ကုန်ခဲ့ပြီ' ဟု ပြောသည်၊ သို့သော် ဝယ်ချင်သူက 'ဧည့်သည်ကျွေးရန် အလိုရှိနေလို့ပါ၊ ကြွင်းကျန်သေးပါက ပေးပါ' ဟူ၍ ထပ်ကာထပ်ကာ တောင်းဆိုသည်၊ အိမ်ရှင်မက 'အသင့်ရဲ့မိတ်ဆွေဟာ နွားသားနှင့် ကင်းလို့ ထမင်းမစားဘူး၊ သူ့အတွက်ချက်ပေးရန် ချန်ထားခဲ့တာက လွဲလို့ အခြားမရှိဘူး' ဟူ၍ ဟုတ်မှန်ရာ ပြောပြ၏၊ 'ဒါဖြင့် အဲဒါပဲပေး' ဟု ပြောပြောဆိုဆို လက်နိုင်သော အကျွမ်းဝင်သူမို့ သူကိုယ်တိုင် ဆွဲယူသွားလေတော့သည်။

နွားသတ်သမား ရေချိုးပြီး အိမ်ပြန်ရောက်လျှင် ဇနီးက ထမင်းပြင်၍ ပေး၏၊ အမဲသားဟင်း မမြင်၍ 'အမဲသားဟင်း ဘယ်မှာလဲ' ဟု မေး၏၊ သူ့ဇနီးက ဖြစ်ချပ်အကြောင်းစုံကို ပြောပြသောအခါ ဒေါသတကြီး စိတ်ဆိုးမာန်ဆိုးနှင့် 'ငါ အမဲသားနှင့် ကင်းလို့ ထမင်းမစားဘူးဆိုတာ နင်သိပြီးသား၊ နင့်ထမင်းပွဲ ပြန်ယူသွားပေတော့' ဟု ပြောကာ ဓားကိုဆွဲယူပြီး အိမ်အပြင်ထွက်သွားသည်။

သူသည် တစ်သက်လုံးက နွားကိုသတ်လာသူဖြစ်၍ နွားမှန်သမျှ သနားစိတ်မရှိ၊ ထင်းခုတ်သမားသည် ခုတ်လှဲပြီး ထင်းတုံးများကို ကြိုက်သလို ဖြတ်လှဲခွဲထုတ်နေသကဲ့သို့ သက်ရှိနွားတွေကို သူ စိတ်ရှိသလို သတ်ချင်ရာသတ်၊ ဖြတ်ချင်ရာဖြတ်ပစ်နိုင်မည်ဟု ပိုင်စိုးပိုင်နင်း ယူဆ၏၊ ဘယ်သူက ခုမတော်ဘူး၊ မကောင်းဘူး ဟူ၍ ပြောဆိုတားမြစ်သူ မရှိခဲ့ဘူးချေ၊ ထို့ကြောင့် ငဲ့စရာ၊ ထောက်ထားစရာ မရှိ၊ ထင်ရာ ရမ်းနေနိုင်စွမ်း အခွင့် သာနေသည်။

သို့သော် သတ္တလောကတွင် ကံတရားဆိုသည်ကား သူတစ်ပါးက လာ၍ ပြုပေးခြင်းမရှိ၊ သူပြုသောကံသာလျှင် သူ၏ ဘဝအတွက် ကောင်းဆိုး နှစ်တန်ကို နေ့စဉ် (ဖန်ပေးနေခြင်းကို) ပြောပြပေးသူ ဆရာသမားကောင်း မရှိ၍ သူ မကြားဖူး၊ မသိဖူးရှာပေ၊ ကံဆိုးမိုးမှောင် ကျချိန်ရောက်လာသောကြောင့် ထိုနေ့ ထိုအချိန် တစ်ခဏကလေး အတွင်း၌ သူ၏ ကြောက်မက်ဖွယ်ရာ ဖြစ်မှုကြီးတစ်ခုကို မိသားစု များကပါ ဘယ်သူမှ မမျှော်မှန်းမိခင် ရုတ်တရက် ကျူးလွန်ပြုလိုက်လေသည်။

ထမင်းစားရာမှ ထလိုက်ပြီး ထက်လှသော ဓားကိုင်လျက် သူ၏ အိမ်နောက်ဖေးရှိ နွားခြံအတွင်းသို့ ဒေါသန်ပါပါ ဝင်ကာ နွားတစ်ကောင်၏ လျှာကို လက်တစ်ဖက်က ဆွဲယူပြီး ဓားနှင့် အရင်းမှ ဖြတ်ယူလိုက်သည်၊ ယူခဲ့ပြီးလျှင် ဇနီးအား 'ရော့ အဲဒါ ချက်ခဲ့' ဟု ပစ်ပေးလိုက်သည်။

ထိုအခါ လျှာအဖြတ်ခံလိုက်ရသော နွားကြီးသည် ခံတွင်းမှ သွေးများ ဒလဟော ယိုစီးကျလျက် မခံ မရပ်နိုင် ဆောက်တည်ရာ မရ ဖြစ်နေရှာ၏၊ လူ့သားတစ်ဦး အနေဖြင့် ကြည့်ရက်စရာ မရှိ၊ မြင်ဝံ့စရာမရှိပေ၊ ထွန့်ထွန့်လူး၍ ယောက်ယက်ခတ်ကာ ဟိုနွားပြေး၊

သည်နှားပြေး ဖြစ်နေရှာ၏၊ နာကျင်လှသော ဒုက္ခဝေဒနာကြီးကို ခံစားရင်း မကြာခင်အတွင်းမှာပင် နွားကြီးသည် မရှုမလှနှင့် သနားဖွယ်ရာ ဘုံးဘုံးလဲပြီး အသက်ထွက်သွားရှာလေ၏။

ဇနီးမယားကို ရှေးတစ်ချိန်က မင်းကြီးကတော်၊ ဝန်ကြီးကတော် ဟု ပြောခဲ့ကြဖူးသကဲ့သို့ ပြောရလျှင် အဲဒို့ပါ နွားသတ်သမား၏ ကတော်သည် နွား၏လျှာကို ကောက်ယူကာ အလျင်တဆော မီးဖို၌ တင်လိုက်သည်၊ ခဏကြာလျှင် ပူပူလောလောကြီး ထမင်းပန်းကန်ပြားပေါ်တင်ကာ သူ၏ လင်ယောကျ်ားရှေ့၌ချကာ ပေးလေသည်။

ဤတွင် အံ့သြဖွယ်ရာ ထူးခြားချက်ကြီး ဖြစ်ပေါ်လာပုံကား နွားသတ်သမားသည် အားရပါးရ စားရတော့မည်ဟု ထမင်း တစ်လုတ်ကို ခံတွင်းသို့ ပစ်သွင်းပြီး နွားလျှာခင်ကို ထက်ဝက်ဖြတ်၍ တစ်ဖြတ်တစ်ပိုင်းကို သူ၏ခံတွင်းသွင်းကာ လျှာပေါ် တင်လိုက်သည်နှင့် တစ်ပြိုင်နက် သူ၏လျှာသည် အရင်းမှ အလိုလို ပြတ်သွား၏၊ လျှာရင်းမှ တိကိကြီး ပြတ်ခဲ့ပြီး သူစားနေဆဲ ထမင်းခွက်ပေါ်၌ ကျလေသည်။

ရက်စက်ကြမ်းကြုတ်လွန်းသော ပါဏာတိပါတကံ (အကုသိုလ်ကံ) မည်သည်ကား အချိန်ဆိုင်း၍ မနေနိုင်၊ ဒိဋ္ဌဓမ္မ ချက်ချင်းလက်ငင်းအတွင်း မိမိပြုသောကံနှင့် အလားတူစွာပင်လျှင် အကျိုးပေးခြင်း ခံလိုက်ရ၏။

သတ္တဝါတို့၏ အသက်ကို သတ်သော အကုသိုလ်ကံဟူသမျှသည် မိမိပြုသော ကံအကြောင်းနှင့် ထပ်တူ အကျိုးပေးတတ်၏၊ ဒေါသမာန်နှင့် ဆိုးဆိုးဆတ်ဆတ် ပြုသောကံသည် ချက်ချင်းလက်ငင်း ပြုသူအား ရှောင်တခင် အကျိုးပေးတော့သည်မှတ်၊ တဖြည်းဖြည်းနှင့် အစဉ်တစိုက်ပြုနေသော အကုသိုလ်ကံသည် ပြုလုပ်သူအား တအိအိ လာ၍ တစ်လျှောက်လုံး အေးအေးဆေးဆေး အကျိုးပေးနေတတ်၏။

ဤဝတ္ထုတွင် ဓမ္မပဒ အဋ္ဌကထာ၌ ဤသို့ မှတ်ချက် ချတော်မူလေ၏။

တင်္ခဏေယေဝ ကမ္မသာရိက္ခံ ဝိပါကံ လဘိ။

တင်္ခဏေယေဝ၊ ထိုခဏ၌ပင်လျှင် (အချိန်မဆိုင်း) ချက်ချင်း လက်ငင်း။ ကမ္မသာရိက္ခံ၊ မိမိပြုလုပ်မိသော ကံနှင့် အလားတူစွာ။ ဝိပါကံ၊ အကျိုးကို။ လဘိ၊ ရရှိလေ၏ .. တဲ့။

## လက်တွေ့ ကံတူ အကျိုးပေးပုံ

နွားသတ်သမားသည် သူ၏ သနားကြင်နာ မဖက် ရက်စက် လိုက်သော လက်ချက်ကြောင့် အပြစ်မဲ့သော နွားကြီးမှာ လျှာဖြတ် ခံလိုက်ရ၏၊ လျှာပြတ်ပြီး ခံတွင်းမှ သွေးရည်များ ပေါက်ပေါက် ပန်း၍ ယိုစီးထွက်ကျသည်၊ နာကျင်သောဒဏ်ကို မခံမရပ်နိုင်ဖြစ်ကာ အော်မြည်ရင်း ယောက်ယက်ခပ် နေသွားရရှာ၏။

ထိုနည်းတူစွာ နွားသတ်သမားသည်လည်း တကယ့်ကိုလုံးဝ ပေါ်တူပင်လျှင် သူ၏လျှာ ရုတ်တရက် ပြတ်ကြသည်၊ တစ်ဆက်တည်း ခံတွင်းမှ သွေးရည်များ ပေါက်ပေါက်ပန်း၍ ကျဆင်းကာ ဒလဟော ယိုစီးနေသည်၊ ထို့ကြောင့် မခံနိုင်မရပ်နိုင်ဖြစ်ကာ နွားကြီး အော်မြည်သံနှင့် တူစွာ အော်မြည်ရင်း ယောက်ယက်ခပ်နေရ၏၊ ယောက်ယက်ခပ်နေပုံကား နွားကဲ့သို့ အော်မြည်ရင်း ပုဆစ်ဒူးနှစ်ဘက်၊ တံတောင်နှစ်ဘက်တို့ဖြင့် လေးဘက်တွားကာ ဆောက်တည်ရာမရ၊ ရပ်တည်၍ မနေနိုင်၊ သူ၏ နေအိမ်အတွင်း၌ လှည့်ပတ်လှုပ်ရှား၍ နေရလေသတည်း။

ထိုအခါ နွားသတ်သမား၏ သားသည် သိတတ်၊ မြင်တတ်၊ ကြားတတ် တွေးဆတတ်သော အရွယ် ရောက်နေပြီဖြစ်၍ လျှာဖြတ် ခံရသော နွားကြီး၏ မချမလှ ခံစားနေရသော ဖြစ်ရပ် မြင်ကွင်းကို သနားစိတ်ဖြင့် မမြင်ရက်နိုင်ပါ၊ တစ်ဆက်တည်း မြင်နေရသော ဖခင်၏ ဒုက္ခကြီးကိုလည်း မမြင်ရက်နိုင်စရာ တွေ့မြင်နေရပြန်၏၊ နွားကြီးနှင့် ဖခင်၏ တစ်ခဏချင်း ဖြစ်ရပ်နှစ်ခု ယပ်ဘူးချက်ထူးလှသော မြင်ကွင်းကို အနီးအပါး၌ ရပ်၍ကြည့်နေစဉ် စိတ်မချမ်းမသာ ဖြစ်ပေါ်နေရသည်။

မိခင်က သူ၏သား စိတ်ဆင်းရဲစွာ ကြည့်နေပုံ သိမြင်၍ 'ငါ့သား ဟိုနွားကြီးရဲ့ မချမလှဖြစ်ရပုံကို ကြည့်ပါလော့၊ သည်အလုပ်ရဲ့

ဝိပါက်ကြမ္မာဟာ သင့်ဖခင်ရဲ့ ထိပ်ထက်၌သာ ကျသည် မဟုတ်သေးဘူး၊ ယုတ်မာရက်စက်လွန်းအားကြီးသော ဖခင်ရဲ့သားဖြစ်တဲ့ သင့်ရဲ့ထိပ်ထက်မှာလည်း ကျရောက်လာလိမ့်မယ်လို့ ထင်ရတယ်၊ ငါ့ကိုငဲ့ညှာမနေနှင့်တော့၊ ဘေးလွတ်ရာ, ကင်းရာ ရပ်ဘာစ်ပါးသို့ ရှောင်ရှား ထွက်ပြေးပေတော့' ဟု အဆောတလျင် တိုက်တွန်းလေသည်။

ထိုခေတ်ဆီက လူအချို့၏ စိတ်သည် မင်းပြစ်ဒဏ် ရာဇဝတ်မှုကြီးကို ကျူးလွန်မိသော ဖခင်သာမက သားကိုပါ ဆက်နွယ်၍မယုံသင်္ကာ ဖြစ်တတ်ပုံ-ပြစ်ဒဏ်ခံကြရပုံကို ထင်ဟပ်၍ အကုသိုလ်မကောင်းမှုကြီး ပြုမှားသော ဖခင်ကြောင့် သားကိုပါ မကောင်းကျိုး ကူးဆက်မည်လော ဟု မိခင်၏ ကရုဏာစိတ်ကြောင့် သားကိုရှောင်စေခြင်း ဖြစ်၏။

မိခင်၏စကားကို ကြားရလျှင် သားဖြစ်သူသည် သေဘေးကိုကြောက်လန့်၍ ပစ္စည်းဥစ္စာ တစ်စုံတစ်ရာမျှ မယူတော့ဘဲ တစ်ခါတည်းချင်း ရပ်ဘာစ်ပါးသို့ ထွက်ပြေးသွားလေတော့၏။

## သူပြုသောကံ သူသာခံရမြဲ

လူဖြစ်ရပါလျက်– သူ၏လူ့ဘဝ ရနေခိုက် ဘဝဘာလုံးတွင် နွားသတ်ခြင်းအလုပ် ပါဏာတိပါတကံဖြင့် အသက်မွေးခဲ့သော နွားသတ်ယောကျ်ားသည် လျှာပြတ်ကျပြီးနောက် အချိန်ကြာကြာ မနေနိုင်ရှာတော့ပါ၊ အသက်ခံနေရသော နွားသံကဲ့သို့ အော်မြည်လျက် သူ၏နေအိမ် အတွင်း၌ လေးဘက်ထောက်သွားကာ ယောက်ယက်ခပ်ပြေးသွားရင်းမှ မောပန်းပြီး ပက်လက်လန် လဲကျကာ မရှုမလှနှင့်အသက် ထွက်သွားရရှာလေ၏။

သေပြီးနောက်တွင် တစ်ဆက်တည်း အဝီစိငရဲကြီးသို့ ကျရောက်သွားရ၍ ကြီးစွာသောငရဲမီး လောင်ခံရပြီး ဆင်းရဲဒုက္ခကို ယခုတိုင်အောင် ခံနေရဆဲရှိလေသည်၊ သူပြုခဲ့သောကံ သူသာခံရမြဲ သဘောကို မှတ်ကြ, ကြောက်ကြကုန်လော၊ ကျွဲသတ်သူ-ဝက်သတ်သူ-ဆိတ်သတ်သူ- ကြက်သတ်သူ- ဘဲသတ်သူတို့သည်လည်း နည်းတူငရဲကျမည် ကေန်မှု၍ မှတ်ကြ၊ ကြောက်ကြကုန်လော။

## လူမသေခင် နတ်ဗိမာန်ကြီး ပေါက်နေနှင့်သော ဓမ္မိက ဥပါသကာ ဝတ္ထု

မကောင်းမှုပြုလျှင် မကောင်းကျိုး ခံရကြောင်း ဝတ္ထုများကို ပြခဲ့ပြီ၊ ယခုအခါ ကောင်းမှု ပြုနေသော သူကား ကောင်းကျိုး ရကြောင်း ဘုရားဟော တရားတော်နှင့်အညီ လက်တွေ့ ထင်ရှားခဲ့သော အားကျဖွယ် ဝတ္ထုကြောင်းကို ဤတွင် ဖော်ပြပါသည်။

ဘဝသံသရာ ကျင်လည်ကြရာတွင် နည်းသိထားဖို့ရာ ဦးစွာလို၏၊ ကောင်းသောနည်းနှင့် မကောင်းသောနည်း (၂)မျိုးတွင် ကောင်းသော နည်းယူလျှင် ကောင်းကျိုးရမည်၊ ဤကား လိုရင်းဖြစ်၏။

သံသရာ ကျင်လည်ကြရာတွင် ချမ်းချမ်းသာသာ ကျင်လည်နိုင်သောနည်းရှိ၏၊ နားလည်ထားလျှင် လွယ်ပါသည်၊ အထက်၌ ဖော်ပြခဲ့သော (လမ်းဆိုး နှင့် လမ်းကောင်း) ခရီး လိုရာ သွားနိုင်ကြောင်း လမ်းနှစ်သွယ် ရှိနေသည်တွင် လမ်းကောင်းကို လိုက်ပါ၊ စိတ်ကို ရှင်းရှင်းထားပါ၊ စကားကောင်းပြောတတ်သူကို ပေါင်းပါ၊ ချဉ်းကပ်ပါ၊ ကောင်းရာညွှန်သော စာမျိုးကိုသာ ရွေးချယ်၍ ဖတ်ပါ၊ ဖြစ်ရာဘဝတိုင်း၌ ချမ်းသာသော ဘဝမျိုးဖြင့် ကျင်လည်နိုင်သော နည်း၏ အခြေခံဟူ၍ မှတ်ပါ။

မိမိ၏ ဘဝကို သက်သာစွာ ချမ်းသာအောင် ကျင်လည်သွားလိုသူများ အတွက် 'ဓမ္မာ ပါပေတိ သုဂတိ' ဟူ၍ မြတ်စွာဘုရားရှင်က ရှင်းရှင်းနှင့် လွယ်လွယ်ကလေး ညွှန်ကြားတော်မူခဲ့၏။

'ဓမ္မာ၊ သူတော်ကောင်းတို့ လိုက်နာကျင့်သုံးသော သုစရိုက်တရား (၁၀)ပါးဖြင့်သာ ပျော်မွေ့နေကြပါ' ဟု ညွှန်ကြားခြင်းဖြစ်၏၊ လိုက်နာနည်း လွယ်ပါသည်၊ ရှေးခေတ် ကာလ၌ သုစရိုက်တရားဖြင့်သာ ပုံမှန် ပျော်မွေ့ နေသွားကြသော (နည်းယူရန်) ဝတ္ထုပေါင်းများစွာ ရှိ၏၊ ဤတွင် နည်းယူဖွယ် ကောင်းသော ဓမ္မိကဥပါသကာ၏ ဝတ္ထုကို ဖော်ပြပါမည်။

ဘုရားရှင် လက်ထက်တော်က ဥပါသက တွေ

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်အခါ သာဝတ္ထိမြို့၌ ပုံမှန်တရားစောင့်၍ နေကြသော 'ဓမ္မိက' အမည် ခံယူထားကြသည့် ဥပါသကာ ငါးရာ ရှိကြ၏၊ တစ်ဖန်-ထိုငါးရာသော ဥပါသကာတို့တွင် တစ်ယောက်, တစ်ယောက်သော ဥပါသကာ၌ ငါးရာငါးရာစီသော ဥပါသကာ တို့က အသီးသီး ခြံရံလျက် ရှိကြပြန်သေး၏။

ထိုဥပါသကာ အားလုံးတို့၏ အပေါ်၌ ကြီးမှူး ဦးဆောင်သော အကြီးဆုံး ဥက္ကဋ္ဌဖြစ်သူ 'မဟာဓမ္မိက' အမည်ရှိသော ဥပါသကာ ကြီး တစ်ဦးရှိသည်၊ အဆိုပါ ဥပါသကာကြီးမှာ သား ခုနစ်ယောက်၊ သမီး ခုနစ်ယောက် ထွန်းကား၍ အားလုံးပေါင်း သားနှင့် သမီး တစ်ကျိပ်လေးယောက် ရှိလေသည်၊ (ဝိသာခါ၌ သားသမီး နှစ်ဆယ် ရှိပုံ ထောက်လျှင် မများပါ။)

နေထိုင်ကြပုံကို ပြောကြလျှင် သူတို့မိသားစု အားလုံးသည် ငါးပါးသီလ မြဲကြ၏၊ ပါဏာတိပါတကံ စသော ဒုစရိုက်မှုမျိုးကို မပြု ကြပါ၊ လုံးဝ ကင်းရှင်း ကြသည်၊ ကုသိုလ် ကောင်းမှုတို့ကိုသာ (နေ့တိုင်း၊ လတိုင်း၊ နှစ်တိုင်း) ထာဝစဉ် အညွှန်းပူး အားထုတ်နေ လေ့ ရှိကြသည်။

တာဝန် ယူထားကြပုံက သားသမီးတိုင်း တစ်ယောက် တစ် ယောက်စီ၌ စာရေးတံ ယာဂုကိုဖြစ်စေ၊ စာရေးတံ ဆွမ်းကို ဖြစ်စေ အလှူဝတ်ကို ယူကြသည်။

လဆန်းပက္ခ၊ လဆုတ်ပက္ခ၌ လှူအပ်သော ဆွမ်းဝတ်ကို ဖြစ်စေ၊ သီးသန့်ပင့်ဖိတ်၍ လှူအပ်သော ဆွမ်းကိုဖြစ်စေ၊ ဥပုသ်နေ့၌ လှူအပ် သော ဆွမ်းကိုဖြစ်စေ၊ ညှော်သည်အာဂန္တုက ရဟန်းတို့အား လှူအပ် သော ဆွမ်းကိုဖြစ်စေ၊ သံဃာအား လှူအပ်သော ဆွမ်းကို ဖြစ်စေ ဝါဆိုသင်္ကန်းကိုပါ ကိုယ်စီကိုယ်င ပေးလှူခြင်း တာဝန်ယူ၍ ပြုကြ၏၊ ထိုသားသမီး တစ်ကျိပ် လေးယောက်တို့သည် မိဘတို့၏ ထုံးတမ်း စဉ်လာကို အတု လိုက်ကြသည်၊ အတု လိုက်ကြသောကြောင့် အနုဇာတ သားသမီးကောင်းများ ဖြစ်ကြသည်။

## သားသမီး (၃) မျိုး

လူ့လောက၌ အိမ်ထောင်စုတိုင်း သားသမီး ကိုယ်စီရှိကြရာတွင် မိဘစကား နားထောင်သူ များလည်း ရှိကြ၏၊ မိဘစကား နားမထောင် ဆန့်ကျင်နေသူ များလည်း ရှိကြ၏၊ မိဘထက်ကိုယ်ကျင့် သိက္ခာ၊ ပညာ၊ အလုပ်အကိုင်၊ အနေအထိုင် အားလုံး သာလွန်မြင့်မားသူများလည်း ရှိကြ၏၊ လက်တွေ့ ကြည့်ကြပါ။

(၁) မိကောင်းဖခင်တို့၏ ရိုးဖြောင့် မှန်ကန်သော နေထိုင်နည်း ကျင့်ရိုး ထုံးတမ်းစဉ်လာကို လေးလေးစားစား အတုလိုက်၍ ကျင့်သော (အနုဇာတ) သားသမီးကောင်းတစ်မျိုး၊

(၂) မိကောင်း ဖခင်တို့၏ နေထိုင်နည်း ကောင်းသော အစဉ်အလာကို အတုမလိုက်မူ၍ ယုတ်ညံ့သော အနေအထိုင်၊ အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင် ရှိသော ဆန့်ကျင်သည့် (အဝဇာတ) သားသမီး တစ်မျိုး၊

(၃) မိကောင်းဖခင်တို့၏ ကောင်းသော ဓလေ့ ထုံးစံ နေထိုင်နည်းထက် သာလွန်ထူးကဲ၍ ဘက်စုံ မြင့်မြတ် လွန်ကဲစွာ ပြုမူကျင့်ကြံ နေထိုင်တတ်သော (အတိဇာတ) သားသမီး တစ်မျိုး ဟူ၍ ရှိကြ၏။

လူ့လောက တစ်နှင့်ဝယ် ရှေးခေတ်ကာလ၌ ဖြစ်စေ၊ ယခု မျက်မှောက်ခေတ်ကာလ၌ ဖြစ်စေ ရှိရှိသမျှ လူတို့ကိုကြည့်လျှင် ထိုသုံးမျိုးကို တွေ့မြင်ကြရသည်၊ သူတစ်ပါးသာ မဟုတ်သေးပါ၊ တို့သူငါ အားလုံးတို့သည်လည်း အဆိုပါသုံးမျိုးတွင် ပါဝင်နေကြပြီး ဖြစ်၏၊ တစ်မျိုးမျိုးတော့ ပါဝင်နေကြပြီးဖြစ်ရာ မိမိကိုယ်တိုင် ဘယ်အမျိုး ဘယ်အစားတွင် ပါနေသလဲဆိုတာ ကိုယ်တိုင် စစ်ဆေးကြည့်ပါ။

### ပုံမှန် ဒါန-သီလ နှင့် ပျော်မွေ့ချင်သူ

လူ့လောကတွင် လက်ရှိ မိမိ၏ ဘဝကို တစ်နည်းနည်းဖြင့် ပျော်အောင် နေလော့ရှိကြဖြစ်၍ 'ငါသည် ယုတ်နိမ့်သော ပျော်နည်းဖြင့်မနေ သူပျော်ကောင်းတို့ ပျော်နည်းမျိုးတွင် လိုက်နိုင်သမျှ

တော့လိုက်နာ၍ ပျော်ခဲ့တာပဲ’ဟူ၍ အကဲခတ် ကြည့်မြင် သိနိုင်လျှင် လူဖြစ်ရကျိုး နပ်ပြီဟု မှတ်ပါ။

အဆိုပါ ဓမ္မိက ဥပါသကာကြီးသည် သားသမီးများကို သွန်သင်ဆုံးမ ကွပ်ကဲထိန်းချုပ် နေသွားပုံ ကြည့်ပါ၊ သူကိုယ်တိုင်လည်း ကောင်းရာဘဝရောက်အောင် သူတော်မြတ်တို့ ကျင့်စဉ် နေထိုင်နည်းဖြင့် နေ၍ သားသမီးများကိုလည်း နည်းယူစေကာ ကောင်းရာဘဝသို့ ရောက်စေရန် နည်းညွှန်ကာ တာဝန်ကိုယ်စီပေးပြီး ကောင်းမှုဖြင့်သာ ပုံမှန်နေသွားစေသည်။

ဓမ္မိက ဥပါသကာကြီးသည် သူတို့၏ ဇနီးခမောင်နှံနှင့် သားသမီး တစ်ကျိပ် လေးယောက်ပါ ပေါင်းသော် သူတို့ တစ်အိမ်ထောင်၌ လူပေါင်း (တစ်ကျိပ်ခြောက်ယောက်) ရှိကြသည်၊ သူတို့ အားလုံးက လူတစ်ယောက်ကျစီတိုင်း စာရေးတံ (ယာဂုဆွမ်း) စသော အလှူဝတ် တစ်ခုကျစီ အသီးသီး ပုံမှန်ထားရှိကြသည်၊ နေ့စဉ် အလှူဝတ်နှင့် ကင်းကွာနေသူ တစ်ယောက်မျှ မရှိကြပါ၊ ဤအချက် မှတ်ကြရာ၏။

လူ့လောက၌ ကောင်းသောနေထိုင်နည်း ဆိုသည်ကား ခက်ခဲသည်မဟုတ်၊ ထိုပုံနည်းဖြင့် နေသားကျနေတော့ နေ့စဉ် အလှူဝတ်စိမ်ရင်း ပျော်မွေ့နေကြတော့သည်၊ ပြုလုပ်သမျှ နတ်ရွာ နိဗ္ဗာန်ရောက် ကြောင်း အကျင့်ကောင်းချည်း ဖြစ်နေ၍ (စရဏ)ဖြင့် နေထိုင်ကြသော အိမ်ထောင်မိသားစုကြီး ဖြစ်နေသည်။

ဤပုံ ဤနည်းဖြင့် ဘဝချမ်းသာအောင် နေထိုင်နည်းကို ပုံစံမူချ၍ နေလာခဲ့ရာ သားမယားနှင့်တကွ ဖြစ်သော ထိုဓမ္မိကဥပါသကာကြီးသည် သူ့ကိုယ်သူမှာ စိတ်သဘာဝကိုက ပုံမှန် အချိုးကျနေ၍ အပြစ်မှ ကင်း၏၊ လေ့လာစစ်ဆေးကြည့်နေရန် မလိုတော့ပါ၊ သူ၏ နေထိုင်ပုံမူကို ဘေးမှကြည့်လျှင် ‘ပုံသေ စောင့်ထိန်းအပ်သော သီလ ရှိခြင်း၊ ကောင်းသော, ရိုးသား ဖြောင့်မတ်သော ကိုယ်ကျင့်တရား ရှိခြင်း၊ ဝေဖန်ပေးကမ်း လှူဒါန်းမြဲ ဒါနဝတ် ပုံမှန်ထားရှိခြင်းတို့ကို အခါမလင့် တွေ့မြင်ကြရမည် ဖြစ်၏၊ ထို့ပြင် ဘုရားကို အလွန် ကြည်ညိုခြင်း၊ တရားတော်ကို မကြာမကြာ နာကြားတတ်ခြင်း၊ ရိုသေလေးစားစွာ နာကြားခြင်း၊ မြတ်မြတ်နိုးနိုး တရားနာ ကျင့်စိတ် အမြဲရှိခြင်း၊

မြတ်စွာဘုရား၏ တပည့်သား ၇၂ နှစ်သံဃာတော်များကို မြတ်နိုးစွာ ဖူးမြော်လေ့ရှိခြင်း၊ လူ့ဒါန်းပူဇော်၍သာ နေတတ်ခြင်း' အလုပ်တို့ဖြင့် သာလျှင် သူ၏ တစ်ဘဝတာကာလပတ်လုံး ပျော်မွေ့စွာ နေထိုင်၍ အသက်ကြီးရင့်လာစေခဲ့သည်။

## အိုချိန်ရောက်လျှင် အိုရမြဲ

လူ့လောက၌ လူ့ဘဝရောက်၍ လူဖြစ်နေကြရသူ အားလုံးသည် အိုချိန်ရောက်က အိုကြရမည်၊ သေချိန်ရောက်လျှင် သေကြရမည်၊ ဤတရားသဘောကို သူငါ အားလုံး နားလည်ထားကြရမည်၊ နားလည်ပြီး ကြားဖူးပြီးဖြစ်သော်လည်း ဟကယ် စိတ်ထဲက စွဲမြဲစွာ သိနေကြဖို့လို၏၊ ဤကား သတိပေးခြင်းတည်း။

ဓမ္မိကဥပါသကာကြီးသည် မကောင်းမှုဒုစရိုက် တရားယုတ်ကို တစ်စုံတစ်ရာမျှ ပြုဖူးခြင်းမရှိ၊ လူကောင်းတို့ စောင့်စည်း အပ်သော ကိုယ်ကျင့်တရား မြဲသည့် သူတော်ကောင်းကြီး ဖြစ်သော်လည်း အိုခြင်း၊ နာခြင်း၊ သေခြင်း သဘာဝ ထုံးတမ်းကို ရှောင်ကွင်း၍ ရမြဲ မဟုတ်သောကြောင့် အိုချိန်ရောက်၍ အိုရရှာ၏။

သူ၏ အိုရှိသေရမည့် အချိန်ပိုင်း၏ ထူးခြားချက်ကို ပြောမည်၊ ထိုဓမ္မိကဥပါသကာကြီးသည် ဘဝ၏ နောက်ပိုင်း နိဂုံးအချိန်၌ အိုနာရောဂါဖြင့် အားအင်နည်းခဲ့၏၊ အားအင် ယုတ်လျော့၍ လာနေခဲ့ရာတွင် နောက်ဆုံး အိပ်ရာပေါ်၌ လဲလျောင်း၍သာ နေရသောအဖြစ်သို့ ရောက်လာခဲ့သည်၊ သူတော်ကောင်းတရားကို အားကိုး၍ နေလာခဲ့သူ လက်ကိုင်ထားနေလာခဲ့သူ- သူတော်ကောင်းများနှင့် ပျော်မွေ့နေလာခဲ့သူတို့၏ စိတ်ထားသဘာဝသည် သာမန်လူတို့နှင့် မတူကြပါ။

ခရီးဆက်ရမည့် ခရီးသွား ယောကျ်ားသည် ခရီးထွက်ကာနီး အသင့် ပြင်ဆင်ထားသကဲ့သို့ပင် မိမိ၏ လူ့ဘဝနောက်ပိုင်း နေရချိန် နည်းနေချိန်တွင် တစ်နည်းအားဖြင့် ဘဝ၏ နိဂုံးပိုင်း၌ မိမိ၏ ရုပ်ခန္ဓာ အခြေအနေမှာ အင်အားယုတ်လျော့နေချိန်တွင် ကြိုတင် မှုချထားပြီး ဖြစ်သောကြောင့် တရားကိုပင် ထောက်ရာ တည်ရာ အားကိုးရာပြုကြသည်၊ မိမိဘဝ ထောက်တည်ရာ အဖြစ်နှင့် မြတ်မြတ်နိုးနိုး မှီခို

အားထားမှု ဖြစ်ကြ၏၊ ဤကား တရားရှင် သူတော်မြတ် အားလုံးတို့၏ ပုံသေနည်းဖြစ်သည်။

အဆိုပါ နည်းဟောင်း နည်းကောင်း လမ်းစဉ်အတိုင်း ဓမ္မိက ဥပါသကာကြီးသည် တရားတော်ကို နာကြားချင်နေ၏၊ ရဟန်းပုဂ္ဂိုလ်မြတ်တို့နှုတ်မှ ဟောမြွက်ရွတ်ဆိုသော တရားတော်ကို ကြားနာလိုခြင်းဆန္ဒမှာ ပြင်းပြစွာ ဆာမွတ်နေသကဲ့သို့ ဖြစ်ပေါ်လာနေသည် ဆို၏။

ထို့ကြောင့် 'ရဟန်းတော် ရှစ်ပါးကို ဖြစ်စေ၊ ဟစ်ဆယ့်ခြောက်ပါးကို ဖြစ်စေ တပည့်တော်တို့ ထံသို့ စေလွှတ်တော်မူပါဘုရား' ဟူ၍ မြတ်စွာဘုရား ထံတော်မှောက် လူလွှတ်၍ ပင့်လျှောက်စေသည်၊ မြတ်စွာဘုရားရှင်က အကြောင်းမှန် သိမြင်တော်မူပြီးဖြစ်၍ လွယ်လွယ်ပင် စေလွှတ်တော်မူ၏။

ဘုရားရှင် အမိန့်တော်ဖြင့် သက်နန်းရုံ၍ ကြွရောက်တော်မူလာကြသော ရဟန်းပုဂ္ဂိုလ်များသည် ဓမ္မိကဥပါသကာကြီး လဲလျောင်းလျက်ရှိသော အိပ်ရာညောင်စောင်းကို ဝန်းရံ၍ ခင်းထားသောနေရာများ၌ ထိုင်တော်မူကြ၏။

ထိုအခါ ညောင်စောင်းထက်မှ ရှိသေစွာ ရှိခိုးလျက် 'အရှင်ကောင်းတို့ဘုရား၊ အရှင်မြတ်တို့အား တပည့်တော်၏ဖူးမြော်ရခြင်းသည် ရခဲတော့မည် ဖြစ်ပါလိမ့်ဘုရား၊ ယခု တပည့်တော်မှာ အားနည်းခဲ့ပါပြီ၊ သနားသောအားဖြင့် တပည့်တော်၏ အကျိုးငှာ သုတ္တန်တစ်ခုခုကို ရွတ်ဖတ်သရဇ္ဈာယ်၍ ချီးမြှောက်ပေးတော်မူကြပါ ဘုရား' ဟု လျှောက်လေသည်။

'ဥပါသကာကြီး၊ အဘယ်သုတ္တန်တရားတော်ကို ကြားနာလိုပါသလဲ' ဟု ရဟန်းပုဂ္ဂိုလ်များက ပြန်၍ မေးကြရာ 'အလုံးစုံသော ဘုရားရှင်တို့သည် မစွန့်လွှတ်အပ်သော သတိပဋ္ဌာန် သုတ္တန်တရားတော်ကို နာကြားလိုလှပါတယ် ဘုရား' ဟု ပြန်ကြား လျှောက်ထားလေသည်။

ထိုအခါ– 'ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ'–အစရှိသော သတိပဋ္ဌာန် သုတ္တန်ကို ရဟန်းတော်များက

ညီညာစွာ ရွတ်ဆိုလျက် သရဏဂုံ ဆောက်တည်ကြလေသည်၊ ထိုတရား နာကြားနေဆဲခိုက်တွင် ထူးခြားချက် တစ်ခု ပေါ်လာသည်။

နတ်ရထား (၆)စင်း ဆိုက်လာခြင်း

ရဟန်းသံဃာတော်များက သတိပဋ္ဌာန် သုတ္တန်ဒေသနာတော် ရွတ်ဆိုနေကြ၍ ဓမ္မိက ဥပါသကာကြီးက တရားတော်ကို နာကြား နေဆဲဖြစ်သော ထိုခဏ၌ ထူးခြားချက်ဖြစ်ပေါ်လာသည်မှာ ဓမ္မိက ဥပါသကာကြီး၏ နေအိမ် အထက် ကောင်းကင်ယံ၌ နတ်ပြည်ခြောက် ထပ်တို့မှ နတ်ရထား (၆)စင်း ဆိုက်ရောက်လာခြင်း ဖြစ်၏။

နတ်ရထားများကို လူတို့၏ ပကတိ မျက်စိဖြင့် မြင်နိုင်လျှင် ကြည့်ဖို့ကောင်း၏၊ အဋ္ဌကထာ ဖွင့်ဆိုချက်မှာ ဆိုက်ရောက်လာ ကြသော နတ်ရထားတိုင်း၌ နတ်၌ ဖြစ်စေသော ခပ်သိမ်းသော တန် ဆာတို့ဖြင့် ရှုချင်စဖွယ် လှပစွာ ဆင်ယင်၍ ထားကြ၏၊ သိန္ဓောမြင်း တစ်ထောင်စီ က,လျက် ရထားတို့၏ အပြန့်အကျယ်မှာ ယူဇနာ တစ်ရာ့ ငါးဆယ်စီ အညီရှိသော နတ်ရထား ထူးကြီးများ ဖြစ်ကြသည် ဆို၏။

ထိုရထားအသီးသီးတို့၌ ပါရှိခဲ့ကြသော ရထားမှူး နတ်သား တို့က အချင်းချင်းပြောဆိုနေကြသည်မှာ–'သူတော်ကောင်း ဥပါသကာ ကြီးကို ငါတို့နတ်ဘုံသို့ ခေါ်ဆောင်သွားမယ်၊ ငါတို့ရဲ့ နတ်ပြည် လောကသို့ ဆောင်ယူသွားမယ်' ဟူ၍ သူတို့က–နတ်ရထား ဦးစီးမှူးတို့ အချင်းချင်းတို့က လိုလိုလားလား သူ့ထက်ငါဦး ပြောဆိုနေကြသည်၊ ဆက်လက်၍ 'အိုအချင်း မဟာဓမ္မိက ဥပါသကာကြီး မြေအိုးကိုခွဲ၍ ရွှေအိုးကို ယူသကဲ့သို့ ကျွန်ုပ်တို့နတ်ဘုံသို့ လိုက်ပါခဲ့ပါ၊ ကျွန်ုပ်တို့၏ နတ်ပြည်၊ နတ်ဘုံလောက၌ မွေ့လျော်အံ့သောငှာ ဤရထားထက်၌ ဖြစ်လာပါလော' ဟူ၍လည်း သူ့ထက်ငါ ဦးဆောင်ယူချင်ကြသော ကြောင့် အလုအယက်ကဲ့သို့ ဆူဆူညံညံ တောင်းပန် ခယကာပြောဆိုနေ ကြပြန်၏၊ ထိုစကားကို မဟာဓမ္မိက ဥပါသကာကြီး တစ်ဦးတည်း သာ ကြားနေရသည်၊ အခြားသူတို့က ရထားများကိုလည်း မမြင်ကြ ပါ၊ နတ်တို့၏ စကားသံကိုလည်းမကြားနိုင်ကြပါ၊ နတ်တို့၏ ရထားကို

မြင်လိုသူအားသာ မြင်စေလို၍ နတ်တို့၏ စကားသံကို ကြားလိုသူအားသာ ကြားစေခြင်း ဖြစ်သည်။

နတ်သားများ ပြောဆိုနေကြသော စကားသံကို ကြားနေရသော ဥပါသကာကြီးသည် တရားတော် ကြားနာ နေခိုက်တွင် အနှောင့်အယှက်ဖြစ်နေပုံကို မလိုလားသောကြောင့် 'ဆိုင်းကြပါဦး၊ ဆိုင်းငံ့ကြပါဦးလော့' အသံထွက် ပြောဆိုလိုက်မိသည်၊ ထိုအသံကို အနီးပတ်ဝန်းကျင်မှ လူအားလုံး ကြားကြ၏။

သတိပဋ္ဌာန်သုတ္တန် ဒေသနာတော်ကို ရွတ်ဆို သရဇ္ဈာယ်နေတော်မူကြသော ရဟန်းပုဂ္ဂိုလ် အရှင်မြတ်များက 'ငါတို့ကို တားမြစ်ခြင်းဖြစ်တယ်' ဟု ထင်မှတ်တော်မူကြ၍ ရပ်တန့်ကာ ဆိတ်ဆိတ်နေလိုက်ကြသည်။

ထိုအခါ ဓမ္မိကဥပါသကာကြီး၏ သားသမီး တို့က ရုတ်ခြည်း ဝမ်းနည်းစိတ် ဖြစ်ပေါ်လာကြကာ 'ငါတို့၏ ဖခင်သည် ရှေးရှေးအခါများစွာ၌ တရားနာရခြင်းဖြင့် ဘယ်တုန်းကမှ ရောင့်ရဲနိုင်ခြင်း မရှိခဲ့ဖူးပါ၊ ယခုအခါမှုကား တစ်မျိုးဖြစ်ခဲ့လေပြီ၊ ရဟန်းတော်များကို ပင့်ဖိတ်စေ၍ သုတ္တန်တစ်ခုကို ကြားနာချင်ပါသည်ဟု ရွတ်ဖတ်စေတော်မူပါလျက်နှင့် သူကိုယ်တိုင် တားမြစ်နေပါတယ်၊ ဩော်.. အကယ်၍ သေရေးကြုံရတော့ သေဘေးကို မကြောက်သောသူ မည်သူ မရှိယောင်ပါတကား' ဟူ၍ ပြောကြ မြည်တမ်းကြလျက် အသံထွက်အောင် ငိုကြွေးကြကုန်၏။

ရဟန်းပုဂ္ဂိုလ်များသည် ဤခြေအနေအရ ထိုအခြင်း အရာကို မြင်ကြ၍ 'ယခုအခါမှာ ငါတို့က သုတ္တန်ရွတ်နေကြရန် အခွင့်အခါ မဟုတ်တော့ပြီ' ဟု နှလုံးသွင်းကြကာ နေရာမှထ၍ ကျောင်းတော်သို့ ပြန်သွားကြလေသည်။

မေ့မြောသွားသကဲ့သို့ ဖြစ်နေသော ဥပါသကာကြီးသည် အချိန်အနည်းငယ်ကြာပြီးလျှင် သတိရလာ၍ 'သင်တို့ အဘယ့်ကြောင့် ငိုကြွေးကြကုန်ဘိသနည်း' ဟု မေးလေသည်။

သားသမီးတို့က ဖြစ်ရပ်မှန်ကို ပြန်ပြောကြသည်၊ ဆက်လက်၍ 'သံဃာတော် အရှင်မြတ်တွေကော ဘယ်မှာလဲ' ဟု မေးကြုန်၏၊ သား:

သမီးတို့က 'ဖခင်၊ အဖော်ကောင်းတို့သည် ဖခင်တားရ၍ ခေတ္တမျှရပ်ဆိုင်းနေကြပြီးမှ ကျောင်းသို့ ပြန်ကြသွားကြပါကုန်ပြီ' ဟု ပြောကြားသည်။

ထိုအခါ 'ငါသည် အရှင်မြတ်တို့နှင့် စကားပြောဆိုခြင်းမဟုတ်ပါဘူး'ဟု ပြော၍ 'အို ဖခင်၊ သို့ဖြစ်လျှင် ဖခင်သည် အဘယ်သူတို့နှင့် စကားပြောဆိုခြင်း ဖြစ်ပါသလဲ' ဟု မေးကြသည်၊ ထိုမေးမြန်းချက်ကို သားသမီးတို့က မမျှော်မှန်းမိသော စကားကို ဖြေကြားရသည်။

'ငါဟာ နတ်ပြည်ခြောက်ထပ်တို့မှ နတ်သားနတ်သမီးတို့က နတ်ရထားခြောက်စင်းကို တန်ဆာဆင်၍ ယူဆောင်လာခဲ့ကြပြီး ကောင်းကင်၌ရပ်တည်ကာ ငါ့ကို ခေါ်ဆောင်နေကြတယ်၊ အဲဒီ နတ်သားတွေကို ဒီမှာ တရားနာကြားနေတုန်းမို့ ခေတ္တဆိုင်းငံ့ပါဦးလို့ တောင်းပန်စကား ပြောနေရတာပါ' ဟု ပြောဆို ဖြေကြားသည်။

သို့နှင့် သားသမီးများက ဆက်လက်၍ 'အဲဒီ ရထားတွေ ဆိုတာ ဘယ်မှာပါလဲ ဖခင်၊ ကျွန်ုပ်တို့မှာ မမြင်ကြရပါ'ဟု ပြောဆို မေးမြန်းကြပြန်၏။

ဥပါသကာကြီးက အကောင်းပါးစွာဖြင့် သားသမီးတို့ မြင်စေနိုင်သောနည်းကို အကြံရ၍ 'ကောင်းပြီ သင်တို့ မြင်စေရမယ်၊ ငါ့အဖို့သီကုံးထားသော ပန်းကုံးရှိသလား' ဟု မေး၏။

ဟိုရှေးရှေးကာလက ယဉ်ကျေးသော ဒေသကြီးများ ခေတ်ကာလဆီက ယဉ်ကျေးမှု ဆက်ဆံရေးကိစ္စ တစ်ခုတစ်ရာ ပေါ်လာလျှင် အဆင်သင့်သုံးနိုင် ပန်းကုံး တစ်ခုလောက်တော့ ဆောင်ထားလေ့ရှိတတ်ကြ၏၊ ထို့ကြောင့် သားသမီးများက အဆင်သင့် ရှိနေကြောင်း ပြောကြလျှင် -

'နတ်ဘုံခြောက်ထပ်တွင် အဘယ်နတ်ဘုံသည် မွေ့လျော်ဖွယ်ရှိသလဲ'ဟု ထပ်မေးပြန်၏၊ သားသမီးတို့က သူတို့ကြားဖူးသော ဗဟုသုတဖြင့် 'ခပ်သိမ်းသော ဘုရားရှင်အလောင်းတော်ကြီးတို့သည် ပျော်မွေ့ရာဖြစ်တဲ့ တုသိတာနတ်ပြည်ဟာ မွေ့လျော်ဖွယ် ရှိပါတယ်ဖခင်' ဟူ၍ ပြန်လည်ပြောကြားကြသည်။

'ကောင်းပြီ၊ သည်လိုဆိုရင် တုသိတာနတ်ပြည်မှ လာသော နတ်ရထား ဦးစွန်း၌ ချိတ်ဆွဲ၍ နေပါစေ' လို့ ခံဋ္ဌာန်ပြီး ပန်းကုံးပစ်မြှောက်လိုက်ကြဟု စေခိုင်းလေသည်။

ဖခင်မိန့်ဆိုချက်အတိုင်း သားသမီးတို့က ပစ်မြှောက်ကြလေရာ ထိုပန်းကုံးသည် ရထားဦးစွန်း၌ ချိတ်မိပြီး တွဲရရွဲဆွဲလျက် တည်နေပုံကို လူသားအားလုံး မြင်ကြရလေသည်၊ နတ်ရထားကိုမူ မမြင်ကြရချေ၊ ထိုအခါ ဓမ္မိက ဥပါသကာကြီးက -

'ထိုအပေါ်၌ ပန်းကုံးကို မြင်ကြသလော' ဟု မေး၏၊ 'မြင်ကြပါတယ်' ဟု ပြောကြလျှင် 'အဲသည်ပန်းကုံးဟာ တုသိတာနတ်ဘုံမှ ဆိုက်ရောက်လာတဲ့ ရထားဦးစွန်း၌ တွဲလျား ချိတ်စွပ်နေတာဖြစ်တယ်' ဟု ရှင်းပြ ပြောဆိုသည်၊ ယင်းသို့ပြောဆိုပြီးလျှင် တစ်ဆက်တည်းမှာပင် တည်ငြိမ်လှသော မျက်နှာသွင်ပြင်ဖြင့် ဇနီးမယားနှင့် သမီးသားတို့အား နောက်ဆုံး မှာတမ်းအနေဖြင့် စကား ပြည့်စုံစွာ ပြောကြားလေသည်။

'ကိုင်း-သင်တို့အားလုံးကို ဖခင် မှာကြားခဲ့မယ်၊ ယခု မကြာခင်မှာပင် ငါတုသိတာ နတ်ဘုံဘဝသို့ ခရီးထွက်သွားတော့မယ်၊ သင်တို့အားလုံးကို သူတော်ကောင်းတို့ နေထိုင်နည်း လက်တွေ့ သင်ကြားပြသပေးခဲ့ပြီးပြီ၊ ဘာမှ စိုးရိမ်ပူပန်မှုမရှိရစ်ကြနဲ့၊ ငါ့ထံသို့ ဖြစ်လို လာရောက်လိုကြလျှင် လွယ်ကူပါတယ်၊ ငါလုပ်ဆောင်နေကျ ဒါနဝတ်နှင့် သီလစောင့်မှု စသောထုံးတမ်းများကို ဝတ်မပျက်စေဘဲ ယခင် လုပ်နည်း လုပ်ဟန် စဉ်လာအတိုင်းသာ ကောင်းမှုတို့ကို ပြုရစ်ကြ၊ ဝတ်နိဗဒ်အားလုံး ပုံမှန် မူသေ ဝတ်မပျက်နိုင်အောင်သာ လုပ်ဆောင်ရစ်ကြပေတော့၊ လိုရင်းဟာ ဒါပဲ၊ စိတ်ချခဲ့ပါတယ် နော်၊ ကိုင်း ကောင်းပြီ၊ ငါသွားတော့မယ်' ဟူ၍ ဘဝအဆုံးသတ် စကားကို မှာကြား ပြောဆိုလေသည်။

သားသမီးတို့အတွက် ဝတ္တရားရှိသည့် အတိုင်း လိုရင်း စကား မှာကြားပြောဆိုပြီးလျှင် ချက်ချင်းဆိုသလိုပင် အိပ်ပျော် ယောကျာ်းနိုးသော အလားကဲ့သို့ ညင်သာစွာ ဝိညာဉ်ချုပ်သွားပြီးလျှင် အခြားမရှိ၊ လူကိုယ်ဘိုင်ခရီးထွက်သွား၏၊ အလားတူ ကိုယ်ခန္ဓာ ရုပ်ကြွင်း

ယားခဲ့၍ တုလိပါ နတ်ဘုံသို့ လားသော ရထားအပေါ်သို့ နတ်ဝတ် တန်ဆာ အပြည့်အစုံဝတ်ဆင်ထားပြီး နတ်သားကြီးအဖြစ်နှင့် ငါက် ရောက်သွားလေ၏၊ ပကတိမျက်စိဖြင့် မြင်ရလျှင် လူတိုင်း အံ့ဩကျ နေရစ်ကြပေလိမ့်မည်။

ကံကောင်းပြုထားသူမှာ ကောင်းကျိုးပေးရန် လွယ်ကူပုံ အပြောင်းအလဲဆိုတာ မြန်ဆန် တဝံပုံ အကြောင်း (ထင်ရှားသော သာဓက) ဘုရားရှင် လက်ထက်တော်က တကယ် ဖြစ်ရပ် သာဓက ကို ထင်ရှားစွာ ထင်မြင်ကြရလျှင် အံ့ဩ၍မကုန်နိုင်စရာ ဖြစ်ကြရပေ မည်၊ ဖြစ်လည်းဖြစ်ထိုက်၏၊ ထို့ကြောင့် ကံတရားသာ ကောင်း အောင် ပြုနေကြပါ၊ ဘယ်သူမဆို ကောင်းရာဘဝ ရောက်နိုင်ကြသည် မှတ်ပါဟု ပြောလို၏။

ကံတရား၏ အံ့ဩဖွယ်ရာကို ဆက်ပြောရလျှင် ထိုတစ်ခဏချင်း မှာပင် မဃဥပါသကာ နတ်သားသည် ကြီးမား ထွားကျိုင်း သော ကိုယ်ခန္ဓာရှိ၍ သူ၏ကိုယ်ခန္ဓာနှင့် လိုက်လျောညီစွာပင် လှည်း အစီးပေါင်း ၆၀-တင်ဆောင်ရသော နတ်ဝတ် တန်ဆာတို့ဖြင့် ဆင် ယင်ထားပြီး ဖြစ်နေလေသည်၊ ထို့အပြင် သူ့အား ဖြေဖျော်ကြရန် နတ်သမီးပေါင်း ၁၀၀၀-တို့က စောင့်လင့်ကြိုဆိုလျက် သူ့အား ခြံရံကာ မြူးပျော်နေကြ၏၊ သူနတ်စည်းစိမ်ခံ စံပျော်ရှင်နေရန် အတွက် နတ်ဗိမာန်ကြီးကလည်း သူ၏ အတွက် သီးသန့် ဖြစ်ပေါ်နေနှင့် ပြီး ဖြစ်၏၊ ကျယ်ပြန့်လိုက်သည့် ဗိမာန်ကြီးကား ၂၅-ယူဇနာရှိ သော ဝင်းထိန်နေသည့် ရွှေဗိမာန်ကြီး ဖြစ်သည်၊ ဤကား သူ၏ စေတနာကြောင့် ဖြစ်ပေါ်လာရသော ကံတရား၏ အကျိုးပေး သက် သက် ဖြစ်၏။

## မြတ်စွာဘုရား နှင့် တပည့် ရဟန်းများ

ရဟန်းပုဂ္ဂိုလ်များ ကျောင်းတော် ပြန်ရောက်သွားသောအခါ မြတ်စွာဘုရားရှင်က 'ချစ်သား ရဟန်းတို့၊ ဥပါသကာကြီးအား တရားဟောကြားအပ်ခဲ့ကြပြီလား'ဟု မေးတော်မူ၏။

တပည့်ရဟန်းတို့က 'ဟောကြားခဲ့ရပါ၏၊ သို့သော်လည်း တရားဟောကြားမဆုံး၊ အကြား၌ ဆိုင်းငံ့ကြပါကုန်ဦးလော့' ဟု

ပိတ်ပင်၍ ခေတ္တရပ်ဆိုင်းနေရပါတယ်ဘုရား၊ ထိုအခါ ဥပါသကာကြီး၏ သားသမီးတို့က ငိုကြွေးကြပါတယ်ဘုရား၊ ယခုအခါ ရွတ်ဆိုသရဇ္ဈာယ် နေကြရန် အခွင့်မဟုတ်တော့ပြီဟု နှုတ်ဆိတ်၍ နေကြပါတယ်ဘုရား။ ပြောကြားကာ ထပြန်လာခဲ့ကြပါတယ် ဘုရား'ဟု ဟုတ်တိုင်းမှန်ရာ လျှောက်ထားကြလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်က - 'ချစ်သားရဟန်းတို့၊ ဓမ္မိက ဥပါသကာကြီးက သင်တို့နှင့် စကားပြောဆိုခြင်း မဟုတ်ပါဘူး၊ နတ်ဘုံခြောက်ထပ်တို့မှ နတ်သားတို့က နတ်ရထားခြောက်စင်းတို့ကို ဆောင်ယူ ရောက်လာကြပြီး၊ ဥပါသကာကြီးကို ဖိတ်ခေါ်နေကြလို့ တရားကြားနာခြင်းကို အနှောင့်အယှက် မဖြစ်စေလိုသောကြောင့် ထိုနတ်သားတို့နှင့် စကားပြောဆိုခြင်း ဖြစ်တယ်' ဟု မိန့်တော်မူလေ၏၊ ဤကား ဘုရားရှင်ကိုယ်တော်တိုင်က တပည့်ရဟန်းများအား ဟောကြားတော် မူချက်တည်း။

'ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား၊ ဤအတိုင်းမှန်ပါ သလား ဘုရား' ဟူ၍ လျှောက်ထားကြ၍ မြတ်စွာဘုရားရှင်က 'ချစ်သားတို့၊ ဤအတိုင်းဖြစ်ပေတယ်' ဟု ထပ်ဆင့် မိန့်တော်မူ၏၊ ထိုအခါ တပည့်ရဟန်းတို့က - 'ဥပါသကာကြီး ယခုအခါ အဘယ် နတ်ဘုံ၌ ရောက်ရှိနေပါသလဲ ဘုရား'ဟု မေးလျှောက်ကြပြန်သဖြင့် 'တုသိတာ နတ်ဘုံ၌ ရောက်ရှိနေပြီဖြစ်တယ်' ဟု မိန့်တော်မူလေ၏။

တပည့်ရဟန်းများက 'မြတ်စွာဘုရား၊ ဥပါသကာကြီးသည် မကြာသေးမီက ဤလူ့ဘုံမှာ အဆွေအမျိုးတို့၏ အလယ်၌ ပျော်မွေ့ လျက် ချမ်းမြေ့စွာ နေထိုင်ကျင်လည်သွားခဲ့ပါပြီ၊ ယခုတစ်ဖန် ဘဝ တစ်ပါးသို့ ပြောင်းသွားရတော့လည်း တစ်ဖန်ပို၍ မွေ့လျော်ဖွယ်ရာ ကောင်းလှတဲ့ ဘုံဘဝမျိုး၌သာလျှင် ရောက်ရှိသွားလေသည်တကား' ဟူ၍ တအံ့တသြ ချီးမွမ်းကာ တို့ပြန်လျှောက်ထားကြလေ၏။

ဘုရားရှင်၏ ဒေသနာတော်

ထိုအခါ မြတ်စွာဘုရားရှင်က -'ချစ်သား ရဟန်းတို့၊ ဟုတ်မှန် ပေပြီ၊ ကုသိုလ်ကောင်းမှုတို့၌ မွေ့လျော်ကြသော- သူတော်ကောင်း တရားတို့ဖြင့် ပျော်မွေ့နေလေ့ရှိကြကုန်သောသူ အားလုံး လူသား

ဖြစ်စေ၊ ရဟန်းပုဂ္ဂိုလ်ဖြစ်စေ ခပ်သိမ်းသော အရပ်၌ ခပ်သိမ်းသော ဘုံဘဝ၌ ချမ်းမြေ့စွာ ပျော်မွေ့ကြရကုန်သည်သာလျှင်တည်း' ဟူ၍ မိန့်တော်မူ၏၊ ဤတွင် ဘုရားရှင်၏ စကားတော်ကား လေးနက်စွာ မှတ်သား၍ လေးနက်စွာ လိုက်နာကြရမည့် အပိုင်းတည်း။

တစ်ဆက်တည်းမှာပင် မြတ်စွာဘုရားရှင်က ဤဒေသနာတော် ကထာကိုလည်း ဟောကြားတော်မူ၏။

ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတ ပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ၊
ဒိသွာ ကမ္မဝိသုဒ္ဓိ မတ္တနော။

(ဓမ္မပဒ ပါဠိတော်)

ကတပုညော၊ ပြုအပ်ပြီးသော ကောင်းမှုရှိသော သူသည်။ ဣဓ၊ ပစ္စုပ္ပန် ဘဝ၌လည်း။ မောဒတိ၊ မွေ့လျော်ရ၏။ ပေစ္စ၊ တမလွန်ဖြစ်သော နောင်ဘဝ၌လည်း။ မောဒတိ၊ မွေ့လျော်ရ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန်, တမလွန် နှစ်တန်သော ဘဝ၌။ မောဒတိ၊ မွေ့လျော်ရ၏။ အတ္တနော၊ မိမိ၏။ ကမ္မဝိသုဒ္ဓိံ၊ လုပ်ဆောင်ခဲ့ပုံကောင်းမှု စင်ကြယ်ခြင်းကို။ ဒိသွာ၊ ပြန်လည်မြင်ရ၍။ သော၊ ထိုသူသည်။ မောဒတိ၊ မွေ့လျော်ရ၏။ သော၊ ထိုသူသည်။ ပမောဒတိ၊ အလွန် မွေ့လျော်ရလေ၏ . တဲ့။

## သံသရာခရီး ဘယ်ပုံကျင့်လည်ကြမည်နည်း

ကိုင်း စာဖတ်ပရိသတ်ကို မေးမည်၊ ဤဘုရားရှင်၏ ဒေသနာ တော်ကို ကြားနာခဲ့ပြီ၊ ကြားနာရပြီးလျှင် သံသရာဘစ်ခွင်လုံးကို ခြုံငုံ၍ ကြည့်တတ်လောက်ပါပြီ၊ ကြည့်တတ်လျှင် ကြည့်နိုင်ပါမည်၊ ခြုံငုံ၍ မြင်နိုင်ကြပါပြီ၊ ရှေးခရီးဆက်အတွက် နောင်ရေးကို မျှော် တွေးနိုင်ကြပါပြီ။

ကျေးဇူးတရား ပြောကြားစို့၊ မိမိဉာဏ်မီသမျှမြော်မြင်တွေးဆ တက်လာပြီဆိုလျှင် မိမိ၏ စိတ်အာရုံတွင် အလွန် နှစ်သိမ့် ဖွယ်ရာ လမ်းကောင်းကြီးတစ်ခု ရှင်းစွာ တွေ့ရပြီ၊ လမ်းမြင်နေရပြီဟူ၍ စိတ် ထဲက အလိုလို သိမြင်လာမည်၊ ယင်းသို့ အသိဉာဏ်ဓိတ် ဝင်လာလျှင်

ဘဝခရီးအတွက် အားကိုးစရာ, အားထားစရာ ပုံသေနည်း ရထားပြီ ဟူ၍ မှတ်ပါ။

သို့ရာတွင် စာဖတ်ကြရာ၌ သာမန် ဗဟုသုတ အနေမျိုး ထား ကာ ပေါ့ပေါ့ဆဆ ဖတ်သူများမှာ ထူးခြားချက် ခံစားရမည် မဟုတ် ပါ၊ အကျိုးကျေးဇူး များများ ရမည် မဟုတ်ပါ၊ တရား၏ အကျိုးပေး သဘာဝကို သိမြင်လိုစိတ် မှုချင်းထားရမည်၊ ဘဝသံသရာ ကျင်လည်ရေးကို မျှော်တွေးကြည့်တတ်သော ဉာဏ်အခြေခံ ထားသူ ဖြစ်လျှင် ထွက်ရပ်ပေါက် လမ်းကောင်းကြီး ထင်းခနဲ ပေါ်လာ သကဲ့သို့ ထင်ကြရမည်။

ထိုအခါ မိမိ၏ ရှေ့ဆက်ရမည့် ခရီးအတွက် တွေးကြောက်နေ ရန်မရှိ၊ စိုးရိမ် ပူပန်နေစရာ မလိုတော့ဘူး ဟူ၍ အမြင် ရှင်းလာမည်၊ စိတ် ပျော်မွေ့လာမည်၊ အားရဖွယ်ရာ ကောင်းမှု တစ်ခုခု လက်ကိုင် ပြုကာ ခရီး ဆက်သွားတတ်မည်၊ ဤအရှင်၏ စိတ်နှလုံးထားမှာ ငါသည် ဤလမ်းမှန်အတိုင်း သူတော်ကောင်း ပုဂ္ဂိုလ်ကြီး ဘဝနှင့် ခရီး ဆက်သွားရမည် ဆုံးဖြတ်ပြီး ဖြစ်၏၊ ထို့ကြောင့် နောင်ရေး တွေး၍ ကြောင့်ကြမှု မရှိပါ၊ တရားနှင့် နေသောအခါ စိတ်အလွန် ကြည်နူးမိဖူး၏၊ မိမိ၏ ဘဝကို ပျော်မွေ့ခြင်း-အားရခြင်း-ကျေနပ် ခြင်းလည်း ခံစားနေရမြဲ ဖြစ်သည်။

### အထက်တန်းစားနှင့် အောက်တန်းစား

ဤတွင် သံသရာကျင်လည်ကြပုံကို နားလည်သူနှင့် နားမလည်သူ ခြားနားချက် အဓိက ဖြစ်ကြောင်း နားလည် ထားရန် ဖြစ်၏၊ နားလည်၍ သတိ, ဝီရိယနှင့် ကျင်လည်နေသူနှင့် နားမလည်၍ မေ့မေ့ မောမော ဘဝတစ်ခုမှ ရည်မှန်းချက်မရှိ ကျင်လည်နေသူ ဟူ၍ နှစ်မျိုး ရှိကြသည်။

အထူးသဖြင့် ရှင်းလင်းစွာ နားလည်ထားကြရန်မှာ အထက် တန်းစား ပုဂ္ဂိုလ်မြတ်တို့၏ သံသရာ ကျင်လည်ကြပုံနည်းနှင့် အောက် တန်းစား လူမိုက် လူပြိန်းတို့၏ သံသရာ ကျင်လည်နည်း ဟူ၍ အသွယ် ခုံး နှစ်မျိုး ရှိကြောင်း မှတ်သားပါ။

ဝမ္မိက ဥပါသကာကြီး နေထိုင် သွားလာပုံသည် အထက်တန်းစား ပုဂ္ဂိုလ်မြတ်တို့၏ သံသရာကျင်လည်နည်းဖြစ်၏၊ ဝက်သတ်သမား-နွားသတ်သမား တို့၏ နေထိုင်ပုံ၊ အသက်မွေး ဝမ်းကျောင်းပုံသည် အောက်တန်းစား သတ္တဝါတို့၏ သံသရာ ကျင်လည်နည်း ဖြစ်၏။

သက်သာ ချမ်းမြေ့ပုံကို ကြည့်ပါ၊ ဓမ္မိက ဥပါသကာကြီးသည် ဤလူ့ဘဝ၌ ချမ်းမြေ့ သက်သာအောင် နေသွား၏၊ သေပြီးနောက်ဘဝ၌လည်း အလွန်ချမ်းမြေ့သော နတ်ဘုံဘဝသို့ ရောက်သွား၍ နတ်စည်းစိမ် ခံစားနေရသည်၊ သူကိုယ်တိုင်လည်း ချမ်းသာ၍ သူနှင့် ဆက်နွယ်သူ ဇနီး သားသမီးတို့သည်လည်း ချမ်းသာကြ၏၊ ပတ်ဝန်းကျင်မှ မြင်ရသူ အားလုံးတို့ပါ ချမ်းသာကြည်နူး ဖြစ်ကြ၏။

အထက်၌ ပြခဲ့သော ဝက်သတ်သမား-နွားသတ်သမားတို့သည် လူ့ဘဝ၌နေကြပြီး သူကိုယ်တိုင်လည်း ချမ်းမြေ့သာယာခြင်း မခံစားရ၊ သူ၏ လုံ့လ ပယောဂကြောင့် ဝက်တွေ, နွားတွေ မရှုမလှ အသတ်ခံကြရ-သေကြရရှာ၏၊ သူနှင့် ဆက်နွယ်သူ ဇနီး, သားသမီးတို့လည်း ကိုယ်စိတ်ချမ်းသာမှု မဖြစ်ကြရပါ၊ ပတ်ဝန်းကျင် လူအများလည်း ကြားရ-မြင်ရချက် စိတ်မချမ်းသာစရာ ခံစားကြရ၏၊ သူသေပြီးနောက်တွင်လည်း အပါယ်ငရဲ၌ ဆင်းရဲကြီးစွာ ခံစားနေရသေး၏။

ဟို့ကြောင့် အဓမ္မော၊ လူယုတ်မာတို့ ပြုလုပ်နေကြသော အမှုသည်။ နိရယံ၊ ငရဲသို့။ နေတိ၊ ဆောင်တတ်၏။ ဓမ္မော၊ သူတော်ကောင်းတို့ ကျင့်သုံး လုပ်ဆောင် နေထိုင်သွားကြသော ကံတရားများသည်။ သုဂတိံ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ဘဝချမ်းသာသို့။ ပါပေတိ၊ ရောက်စေတတ်၏-ဟူ၍ မြတ်စွာဘုရားရှင်က တိကျစွာ ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်။

ဘဝသံသရာတစ်လျှောက်လုံး ဆင်းရဲဒုက္ခ ကြီးရသော ဝက်သတ်သူ၊ နွားသတ်သူ၊ ကျွဲသတ်သူ၊ ဆိတ်သတ်သူ၊ သိုးသတ်သူ၊ ကြက်သတ်သူ၊ ဘဲသတ်သူ၊ ငါးသတ်၊ ဖားသတ်၊ ပုစွန်သတ် စသော သတ္တဝါတို့၏ အသက် သတ်ဖြတ်၍ အသက်မွေးသူ ဘဝမျိုး၌ တစ်ရံတစ်ဆစ်မျှ မဖြစ်ရပါစေ ဟူ၍လည်း လေးလေးနက်နက် ဆုတောင်း ထားကြ၊ အောက်တန်းစား ဘဝမျိုးနှင့် သံသရာ ကျင်လည်ကြရခြင်း ဆိုတာ မကောင်းပါ၊ ပင်ပန်း ဆင်းရဲပါတယ် ဟူ၍ နားလည်ထားကြပါ။

## သံသရာ ခရီးရှည်ကြီး

သတ္တဝါ အားလုံးတို့သည် သံသရာ ခရီးရှည်ကြီးကို အဆက်မပြတ် သွားနေကြရခြင်းဖြစ်ရာ ကောင်း, ဆိုး, ယုတ်, မြတ်နှင့် ဘဝအဖုံဖုံကို ထိုက်သင့်သလို ကြုံကြိုက်ဖြစ်နေကြရ၏၊ ထို (ထိုက်သင့်သလို) သည် ကံတရား၏ ဖန်တီးပေးချက်များ ဖြစ်သည်။

လူဖြစ်ရမည်၊ နတ်ဖြစ်ရမည်၊ ငရဲကျရမည်၊ တိရစ္ဆာန် ဖြစ်ရမည် ဟူ၍ ကံတရား၏ စီမံ ပစ်ချသည့်အတိုင်း မရှောင်သာ မလွှဲသာ ဖြစ်နေကြရမြဲ ဖြစ်၏၊ ဤသဘောသွားကို သိလျှင် ကံသည် ဘဝ၏ အာဏာရှင် ဖြစ်၏၊ သတ္တဝါတို့အတွက် စီမံ ခန့်ခွဲပိုင်ရှင် အချုပ်အချာသည် ကံတရား ဖြစ်နေသည်။

တစ်ဖန် အရင်းအမြစ်ကို လိုက်၍ ထိုကံကို ဘယ်သူက ဖန်တီးသလဲ ရှာဖွေကြည့်ပြန်လျှင် တို့, သူ, ငါ အားလုံးသော လူတွေက ဖန်တီးနေကြောင်း မူလ တရားခံ တွေ့ကြရပါသည်။

ထိုသူ၏ ကံကို ထိုသူကိုယ်တိုင် ဖန်တီးယူနေခြင်း ဖြစ်၍ ငါ၏ ကံကို ငါကိုယ်တိုင်က စိတ်ကြိုက် ဖန်တီးယူနေခြင်း ဖြစ်သည်၊ ဤ သဘောသွားကို ပိုင်နိုင်အောင် ကြည့်ကြပါ၊ စိတ်နှလုံးထဲ စွဲမြဲနေအောင် သိထားကြပါဟု တိုက်တွန်းလိုပါသည်၊ သံသရာကို လိမ္မာပါးနပ်စွာ ကျင်လည်တတ်ကြရန် တင်ပြနေခြင်း ဖြစ်သတည်း။

# ကျောင်းအမကြီး
# မငွေစိန်



# ကျောင်းအမကြီး မငွေစိန်

ဤဆောင်းပါးသည် မြန်မာပြည်တွင် ရှေးခေတ်ဟောင်း တစ်ချိန်က နာမည်ကျော် လူသိများခဲ့သော ဆင်မကြီး မငွေစိန် အကြောင်း ဖြစ်၏၊ ထိုအချိန်က အထက်မြန်မာပြည်သားတို့က ဆင်လိမ္မာကြီး မငွေစိန်ကို မြင်ဖူးသူ များကြ၏၊ သူ့ကို ကျောင်းအမကြီး မငွေစိန် ဟူ၍ လူသိများကြသည်၊ ဘုရားအမကြီး မငွေစိန် ဟူ၍ ပြောလေ့ရှိကြသေး၏၊ မြန်မာပြည်တွင်း၌ ပေါ်ပေါက်ခဲ့ ဖူးသော ဆင်များသမိုင်းတွင် ထူးသော ဆင်မကြီး တစ်ကောင်ဖြစ်၏၊ ကမ္ဘာ တစ်ခွင်၌လည်း ကုသိုလ်ရှင် အနေဖြင့် ကြည့်ရလျှင် သူတစ်ယောက် တည်းသာ ရှိကောင်းရှိပေမည် ထင်ရ၏။

ဤအရှင်တို့၏ မျက်မှောက်ခေတ် ဘဝတစ်လျှောက်၌ မြန်မာပြည်တွင် ရှိကြသော အဟိတ် တိရစ္ဆာန်တို့အနက် အခြေအနေက ကံကောင်း ထောက်မမှုကြောင့် ကျောင်းဆောက်နိုင်ခြင်း၊ ဘုရားစေတီ တည်ထား ပြုပြင်နိုင်ခြင်း၊ အလှူပေးခြင်း၊ ကုသိုလ်ကောင်းမှုထူး ပြုလုပ်နိုင်စွမ်းပုံကို အံ့သြဖွယ်ရာ ကြားရဖူး၏၊ လူသားတို့ကပင် အားကျဖွယ်ရာ ဖြစ်၍ အတုယူ ဝမ်းမြောက်ဖွယ်ရာလည်း ဖြစ်၏ ထိုအလှူရှင်ကား ဆင်မ လိမ္မာကြီး မငွေစိန် ဖြစ်သည်။

အဆိုပါ ပင္ဇေစိန်၏ ဘဝဇာတ်လမ်းကို လေ့လာကြည့်သော အခါ ဤသို့တွေ့ရ၏၊ မုံရွာမြို့ မြောက်ဘက် ၂၅-မိုင်ကွာ ရှေးခေတ်က အသုံးမြို့နယ်အတွင်းရှိ ဝက်ရဲရွာ၌ စတင်အခြေခံ၍ ဝက်ရဲဆင်ဟု နာမည့် စတင် ပေါ်ထွက်လာခဲ့သည်၊ မိမိ၏ သက်တမ်းနှင့် စာနာကြည့်လျှင် ဤအရှင် မမွေးခင် ၁၅ နှစ်ခန့် စောသော ရှေးခေတ်အခါက မင္ဇေစိန်ကို တောဆင်ရိုင်းမှ မွေးဖွားခဲ့သည်၊ ထိုခေတ်ကိုအချိန်ကာလတွင် စစ်ကိုင်း၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ ယော်လိုက်ခရိုင်၊ ကသာခရိုင် စသော အထက်မြန်မာပြည် အရပ်ဒေသများ၌ သစ်ပင်ကြီးတော့ ထူထပ်သောတောကြီးတွေ၊ ဝါးရုံတောကြီးတွေ ပေါများစွာရှိ၏၊ ထိုသို့တောအုပ်ကြီးများအတွင်း၌ တောဆင်ရိုင်းများသည် အုပ်နှင့်ချီ၍ ပေါများစွာ နေထိုင်လျက်ရှိကြ၏၊ ရံခါ လူတို့၏ လယ်ယာလုပ်ငန်းများကို ဝင်ရောက်လေ့ရှိကြ၏၊ ဤအရှင် ငယ်စဉ် ကျောင်းသားအရွယ်ဘဝတုန်းက ထန်းသီးမှည့်ချိန် ညတစ်ည၌ ဤအရှင်တို့၏ ရွာပတ်လည်ကို ဆင်အုပ်ကြီး ဝိုင်းရံလာကြ၍ ရွာသားတို့က လူသံတွေ၊ တုံးခေါက်သံတွေ ဆူအောင်လုပ်ပြီး ခြောက်လှန့် ထုတ်ခဲ့ကြရပုံကို မှတ်မိသေး၏။

ထိုခေတ်ဆီက တောရွာ ကျေးလက်အများသည် မိုးတွင်းကာလနှင့် ဆောင်းတွင်းကာလ တစ်ချိန်လုံး နေ့ညမဟူ ဆင်ကို သတိထားနေကြရသည်၊ တစ်နေ့သ၌ အဆိုပါ ဝက်ရဲ ရွာသားတို့သည် သူတို့၏ လယ်ယာလုပ်ခင်းများကို လာရောက် စားသောက်ကြသော ဆင်အုပ်ကြီးကို ခြောက်လှန့်ထုတ်ကြရသည်၊ မြက်ခြောက်များ မီးရှို့၍ လည်းကောင်း- ဝါးဆစ်များကို မီးဖုတ်ပြီး ပေါက်စေ၍ လည်းကောင်း ခြောက်ရ၏၊ မီးရောင်များနှင့် ပေါက်ကွဲသံများကို ကြောက်ကြ၍ ဆင်အုပ်ကြီးသည် တောအုပ်ထူထပ်ရာသို့ ထွက်ပြေးသွားကြသည်၊ ထိုအခါ ဆင်ငယ်ကလေး တစ်ကောင်သည် မလိုက်နိုင်၍ ကျန်နေရစ်ခဲ့သည်၊ ဆင်ကလေးကို မြင်တွေ့ရရာ လူအများက ဖမ်းယူလာခဲ့ကြပြီး သူတို့ရွာ ဘုန်းကြီးကျောင်း၌ ပို့လှူအပ်နှံထားကြသည်။

ဝက်ရဲရွာကျောင်း ဘုန်းကြီးသည် တိရစ္ဆာန်များကို သနားကြင်နာတတ်၍ လက်ခံယူပြီး ကျွေးမွေး စောင့်ရှောက်ထားလေသည်၊ လူ့ဘဝနှင့် နီးစပ်ဟန်တူ၏၊ အသိဉာဏ်ရှိသည်၊ ရက်များမကြာခင် ယဉ်ပါးလာသည်၊ သူ့နာမည်ကို ဘုန်းကြီးက မင္ဇေစိန်ဟူ၍ နာမည်

ပေးထားရာ ရက် အနည်းငယ် အတွင်းမှာပင် သူ့နာမည် ခေါ်လျှင် သူနားလည်လာသည်၊ မေတ္တာစိတ်လည်း ထားတတ်သည်။

သူ့ကို ကျွေးမွေးစောင့်ရှောက်ထားသော ဘုန်းကြီးကို ချစ်ခင်တွယ်တာ နေတတ်သည်၊ ကျေးဇူးရှင် အနေဖြင့် အားကိုး ပြုလာပုံကိုလည်း အမူအရာဖြင့် သိသာထင်ရှား မြင်ကြရသည်၊ သူ၏ ချစ်ခင်တွယ်တာပုံကား မျက်စိအောက်မှ အပျောက်မခံနိုင်သလို ဘုန်းကြီး သွားလေရာနောက်မှ တစ်ကောက်ကောက် လိုက်နေတတ်၏၊ ကျောင်းထိုင်ဘုန်းကြီးသည် သာမှု နာမှု ကိစ္စကြီးငယ်အလျောက် အခြားရွာသို့ လည်းကောင်း- အခြားကျောင်းသို့ လည်းကောင်း ကြွသွားရလျှင်လည်း သူ့ကို ထားပစ်ခဲ့၍ မရပါ၊ နောက်မှ မျက်ခြည်ပြတ်မခံ လိုက်ပါလာတတ်၏၊ ဘုန်းကြီး ကျောင်းပေါ် တက်လျှင် သူလည်း ကျောင်းပေါ် တက်၍ လိုက်ပါလာသည်၊ တစ်ဖန် ဘုန်းကြီးက ကျောင်းအောက် ဆင်းလျှင် သူလည်း ဆင်းလိုက်လာသည်၊ သူ၏ ကိုယ်ကောင်နှင့် ကျောင်းပေါ် တက်, ဆင်းခြင်းကတော့ မထိုက်တန်လှပါ။

အသိဉာဏ် ထူးခြားပုံကား - တစ်ခါတစ်ရံ ဘုန်းကြီးက ကျောင်းအောက် ခုတင်ကြီးပေါ်၌ ထိုင်နေစဉ် အနီး အပါး၌ လာရောက်ရပ်နေတတ်၍-'ဟဲ့ ငွေစိန် လာခဲ့၊ ငါညောင်းလို့ ခြေသာလုံး ကြိတ်ပေးစမ်း' ဟု ခြေသလုံး ဆန့်ပေးပြီး ခိုင်းလျှင် ကျောင်းသား ကိုရင်များက ဝတ်ဖြေပေးကြသကဲ့သို့ သူ၏ လက် တံဇတောင်ဆစ်ကို ကွေးပြီး ထောက်၍ ဖိ၍ ပေးတတ်သည်၊ လူနှင့် မခြား လူ့စကား နားလည်ပုံနှင့် အလွန် အသိဉာဏ် ကောင်းပုံကို သိမြင်ကြ၍ ပတ်ဝန်းကျင်မှ ရဟန်းရှင် လူအများက အံ့သြကြ, ချီးမွမ်းကြသည်။

ထိုဆရာတော်သည် ကျွေးမွေး စောင့်ရှောက်နေရင်း အတော်ကြီးပြင်းလာသောအခါ ကျောင်း၌ ဆက်လက် ထားရန် တာဝန်ကြီးလေးမည်ဟု တွေးဆ၍ လူဒကာများကို တောထဲ သွားအလွှတ်ခိုင်းသည်၊ ဒကာများသည် အကြိမ်ကြိမ် လွှတ်ပါ၏၊ သို့သော် သူ၏ စိတ်က တောထဲ၌ မပျော်ပိုက်နိုင်တော့ဟန် တူ၏၊ ဘုန်းကြီးကျောင်းသို့သာ ပြန်၍, ပြန်၍ လာတတ်သည်၊ အနီး ပတ်ဝန်းကျင်ရှိ ရွာများသို့ လည်းကောင်း၊ ဘုန်းကြီးကျောင်းများသို့ လည်းကောင်း လှည့်ပတ်

သွားလာ၍ ကျေးသမျှ စားသောက် နေဘတ်၏၊ မြင်ကြသူတိုင်းက ဝက်ရဲဆင် ဟူ၍ လည်းကောင်း- ဘုန်းကြီးဆင် ဟူ၍ လည်းကောင်း ပြောလေ့ရှိကြသည်။

ဤအရှင် ငယ်စဉ်က တစ်ဆင့် စကား ကြားရဖူးသည်မှာ မငွေစိန်ကို တောထဲ သွားလွှတ်ကြသော်လည်း ကျောင်းသို့သာ ထပ်ပြန်လာနေတတ်၍ တစ်ကြိမ်တွင် 'ငွေစိန် နင်ဟာ ဆင်ထီး မဟုတ်ဘူး၊ ဆင်မ ဖြစ်လို့ ကျောင်း၌ နေဖို့ မသိုက်တန်ဘူး၊ အရွယ်လည်း အတော် ကြီးခဲ့ပြီ၊ ဒါကြောင့် နင့်ကို ငါ လက်မခံ သိမ်းဆည်းမထားနိုင်တော့ဘူး၊ တောထဲ သွားပြီးနေပါ၊ ဆင် အပေါင်းအဖော်တို့နှင့် ပျော်ပျော်ကြီး နေပေတော့၊ အခုပြောတာဟာ နောက်ဆုံးပဲ၊ ပြန်မလာနဲ့တော့' ဟူ၍ ဆရာတော်က အမိန့်ရှိလိုက်သည်၊ ထိုအခါ ဆင်မကလေး ငွေစိန်သည် ဘုန်းကြီးစကားကို ကောင်းစွာ နားလည်၍ မျက်ရည်တွေတွေကျကာ ငိုရှာလေသည်၊ မျက်ရည်ကျရင်း အကြာကြီးရပ်ပြီး ငေးမှိုင်နေပြီး 'ငါ့ကိုတော့ တကယ်နှင်နေပြီ၊ သွားမှ ဖြစ်တော့မယ်' ဟူသော အသိဖြင့် မလွဲ မရှောင်သာတော့၍ မလှမ်းချင် လှမ်းချင်နှင့် ကျောင်းဝင်းမှ ထွက်ကာ တောအုပ်ဆီသို့ တရွေ့ရွေ့ ထွက်သွားနေရှာပုံကို သနားစရာ မြင်တွေ့ကြရသည် ဆို၏။

ထိုတစ်ကြိမ်မှာ ထူးခြား၏၊ ယခင်ကဲ့သို့ ခဏချင်း ပြန်ရောက်မလာတော့ချေ၊ သို့နှင့် တစ်ခါတည်း အပြီး တောထဲသွားနေရှာပြီ၊ မိခင်ဆင်မကြီးနှင့် တွေ့၍ အတူတကွ ပေါင်းဆုံ နေသွားကြဟန်ရှိ၏ ဟု လူအများက သနားစိတ်ဖြင့် တွက်ဆ နေလိုက်ကြသည်၊ သို့ရာတွင် ကျောင်းကို သူမမေ့ရှာပါ၊ တစ်မိုး ကြာပြီးသောအခါ မငွေစိန် ပြန်ရောက်လာပြန်၏၊ ဤတစ်ကြိမ်မှာ ခါတိုင်းနှင့်မတူ ထူးခြားလာ၏ သူတစ်ကောင်တည်း မဟုတ်ပါ၊ အရွယ်ရောက်ခဲ့ပြီမို့ ချစ်သူ တွေ့လာခဲ့သည်၊ ဆင်ထီးပျို ဆင်ပေါက်တစ်ကောင်နှင့် တွဲ၍ နှစ်ကောင် လာခဲ့ခြင်း ဖြစ်သည်၊ သူ၏ ဆရာ ဘုန်းကြီး ကျောင်းပေါက်သို့ ရောက်သောအခါ မငွေစိန်သည် အလွန် ဝမ်းသာ ရွှင်ပျလျက်ရှိသည်၊ သူ ယခင်က သွားလာနေကျ အတိုင်း ဘုန်းကြီးရှိရာသို့ ရင်းနှီးစွာ ခပ်သွက်သွက် ဝင်ရောက်လာခဲ့ပြီး အရိုအသေပြုသည်၊ ဆရာတော်ကို ကန်တော့ရန် ငှက်ပျောဖီး ကစ်ခိုင်လည်း ယူဆောင်လာခဲ့သည်၊ သူ၏ ကြင်ဖော် ဆင်ထီးပျိုကတော့ လူနှင့် စိမ်း၍ ကျောင်းတွင်းသို့ မဝင်ရဲရှာပါ၊

ကျောင်းပေါက်ဝ၌ ရပ်ကျန်နေရစ်၏၊ သို့သော် မငွေစိန် ထွက်လာသည့်ကိုင်အောင် စောင့်နေသည်၊ ဆင်တို့၏ အသိညဏ်ကား တကယ် အံ့ဩစရာပင် ဖြစ်၏။

မငွေစိန်သည် ဘုန်းကြီးရှေ့၌ ငှက်ပျောခိုင်ကိုချ၍ ဘုန်းကြီးရှေ့၌ ပုဆစ်တုပ်ကာ ရှိခိုးသည်ဆို၏၊ ထိုအပြုအမူကို ကြည့်၍ ဆရာတော်ကြီးသည် သနားကရုဏာ ကြီးရပြန်သည်၊ တိရစ္ဆာန်ဖြစ်သော်လည်း လူသားနှင့်မခြားပုံ- သိတတ်ပုံ- ရှိသေလေးစားတတ်ပုံကို နှစ်သက်လှစွာဖြင့် စိတ်ထဲက ချီးမွမ်းနေမိသည်၊ သနားကြင်နာစိတ်ဝင်ရင်း နှုတ်မှရွတ်ဆို၍ ဆုပေးသည့်ကို ငြိမ်သက်စွာ ရိုရိုသေသေ ပုဆစ်ဒူးတုပ်၍ နားထောင်နေရှာသည်၊ ဆက်လက်၍ ဘုန်းကြီးက လူတို့ရဲ့ လယ်ယာခင်းများကို ဝင်ရောက် မဖျက်ဆီးလေနဲ့ ဘေးရန်ကင်းတဲ့ လူသူဝေးရာ တောထဲ၌ သွားနေရမယ် စသည်ဖြင့် ဆုံးမဩဝါဒ ပေးသည်ကိုလည်း ငြိမ်သက်စွာ နားထောင်နေသည်၊ ဩဝါဒပေး၍ ကျေနပ်စေပြီးမှ သူ့ဆရာ ဘုန်းကြီးက -

'ကိုင်း-သွားကြပေတော့၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ' ဟူ၍ ဆုပေးလိုက်ကာမှ အရိုအသေပေးပြီး ပြန်ထွက်သွားလေသည်၊ ကျောင်းပေါက်ဝ၌ ရပ်၍စောင့်နေသော ဆင်ထီးပျိုနှင့်အတူ ကျေနပ်အားရခဲ့ပြီးသော အသွင်ဖြင့် တောအုပ်ဆီသို့ ခြေလှမ်းမှန်မှန်လှမ်း၍ ပြန်သွားကြသည်၊ ထိုအပြုအမူကို ကျောင်းသား ကိုယ်ရင်တို့နှင့် လူဒါယကာများက စောင့်ကြည့်ရင်း အံ့ဩမဆုံး ဖြစ်မိကြသည်ဆို၏။

မငွေစိန်သည် တောတွင်းသို့ ပြန်သွားသော်လည်း တောထဲ၌ နေရခြင်းကို မပျော်ပိုက်နိုင်ရှာပါ၊ အခြား တောဆင်ရိုင်းတို့နှင့် အတူ သွားလာနေရခြင်းကိုလည်း ကြာကြာမနေနိုင်ပါ၊ နှစ်အချိန်များများ မကြာခင် သူတပ်ယောက်တည်း ကျောင်းသို့ ပြန်ရောက် လာပြန်၏၊ ဆရာတော်သည် တာဝန်ကြီးသော်လည်း သနားကရုဏာ စိတ်ဖြင့် လက်ခံထားရတော့သည်၊ ထိုအချိန်သည် ဆရာဘုန်းကြီးလည်း အိုပြီ၊ နှစ်အတန်ကြာပြီးနောက် ဆရာတော် ပျံလွန် သွားသောအခါ မငွေစိန် ဝမ်းနည်းကြီးစွာ ငိုရှာသည် ဆို၏၊ ထို့နောက် ရွာသားများက ထိန်းသိမ်းမထားနိုင်၍ သစ်ခုတ်တနယ် ရွာလူကြီး ဦးပေါ်ခေါင်ထံသို့

သွားရောက် အပ်နှံလိုက်ကြသည်၊ ဦးမင်းခေါင်သည် လက်ခံ၍ သိမ်းဆည်းစောင့်ရှောက်ထားသည်၊ ယိုအခါ ဦးမင်းခေါင်သည် အချိန်တော်တော်ကြာအောင် ထိန်းသိမ်းထားစဉ် ဘုံဘောဘားမား သင်္ကာမှလာ၊ က သူတို့ပိုင်သည်ဟု ပြောဆိုကာ သိမ်းယူသွားဖူးသေး၏။

သို့ရာတွင် မငွေစိန်ကား စိတ်ထားညံ့သူမဟုတ်ပါ၊ မဆိုင်သူက အပိုင်ယူ၍ ခိုင်းစေခြင်းကို ဇာဝါမခံ ခိုင်မာသော စိတ်ထား ရှိ၏၊ 'ငါ့ကို နင်တို့မပိုင်ပါဘူး၊ ဘာဆိုင်လို့ နင်တို့ခိုင်းစေတာ လုပ်ရမှာလဲ၊ မကြာခင် သိကြစေမယ်' ဟူသောအနေဖြင့် လူလို စကားမပြောတတ်သော်လည်း ကိုယ်အမူအရာအားဖြင့် ထင်ရှားပြလိုက်၏၊ သစ်တစ်လုံးမျှ အဆွဲခိုင်း၍မရချေ၊ ဘယ်လိုပင် နှိပ်ကွပ်၍ စေခိုင်း သော်လည်း ကြံ့ကြံ့ခံကာ ဇွတ်ပေနေသည်၊ ဆင်ထိန်းတို့က နည်းမျိုးစုံကြိုးစား သော်လည်း မရနိုင်သည့်အဆုံးတွင် ပိုင်ရှင် ဦးမင်းခေါင်ထံသို့ ပြန်အပ်လိုက်ရသည်။

ဦးမင်းခေါင်သည် အချိန်အတန်ကြာ ကျွေးမွေးထားပြီးနောက် ဝန်လေးသည်ဟူ၍ တောထဲသွားလွှတ်လိုက်ပြန်၏၊ သို့သော် တောဝေးရာသို့ မသွားချေ၊ တောဆင်ရိုင်းများနှင့် ပေါင်းသင်း နေချင်စိတ် မရှိတော့ဘဲ သူတစ်ယောက်တည်းသာ လွတ်လပ်စွာ နေလိုဟန်ရှိသည်၊ လူတို့နှင့် မခွဲလို၍ ရွာများ၏ အနီးပတ်ဝန်းကျင်၌ လှည့်လည်၍ လယ်များ, ယာခင်းများအတွင်း ဖြတ်သန်း၍ တစ်ရွာဝင် တစ်ရွာ ထွက် သွားလာနေတတ်သည်၊ သူ့ကိုတွေ့မြင်လျှင် သနားချစ်ခင်ကြ၍ အစာ ကျွေးမွေးကြသူများလည်း ရှိ၏၊ အများအားဖြင့် ဘုန်းကြီး ကျောင်း ဟူသမျှကို သူ၏ စားအိမ် သောက်အိမ်သဖွယ် ရင်းနှီးသော ကျင်လည်ရာအဖြစ် ဝင်လိုက် ထွက်လိုက် နေတတ်သည်၊ လူများကို ရန်မရှာပါ၊ မည်သူ့ကိုမျှ ရန်ရှာခြင်း, ဒုက္ခပေးခြင်း မရှိပါ၊ သူသည် ဘုန်းကြီးကျောင်း၌ ဆွမ်းကျန်, ဟင်းကျန် စားနေကျ ဖြစ်သော ကြောင့် ယာခင်းများ အတွင်း တစ်နေရာ၌ လူတို့က နေ့စာအတွက် စားရန် ချထားသော ထမင်းတောင်းတွေ့လျှင် စားသွားတတ်သည် ဟုလည်းရှိ၏၊ ကြာလာတော့ လူအများက 'ဒီဆင်ဟာ နေရာတကာရောက် တယ်၊ လွှတ်မထားပါနဲ့ ပြန်သိမ်းပါ' ဟူ၍ ပြောဆိုတိုင်တန်းလာကြ၏၊ ထိုအခါ ဦးမင်းခေါင်သည် မနေသာတော့၍ ပြန်ကောက်ရလေသည်။

ပြန်ကောက်ပြီး ထိန်းသိမ်းနေရသော်လည်း ကျွေးမွေးထားရန် တာဝန် ကြီးလေးသောကြောင့် ဦးမင်းခေါင် စိမံကိန်းတစ်မျိုး ထုတ်သည်၊ သူလည်း တာဝန်ပေါ့၍ တိုင်တောခြင်းမှ နားအေးစေကြောင်း နည်းကောင်းကို အကြံပြုခြင်း ဖြစ်သည်၊ သင့်တော်မည် ထင်ရသော ဆင်ဦးစီး တစ်ယောက်ကို ရှာ၍ နှစ်ဦးနှစ်ဝ အကျိုးရှိသော စကား ပြောဆိုပြီး လွှဲအပ်လိုက်သည်။

'ကိုင်း-မောင်ရင်၊ ဒီဆင် မောင်ရင့်ကို လွှဲလိုက်တယ်၊ ဆင်ကို လည်း ကောင်းစွာထိန်းပါ၊ ဆင်မှအခရလျှင် မင်းစားသုံးပါ၊ ဆင်ကို လည်း ကျွေးမွေးပါ' ဟု ပြောဆိုမှာကြား လွှတ်လိုက်သည်၊ ဆင်ထိန်း သည် အမြင်ကျယ်၍ သုံးမကုန်နိုင်သော ငွေအိုးကြီး လက်ခံလိုက်ရသကဲ့ သို့ ဝမ်းသာအားရ လက်ခံလိုက်ပြီး ပျော်မဆုံးဖြစ်နေသည်၊ ဆင်လိမ္မာ ကြီး တစ်ကောင် လက်ဝယ် ရထားသည်ကို သူ၏ ပင်ကိုဉာဏ်ဖြင့် နားလည်မှုယူကာ အကင်းပါးသော ဆင်ဦးစီးသည် ထိုအချိန်မှစ၍ ငွေရစေသောနည်း ရှာကြံလေတော့သည်။

ကျယ်ပြန့်သော ရွှေဘိုခရိုင်၊ မုံရွာခရိုင်နယ်ကျေးလက်တောရွာ တစ်ခွင်အနှံ့လှည့်၍ အလှူပွဲတို့က ဖိတ်ကြားသမျှ လိုက်ခြင်းဖြစ်၏၊ တစ် ယောက်ကအစ တစ်ရာဟူသကဲ့သို့ 'ဘယ်ရွာအလှူက ဆင်နဲ့ရှင်လောင်း လှည့်သတဲ့' ဟူသော သတင်းစကားသံသည် တစ်ရွာမှတစ်ရွာသို့ ပျံ့နှံ့ သွားသည်၊ ဆင်နှင့်ရှင်လောင်းယူခြင်းကိုဂုဏ်ယူသည်၊ တင့်တယ်သည်၊ လူအထင်ကြီးသည်၊ တစ်သက်တာပြောစမှတ်ရအောင် နာမည်ကြီးစေ သည်ဟူ၍ လူအများက တစ်ရွာမှတစ်ရွာသို့ အတုယူကာ အားကျလာ ကြသည်၊ ထိုအချိန်၌ ရှင်လောင်းလှည့်ပွဲတစ်ပွဲအတွက် ဆင်ခငွေ အစိတ် ပေးကြ၏၊ ထိုခေတ်ငွေအစိတ်သည် ယခုခေတ် ငါးရာထက် အသုံးဝင် ၏၊ တဖြည်းဖြည်းနှင့် ဆင်ဦးစီးမှာ ငွေကြေးအရ ကောင်းနေသည်၊ မငွေစိန်ကိုလည်း လူသိများလာပြီး နာမည်ကြီးလာလေတော့သည်၊ ငွေရများလာ၍ ရှင်လောင်းယူလိုက်သောအခါ တင့်တယ်လှပစေရန် မန္တလေး ရွှေချည် ငွေချည်ထိုး မှန်စီဘော်ပေါက် ကတ္တီပါ ကကြိုးတန် ဆာတွေကိုဝယ်ယူ၍ မငွေစိန်အား ဆင်ယင်ပေးနိုင်လာသည်၊ ဘုန်းကြီး ပျံပွဲများက ငှားသည်ကိုတော့ မငွေစိန် မလိုက်ပါ။

ဤသို့သောနည်းဖြင့် ဆင်ဦးစီးနှင့် ဆင်လိမ္မာကြီး မငွေစိန် တို့သည် တစ်နှစ်ထက် တစ်နှစ် စန်းပွင့်၍ နာမည်ကျော်ကြား လူသိ

များပြီး နယ်ကျယ်သွားလေတော့သည်၊ ကျက်ယူဝံ့ကြွားလိုကြသော ရပ်ဝေးအလှူကြီးများက လိုလားစွာဖိတ်ကြားကြသောကြောင့် ရွှေဘိုနယ်၊ မုံရွာနယ်တို့ကို ကျော်လွန်၍ စစ်ကိုင်းနယ်၊ မန္တလေးနယ်၊ ငကျောက်ဆည်နယ်အထိ ရောက်သွားလေသည်၊ ဆင်ဦးစီးသည် နယ်စုံ ရောက်ရလေရာ အသိဉာဏ်ပညာဗဟုသုတလည်း လူတို့စိတ်ကြိုက်ကို သိလာသည်၊ ဆင်ဦးစီးတို့မှာ တုံးမဲ့ကဲ့သို့ သွားလာလေရာ သားမယား ပါလေ့မရှိကြပါ၊ စိတ်ကိုလွှတ်လပ်စွာ ထားသူများဖြစ်၍ ရောက်လေရာ နေရာတိုင်း၌လိုလို မိန်းမ ယူလွယ်တတ်ကြ၏၊ တစ်နေရာ၌ တစ် ယောက်ယူခဲ့ပြီးလျှင် နောက်တစ်နေရာ ရောက်ပြန်သော် တင်ယောက် ယူပြန်သည်၊ ဆင်ဦးစီးတို့က မိန်းမသစ်တွေနှင့် ပျော်မွေ့နေ၍ အချိန် ကြာသောမျှ၌ မငွေစိန်မှာလည်း ကြာကြာကြီး ရပ်ဆိုင်းနေရမြဲဖြစ် သည်၊ ဆင်သည် ဘဝတစ်လျှောက်လုံး လူနှင့်အတူနေလာခဲ့၍ တော ဆင်ရိုင်းကဲ့သို့ မြက်ချုံမ်းဝါးရွက်ကို မစားတော့ပါ၊ ကြံချောင်းနှင့် ပြောင်းဆံကို အားကြီး စားလေသည်၊ ထို့ကြောင့် ဆင်စာလည်း ခက်ခဲခြင်း မရှိလှပါ။

မငွေစိန်သည် သူ၏ ဘဝတွင် သူစိတ်အပျော်ဆုံး အချိန်ဟာ ရှင်ပြုအလှူပွဲများ၌ ရှင်လောင်းယူ လိုက်ရသော အချိန် ဖြစ်၏၊ ရှင်လောင်းသည် လိုက်နေရခိုက် အခါသည် ပျော်မြူး၍ ကျေနပ်၍ အားရဝမ်းသာဆုံး အချိန်ဖြစ်သည်၊ ဤတွင် မငွေစိန် ရှင်လောင်းယူ လိုက်ပါတတ်ပုံ အကြောင်း ပြောပြပါဦးမည်။

ရွှေဘိုနယ်၏ ရှင်လောင်းယူပုံ အစီအစဉ်ကို ဦးစွာ ဖော်ပြရန် လိုပါမည်၊ ရွှေဘိုနယ် ကျေးရွာများ၌ ရှင်လောင်းက ထွက်လာပုံ အစီအစဉ်သည် မြန်မာပြည် အရပ်ဒေသ အားလုံးတို့ထက် ရှေး ထုံးစံပျက် ယနေ့ထိ တည်မြဲလျက် ရှိသည်၊ အစီအစဉ်ကောင်း၍ စည်ကားပုံ ပသာဒကျပုံမှာလည်း ကြည့်လို့ ကောင်းပါသည်၊ အစီအစဉ်မှာ ဤသို့ဖြစ်သည်။

အလာမကျွပ်မှ ဘုန်းကြီးကျောင်းသို့ ရှင်လောင်းယူ ထွက်လာ သောအခါ ကြည့်ရှုကျက်မြင်လျှင်း အလွန်ပသာဒရှိသည်ဟု ဆိုရပါမည်၊ ရှေ့ဆုံးမှ ဗုံရားပေါ်ဆောင်းသော တံခွန်ကုက္ကိုဝ်လျက် ယောကျ်ား လူကြီး တစ်ဦး ဦးဆောင်ထွက်လာသည်၊ ထိုနောက်မှကပ်လျက် ဗျော

အဖွဲ့က ဗျောသံမြိုင်မြိုင် တီးလျက် လိုက်ပါရသည်၊ ထို့နောက် ပိဋကတ် စာပေထုပ်များ သို့မဟုတ် စာအုပ်များကို ကလပ်ပေါ်တင်၍ ကိုင်ဆောင်သူယောကျ်ား လူရွယ်များက စီတန်းလိုက်ပါသည်၊ ထို့နောက် အလှူ့ ဒါယကာကာ သပိတ် ပရိက္ခရာစုံ လွယ်၍ လိုက်ရ၏၊ ထို့နောက်မှ သံဃာစေ့လှူရန် သပိတ်ကိုလွယ်၍ ပေရှ်ယပ်ကြီးများကို ထမ်း၍ လိုက်ပါသည်၊ ထို့နောက်မှ ရွှေသက်နန်းကိုကလပ်ပေါ်တင်၍ ကိုင်ဆောင်သူမိန်းမပျို ရွှေသက်နန်းကိုင်ရသူသည် ကွမ်းတောင်ကိုင်ထက် အလှအပသာသူဖြစ်၏၊ ထို့ကြောင့် ထိုနယ်တွင် ရွှေသက်နန်းကိုင်ရသူ ဟု ဂုဏ်ယူလေ့ ရှိကြသည်။

ရွှေသက်နန်းကိုင်နောက်မှ တံခွန်လုံးကိုင်သူများဖြစ်၏၊ တံခွန်လုံးကို အလျားလိုက် အမျိုးသမီးများ တစ်ဖက် တင်ယောက်စီ ၂-ယောက်တွဲလျက် ကိုင်တွယ်လိုက်ရပါသည်၊ ထိုနောက် တစ်ယောက်စီ ရွှေနောက် တန်းလျက် ရွှေကွမ်းတောင် ကိုင်သူ အမျိုးသမီး ၂-ယောက်၊ ရွှေဟင်္သာအုပ်ကိုင်သူ ၂-ယောက်၊ ရွှေကွမ်းအစ်ကိုင်သူ တစ်ယောက်၊ ထို့နောက် ရှင်ဆောင်သက်နန်းကိုလိပ်၍ ပန်းများလှပစွာ စိုက်ထားသော ရှင်ဆောင်သက်နန်းကိုင်သူများ၊ ပရိတ်အိုးကိုင်သူများ တစ်ယောက် နောက်တစ်ယောက် စီတန်းလိုက်ပါသည်၊ ထိုနောက် သံဃာစေ့လှူရန် သက်နန်းခေါက်များကို ပန်းကန်ပြားပေါ်တင်၍ အမျိုးသမီးပျို မြီးကောင်ပေါက်ကလေးများက တစ်ခုစီကိုင်၍ စီတန်းလိုက်ပါကြသည်။

ထို့နောက်မှ ရှင်လောင်းစီးရန် မှန်စီရွှေချ ထမ်းစင်များကို လူပျိုတော် ၄-ယောက် စီထမ်း၍ ရွှေထီးမိုးသူ ၂-ယောက် ကျစ်တွဲကပ်လျက် လိုက်ပါကြသည်၊ ထမ်းစင်များနောက်မှ ရေတု ဆိုသူ၊ သျှိုးထိုး၍၊ သျှိုးလိုက်သူ ဘုန်းကြီးကျောင်းသားများက ရေတုဆို၍ သျှိုးထိုးသံမြိုင်မြိုင်နှင့် လိုက်ပါကြသည် နောက်ဆုံးတွင် ဆိုင်းအဖွဲ့မှ တူရိယာသံစုံတီးဝိုင်း လိုက်ပါကြသည်၊ ထို့နောက်မှ အပျော်ဂာမ်းကာလသားတို့၏ ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းအဖွဲ့များက က,ရင်း ဆိုရင်း ပြောင်ချော်ချော်ဟန်နှင့် လိုက်ပါတတ်ကြ၏။

ဆင်ငှားသော အလှူပွဲတွင် မငွေစိန်ကို ရေမိုးချိုးပြီးမှ မှန်စီဘော်ပေါက် ကတ္တီပါ ကကြိုးတန်ဆာတွေ လှပအောင်အောင်

ဆင်ယင်၍ လှူပျုံတော်သား နှစ်ယောက်က ခေါင်းပေါင်းဖြူ ၂-စ ထောင်ပေါင်း၍ ကတ္တီပါဘောင်းဘီဝတ်၍ တောင်ရှည်ပုဆိုး ခါး တောင်းကျိုက်လျက် ရွှေထီးတစ်လက်စီ ယှက်မိုးရင်း တစ်ဖက် တစ် ယောက်စီ လိုက်ပါရသည်။

မငွေစိန်သည် ရှည်လျားသော ရှင်လောင်းယူ ပရိသတ်ကြီး အတွင်း အပျိုးသမီးတို့ဖါနောက်ဆုံး ထမ်းစင်ထမ်းသူတို့၏ရှေ့ လိုက် ပါရ၏၊ မငွေစိန်၏ ထူးခြားချက် ဟန်ပန်ကို ပရိသတ်က နှစ်သက်စွာ ကြည့်ကြသည်၊ ဘုန်းကြီးကျောင်းကို လက်ယာရစ် သုံးပတ်လှည့်သော အခါ ရွှေတန်းမှ ရွှေသက်န်းကိုင် ကွမ်းတောင်ကိုင် အမျိုးသမီးတို့ ကဲ့သို့ လှပအောင် ဆင်ယင်ပေးထား၍ ကျေနပ်အားရနေသည်၊ ပရိ သတ် အလယ် ဝင့်ကြွားစွာ ကြော့ကြော့ကလေးဟန်ဖြင့် ရှေ့ဆုံးက တီးဝေါက်ရင်း သွားနေကြသော ပျော်ချက်သံနှင့် ထပ်တူ စည်းချက် ညီ သူ၏ ခြေလက်များကို ယဉ်ယဉ်ကလေး ချလှမ်း၍ ကြည့်ကောင်း အောင် လိုက်ပါတတ်သည်၊ ဤအရှင် ငယ်ရွယ်စဉ်က ရွှေဘိုနယ် တောင်ကျေးရွာ အလှူပွဲတစ်ခု၌ မငွေစိန် ရှင်လောင်းယူလိုက်ပါလာပုံ ဟန်ပန်ကို ယနေ့တိုင် မြင်ယောင်မိပေသည်။

နောက်ပိုင်း ကျောက်ဆည် ရောက်နေစဉ် ဦးမင်းခေါင်က တခြားသူ့ မသွားစေလို၍ သူ၏ဆင်ကို ပြန်ကောက်ယူပြီး မန္တလေး မြို့ အရှေ့ပြင် မာရ်အောင်ရတနာကျောင်းတိုက် ဆရာတော်ကြီးအား လှူထားလိုက်တော့သည်။

မငွေစိန်ကို ပိုင်ဆိုင်သူ သစ်ခွဲဘ်တနယ် ရွာသူကြီးဦးမင်းခေါင် က ကျောက်ဆည်နယ် ရောက်နေပြီးသော အချိန်တွင် ပြန်လည် ကောက်ယူပြီး မန္တလေး ပို့လိုက်သည်၊ မန္တလေးမြို့ အရှေ့ပြင် မာရ် အောင် ရတနာကျောင်းတိုက် ဆရာတော်ကြီးအား လှူထားလိုက် ပြီး ဖြစ်၏၊ ထိုအချိန်မှစ၍ ဆင်ဦးစီးမှာ လခသာ ရနေသည်၊ ရှေး ကာလကဲ့သို့ ဆင်နှင့် ရပ်ဝေးရပ်နီး ခရီးထွက်ရတော့ချေ၊ တာဝန် လည်းမကြီး၊ မြို့ပေါ်လောက်သာ ရံခါ လိုက်ရတတ်၏၊ ဆင်ကို ဆရာတော်က တာဝန်ယူ ထိန်းသိမ်းထားခြင်းဖြစ်၍ သူ့မှာ အချိန်မှန် အစာကျွေး, ရေချိုးလောက်သာ ရှိသည်။

ဆင်တို့၏ သဘာဝပေလော၊ မငွေစိန်၏ ထူးခြားသော အသိဉာဏ်ကို အံ့သြကြရ၏၊ လူက ပြောသောစကားကို လူတစ်ယောက်ကဲ့သို့ တပ်အပ် နားလည်တတ်သည်၊ ချေတာရေးကိုလည်း လိုလားတတ်သည်၊ တစ်ခါက စစ်ကိုင်းမြို့၌ ရောက်နေကြစဉ် ကျောက်ဆည်မြို့မှ အလှူတစ်ခုက ငွေ ၅ဝိ-နှင့် ဖိတ်ကြား၍ မငွေစိန်ရှေ့၌ပင် ငွေ ၅ဝိ-ကို ပြပြီး လက်ခံယူလိုက်သည်၊ ဖိတ်ကြားလာသူနှင့်အတူ ခရီးထွက်ခါနီးတွင် ဆင်ဦးစီးက—

'ကိုင်း..ငွေ ၅ဝိ-တော့ ရပြီ၊ တံတားကြီးပေါ်က အခပေးပြီး လျှောက်မလား၊ ရေထဲဆင်းသွားမလား၊ တံတားခတော့ ပိုမရဘူး၊ ဒီငွေထဲကပဲ နုတ်ပေးရလိမ့်မယ်' ဟု ပြောရာ မငွေစိန်က 'ဒီလိုဆိုရင် ငွေကုန်မခံနိုင်ဘူး၊ ရေထဲကပဲ ဆင်းသွားလိုက်တော့မယ်' ဟူ၍ ပြောပြသည့်အနေဖြင့် ချက်ချင်း ဧရာဝတီမြစ်ထဲ ဆင်းသွားဖူး၏၊ ဖိတ်ကြားလာသူ အလှူ့ဒကာက 'မဆင်းပါနဲ့၊ တံတားခ ကျုပ်ပေးပါမယ်' ဟု ပြောကာမှ ပြန်တက်လာခဲ့သည်၊ စစ်ကိုင်းတံတားကြီးပေါ်မှ ဖြတ်ကူးသော ဆင်များကို နွား, ကျွဲထက် ပို၍ အခွန်များများ ပေးဆောင်ရမြဲ စည်းကမ်း ရှိသည်။

သူ့အပေါ် စည်းကမ်းမကျသော ပြောဆိုတားမြစ်ခြင်းမျိုးကို သူ လက်မခံလိုပါ၊ မန္တလေးမြို့၌ နေစဉ် အခါက ရပ်ကွက်တစ်ခုအတွင်း မိန်းမကြီးတစ်ယောက် မငွေစိန် လူစကား နားလည်ပုံ၊ လိမ္မာရေးခြားရှိပုံကို သနားချစ်ခင်ပြီး လူစားသော မုန့်ဆီကြော်တွေကို ဝယ်ကျွေးရာ ဝမ်းသာအားရ စားလေသည်၊ ဆင်ဦးစီးက ဝမ်းဗိုက်နာမည်လောဟု စိုးရိမ်မကောင်းဖြစ်၍ မစားရန် တားမြစ်ရာ စေတနာကောင်းနှင့် ကျွေးလို့စားတာကို တားမြစ်ရပါမည်လား ဟူ၍ အမူအရာဖြင့် မကြိုက်ကြောင်းပြကာ စိတ်ဆိုးပြီး ဆင်ဦးစီးကို သူ့အနား အကပ်မခံဘော့ဘဲ တခြားထွက်သွားဖူး၏၊ မန္တလေးမြို့၏ အရှေ့ဘက် ဝါခင်းကုန်း ရောက်သွားစဉ် ပုလိပ်တို့က ဖမ်းယူပေးကြမှ ပြန်ရလာသည်။

မန္တလေးမြို့ ရောက်ပြီးနောက် မငွေစိန်က တာ်နေ့တခြား စန်းပွင့်လာသည်၊ လူချစ်လူခင်များလာသည်၊ ရပ်ကွက်အတော်များများမှ လူများက သူ့ကို ငှက်ပျောသီး၊ ကြံချောင်း စသည် ကျွေးကြ

သည်၊ အာကမုံင်း၌ အပျော်ကြည့်ကြသည်၊ ကျေးမွေးသူ ကျေနပ်စေရန် မငွေစိန်က သူ၏ ကိုယ်ကြီး ယိမ်းကာနွဲ့ကာဖြင့် ယဉ်ယဉ်ကလေး ကပြတတ်သည်၊ ကြံ တစ်ချောင်း နှစ်ချောင်းလောက်သာ ပေးပြီး အာကခိုင်းလျှင် ကြံချောင်းဝါးရင်း နည်းနည်းပါးပါး လောက်သာ ကသည်၊ ဤအရှင် ယော်စဉ်က သာမဏေ ဘဝတုန်းက မုံရွာမြို့ မြင်းမူလမ်းပေါ်ရှိ ညောင်ပင်ကြီး တစ်ပင်အောက်၌ ကလေးတွေ ဝိုင်းကြည့်နေစဉ် မငွေစိန် က,ပြပုံကို ဆွမ်းခံသွားရင်း မြင်ခဲ့ရဖူး၏၊ ကျောင်းသားကလေးများက မငွေစိန် ကြံတစ်ချောင်း ပေးစမ်းပါ ဟု ကောင်းကြလျှင် မပေးဘူးဟူသည့် အသွင်ဖြင့် ခေါင်းယမ်း၍ ပြတတ်သည်။

ဆင်တို့မည်သည် မင်္ဂလာကိုသာ ကြိုက်ကြသည်၊ အ,မင်္ဂလာကို မကြိုက်ကြဘူးဆိုတာ ဆင်အားလုံး တစ်သဘောတည်း ဖြစ်ဟန်တူ၏၊ မငွေစိန်ကို ဘုန်းကြီးပျံပွဲ အများက ငှားကြသော်လည်း မလိုက်ပါဟု ငြင်းဆန်သည်၊ နောက်ပိုင်းတွင် 'အကြိမ်ကြိမ် ဖိတ်ခေါ်နေကြတာကို အားနာဖို့ ကောင်းလှပါတယ်၊ ဆရာတော်ကြီးတွေ ဈာပနပွဲတော့ လိုက်ထိုက်ပါတယ်' ဟူ၍ ဆင်ဦးစီးက သာယာညှင်းပြောင်းစွာ ပြောဆိုတိုက်တွန်းရာမှ ငဲ့ညှာစိတ် ထားဟန် တူ၏၊ ဘုန်းကြီးပျံပွဲများသို့ လိုက်ရှာ၏၊ သို့သော် အလှပြသက်သက်သဘောမျိုးသာ လိုက်ခြင်းဖြစ်၏၊ အလောင်းတင် မခံပါ။

အလောင်းတင်ထားသော ကြိုးကိုပင် မဆွဲပါ၊ မငွေစိန်သာ မဟုတ်၊ အခြားသောဆင်များလည်း ဤနည်းပင်ဖြစ်သည်၊ တစ်ခါက ကျောက်ဆည် မြို့နယ်ကွင်း၌ ဘုန်းကြီးပျံပွဲနှင့် ဆင်တစ်ကောင် အကြောင်း ကြားရဖူး၏၊ တောဆင်ရိုင်းမှ ယဉ်စေ၍ သစ်ဆွဲဆင်အဖြစ် ရောက်နေသော ဆင်ထီးကြီးတစ်ကောင်ကို ဘုန်းကြီးပျံပွဲမှ ငှား၍ အလောင်းဆွဲတင်စေရာ မလွဲသာသည့်အနေဖြင့် ခရီးတာတိုမျှလောက် ဆွဲရှာပါ၏၊ ဆွဲရပြီးတဲ့လျှင် အလွန်ဝမ်းနည်းပြီး မျက်ရည် တွေတွေကျကာ ငိုကြွေးလေသည်၊ သနားစရာကောင်းသော ထိုဆင်ကြီးသည် ငိုကြွေးပြီး အစာမစားတော့ဘဲ ထိုဈာပနရက်ပွဲအတွင်း၌ပင် ရင်ကွဲနာကျ၍ သေသွားဖူးလေသည်၊ ဤကား ဆင်နှင့် အ,မင်္ဂလာ မကြိုက်ပုံ အကြောင်းတည်း။

## ကျောင်းအမကြီး ဖြစ်လာပုံ

မငွေစိန်သည် မုံရွာခရိုင် ကန်နီမြို့၌ နေထိုင်လျက် ရှိနေစဉ် သူ့အတွက်ရသောငွေဖြင့် မုံရွာမြို့မြောက်ဘက် ၂၅-မိုင်ကွာ ရှေးအခါက အလုံမြို့နယ် ယခုခေတ်တွင် ညောင်ကန်နယ် ဖြစ်နေသော သစ်ခွတ်တနယ်ရွာ၏အနီး အလယ်တန်းကျောင်းနှင့် အိမ်ခြေ ၁၅၀ ကျော် ရှိသော ဝင်မနားရွာ၏ ဘုန်းကြီးကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ဖူး၍ ကျောင်းအမကြီး အမည် တွင်လာကြောင်း ကြားရဖူး၏။

ထိုနောက်တစ်ဖန် ကျောင်းအမကြီးတွင်လာပုံမှာ ၁၃၂၈-ခု၊ ပြာသိုလပြည့်ကျော် ၃-ရက်နေ့တွင် ဤအရှင်ထံသို့ ရောက်လာသော ဘုတလင်မြို့သား စစ်ကိုင်းတိုင်း ဝိရုဠှသန်ကုဠာန ညွှန်ကြားရေးမှူး ဦးတင်ဖေ၏ လျှောက်ထားချက်အရ တိကျသော မှတ်တမ်းသည် သစ်ခွတ်တနယ်ရွာ ကျောင်းကြီးကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်၏၊ သစ်ခွတ်တနယ်ရွာ၌ ကျောင်းတိုက် ၃-တိုက်ရှိရာတွင် ကျောင်းကြီးကျောင်းဟူ၍ နာမည်တွင်သော မြောက်ဘက်ဆုံးကျောင်းကို မငွေစိန်၏ လုပ်အားခဖြင့် သူ့ကိုပိုင်ဆိုင်သော သူကြီးဦးမင်းခေါင်က ဆောက်လုပ်လှူဒါန်းပေးခြင်း ဖြစ်၏၊ ဒုတိယမြောက်ကောင်းမှု ဖြစ်ပေသည်၊ ထိုအခါမှစ၍ ကျောင်းအမကြီး နာမည်တွင်လာခဲ့သည်၊ ထို့ပြင် မန္တလေးမြို့ အရှေ့ပြင် မာရ်အောင်ကျောင်း၌ နေခဲ့စဉ် အခါ ထိုကျောင်း၌ ပန်ကာနှင့် မီးသီးများကို မငွေစိန်၏ ကောင်းမှုအဖြစ် လှူဒါန်းခဲ့ဖူးသည် ဆို၏။

## ဘုရားအမကြီး မငွေစိန်

ထိုနောက် မငွေစိန် ဘုရားအမကြီး နာမည် ရလာပုံမှာ ဝက်ရဲရွာ စေတီကြီးကို ပြုပြင်လှူဒါန်းခဲ့၍ ဖြစ်သည်၊ သစ်ခွတ်တနယ်ရွာ၏ အနောက်တောင်ထောင့်အရပ်၌ တည်ရှိနေသော ဝက်ရဲရွာမှ ရှေးဟောင်းစေတီကြီးတစ်ဆူကို မငွေစိန်၏ လုပ်အားငွေဖြင့် ကြည်ညိုဖွယ်ဖြစ်အောင် မွမ်းမံ၍ ပြုပြင် တည်ထားခဲ့ဖူး၏၊ ထိုကောင်းမှုကြောင့် ပတ်ဝန်းကျင် လူအများက ဘုရားအမကြီး မငွေစိန်ဟူ၍ ခေါ်ဝေါ် ပြောဆိုခဲ့ကြသည်။

## ရုပ်ရှင်ဇာတ်ဆောင် မငွေစိန်

တိရစ္ဆာန်ဖြစ်ရောသော်လည်း သူ၏ဘာသာ ထူးခြား၍ ပြောင်မြောက်သည်ဟု မရှိရပေမည်၊ ထူးထူးခြားခြား ရုပ်ရှင်သရုပ်ဆောင် မငွေစိန် ဖြစ်လာခဲ့ပြန်သေး၏၊ လွန်ခဲ့သော စစ်မဖြစ်မီ ရှေးခေတ် တစ်ချိန်၌ အောင်ဘလေးရုပ်ရှင်ကုမ္ပဏီမှ ရိုက်ကူးပြသခဲ့သော မြိုင်ယံဘွား ဇာတ်ကားတွင် ပါဝင်ခဲ့သော ဆင်လိမ္မာကြီးသည် မငွေစိန် ဖြစ်သည်၊ လူနှင့်လူချင်း ပြောဆိုရသကဲ့သို့ သင်ပြပေးသလို ပါးနပ်စွာ စိတ်ကျေနပ်အောင် သရုပ်ဆောင်ပေးတတ်သည် ဆို၏၊ ဒါရိုက်တာက အစမ်းအနေဖြင့် အကခိုင်းရာ ချက်ချင်းကပြသည်၊ သူမ၏ ကပြပုံမှာ ခြေကိုထောက်၍, လက်ကိုမြှောက်၍, ကိုယ်ဟန်ယိမ်းနွဲ့၍, ဦးခေါင်း အမူအရာ လှုပ်ယမ်း၍, ကြည့်ကောင်းအောင် ကပြတတ်၍ အလွန် သဘောကျပြီး စာချုပ်နှင့် ငှားယူလိုက်သည်၊ ငှားယူပြီး ဇာတ်လမ်း ရိုက်ကူးရာတွင် သရုပ်ဆောင်ပုံမှာ လိုသလို စိတ်တိုင်းကျ အကွက်စေ့ သဖြင့် ထူးခြား အောင်မြင်သော ဇာတ်ကားကောင်းကြီး ပေါ်ထွက် လာသည်၊ လူကြိုက်များလှ၍ ငွေရ အလွန် ကောင်းသည် ဆို၏၊ ထိုအချိန်မှစ၍ ရုပ်ရှင် ဇာတ်လိုက် မငွေစိန် ဟု နာမည်ကျော်ခဲ့ရ ပြန်သည်။

## အလှူအမကြီး မငွေစိန်

ထိုအလျင်က မငွေစိန် အလှူ့အမကြီးဖြစ်ခဲ့ဖူး၏၊ မန္တလေး မြို့၌ နေစဉ် ၁၃၀၂-ခုနှစ် အတွင်းက ဖြစ်၏၊ မာရ်အောင်ကျောင်း ဆရာတော်ကြီးက သူ့အတွက်ရသမျှငွေကို ကောင်းမှုပြုရန်ကြံစည်ပြီး လျှင် ကျွဲသူ့ အသိဖေးပြောဆိုသည်၊ ‘ဒီမယ်... နင့်အတွက် ကောင်းမှု တစ်ခုပြုလုပ်မယ်၊ သံသရာကျင်လည်ရာတွင် ဘာသမ္မတိနှင့် ပြည့်စုံ အောင် ဘာသံသရာမှ လွတ်မြောက်ရာ နိဗ္ဗာန်ရောက်ကြောင်းလည်း ဖြစ်စေရန် ရည်မှန်းပြီး အလှူကြီးပေးမယ်၊ ဝမ်းမြောက်နေပါ’ ဟူ၍ ဆရာတော်ကြီးက သူ၏ရှေ့၌ ရပ်၍ပြောပြရာ ငြိမ်သက်စွာနားထောင် နေသည်ဟု၏၊ သို့နှင့် သံဃာတော်များပင့်၍ ဆွမ်းရဲသော ကလေး များကို စုပေါင်းပြီး ရှင်ပြုအလှူပွဲကြီး ခမ်းနားစွာ ပေးလှူလိုက်သည်၊ ရှင်ပြုသော ကလေးများ၏ ပိဘမျှားလည်း ဝမ်းသာကြည်နူး ဖြစ်ရှာ ကြ၏၊ အလှူရှင် မငွေစိန်သည် ဝမ်းမြောက်လှသော အသွင်ဖြင့် မြူး၍

နေသည်ဆို၏၊ ထိုအခါ အလှူ့အမကြီး မငွေစိန် ဟူ၍ ခေါ်ဆိုကြ ပြန်သည်။

တဖုံးရှုထောင့် အမြင်ဖြင့် လေ့လာကြည့်ရှုလျှင် မငွေစိန်၏ ဘဝအကျိုးပေးဟန်ကို အားကျဖွယ်ကောင်း၏၊ ရှေးဘဝတို့က ကောင်းမှု အမြဲပြုခဲ့ဖူး၍ အကျိုးဆက်အားဖြင့် အထုံပါခဲ့ခြင်း ဖြစ်တန်ရာသည်၊ သံသရာတစ်ခွင် ကျင်လည်နေလေသမျှ ဖြစ်လေရာ ဘဝတိုင်းမှာ ကုသိုလ်ကောင်းမှု ပြုနိုင်ရပါလို၏ ဟူ၍ ဆုတောင်းခဲ့ဖူးသောကြောင့် ဖြစ်နိုင်သည်၊ အခြေအနေကို ကုသိုလ်ဖြစ်အောင် ထောက်ပံ့ပေးနေခြင်းကဲ့သို့ ရှုမြင်နိုင်သည်။

အလှူရေစက် လက်နှင့်မကွာ ဟူသော ဆိုရိုးစကားပုံကို သတိပြုမိရာ လူ့ပြည်လောက၌ အလှူဒါနပြု၍ ပျော်မွေ့နေတတ်ကြသူများရှိကြ၏၊ ထိုသို့သောသူများသည်လည်းကောင်း–ထိုသို့သော ရဟန်းပုဂ္ဂိုလ်များသည် လည်းကောင်း အတိတ်ဘဝတို့မှ အဆက်ပါခဲ့သော ပါရမီရှင်များ ဖြစ်ကြ၏၊ သီလကျင့်၍ ပျော်ပျော်နေကြသူများ- ဘာဝနာပွားများ၍ ပျော်ပျော်နေကြသူများ သည်လည်း အတိတ်ဘဝ တို့မှ အဆက်ပါလာသော ပါရမီရှင်များဖြစ်ကြသည်၊ သူတော်ကောင်းတို့၏ ထုံးတမ်းစဉ်လာကို အလေ့အထုံပါလာခဲ့သူများအားလုံး အတိတ်မှ စွဲထုံပါခဲ့သော လေ့ကြောင့် ဆင်းရဲသောဘဝ၌ဖြစ်စေ– ချမ်းသာသောဘဝ၌ဖြစ်စေ တတ်အားသမျှသော လှူဒါန်း ပေးကမ်းနေရမှ နေ၍ထိုင်၍ ကြည်လင်၍ စိတ်ချမ်းမြေ့နေတတ်၏၊ ဘဝတစ်ခု ရနေခိုက်အတွင်း လှူဒါန်းခြင်းသည်သာ အမြတ်ထုတ်ယူနည်းဟူ၍ နားလည်ထားကြသည့် လူ့အထက်တန်းစားများ ဖြစ်ကြသည်ဟု ဆိုရမည်။

ဤသို့ဘဝကိုလေ့လာဆင်ခြင်ကြည့်လျှင် ဉာဏ်ရှိသော မနုဿ–လူသားများသာမက အဟိတ်တိရစ္ဆာန်ဘဝ ရောက်နေရှာကြသူတို့ပင် ကုသိုလ်ဒါနပြုခြင်း ရှိသည်မှာ အတိတ်ဘဝတို့မှ ပါခဲ့သော အထုံကြောင့်ဖြစ်၏၊ သီလစောင့်ခြင်းကို ပြုကြသည်၊ ဘာဝနာပွားခြင်းကို မြဲကြသည်တို့မှာလည်း အတိတ်ပါအထုံများ ဖြစ်ကြ၏၊ ဤအကြောင်းများကို ဘုရားဟော နိပါတ်တော်၌ အများတွေ့နိုင်သည်၊ ထို့ပြင် ထေရာဝတ္ထုပါဠိတော်၌ အသီတိ သာဝက စသူတို့၏ ရှေးရှေးသော ဘဝ ပေးလှူသော ကပ်ကမ္ဘာတို့မှ စ၍ ဆုတောင်းခြင်းနှင့် ဟက္ခ

နိဗ္ဗာန်ရောက်ကြောင်းအလုပ်ကို စစ္စာဦး ဒါနပြုခဲ့ကြပုံ ကြောင်းရာမျိုးစုံတွေ အတော်များများ အားကျဖွယ်ရာ ပါရှိလေသည်။

မြန်မာပြည်တွင် ဤအရှင်ကို မျက်မှောက်ခေတ်၌လည်း အဟိတ်တိရစ္ဆာန်ဘဝရောက်နေလျက် အခြေအနေကိုက ထောက်ပံ့ပေးသောကံကြောင့် ကျောင်းဆောက်ခြင်း၊ ဘုရားစေတီပြုပြင်ခြင်း၊ အလှူပေးခြင်း ပြုလုပ်နိုင်စွမ်းသော ဆင်လိမ္မာမကြီး မငွေစိန်ကို တွေ့မြင်နိုင်ကြသည်။

ဘဝတစ်ခု၏ အကျိုးပေးဟန်ကို တရားအမြင်ဖြင့် လေ့လာကြည့်တတ်လျှင် ရှေးဘဝတိုက ကောင်းမှုအမြဲပြုခဲ့၍ သို့မဟုတ် လေးနက်စွာ ပြုခဲ့ဖူး၍ အထုံပါခဲ့ခြင်း ဖြစ်မည်ဟု ကောန် ဆိုနိုင်၏၊ လက်ရှိလူ့ဘဝရနေကြသူတို့သည်လည်း ထိုနည်းအတိုင်း ဖြစ်သည်၊ အခြေအနေက အချိန်ပေး၍ တိုက်ဆိုင်လာခိုက်၊ အခွင့်သာခိုက် ပြုလုပ်ခဲ့ကြသောကြောင့် ဒါနရှင် ဖြစ်လာကြသူတွေ များစွာ ရှိ၏။

လွန်ခဲ့သော ၁၃၃၉-ခုနှစ် ဆောင်းရာသီအတွင်း၌ ဤအရှင် ရန်ကုန်မြို့ ရောက်သွားစဉ် ဘိုကလေးဈေးလမ်း လေးထပ် တိုက်ကြီးအပေါ်ဆုံးထပ် ဦးရင်ဝှက်-ဒေါ်ခင်ဆိုင်တို့၏ အိမ်၌ ညအခါ ပရိတ်ရွတ်၍ နောက်ရက် နံနက်ဆွမ်းကပ်အပြီး တရားဟောခဲ့ရန် တောဝ်းပန်ကြသည်၊ ယမန်နေ့တွင် သတ္တဝါတို့၏ ကံတရား အကြောင်းနှင့် စပ်လျဉ်း၍ စကားစပ်ရှိနေ၍ ဒါန၏ အကျိုးပေးတတ်သော သဘာဝလက်တွေ့ သိနိုင်ကြောင်း ဟောခဲ့ပုံကို သတိရမိသည်။

'အလှူဒါန ပြုကြရာမှာ စေတနာသာ ကြည်လင်အောင်ထား၊ စေတနာ ထက်သန်မှုရှိလျှင် နည်းသည်ဖြစ်စေ- များသည် ဖြစ်စေ စေတနာစွမ်းကြောင့် မိမိကိုမကြာခင် အကျိုးပေးလာမှာပဲ၊ ဘယ်ဘက်ကတစ်ဆုပ်ကြဲလျှင် ညာဘက်ကတစ်လှည်းဝင်တယ် ဆိုရိုးစကားကဲ့သို့ ပစ္စည်းတွေ, ဥစ္စာတွေက အလျှိုအလျှိုအပေါက်ရှာ ဝင်လာနေကြသလို လက်ရှိဘဝမှာပဲ စီးပွားချမ်းသာ တိုးတက်နေ့လေ့ရှိတတ်တယ်' စသည်ဖြင့် ပုံစံဝတ္ထုကြောင်း တိုတိုကလေးများပါ ဟောပြရာ ဒကာကြီး ဦးရင်ဝှက်က ပမ်းမြောက်၍ သူ၏ ဘဝခရီး တစ်လျှောက်တွင် ကုသိုလ်မျိုးစုံ ပြုလုပ်ခဲ့ဖူးရာ ဘုန်းကြီးကျောင်း ၃-ကြိမ် ဆောက်လုပ်

လှူဒါန်းခဲ့ ဖူးကြောင်း၊ ကျောင်းမြေပါ ဝယ်ယူ လှူဒါန်းခဲ့ဖူးကြောင်း စသည် လျှောက်၍ ဝမ်းမြောက်ခဲ့မိသည်။

ထိုနည်းအတူပင် ရန်ကုန်မြို့ လမ်း ၅၀-မှ လမ်းမင်းကြီးပင်စင်စား ဦးကြည်မှန်+ဒေါ်ကြင်မြိုင်တို့ မိသားစုမှ ဆွမ်းကပ်ပွဲတွင် တရားတိုတိုဟောခဲ့ရာ သံသရာဘဝခရီးသည်တို့၏ ဟိုရောက်သည်ရောက် ကျင်လည်နေကြရပုံအကြောင်း လိုရင်းထား၍ ပြောခဲ့သည်၊ ဤအရှင် တောင်ပေါ် ပြန်ရောက်ပြီးသောအခါ ဒကာမကြီး ဒေါ်ကြင်မြိုင်ထံမှ သူတို့ဘဝတစ်လျှောက် အတွင်း ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့သော အကြောင်းရာ တော်တော် များများကို ရေးလိုက်ဖူး၏။

'တပည့်တော်တို့ မှာတော့ အစိုးရအမှုထမ်း ဖြစ်နေလို့ ရွှေ့စားစား လခစားဆိုတဲ့ ဘဝမျိုးနှင့်ပဲ ကျင်လည်နေခဲ့ရတာပါ ဘုရား၊ ဒီအထဲကနေ၍ ဇရပ်ကြီးတစ်ဆောင် ဖြစ်နိုင်တဲ့နည်းနဲ့ ကြိုးစားပြီး ဆောက်လုပ်ခဲ့တာ စိတ်ဆန္ဒအားကြောင့် အောင်မြင်ခဲ့ဖူးပါတယ်၊ ဗုဒ္ဓရုပ်တုတော်တွေ စုပေါင်း ကိုးကွယ်ထားကြရတဲ့ ရှေးဟောင်း ဘုရားတိုက်ကြီးဖြစ်သော ဂန္ဓကုဋိတစ်ခု ကြည့်မကောင်း၍ စုပေါင်း ပြုပြင် ဆောက်လုပ်ကြရာမှာလည်း ဖြစ်မြောက် အောင် ပါဝင်ပြီး အားပေး လှူဒါန်းခဲ့ရဖူးပါတယ်၊ မင်းကွန်း ရိပ်သာထဲက စေတီတော်မှာ စေတီရံတစ်ဆူ ဒကာ ခံလှူခဲ့ရပါပြီ၊ ရဟန်းဒကာခံ၍ ပစ္စည်းလေးပါး ထောက်ပံ့ရခြင်း-သားမြေးတွေ ရှင်ပြု အလှူပေးရခြင်းမျိုးကတော့ အကြိမ်ကြိမ် အထပ်ထပ် များခဲ့လှပါပြီဘုရား၊ ယခု ကျန်းမာရေး မကောင်း၍ အိပ်ရာပေါ်မှာ အချိန်ကြာကြာ နေရစဉ်မှာ နောက်ကြောင်းမှ ပြုခဲ့ဖူးသော ကောင်းမှုတွေကို ပြန်လည်မြင်ယောင် အောက်မေ့ပြီး နေရတာပဲ စိတ်ကြည်နူးခြင်း ဖြစ်မိပါတော့တယ်'ဟူ၍ စာရေး၍ ပါလာ၏။

ဤအကြောင်းများ ဖော်ပြခြင်းသည် အခြားသူများကို နည်းပေးလိုခြင်း ရည်ရွယ်ချက်ဖြစ်၏၊ လူဖြစ်နေကြရခိုက် တစ်ဘဝအတွင်း ဝယ် နည်းသည်များသည် မဟူ အမှတ်တရ ပြုလုပ် လှူဒါန်းခဲ့ရဖူးသည်ဆိုလျှင် ခရီးသွားရိက္ခာရပြီဟု မှတ်ရမည်၊ ကျောင်းအမကြီး မငွေစိန်ကို အလှူဖြစ်မြောက်ရန် အခြေအနေက ကောင်းမှုပြုခွင့် ကြုံကြိုက်စေသကဲ့သို့ မိမိတို့ဘဝမှာလည်း ကောင်းမှုပြုခွင့် ရစေရန်

တိုက်ဆိုင်သော ယောက်ပံ့ပေးခြင်းမျိုး ကြုံခဲ့ခြင်းပေဟူ၍ ဝမ်းမြောက်စွာ နားလည်ကြရမည်။

အလှူရေစက် လက်နှင့်မကွာသူ-ဝါသနာဘာဂီ ဆက်တိုင်းမှီ သူတို့၏ စာရင်းဝင် ဖြစ်မှန်းမသိ ဖြစ်ခဲ့ရပြီဟူ၍ ဝမ်းမြောက်ရပါသည်၊ ဗုဒ္ဓသာသနာ ထွန်းကားသော မြန်မာပြည်တွင် သူ့နည်းနှင့်သူ့ဟန် ကုသိုလ်ရှင်တွေ များစွာရှိကြ၏၊ အနည်းအများသာ ခြားနားကြမည်၊ မိမိတို့ပြုလုပ်ခဲ့ပြီးသော ကောင်းမှုကို လမ်းမင်းကြီးကတော် ဒေါ်ကြင်မြိုင်ကဲ့သို့ ပြန်သတိရ၍ မကြာခဏ ဝမ်းမြောက်နေခြင်းသည် နည်းကောင်းနည်းမှန် ဖြစ်၏၊ ကုသိုလ် အသစ်အသစ် တိုးပွားနေစေသည်၊ စာဂါနုဿတိ ပွားများနေခြင်း ဖြစ်သည် ဟူ၍ မှတ်သားကြရမည်၊ ဤကား ကုသိုလ်ပြုနည်း ညွှန်းတမ်းတည်း။

အဟိတ် တိရစ္ဆာန်ဖြစ်သော ဆင်တစ်ကောင်က လူသာမန်တို့ထက် ဘဝအကျိုးပေး သာနေသကဲ့သို့ ကျောင်းဆောက်ခြင်း-ဘုရားပြင် အလှူကြီး ပေးနိုင်သည့် သမိုင်းထူး ဤမှတ်တမ်းကို ဒုတိယကမ္ဘာစစ်ကြီး ကာလအတွင်း ဤအရှင် ခရီးရှည်သွားရင်း မန္တလေးမြို့၌ ဖြတ်သန်းသွားစဉ် ရခဲ့သည့် အနောက်ပြင် မစိုးရိမ်တိုက် သဒ္ဒမ္မကျောင်း၌ တစ်ညရပ်နားခိုက် ကန္နီမြို့နယ်သား မိတ်ဆွေ ဘုန်းကြီး တစ်ပါး၏ ပြောပြချက်ကို ရေးမှတ်ခဲ့ပြီးနောက် ဆက်လက်လေ့လာ၍ ရသမျှ စုပေါင်းရေးခြင်းဖြစ်သည်၊ ဤအရှင် မန္တလေး၌ မှတ်တမ်းရေးချိန်တွင် ကျောင်းအမကြီး မငွေစိန်သည် မန္တလေးမြို့ အရှေ့ပြင် မာရ်အောင်ကျောင်း၌ ရှိနေကြောင်း- အသက် ၅၀ ကျော်ပြီဖြစ်ကြောင်း သိခဲ့ရ၏၊ ဆင်တို့၏ သက်တမ်းသည် လူတို့၏ သက်တမ်းကာလနှင့် ညီတူလိုက်၍ ရှည်တတ်ကြမြဲဖြစ်သည်၊ ဥပမာ-တစ်ရာတမ်း တစ်ထောင်တမ်း စသည် လူတို့နှင့် ထပ်တူ ရှည်ကြသည် ဆို၏။

## ကျောင်းအမကြီး ဘဝ နိဂုံး

မြန်မာပြည်စစ်ကြီးကာလသည် လျှပ်တစ်ပြက်နည်းနှင့် ပြီးသွားသလို ထင်ရပြီး နောက်ဆက်တွဲ အပြန်အလှန် အကြိတ်အနယ် တိုက်ပွဲကြီးတွေ လေးနှစ်ကျော် ကြာနေပြန်ရာ ထိုအချိန် ကာလတွင် မြို့ကြီးများ၌ စစ်ဘေးဒဏ် အန္တရာယ် များနေသည်၊ အခြေအနေအရ ဆင်လိမ္မာကြီး တစ်ကောင် မဆုံးရှုံးစေရန် သတိရှိစွာဖြင့် မငွေစိန်ကို

မန္တလေးမြို့မှ ဘေးမသီရန်မခဘဲ ရှောင်စေခဲ့ပြီး သူ၏ မူလနေရင်း ဌာနဟောင်း မုံရွာခရိုင် သစ်ခွတ်တနယ်ရွာသူကြီး ဦးမင်းခေါင်ထံသို့ ချောမောစွာ ပြန်ရောက်သွားလေသည်။

မငွေစိန်သည် ဦးမင်းခေါင်ထံ ပြန်ရောက်ပြီးလျှင် နှစ်အတော်ကြာ ငြိမ်းအေး ချမ်းမြေ့စွာ နေရသေး၏၊ ဦးမင်းခေါင်သည် တရွေ့ရွေ့နှင့် အိုမင်းလာခဲ့ပြီဖြစ်ရာ ၁၃၂၄-ခုနှစ်တွင် သူကြီး ဦးမင်းခေါင် ကွယ်လွန်သွားလေသည်၊ ထိုအခါ မငွေစိန် ယူကျုံးမရ အောင် ပူဆွေးရှာ၏၊ မျက်ရည်တွေတွေကျ၍ ငိုကြွေးနေရှာသည်၊ သောက ပရိဒေဝမီးကြောင့် အစာလည်း ကောင်းကောင်းမစားနိုင်၊ တမှိုင်မှိုင် နေလာရင်း ဦးမင်းခေါင် ကွယ်လွန်ပြီးနောက် တစ်လတိတိ အကြာတွင် ရင်ကွဲနာကျ၍ သေဆုံးသွားရှာလေသည်၊ သူ၏ ဘဝ နိဂုံးသည် သစ်ခွတ်တနယ်ရွာ၏ အနောက်ဘက် သူ့ကို အမြဲထားသော ဆင်တင်းကုတ်၌ သေဆုံးသွားရှာခြင်းဖြစ်ရာ ထိုနေရာအနီး၌ ကျင်းတူး၍ အမှတ်တရ မြှုပ်ထားလိုက်ကြသည်၊ ကျောင်းအမကြီး မငွေစိန်၏ ဦးခေါင်းကိုမူ သူကြီး ဦးမင်းခေါင်၏သား မြန်မာ့အသံ ဦးလှုညွန့်က အမှတ်တရသိမ်းဆည်းထားလို၍ ဖြတ်ယူသွားကြောင်း သိရ၏၊ ထိုအချိန်တွင် မငွေစိန် အသက် ၇၅-နှစ်ခန့် ရှိလောက်ပြီဟု ခန့်မှန်းရသည်။

ဆင်လိမ္မာကြီး မငွေစိန် တစ်ဘဝတာကို ခြုံ၍ ကြည့်လျှင် ကံကောင်းသော ဘဝကို ရခြင်းဖြစ်သည်၊ တောဆင်ရိုင်းမှ မွေးဖွားခဲ့သော်လည်း လူတို့ထံသို့ ရောက်လာရသည်၊ သာမန်သော သစ်ဆွဲဆင်များကဲ့သို့ ဆင်းရဲပင်ပန်းစွာ ခိုင်းစေခံရခြင်းမရှိ၊ ထိုသို့ခိုင်းစေရန် ကြိုးပမ်းခြင်းကို သူက လက်မခံခဲ့၊ လူသာမန်တို့ထက် သူတော်ကောင်း ပုဂ္ဂိုလ်တို့နှင့် အနီးစပ်ဆုံး အကျိုးပေးကံရှိသည်ဟု ဆိုရပေမည်၊ ဘုန်းကြီးများထံ၌ နေရန် ဘုန်းကြီးကျောင်းများ၌သာ အခြေအနေက ဖန်တီးပေး၍ ရောက်နေချိန်များခဲ့သည်၊ ကောင်းကျိုးပေးခြင်းသည် ကောင်းကျိုးပေးရန် အကြောင်းခံ ကံဟောင်း ရှိရသည်၊ ရှေးအတိတ်ဘဝ အဆက်ဆက်တို့မှ ဆည်းပူးခဲ့ပြီးသော ကုသိုလ်ကောင်းမှု ပါခဲ့ခြင်း ဖြစ်ဟန်ရှိ၏၊ ထို့ကြောင့် ကျောင်းအမကြီး၊ ဘုရားအမကြီး၊ အလှူ့အမကြီးဟူ၍ နာမည်ထင်ရှားလောက်အောင် အခြေအနေက စီမံလာခဲ့သည်ဟု တွေးဆနိုင်ခဲ့သည်။

ကစ်နည်းအားဖြင့် အဟိတ်ဘဝတို့က သူတော်ကောင်းတရား လက်ကိုင်ပြုခဲ့၍ သူတော်ကောင်းတို့နှင့် အမှိုသဟဲပြုနေချင်စိတ်ရှိနေသည်၊ သူတော်ကောင်းကိုသာ အားကိုးအားထား ပြုနေလိုသောကြောင့် သူတော်ကောင်းတို့၏ ရိပ်သာဖြစ်သော ဘုန်းကြီးကျောင်း၌သာ အချိန်ပေးသမျှ နေခွင့်ရခဲ့သည်၊ သူ့ကို ပိုင်သူသည်လည်း ကုသိုလ်ပြုခြင်းကိုသာ မြတ်နိုးသူနှင့် တိုက်ဆိုင်ရသည်၊ ဤအခြေအနေအားလုံးသည် အတိတ်ကံ နှင့် ပစ္စုပ္ပန်ကံ ၂-ခု ပေါင်းစပ်ပေးခြင်း ဖြစ်၏။

တိရစ္ဆာန်ဘဝမှနေ၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ တိုက်ရိုက်မရောက်နိုင်သော်လည်း နတ်ရွာသုဂတိသို့ အလွယ်ရောက်နိုင်၏၊ ကျောင်းအမကြီး မငွေစိန်သည် ဤဘဝ၌ သူ၏ လုပ်အားခဖြင့် ပေါင်းစု၍ ပြုလုပ်ခဲ့သော ကောင်းမှုအရုပ်ရုပ်တို့ကြောင့် ဒါနရှင်တို့ ပျော်စံရာ အထက်နတ်ဘုံသို့ ရောက်နေပြီ ဖြစ်နေလိမ့်မည်၊ အထက်နတ်ဘုံ၌ နတ်စည်းစိမ်ချမ်းသာခံစား၍ ပျော်ပါးစွာ ရှိနေရမည်ဟု တွက်ဆကြည့်လျှင် မမှားနိုင်ဟု ယုံကြည်မိ၏၊ အသိဉာဏ်ရှိ၍ ကောင်းမှုပြုက ကောင်းကျိုးရနိုင်ကြောင်း ဝေဖန်သိတတ်ကြသော လူများသည် ဆင်လိမ္မာကြီး မငွေစိန်ကို အားကျ၍ အတုယူနိုင်ကြရန် သမိုင်းကြောင်း ပြု၍ နည်းပေးခြင်း ဖြစ်သတည်း။

သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

ဟောင်ဟာန်းသာသနာပြု ဆရာတော်ကြီး
ဦးဥတ္တမသာရ (နယ်ခြားတောင်)

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက

ဘွဲ့တံဆိပ်တော်ရ

တောင်တန်းသာသနာပြု

ဆရာတော်ကြီး

# ဦးဥတ္တမသာရ ၏ စာအုပ်ကောင်းများ•••

- မေတ္တာစွမ်းအားလက်တွေ့အကျိုးများ၊
- ပရိတ်မေတ္တာတန်ခိုးထက်စေသောနည်း၊
- သံသရာဝဋ်ကိုလွတ်အောင်ရုန်းကြစို့ရဲ့၊
- ဘဝအောင်မြင်ရေးလမ်းညွှန်ဒေသနာ၊
- ဗုဒ္ဓဓမ္မလောကတရားပဒေသာ၊
- ရဟန်းဘဝချမ်းသာ (ပထမတွဲ၊ ဒုတိယတွဲ)၊

ယခင်က ထုတ်ဝေခဲ့ဖူးသော စာအုပ်အဟောင်းကို ပယ်ဖျက်၍ အသစ်တစ်ဖန် ပြန်လည်ရေးသားထားသော စာအုပ်ကောင်းကြီးဖြစ်ပါသည်။

◆ ရွှေလဝင်းစာပေ-၁၄၄၊ ၅၀-လမ်း၊ ရန်ကုန်။ ဖုန်း•၉၁၂၁၃

## စိန်တောင်

# အစာကြေကွမ်းရွက်ဆေးလျက်ဆားလုံး

- ကွမ်းရွက်အပါအဝင် အဖိုးတန်ဆေးဖက်များဖြင့် ဖော်စပ်ထားပါ၍ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လေထိုးလေအောင့်၊ ကျောအောင့် ရင်ပတ်အောင့်၊ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်၊ ပျို့အန်ခြင်းနှင့် မစားချင်၊ မသောက်ချင်၊ အသံဝင်၊ ချောင်းဆိုး၊ သလိပ်ကပ် ဖြစ်ခြင်းတို့ကို လက်တွေ့ပျောက်ကင်းစေပါသည်။

စိန်တောင်ဆေးတိုက်၊ ၁၄၄၊ ၅၀-လမ်း၊ ရန်ကုန်။ ဖုန်း•၉၁၂၁၃